ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**စေတနာကောင်းကိုထား**

လက်ဝါးပြင်တွင် အနာမရှိသော် အဆိပ်သည် ထိုသူအားလောင်ခြင်းငှာ မတတ်နိုင်သကဲ့သို့ မကောင်းမှု ပြုလိုသောစိတ် မရှိသူအား မကောင်းမှုသည်မရှိ။ အရာရာတွင် စေတနာသာလျှင် အဓိကဖြစ်၍ စေတနာ ကောင်းကို ထားသင့်လှ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၄)

၁၃၇၈ ခုနှစ် ပြာသိုလပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 15 January 2017 (၈၀၀၇)

# ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးဖြစ်ဖို့အတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး လက်တွဲပါဝင်ဖို့လို

## နိုင်ငံတော်သမ္မတ ဦးထင်ကျော်က (၆၅)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

**ချစ်ခင်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား-**

ယနေ့ ဇန်နဝါရီလ ၁၅ ရက်နေ့မှာ ကျရောက်တဲ့ (၆၅) နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားကို ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခွင့်ရတဲ့အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ယနေ့ချိန်ခါဟာ ကယားပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများရဲ့ နေ့ထူးနေ့မြတ်အဖြစ် အသိအမှတ်ပြုထားတဲ့ ကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့ ကယားပြည်နယ်နေ့ ဖြစ်ပါတယ်။ ကယားပြည်နယ်အတွင်း နေထိုင်ကြတဲ့ ကယားတိုင်းရင်းသားများ၊ နိုင်ငံတစ်ဝန်းလုံးမှာ ပျံ့နှံ့နေထိုင်လျက်ရှိကြတဲ့ ကယားတိုင်းရင်းသားများနှင့်တကွ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း နေ့ထူးနေ့မြတ်ဖြစ်တဲ့ ကယားပြည်နယ်နေ့မှာ ဆုမွန်ကောင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ပြည်နယ်နှင့် တိုင်းများ ဖွဲ့စည်းတည်ထောင်ရာမှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ (၁) အရ ကရင်နီပြည်နယ်ကို ကရင်ပြည်နယ်အတွင်း ထည့်သွင်းပြဋ္ဌာန်းခဲ့ပြီး ၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေ (၁၉၅၁ ခုနှစ် အက်ဥပဒေအမှတ် ၆၂) ပုဒ်မ ၈ အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ "ကရင်နီပြည်နယ်"ဆိုတဲ့ စကားရပ်ပါရှိတဲ့ နေရာတိုင်းမှာ အဲဒီစကားရပ်အစား "ကယားပြည်နယ်"ဆိုတဲ့ စကားရပ်ကို ထည့်သွင်းရမယ်လို့ ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီလို ကရင်နီပြည်နယ်မှ ကယားပြည်နယ်သို့ ပြောင်းလဲခေါ်တွင်တဲ့ ပထမဦးဆုံးသော "ကယားပြည်နယ်နေ့" အခမ်းအနားကို ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှာ စတင်ကျင်းပခဲ့တဲ့အတွက် ဒီနှစ်ဆိုရင် (၆၅) နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ နာဂဒေသ၏ လိုအပ်ချက်များကို အလေးအနက်ထား ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်

**လဟယ် ဇန်နဝါရီ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နှင့် လဟယ်မြို့ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးဝင်းခိုင်၊ ဒေါက်တာဝင်းမြတ်အေး၊ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ ခန္တီးမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်ပုံ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နာဂရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ချင်းတွင်းတံတားတည်ဆောက်ရေးအဖွဲ့အား အမှတ်တရလက်ဆောင်သစ်သီးခြင်းပေးအပ်စဉ်။ (သတင်းစဉ်)





ကြေးမုံ

# ချိန်ခါလွန်ဥပဒေပြဌာန်းချက်များ

တိုင်းပြည်၌ နှစ်ပေါင်းများစွာ မပြုမပြင် မတို့မထိထားခဲ့သော ဥပဒေများစွာရှိပါသည်။ ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့သော အချိန်ကာလအတွင်း တိုင်းပြည်၏ ပကတိအခြေအနေတို့သည် သိသိသာသာ ထင်ထင်ရှားရှား ပြောင်းလဲသွားပြီဖြစ်ပါသည်။ ဤအခြေအနေနှစ်ရပ်၏ ထိပ်တိုက်ရင်ဆိုင်မှုသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နှောင့်ယှက်ဟန့်တားလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ တိုင်းပြည်၏ ပကတိအခြေအနေနှင့် ကင်းလွတ်နေသော (သို့မဟုတ်) တိုင်းပြည်၏ ပကတိတောင်းဆိုချက်တို့အား မဖြည့်ဆည်းနိုင်သော ဥပဒေတို့ကို ပြင်ဆင်ပြောင်းလဲရမည်ဖြစ်ပါသည်။ သို့သော် ဥပဒေပြင်ဆင်ပြဌာန်းရေးလုပ်ငန်းတို့မည်သည် အချိန်ယူဆောင်ရွက်ရသည်ဖြစ်၍ ဥပဒေတို့ကို ပြင်ဆင်ပြဌာန်းနိုင်ခြင်းမရှိသေးသော ကြားကာလ၌ လက်တွေ့ မည်သို့မည်ပုံဆောင်ရွက်နိုင်သည်တို့ကို သုံးသပ်သင့်သည်ဟု ယူဆပါသည်။

တိုင်းပြည်၏ စက်မှုကုန်ထုတ်လုပ်ငန်းနှင့် သက်ဆိုင်သော ဥပဒေကိစ္စရပ်များကို အထူးဦးစားပေး သုံးသပ်ဆောင်ရွက်သင့်သည်ဟု ယူဆပါသည်။ တိုင်းပြည်၏ စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ အလုပ်အကိုင်အခွင့်အလမ်းများ ကျယ်ပြန့်လာရေးသည် ပကတိအခြေအနေက တောင်းဆိုနေသည့် အမျိုးသားရေးလိုအပ်ချက်ဖြစ်ပါသည်။ အထူးသဖြင့် လူငယ်တို့၏ အလုပ်အကိုင်အခွင့်အလမ်း ကျယ်ပြန့်ရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့သော် တည်ဆဲဥပဒေများအရ စဉ်ဆက်မပြတ် လုပ်ကိုင်ရသော စက်မှုကုန်ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းမျိုးမှအပ ကျန်လုပ်ငန်းများသည် အလုပ်ချိန်သုံးဆိုင်း ဆောင်ရွက်လုပ်ကိုင်ခွင့်မရှိပါ။ တည်ဆဲဥပဒေများ၌ ပြဌာန်းထားသည့် စဉ်ဆက်မပြတ် လုပ်ကိုင်ရသော စက်မှုကုန်ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းကို လွန်ခဲ့သော ဆယ်စုနှစ်ပေါင်းများစွာက တိုင်းပြည်၏ အခြေအနေပေါ်မူတည်၍ သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။ တင်ပြလိုသည်မှာ တည်ဆဲဥပဒေပြဌာန်းချက်ပါ စဉ်ဆက်မပြတ်လုပ်ကိုင်ရသော စက်မှုကုန်ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းတို့သည် တိုင်းပြည်၏ ပကတိအခြေအနေတို့ကို ထင်ဟပ်နိုင်ခြင်းမရှိတော့သည်မှာ ပေါ်လွင်ပြီးဖြစ်ပါသည်။

ဥပမာအနေဖြင့် ပီနံအိတ်ထုတ်လုပ်သော စက်ရုံတစ်ရုံ၏ လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်ဆွေးနွေးတင်ပြလိုပါသည်။ ကော်စေ့ကို အရည်ဖျော်ပေးရသောစက် (Extruder)သည် လိုအပ်သော အပူချိန်ရရှိရန် အချိန်ယူဆောင်ရွက်ရသကဲ့သို့ သတ်မှတ်ထားသည့် ထုတ်လုပ်မှုပမာဏရရှိရန် စဉ်ဆက်မပြတ် ထုတ်လုပ်ရပါသည်။ ထုတ်လုပ်ရမည့် ပီနံအိတ်အရေအတွက် ပမာဏများလာသည်နှင့်အမျှ ကော်စေ့အရည်ဖျော်စက် လည်ပတ်ရမည့်အချိန် ပိုလိုအပ်လာမည်ဖြစ်သည်။ တစ်ဆက်တည်း အိတ်ရက်ရမည့် စက်ရက်ကန်းစင်တို့၏ လည်ပတ်ချိန်သည်လည်း ပိုမိုလိုအပ်လာမည်ဖြစ်သည်။ သို့သော် တစ်ဖက်၌ တည်ဆဲဥပဒေပြဌာန်းချက်များအရ အလုပ်ချိန်သုံးဆိုင်းကို ဆောင်ရွက်နိုင်ခွင့်မရှိဖြစ်နေသည်။ တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်နေသော အချိန်ကာလဖြစ်၍ အဆိုပါကုန်ထုတ်လုပ်မှုကို ဟန့်တားနေသကဲ့သို့ ဖြစ်နေသော ဥပဒေပြဌာန်းချက်တို့ကို အရေးတကြီးပြန်လည်သုံးသပ်ရန် လိုအပ်နေပြီဖြစ်ပါသည်။ ကုန်ထုတ်လုပ်မှုတို့ အရှိန်အဟုန်မြှင့်တင်ရေးဟူသော အမျိုးသားရေးဦးတည်ချက်ကို အနှောင့်အယှက်အဟန့်အတားဖြစ်နေသည့် ဥပဒေကိစ္စရပ်တို့ကို အလျင်အမြန် ကိုင်တွယ်သုံးသပ်ပေးပါရန် လေးစားစွာ အကြံပြုတင်ပြအပ်ပါသည်။ ။




## ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ရှေးဟောင်းသမိုင်းဝင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ (၂၃၁၉)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၄ ရက်မှ ၁၂ ရက်အထိ ကိုးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနိယပွဲတော်လာ ဘုရားဖူးပြည်သူများ အပန်းဖြေပျော်ရွှင်စေရန်အတွက် အငြိမ့်ဇာတ်သဘင်များဖြစ်သော ဟန်ဇာမိုးဝင်းဇာတ်သဘင်၊ ဖိုးချစ်ဇာတ်သဘင်၊ စွမ်းဇာနည်ဇာတ်သဘင်နှင့် မိုးကြိုးငှက်ငယ်၊ ကြည်လဲ့လဲ့ဦး ပဒေသာကပွဲ၊ အမြင့်သဘင် (ရုပ်သေးအက)၊ မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲ၊ မျက်လှည့်ပြပွဲ၊ တိရစ္ဆာန်ပြပွဲများနှင့် ကလေး၊ လူကြီးပျော်ရွှင်စရာကစားနည်းများဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

## သီပေါသီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးမည်

**သီပေါ ဇန်နဝါရီ ၁၄**

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ ဩဝါဒခံယူလျက် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တပညာသီရိ၏ ကြီးကြပ်မှုဖြင့် (၁၇)ကြိမ်မြောက်အဖြစ် မျက်စိဝေဒနာ ရှင်များအား ဇန်နဝါရီ ၂၁ ရက်မှ ၂၆ ရက်အထိ သီပေါသီတဂူစက္ခုဒါနဆေးရုံ၌ အခမဲ့ခွဲစိတ်ကုသပေးမည်ဖြစ်ပြီး ဝေဒနာရှင်များအနေဖြင့် စတင် စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း မဟာမြတ်မုနိဘုရားကြီး ဆရာတော်က မိန့်ကြားသည်။

ဆေးကုသမှုခံယူကြမည့် မျက်စိဝေဒနာရှင်များအနေဖြင့် ရပ်ဝေးရပ်နီး မည်သည့်ဒေသမဆို လူမျိုးဘာသာမရွေး အခမဲ့လာရောက်ကုသမှုခံယူနိုင်ပြီး မျက်စိဝေဒနာရှင်များအတွက် တည်းခိုနေထိုင်ရန် စီစဉ်ထားရှိကာ မဟာမြတ်မုနိဘုရားကြီးဆရာတော်နှင့် စေတနာရှင်၊ အလှူရှင်များက စားသောက်ရေးအတွက် ကုသိုလ်ပါဝင်ကြမည်ဖြစ်ရာ ကုသိုလ်ယူပါဝင်လှူဒါန်းလိုပါက သီတဂူစက္ခုဒါနဆေးရုံ ဖုန်း ၀၉-၅၂၇၈၀၇၃ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ကုက္ကိုဝမြစ်ရေပေးဝေရေးစီမံကိန်း၏ အကျိုးကျေးဇူးနှင့်ပတ်သက်၍ ပြည်သူများအား ရှင်းလင်း

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာန(အင်ဂျင်နီယာဌာန)နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့ ပူးပေါင်းဆောင်ရွက်သည့် ကုက္ကိုဝမြစ်ရေပေးဝေရေးစီမံကိန်း၏ အကြောင်းအရာ အကျိုးကျေးဇူးနှင့်ပတ်သက်၍ စီမံကိန်းဧရိယာအတွင်းရှိ ပြည်သူများအား ရှင်းလင်းပြောကြားသည့် အခမ်းအနား (Stakeholder Meeting )ကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကတွယ်အညာစုကျေးရွာအနီးရှိ ကုက္ကိုဝမြစ်ရေပေးဝေရေးစီမံကိန်းရုံးခန်း၌ ကျင်းပသည်။



အဆိုပါအခမ်းအနားတွင် ရေနှင့်သန့်ရှင်းမှုအင်ဂျင်နီယာဌာနမှ ဌာနမှူး ဦးမြင့်ဦးက ကုက္ကိုဝမြစ်တွင် ရေချိုအများဆုံးရရှိသည့်နေရာကို ရှာဖွေခဲ့ပြီး ၂၀၁၃ ခုနှစ်မှစ၍ စီမံကိန်းလုပ်ငန်းများကို ဦးဆောင်ခဲ့ကြောင်း၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီအဖွဲ့မှ အကူအညီပေးလိုသည့်အတွက် ၎င်းတို့နှင့်ပူးပေါင်းကာ စီမံကိန်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့၌ တိုးတက်လာသည့် လူဦးရေနှင့်အမျှ ရေလုံလောက်မှုမရှိသည့်အတွက် ကုက္ကိုဝမြစ်ရေစီမံကိန်းအပြင် ပန်းလှိုင်မြစ်နှင့် တိုးမြစ်ရေပေးဝေရေးလုပ်ငန်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

"ကုက္ကိုဝမြစ်ရေပေးဝေရေးစီမံကိန်းပြုလုပ်တဲ့နေရာက နွေရာသီကာလမှာ တစ်ရက်ကို ရေဂါလန် သန်း ၉၀၀၀ ပေးဝေနိုင်တဲ့ နေရာဖြစ်တာကို စမ်းသပ်တွေ့ရှိခဲ့ပါတယ်။ အဲဒါကြောင့် စီမံကိန်းလုပ်ငန်းပြုလုပ်မယ့်နေရာအဖြစ် ရွေးချယ်ဆောင်ရွက်ခဲ့တာပါ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ဂျပန်ဝန်ကြီးချုပ်တို့ တွေ့ဆုံတုန်းက စီမံကိန်းနဲ့ပတ်သက်ပြီး အကူအညီရရှိရေး ကတိကဝတ်တွေထားရှိခဲ့ပါတယ်။ ရန်ကုန်မြို့ကို သောက်သုံးရေ နေ့စဉ် ရေဂါလန် သန်း ၆၀ ပေးဝေနိုင်ဖို့အတွက် ရေသန့်စင်စက်ရုံတည်ဆောက်ဖို့ ပြည်သူတွေကို ရှင်းပြတာဖြစ်ပါတယ်"ဟု ဌာနမှူးက ပြောသည်။

ကုက္ကိုဝမြစ်ရေပေးဝေရေးစီမံကိန်းကာလမှာ ၂၀၁၆ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိဖြစ်ပြီး စီမံကိန်းပြီးဆုံးပါက ရေဂါလန် သန်း ၆၀ ထပ်မံဖြည့်တင်းပေးသွားနိုင်မည်ဖြစ်သည်။ ထို့အပြင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၌ ဆောင်ရွက်လျက်ရှိသော လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းမှာ ၂၀၂၀ ပြည့်နှစ်တွင် စီမံကိန်းလုပ်ငန်းပြီးစီးကာ နေ့စဉ်ရေဂါလန် သန်း ၄၀ ပေးဝေနိုင်မည်ဖြစ်ပြီး လက်ရှိရန်ကုန်မြို့ကို နေ့စဉ်ပေးဝေနေသည့် ရေဂါလန် ၂၀၅ သန်း အပါအဝင် စုစုပေါင်း သောက်သုံးရေဂါလန် ၃၀၅ သန်း ပေးဝေနိုင်မည်ဖြစ်သည်။ **(ဇာနည်မောင်)**


ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
စာတည်းများ - ဦးစန်းအောင်၊ ခင်ခင်သက်၊ ဦးအေးသန်း၊ မေလှိုင်သင်း၊ စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

**ချစ်ခင်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-**

သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် ကယားပြည်နယ်မှာ ကယားမျိုးနွယ်စုဝင် (၉)မျိုးအပြင် အခြား တိုင်းရင်းသားများလည်း ရှေးပဝေသဏီကတည်းက ချင်ခင်ရင်းနှီးစွာ နေထိုင်ခဲ့ကြပါတယ်။ လွတ်လပ်ရေးရပြီး နောက်ပိုင်းမှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမအကြား သံသယများကြောင့် ပဋိပက္ခများ ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ပေါ်ခဲ့တဲ့အတွက် မြန်မာနိုင်ငံဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှာ အိမ်နီးချင်းနိုင်ငံများထက် နောက်ကျခဲ့ရပါတယ်။ ဒါကြောင့် မိမိတို့အစိုးရသစ်အနေနဲ့ တိုင်းရင်းသားပြည်သူများ နှစ်ပေါင်းကြာရှည်မျှော်လင့်တောင့်တခဲ့ရတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးနိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို စတင်အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ကယားပြည်နယ်ရှိ လောပိတရေအားလျှပ်စစ်စက်ရုံများဟာ နိုင်ငံအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာမှာ အဓိကကျတဲ့စက်ရုံများအဖြစ် နှစ်ပေါင်းများစွာရပ်တည်ခဲ့ပြီး သဘာဝလျှိုမြောင်၊ တောတောင်၊ ရေတံခွန် စိမ့်စမ်းတွေနဲ့ သာယာလှပတဲ့ပြည်နယ်ဖြစ်တဲ့အတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်းမြှင့်တင်ပေးနိုင်ဖို့ အလားအလာကောင်းတဲ့ ပြည်နယ်တစ်ခုလည်းဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-**

ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများဟာ ခက်ခဲကြမ်းတမ်းတဲ့ ခရီးလမ်းကို ကာလကြာရှည်စွာဖြတ်သန်းခဲ့ကြရပါတယ်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ယုံကြည်မှုအားနည်းခဲ့ကြပြီး လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့တဲ့နေရာမှာ တိုင်းရင်းသားအများစုနေထိုင်ရာဒေသတွေဟာ ထိခိုက်မှုအခံခဲ့ရဆုံးဖြစ်ပါတယ်။ နှစ်ပေါင်းများစွာအတွင်း မျိုးဆက်အလိုက် လူငယ်များရဲ့အနာဂတ်တွေ ဆုံးရှုံးခဲ့ရပါတယ်။ ဒါပေမယ့် ဒီနေ့ဒီချိန်ခါမှာ ကယားပြည်နယ်အတွင်း သေနတ်သံ၊ ဗုံးသံတွေ တိတ်သလောက်ဖြစ်နေပါပြီ။ ကယားပြည်နယ်အတွင်းရှိတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ ပူးပေါင်းပါဝင်ဆောင်ရွက်လာခြင်းကြောင့် ပြည်နယ်သူ၊ ပြည်နယ်သားတွေအနေနဲ့ ငြိမ်းချမ်းရေးရဲ့အရသာကို စတင်ခံစားကြရပြီဖြစ်သလို ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းသစ်များလည်း ရရှိနေပြီဖြစ်ပါတယ်။ အခုလို သေနတ်သံတွေရပ်နိုင်ရာက ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးဖြစ်ဖို့အတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး လက်တွဲပါဝင်ဖို့ လိုပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်ရာမှာ တိုင်းရင်းသားအားလုံး တန်းတူရည်တူ ပါဝင်ဖော်ဆောင်နိုင်ရေးဟာ အထူးအရေးကြီးလှပါတယ်။ ပြည်ထောင်စုရဲ့ နိုင်ငံရေးပြဿနာများကို ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းအဖြေရှာတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကတစ်ဆင့် မိမိတို့အားလုံးမျှော်မှန်းတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် အခြေခံမူဝါဒများထွက်ပေါ်လာမယ်လို့ အခိုင်အမာယုံကြည်ထားပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ တက်ကြွစွာပါဝင်ခဲ့သလို ငြိမ်းချမ်းရေးခရီးလမ်းကို သတ္တိရှိရှိ၊ အမြော်အမြင်ပြည့်ပြည့်ဝဝနဲ့ လျှောက်လှမ်းခဲ့ကြတဲ့ ကယားတိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံးအနေနဲ့ ရှေ့ဆက်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနဲ့ ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးတို့မှာ စုစည်းညီညွတ်တဲ့ စွမ်းပကားနဲ့ ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြပါ၊ မိမိတို့ ခေတ်အတွက်သာမက အနာဂတ်မှာပါ ပြည်နယ်ခေတ်မီတိုးတက် သာယာလှပစေရေးအတွက်ပါ ကြိုးပမ်းတည်ဆောက်သွားကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း သဝဏ်လွှာပေးပို့လိုက်ပါတယ်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**

# ကိုးတန်ကောက် ရဲကင်းစခန်းနှင့် ဘူးသီးတောင်မြို့ အကျဉ်းထောင်တို့ကို မစ္စ ရန်ဟီလီ ကြည့်ရှုလေ့လာ

**မောင်တော ဇန်နဝါရီ ၁၄**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စ ရန်ဟီလီနှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့မှ ရသေ့တောင်မြို့နယ် ကိုးတန်ကောက် ရဲကင်းစခန်းသို့ သွားရောက်ပြီး စခန်းအတွင်းကြည့်ရှုကာ ရဲတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ထို့နောက် မောင်တောမြို့ သုံးမိုင်ရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ကို သွားရောက်သည်။

မွန်းလွဲပိုင်းတွင် ဘူးသီးတောင်မြို့သို့ရောက်ရှိပြီး မစ္စ ရန်ဟီလီနှင့် အဖွဲ့သည် ဘူးသီးတောင်မြို့ အကျဉ်းထောင်ကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

**(ခရိုင် ပြန်/ဆက်)**

■





# ဘတ်စ်ကားစနစ်သစ်ပြေးဆွဲရာတွင် ပြည်သူများအခက်အခဲမရှိစေရန် ကူညီမည့် စေတနာ့ဝန်ထမ်းများ စာရင်းပေး

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်မြို့ ဘတ်စ်ကားစနစ်သစ်ပြေးဆွဲရာတွင် ပြည်သူများသွားလာရေးအခက်အခဲမရှိအဆင်ပြေလွယ်ကူစေရန် ကူညီမည့် မြို့နယ်အသီးသီးမှ စေတနာ့ဝန်ထမ်းများက ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံတွင် ယနေ့ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ နှစ်ရက်ဆက်တိုက် ဖွင့်လှစ်ထားသည့် စာရင်းကောက်ယူသည့်အဖွဲ့ထံ လာရောက်စာရင်းပေးသွင်းကြသည်။

"ဒီနေ့ စာရင်းကောက်တဲ့အရေအတွက်ကတော့ သုံးရက်နဲ့အထက် တာဝန်ထမ်းဆောင်နိုင်မယ့်သူတွေကို ကောက်တာဖြစ်ပါတယ်။ မနက်ဖြန် တနင်္ဂနွေနေ့ မှာ ကောက်မှာကတော့ တစ်ရက်နှစ်ရက်နဲ့ အချိန်ပိုင်းတာဝန်ထမ်းဆောင်မယ့်သူတွေပါ။ အဲဒီနေ့မှာ စေတနာ့ဝန်ထမ်းအကုန်လုံးကိုManagementလုပ်သွားမှာပါ"ဟု တက္ကသိုလ်ကျောင်းသားသမဂ္ဂတကသ အဖွဲ့ဝင် ကိုပိုင်ရဲသူက ပြောသည်။

ပြည်သူများ အခက်အခဲမရှိ လမ်းကြောင်းများသိရှိစေရန် ကူညီရာတွင် မြို့နယ်အသီးသီးရှိ စေတနာ့ဝန်ထမ်းများထဲမှ အဖွဲ့ခေါင်းဆောင်တစ်ဦးစီထားရှိပြီး အဆိုပါ အဖွဲ့ခေါင်းဆောင်များက မိမိမြို့နယ်ရှိ စေတနာ့ဝန်ထမ်းများကိုManagement လုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

"ဘယ်လို Management လုပ်ရမလဲဆိုတာကို ဒီနေ့ကျောင်းသားခေါင်းဆောင်တွေ၊ လူမှုအဖွဲ့အစည်းတွေ၊ အစိုးရအဖွဲ့အစည်းတွေ၊ စေတနာ့ဝန်ထမ်းအဖွဲ့ခေါင်းဆောင်တွေနဲ့ တွေ့ပါတယ်။ မနက်ဖြန်လည်း အစည်းအဝေးရှိပါတယ်။ Workshop ပုံစံမျိုးလုပ်ပေးမှာပါ။ ခရီးသွားပြည်သူတွေကို လမ်းကြောင်းတွေအပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေ ထည့်ပြောဖို့ ဝန်ကြီးချုပ်က ညွှန်ကြားထားပါတယ် "ဟု တာမွေမြို့နယ်မှ စေတနာ့ ဝန်ထမ်းအဖွဲ့ခေါင်းဆောင် ကိုထွန်းအောင်ကျော်က ပြောသည်။

စေတနာ့ ဝန်ထမ်းများအဖြစ် မြို့နယ်အသီးသီးမှ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ ကင်းထောက်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လူမှုအဖွဲ့အစည်းများမှ ပါဝင်ကူညီကြသည်။

"တက္ကသိုလ်ရှစ်ခုကနေ စေတနာ့ဝန်ထမ်းလုပ်ဖို့အတွက် ကျွန်တော်အပါအဝင် ၃၂ ယောက်ရှိပါတယ်။ ငါးရက်မှာ အလှည့်ကျတာဝန်ခွဲယူရင်းနဲ့ ဒီမှာရှိတဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ရှိပါတယ်။ အဓိက တာဝန်ယူထားတဲ့မြို့နယ်ကတော့ ကမာရွတ်နဲ့ လှည်းတန်းပါ။ လက်ကမ်းစာစောင်တွေဝေမယ်။ ဘယ်ကားစီးရင် ဘယ်ကိုရောက်လဲဆိုတာ လမ်းညွှန်ပြသပေးမှာပါ။ ခရီးသွားပြည်သူတွေရဲ့ အခက်အခဲ (data) တွေကို ကောက်ပေးပါမယ်"ဟု တက္ကသိုလ်ကျောင်းသားကင်းထောက်အဖွဲ့ဝင် ဒဂုံတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးဘာသာရပ် စတုတ္ထနှစ်ကျောင်းသား ကိုကောင်းဆက်ဟိန်းက ပြောသည်။

**သတင်း-ဇာနည်မောင်**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ကျိုက်မရောအကျဉ်းထောင်(မော်လမြိုင်) အား ကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဇန်နဝါရီ ၁၄**

ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်သည် ဇန်နဝါရီ ၁၂ ရက် နံနက်က ကျိုက်မရောအကျဉ်းထောင် (မော်လမြိုင်)သို့ သွားရောက်စစ်ဆေးရာ အကျဉ်းဦးစီးဌာန မွန်ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်၊ အကျဉ်းထောင်တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသန်းတို့က အချုပ်ခံနေရသူများနှင့် ပြစ်ဒဏ်ကျခံရသူများ၏ အခြေအနေ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။


ဆက်လက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးနှင့်အဖွဲ့သည် အချုပ်ခံနေရသူများနှင့် ပြစ်ဒဏ်ကျခံနေရသူများ၏ အမျိုးသား၊ အမျိုးသမီးအဆောင်များ၊ စားဖိုဆောင်၊ အကျဉ်းထောင်ဆေးရုံ၊ ထောင်တွင်းစိုက်ခင်းများကိုလှည့်လည်ကြည့်ရှု၍ အချုပ်ခံနေရသူများ၊ ပြစ်ဒဏ်ကျခံနေရသူများနှင့် တွေ့ဆုံပြီး နေရာထိုင်ခင်း၊ အစားအသောက်နှင့် မကျန်းမာပါက ဆေးကုသခွင့်၊ အမျိုးသမီးတရားခံများအား အကာအရံဖြင့် လုံခြုံစွာထားရှိမှု၊ အမျိုးသမီးအဖော် အစောင့်အရှောက်ဖြင့်ထားရှိမှုအခြေအနေ၊ ၎င်းတို့အား နှိပ်စက်ညှဉ်းပန်းခြင်း ရှိ/မရှိ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေး စသည်တို့နှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးသည် မွန်ပြည်နယ်တရားလွှတ်တော်တွင် ပြည်နယ်တရားလွှတ်တော်၊ မော်လမြိုင်ခရိုင်နှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများအား တွေ့ဆုံမှာကြားခဲ့ပြီး မော်လမြိုင်ခရိုင်တရားရုံးနှင့်မော်လမြိုင်မြို့နယ် တရားရုံးတို့အား ဆက်လက်စစ်ဆေးခဲ့ကြောင်းသိရသည်။ **(၃၀၇)**



**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၂) ပြည်မြို့မှ JICA(ODA) ချေးငွေဖြင့် ပြုပြင်နေသော မြောက်နဝင်း၊ တောင်နဝင်း၊ တောင်ညို၊ ဝဲကြီး ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား လျာထားချက်ပြည့်မီနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အကောင်အထည်ဖော်ရေးအဖွဲ့ (P.M.U) အစည်းအဝေးကျင်းပစဉ်။**
မြင့်နိုင်(ရွှေတောင်)

# ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရန် ဂျပန်နှင့် ဩစတြေးလျတို့ သဘောတူညီ



**ဆစ်ဒနီ ဇန်နဝါရီ ၁၄**

ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဇန်နဝါရီ ၁၄ ရက်တွင် ဆစ်ဒနီမြို့၌ ဩစတြေးလျနိုင်ငံဝန်ကြီးချုပ် မယ်လ်ကွန်တန်ဘူးနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ၎င်းတို့နှစ်ဦး တွေ့ဆုံခဲ့ရာတွင် ဂျပန်နှင့် ဩစတြေးလျ နှစ်နိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို နက်ရှိုင်းစွာ လုပ်ဆောင်ကြရန် သဘောတူညီမှုများ ရရှိခဲ့သည်။ သဘောတူညီမှုများတွင် စစ်ဘက်ဆိုင်ရာ သင်တန်းများနှင့် စစ်ရေးလေ့ကျင့်မှုများ ပူးတွဲလုပ်ဆောင်ရေးများလည်း ပါဝင်သည်ဟု ရိုက်တာသတင်းတွင် ဖော်ပြသည်။

ပိုင်နက်နယ်မြေ အငြင်းပွားမှုများရှိနေသည့် တောင်တရုတ်ပင်လယ်ဒေသအတွင်း၌ တရုတ်နိုင်ငံက ၎င်း၏ ပိုင်နက်နယ်မြေအဖြစ် အခိုင်အမာတောင်းဆိုနေမှုများကြောင့် ဒေသတွင်း၌ တင်းမာမှုများ မြင့်တက်နေချိန်တွင် ဂျပန်ဝန်ကြီးချုပ်သည် ဩစတြေးလျနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ဩစတြေးလျနိုင်ငံဝန်ကြီးချုပ်အဖြစ် ၂၀၁၅ ခုနှစ်နှောင်းပိုင်းတွင် မယ်လ်ကွန်တန်ဘူး စတင်တာဝန်ထမ်းဆောင်ပြီး ကတည်းက စ၍ ဂျပန်ဝန်ကြီးချုပ်တစ်ဦးအနေဖြင့် ပထမဆုံးအကြိမ် ဩစတြေးလျသို့ လာရောက်ခြင်းဖြစ်သည်။

ဒေသတွင်း၌ လွတ်လပ်သော ကုန်သွယ်ရေးနှင့် ပွင့်လင်းသော ဈေးကွက်တို့တည်ရှိရန် တရားဥပဒေအရ အာမခံချက်ရှိခြင်းကို မိမိတို့ အတည်ပြုခဲ့ကြောင်း ဩစတြေးလျဝန်ကြီးချုပ်က ဂျပန်ဝန်ကြီးချုပ်နှင့် ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များအား ပြောကြားသည်။

မသေချာမရေရာခြင်းများ တိုးမြင့်ဖြစ်ပေါ်နေသည့် ပထဝီနိုင်ငံရေးဆိုင်ရာ မြင်ကွင်းများသည် ဂျပန်နှင့် ဩစတြေးလျ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးကို ဖြစ်ပေါ်စေပြီး ယင်းလုပ်ငန်းသည် နှစ်နိုင်ငံလုံးအတွက် အလွန်အရေးပါကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ **ရိုက်တာ။**

❒

# မိုဆူးမြို့တွင်းရှိ အိုင်အက်စ်ပစ်မှတ်များအား လေကြောင်းမှ တိုက်ခိုက်၊ အရပ်သား ၃၀ ကျော် သေဆုံး

**မိုဆူး ဇန်နဝါရီ ၁၄**

ယခုရက်သတ္တပတ်အတွင်း အီရတ်နိုင်ငံ မိုဆူးမြို့မှ အိုင်အက်စ်စစ်သွေးကြွများ သိမ်းယူထားသည့် ဒေသများသို့ လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ အရပ်သားဦးရေ ၃၀ ကျော် သေဆုံးခဲ့ရကြောင်း ယင်းမြို့တွင်းရှိ ဒေသခံများက ပြောကြားသည်။

မိုဆူးမြို့တွင်းရှိ အယ်လ်ဂျာဒီဒါဒေသတွင် ဇန်နဝါရီ ၁၂ ရက်က ဒုံးကျည်သုံးစင်း ထိမှန်ခဲ့ကြောင်း၊ ယင်းမှာ အစ္စလာမ့်နိုင်ငံထူထောင်ရေး စစ်သွေးကြွအဖွဲ့မှ အထက်တန်းစစ်ဘက်ခေါင်းဆောင်ယာဘီအဗ္ဗဒယ်ကွာဒါ၏ နေအိမ်အား ပစ်မှတ်ထားသော လေကြောင်းတိုက်ခိုက်မှုဖြစ်ကြောင်း ဒေသခံများက ပြောကြားသည်။

ယင်းသို့ တိုက်ခိုက်ချိန်တွင် အဆိုပါ အိုင်အက်စ်စစ်သွေးကြွခေါင်းဆောင်မှာ နေအိမ်တွင်မရှိဘဲ ၎င်း၏မိသားစုဝင်အချို့ သေဆုံးသွားခဲ့ကြောင်း ဇန်နဝါရီ ၁၃ ရက် နှောင်းပိုင်း၌ ဒေသခံတစ်ဦးက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုများသည် အမေရိကန်ဦးဆောင်သည့် မဟာမိတ်ညွန့်ပေါင်းတပ်ဖွဲ့များက အစ္စလာမ့်စစ်သွေးကြွများအား တိုက်ခိုက်ခြင်းသို့မဟုတ် အီရတ်အစိုးရတပ်ဖွဲ့များက မိုဆူးမြို့တွင်းရှိ အိုင်အက်စ်များအား အရှိန်မြှင့်တိုက်ခြင်းဆိုသည်ကိုမူ လတ်တလောတွင် ရှင်းလင်းစွာ မသိရသေးဟု ဒေသခံတစ်ဦးက ပြောကြားသည်။

မိုဆူးမြို့၏ အနောက်ဘက်ပိုင်းဒေသတွင် တိုက်ဂရစ်မြစ်က အဆိုပါဒေသအား တောင်နှင့်မြောက်ပိုင်းခြားထားပြီး ယင်းဒေသမှာ သဘောထားအလွန်တင်းမာသော စစ်သွေးကြွများ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေဆဲဖြစ်သည်။

မိုဆူးမြို့၏ အရှေ့ဘက်ခြမ်းဒေသအားလုံးနီးပါးကို အမေရိကန်ထောက်ခံမှုပေးထားသည့် အီရတ်အစိုးရတပ်ဖွဲ့များက ပြန်လည်သိမ်းယူထားနိုင်ပြီး ၎င်းမြို့အတွင်းမှ အိုင်အက်စ်တို့အား မောင်းထုတ်နိုင်ရေးအတွက် ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသည်။ မိုဆူးမြို့သည် အစ္စလာမ့်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်)တို့၏ အင်အားကောင်းသော နောက်ဆုံးခြေကုပ်စခန်းလည်းဖြစ်သည်။

**ရိုက်တာ။**

# အာရှဒေသတွင်း ကုန်သွယ်ရေးကဏ္ဍတွင် အမေရိကန်၏ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တည်မြဲစေရေး အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မျှော်မှန်း

**ကျိုတို ဇန်နဝါရီ ၁၄**

အမေရိကန်အစိုးရအဖွဲ့အသစ်ပြောင်းလဲကျင့်သုံးမည့် ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာ မူဝါဒချမှတ်မှုတွင် အာရှဒေသတစ်ဝန်းဆိုင်ရာ ကုန်သွယ်ရေးဆောင်ရွက်မှုများ၌ အမေရိကန်၏ ပူးပေါင်းဆောင်ရွက်မှုများ မပြောင်းလဲဘဲ ဆက်လက်တည်ရှိနေစေရန် မျှော်လင့်ပါကြောင်း ဇန်နဝါရီ ၁၃ ရက်က တိုကျိုမြို့၌ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌက ထုတ်ဖော်ပြောကြားခဲ့သည်။

အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ တာကီဟီကို နာခိုင်ယိုသည် ဇန်နဝါရီ ၁၃ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မိန့်ခွန်းပြောကြားရာ၌ အထက်ပါအကြောင်းကို ထည့်သွင်းပြောကြားခဲ့သည်။ ထို့ပြင် အမေရိကန်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုသည် အာရှဒေသတစ်ဝန်းအတွက် အကျိုးစီးပွားဖြစ်ထွန်းရုံသာမက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများလည်း ပေါ်ပေါက်စေသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အာရှဒေသတွင် ယခင်အတိုင်း ကုန်သွယ်မှုကဏ္ဍများကို တိုးမြှင့်လုပ်ဆောင်မည်ဆိုပါက အမေရိကန်နိုင်ငံနှင့် ၎င်း၏ မဟာမိတ်နိုင်ငံများသာမက အခြားသောအာရှနိုင်ငံများအတွက်ပါ ပိုမိုအကျိုးရှိစေမည့်အပြင် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကိုပါ အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း ၎င်းက ဆိုသည်။



အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်က ကမ္ဘာ့ကုန်သွယ်ရေးမူဝါဒများနှင့်ပတ်သက်ပြီး အမျိုးသားရေး ရှေ့တန်းတင်သည့်အမြင်များကို လက်ကိုင်ထားကျင့်သုံးမည်ဟု မဲဆွယ်စည်းရုံးရေးကာလအတွင်း ကြွေးကြော်ထားခဲ့သည်။ **အင်န်အိတ်ချ်ကေ။**




# ဒါကာမြို့ကော်ဖီဆိုင်တိုက်ခိုက်မှုတွင် နောက်ကွယ်က ကြိုးကိုင်သူတစ်ဦးအား ဖမ်းဆီးရမိ

**ဒါကာ ဇန်နဝါရီ ၁၄**

ယမန်နှစ်က ဖြစ်ပွားခဲ့သော ဒါကာမြို့ ကော်ဖီဆိုင်တိုက်ခိုက်မှုတွင် နောက်ကွယ်က ကြိုးကိုင်သူတစ်ဦးအား ဖမ်းဆီးရမိခဲ့သည်ဟု ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က ဇန်နဝါရီ ၁၄ ရက်တွင် ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုအတွင်း လူ ၂၂ ဦးသေဆုံးခဲ့ပြီး အများစုမှာ နိုင်ငံခြားသားများ ဖြစ်ကြသည်။ တရားခံ ဂျာဟင်ကာအလန်အား ဒါကာ၏ အနောက်မြောက်ဘက်တွင် ဖမ်းဆီးရမိကြောင်း အကြမ်းဖက်တန်ပြန်တိုက်ခိုက်ရေး ရဲတပ်ဖွဲ့မှ အကြီးအကဲ မော်နီရူအစ္စလမ်က ပြောကြားသည်။ ၎င်းအကြမ်းဖက်တိုက်ခိုက်မှုအား မိမိတို့ပြုလုပ်ကြောင်း အိုင်အက်စ်အဖွဲ့က ဝန်ခံခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုအတွင်း အီတလီလူမျိုး ငါးဦး၊ ဂျပန်လူမျိုး ခုနစ်ဦး၊ အမေရိကန်လူမျိုး တစ်ဦးနှင့် အိန္ဒိယလူမျိုး တစ်ဦးတို့ သေဆုံးခဲ့သည်။ ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက အိုင်အက်စ်အဖွဲ့အား မဟာမိတ်ပြုထားသော ဂျမားအယ်လ်မူဂျာဟစ်ဒင်အဖွဲ့အား ၎င်းတိုက်ခိုက်မှုအတွက် သံသယရှိကြောင်း ပြောကြားလိုက်သည်။

၎င်းတိုက်ခိုက်မှုအား အဓိကစီစဉ်ခဲ့သူ ဘင်္ဂလားဒေ့ရှ်နိုင်ငံဖွား ကနေဒါနိုင်ငံသား တာမန်အာမက်ချောင်ဒရီ အပါအဝင် စစ်သွေးကြွ ၅၀ အား တိုက်ခိုက်မှုများအတွင်း သုတ်သင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရိုက်တာ။**

❒

# တောင်တရုတ်ပင်လယ်အရေး တရုတ်နှင့်ဗီယက်နမ်တို့ နှစ်နိုင်ငံပူးတွဲကြေညာချက် ထုတ်ပြန်

**ပေကျင်း ဇန်နဝါရီ ၁၄**

တောင်တရုတ်ပင်လယ်ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ပင်လယ်ရေကြောင်းဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် အပြန်အလှန်စေ့စပ်ညှိနှိုင်းဆွေးနွေးကာ ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းမည်ဟု ကတိပြုကြောင်း ဇန်နဝါရီ ၁၄ ရက်တွင် တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့က ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအကြီးအကဲ ငုယင်ဖုထရောင်းက တရုတ်နိုင်ငံသို့ လေးရက်ကြာ အလုပ်သဘောခရီးသွားရောက်စဉ် အဆိုပါ နှစ်နိုင်ငံ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

တရုတ်နှင့်ဗီယက်နမ် နှစ်နိုင်ငံတာဝန်ရှိသူများက တောင်တရုတ်ပင်လယ်အတွင်း ပင်လယ်ရေကြောင်းဆိုင်ရာကိစ္စရပ်များကို ပွင့်လင်းစွာ ဆွေးနွေးကာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။ အခြေခံကျပြီး ရေရှည်ခိုင်မြဲသည့်ရလဒ်များ ထွက်ပေါ်စေရေးအတွက် နှစ်နိုင်ငံစေ့စပ်ညှိနှိုင်းမှုများပြုလုပ်ကာ ကြိုးပမ်းကြမည်ဖြစ်ကြောင်း သဘောတူညီခဲ့ကြသည်။

နှစ်နိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်အတွင်းရှိ သက်ဆိုင်ရာနိုင်ငံများပါဝင်သော ကျင့်ဝတ်စည်းကမ်းများ ချမှတ်မှုဆိုင်ရာ ကြေညာချက်ထွက်ပေါ်လာရေး အကောင်အထည်ဖော်ရန်နှင့် ယင်းကြေညာချက်ထွက်ပေါ်လာစေရန် သက်ဆိုင်သောနိုင်ငံများ သဘောတူထောက်ခံသည့် ကနဦးအလုပ်မူဘောင်ချမှတ်နိုင်ရေးအတွက် စောစီးစွာလုပ်ဆောင်ရန် နှစ်နိုင်ငံပူးတွဲကြေညာချက်တွင် ပါရှိသည်။ ထို့ပြင် တောင်တရုတ်ပင်လယ်ဒေသအတွင်း ပင်လယ်ရေကြောင်းဆိုင်ရာ တင်းမာမှုများကို လျှော့ချပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက် ရှေးရှုလုပ်ဆောင်ရန် ၎င်းပူးတွဲကြေညာချက်တွင် ပါရှိကြောင်းသိရသည်။

ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအကြီးအကဲ ငုယင်ဖုထရောင်းက တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီအဖွဲ့ဝင် ငါးဦးအပါအဝင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအကြီးအကဲနှင့် တွေ့ဆုံခဲ့ပြီး ဝန်ကြီးချုပ် လီခချန်း၊ ဥပဒေပြုလွှတ်တော်အမတ် ချန်းဒီကျန်း၊ နိုင်ငံရေးအကြံပေးပုဂ္ဂိုလ် ယုကျန်းရှန်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အကြီးအကဲ ဝမ်ကီရှန်းတို့အား သီးခြားတွေ့ဆုံခဲ့ကြောင်းသိရသည်။

**ဆင်ဟွာ။**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) (၃၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၄**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၏ (၃၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီက ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ သွားဘက်ဆိုင်ရာဆေးလက်တွေ့ ပါရဂူဘွဲ့ရရှိသူ ကိုးဦး၊ သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့(အထူးပြု)ရရှိသူ ရှစ်ဦး၊ အထွေထွေသွားရောဂါကုဒီပလိုမာဘွဲ့ရရှိသူ ၁၂ ဦးနှင့် သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ရရှိသူ ၁၃၆ ဦး စုစုပေါင်း ၁၆၅ ဦးတို့အား သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ ရွှေတိုးက ဘွဲ့များ အသီးသီးအပ်နှင်းခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

ပြန်ကြားရေးဝန်ကြီးဌာန နှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (MIIT)

မန္တလေးမြို့ မန္တလေးတိုင်းဒေသကြီး။

၂၀၁၇ ဇန်နဝါရီလ (၂၇၊၂၈၊၂၉) ရက် (သောကြာ၊ စနေ၊ တနင်္ဂနွေ)

နံနက် (၉) နာရီမှ ညနေ (၅)နာရီထိ၊ မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။

Platinum Sponsor

Dugro Aptamil

Gold Sponsors

Nutroplex

Organized by

VII mix HeptaMix

## မောင်တောခရိုင်အတွင်း လစ်လပ်သွားသော ဆရာမများနေရာတွင် ကျောင်းဆရာ ၅၀၀ ကျော် အစားထိုးခန့်အပ်

**မောင်တော ဇန်နဝါရီ ၁၄**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း လစ်လပ်သွားသော နေရာများအတွက် အမျိုးသား ကျောင်းဆရာ ၅၀၀ ကျော် ခန့်အပ်ပြီးဖြစ်ကြောင်း ယနေ့ နံနက် ၉ နာရီက မောင်တောမြို့ အထက(၁)ခန်းမ၌ ကျင်းပသည့် နေ့စားလပေးမူလတန်းပြ ဆရာလောင်းများနှင့် တွေ့ဆုံပွဲအခမ်းအနားအပြီးတွင် ပြည်နယ်ပညာရေးမှူး ဦးအောင်ကျော်ထွန်းကပြောသည်။

မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့သည် ဆရာမများ နေထိုင်ရေး အခက်အခဲရှိသည့် ဒေသဖြစ်သဖြင့် အမျိုးသားကျောင်းဆရာများကို တာဝန်ပေးအပ်ခြင်းဖြစ်သည်။ မောင်တောခရိုင်အတွင်း လစ်လပ်သည့် မောင်တောမြို့နယ်အတွက် ၂၈၈ ဦးနှင့် ဘူးသီးတောင်မြို့နယ်အပါအဝင် လစ်လပ်နေရာများအတွက် ၂၅၃ ဦးကို ခန့်ထားခြင်းဖြစ်ကာ စုစုပေါင်း အမျိုးသားကျောင်းဆရာ ဦးရေ ၅၄၁ဦး ခန့်ထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ပြည်နယ်ပညာရေးမှူး ဦးအောင်ကျော်ထွန်းက "ဒေသက အခုတည်ငြိမ်နေပါပြီ။ လုံခြုံရေးဆိုင်ရာလိုအပ်တဲ့ အပိုင်းတွေကိုလည်း ပြည်နယ်/ခရိုင်အုပ်ချုပ်ရေးမှူးတွေနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်ထားပါတယ်။ ကျွန်တော်တို့ဌာနက



အစဉ်အလာအရ နေ့စားလပေး တစ်နှစ်အစမ်းခန့်ထားပြီး ဆရာအတတ်ပညာတွေပေးတယ်။ သင်တန်းတွေပေးတယ်။ သင်တန်းတွေပေးပြီးရင် အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်အပ်ပြီးတော့ ဝန်ထမ်းတစ်ယောက် ရပိုင်ခွင့်ရှိတဲ့အခွင့်အရေးတွေရရှိအောင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

မောင်တောနှင့် ဘူးသီးတောင်မြို့နယ်တို့မှ သွားလာရေးခက်ခဲသောဒေသများရှိ ကျောင်းများမှ ဆရာမများအား ၎င်းတို့၏ နေရပ်ဒေသများသို့ ပြောင်းရွှေ့ခွင့်ပြုခဲ့ရာ မောင်တောမြို့နယ်အတွင်း လစ်လပ်သွားသော နေရာတွင် ခန့်ထားသည့် အသက်(၃၅)နှစ်အောက် နေ့စားလပေး မူလတန်းပြဆရာလောင်း ၂၈၈ ဦးအား ပြည်နယ်ပညာရေးမှူးက ယနေ့တွင် တွေ့ဆုံအမှာစကား ပြောကြားသည်။

နေ့စားလပေးကျောင်းဆရာအဖြစ် မောင်တောမြို့နယ် တရင်းကျေးရွာ အမကတွင် တာဝန်ကျသည့် ဆရာဦးအေးထွန်းက "မောင်တောဒေသမှာရှိတဲ့ ဒေသခံကလေးတွေရယ်၊ မြန်မာနိုင်ငံမှာရှိတဲ့ ကလေးတွေကို သူတို့ရဲ့ ရှေ့အနာဂတ်အတွက် ပညာတတ်တွေဖြစ်အောင်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ကိုယ်တတ်ထားတဲ့ပညာကို ပြန်လည်မျှဝေသင်ကြားပေးနိုင်တဲ့ ကျောင်းဆရာအဖြစ် တစ်ထောင့်တစ်နေရာကနေ ပါဝင်ခွင့်ရတဲ့အတွက်ဝမ်းသာပါတယ်။ ကျောင်းဆရာဆိုတာကတော့ မည်သည့်လူမျိုးဖြစ်စေ မသိနားမလည်တဲ့ ကလေးတွေကို စာသင်ရမယ့် တာဝန်ရှိပါတယ်။ အဲဒီကလေးတွေကို ပညာရေးဘက်မှာ ထူးချွန်အောင် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ သင်ကြားပေးသွားမှာပါ"ဟုပြောသည်။

**သတင်း-ဇင်ဦး၊ ကိုမင်း**
**ဓာတ်ပုံ-သီဟစည်သူ**

### ❖ ညောင်ချောင်းသာမှ

အပန်းဖြေ ရေကစားနိုင်ရေးအတွက် ယခင်နှစ်တွေက အတွေ့အကြုံတွေထက် ပိုမိုကောင်းမွန်အောင် အတတ်နိုင်ဆုံး ကျွန်တော်တို့ကော်မတီက ဖြည့်စွက်ဆောင်ရွက်ထားပါတယ်။ ဖွင့်ပွဲကိုလည်း ဇန်နဝါရီလကုန်ပိုင်းလောက်မှာ စည်စည်ကားကား ဖွင့်လှစ်ဖို့ကိုလည်း စီစဉ်ဆောင်ရွက်ထားပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးညွန့်ဝင်း(လက်ထောက်ညွှန်ကြားရေးမှူး မြို့နယ်စည်ပင်သာယာရေးအဖွဲ့)က ရှင်းပြသည်။

ယခုဖွင့်လှစ်မည့် ညောင်ချောင်းသာကမ်းခြေသည် ယခင်နှစ်တွေက ဖွင့်လှစ်သည့်နေရာအကျယ်အဝန်းထက် ပိုမိုကျယ်ပြန့်ပြီး ရေပြင်အကွာအဝေးလည်း ပိုမိုကျယ်ဝန်းသည်။ ယခင်က အဆိုပါညောင်ချောင်းသာကမ်းခြေသည် ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်တို့ဆုံရာနေရာဖြစ်ပြီးယင်း၏ အနောက်ဘက်ပေ ၂၅၀၀ ကျော်ခန့်ရှိ ဧရာဝတီမြစ်မကြီး၏ အရှေ့ဘက်ကမ်းစပ်ဖြစ်သည်။ အနောက်ဘက်ကမ်းတွင် တစ်ချိန်က သမိုင်းရာဇဝင်တွင် ထင်ပေါ်ကျော်ကြားခဲ့သော ဥမ္မာဒန္တီမင်းသမီး တည်ထားကိုးကွယ်ထားခဲ့သော သမိုင်းဝင်စေတီရှိရာ စက္ကော့ကျေးရွာ တောင်ဘက်တွင် ဧရာဝတီတိုင်းဒေသကြီးနှင့် မြန်မာပြည်အရပ်ရပ်သို့ ပေါင်းကူးဆက်သွယ်ထားသော ဗိုလ်မြတ်ထွန်းတံတားနှင့် ကား၊ ရထားလမ်းပါရှိသည့် ညောင်တုန်းတံတားတို့ကို ထင်ထင်ရှားရှားတွေ့မြင်နိုင်ပြီး အရှေ့ဘက်တွင် ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများနှင့် ဘုန်းတော်ကြီးကျောင်းပေါင်း ၃၄ ကျောင်းရှိရာ သာသနာရောင်ဖုံး မြို့ညောင်တုန်းနှင့် မြောက်ဘက်တွင် ရေလမ်း၊ ကားလမ်းဖြင့် သွားရောက်နိုင်သည့် မဟာဗန္ဓုလကြေးရုပ်ရှိရာ ဓနုဖြူမြို့နယ်တို့ရှိသည်။

အဆိုပါကမ်းခြေရှိ ဆိုင်ခန်းများ၊ ကားကူးရန်တံတား၊ ကားထားရှိရန်နေရာများနှင့် အခြားလုပ်ငန်းများအားလုံးကို ဇန်နဝါရီလဆန်းပိုင်းက စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။ လုပ်ငန်းများအားလုံးပြီးစီးပါက အဆိုပါကမ်းခြေအား အမြန်ဆုံးဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ဖွင့်ပွဲကိုလည်း ယခုနှစ်ဇန်နဝါရီလကုန်ပိုင်းလောက်တွင် ဒေသခံအကများ၊ ဆင်အက၊ ကရင်ဒုံးယိမ်းအကများနှင့် မြန်မာ့ရိုးရာဆိုင်းဝိုင်းတို့ဖြင့် ဖွင့်ပွဲလာဧည့်ပရိသတ်များကို ဖျော်ဖြေတင်ဆက်၍ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

## ဂျာမန်အနုပညာရှင် Wolfgang Laib ၏ အနုပညာပြပွဲ ရန်ကုန်အတွင်းဝန်များရုံး၌ ပြသ၊ လာရောက်ကြည့်ရှုသူများဖြင့် စည်ကား

**ရန်ကုန် ဇန်နဝါရီ ၁၄**

ယနေ့ခေတ်၏ အရေးပါဆုံးသော အနုပညာရှင် ဦးရေ ၁၀၀ ထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည့် ဂျာမန်အနုပညာရှင် Wolfgang Laib ၏ "ရေမြေ အဆုံးနေရာထိ တိုင်အောင်" ခေါင်းစဉ်ဖြင့် အနုပညာပြပွဲကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ အတွင်းဝန်များရုံး(ဝန်ကြီးများရုံး)၌ ပြသရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

"သမိုင်းဝင် အဆောက်အအုံမှာ အနုပညာကို စတင်ပြီဆိုတာ ပြလိုက်တာပါ။ အနုပညာဟာ ဘယ်လောက်အထိ နူးညံ့သိမ်မွေ့တာကို သူ့ရဲ့အနုပညာဖြင့် ထင်ဟပ်အောင် ပြသခဲ့တယ်။ နူးညံ့သိမ်မွေ့တဲ့ အနုပညာနဲ့ တင်ဆက်ပြသသွားမှာပါ"ဟု ပြပွဲစီစဉ်သူ Goethe-Institut မှ ဒါရိုက်တာက ပြောသည်။

ယနေ့ စတင်ပြသသည့် ဂျာမန်အနုပညာရှင် Wolfgang Laib ၏ အနုပညာပြပွဲသို့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ၊ အနုပညာကို ချစ်မြတ်နိုးသူများနှင့် စိတ်ပါဝင်စားသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။



အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဒုတိယပါမောက္ခချုပ် ဦးမြတ်သူရက "ဒီပြပွဲက ပန်းချီ၊ ပန်းပုနဲ့ဆိုင်တာပါ။ ထူးခြားချက်က ပန်းချီလို့လည်း ပြောလို့မရဘူး၊ ပန်းပုလို့လည်းပြောလို့မရဘူး။ ပန်းချီနဲ့ ပန်းပု ပေါင်းစပ်ထားတယ်။ ပစ္စည်းတွေနဲ့ပုံဖော်ပြီး ရောထွေးသော အနုပညာရသတစ်ခုလို့မြင်ပါတယ်။ အမြင်သစ်ပေါ့၊ မြန်မာက အနုပညာရှင်ကလေးတွေအတွက်လည်း အမြင်သစ်တစ်ခုပါ။ ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသားကျောင်းသူ ၁၀၀ ကျော် လာရောက် လေ့လာကြတယ်"ဟု ပြောသည်။

ပြပွဲတွင် ဂျာမန်အနုပညာရှင် Wolfgang Laib ကိုယ်တိုင် လာရောက်ကြည့်ရှုသူများအား အနုပညာရသကို သရုပ်ဖော်ပြသခဲ့သည်။ ပြပွဲတွင် Wolfgang Laib ကိုယ်တိုင် ဖန်တီးပုံဖော်ထားသည့် အနုပညာပြကွက်များကို ခင်းကျင်းပြသထားသည်။

အနုပညာပြပွဲဖြစ်မြောက်ရေးအတွက် Goethe-Institut၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ အနော်မာ အနုပညာအုပ်စုနှင့် မြန်မာရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့က အဓိကပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။

ဂျာမန်အနုပညာရှင် Wolfgang Laib ၏ အနုပညာပြပွဲကို ဇန်နဝါရီ ၁၄ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ အတွင်းဝန်များရုံး(ဝန်ကြီးများရုံး)၌ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ပြသသွားမည်ဖြစ်ကြောင်း၊ ဇန်နဝါရီ ၁၅ ရက်တွင်လည်း "ခေတ်ပြိုင်အနုပညာ" ခေါင်းစဉ်ဖြင့် Wolfgang Laib နှင့် အနုပညာရှင်များက ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ်(သတင်းစဉ်)**
**ဓာတ်ပုံ-ဇော်မင်းလတ်**

## မြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ထီးချိုင့် ဇန်နဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တိုးချဲ့ဆောင်ရွက်သည့် မြစိမ်းရောင် ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၁၂ ရက်က ထီးချိုင့်မြို့နယ် ပိန္နဲကုန်းရွာ အမကခွဲကျောင်းဆောင်၌ ကျင်းပခဲ့သည်။


အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ကရရှိလာသည့်အကျိုးအမြတ်များကို မိမိတို့၏ ရပ်ရွာအကျိုးအတွက် သုံးစွဲသွားမှာဖြစ်ပြီး စေတနာထား၍ လုပ်ကိုင်ပေးကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်မော်က ရန်ပုံငွေများလွှဲပြောင်းပေးအပ်ရာ ကျေးရွာကိုယ်စား မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးက ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို လက်ခံရယူသည်။

**မြို့နယ် (ပြန်/ဆက်)**

# လျှာကင်ဆာဖြစ်လာပြီဆိုလျှင်

ဒေါက်တာမိုးမိုးခင်




လျှာကင်ဆာဖြစ်လာပါက ကင်ဆာရောဂါ၏ သဘောသဘာဝအရ ကင်ဆာဆဲလ်များသည် ဆဲလ်တစ်ခုမှ ဆတိုးပွားများ၍ အချိန်ကြာမြင့်လာသည့်အခါတွင် တိုးပွားမှုအပေါ် မူတည်၍ အလုံး၊ အကျိတ်အခဲဖြစ်လာမည်။ ရောဂါအဆင့်သည် တဖြည်းဖြည်း အဆင့်မြင့်လာ၍ အလုံး၊ အခဲ၊ အကျိတ် ကြီးထွားပျံ့နှံ့လာသောအခါတွင် မရပ်မနားအစဉ်သဖြင့် နာကျင်ခြင်း၊ မခံမရပ်နိုင်အောင် တအိအိနာကျင်ခြင်း၊ လျှာနာကျင်ရုံသာမက ဦးခေါင်းအထိပါ တဆစ်ဆစ်မခံမရပ်နိုင်အောင် ကိုက်ခြင်း စသည့်ဝေဒနာများကို ပြင်းထန်စွာခံစားရတတ်သည်။ အသက်ရှင်နေထိုင်လိုစိတ်ကုန်သွားသည်အထိ နာကျင်မှုဝေဒနာကို ခံစားရနိုင်သည်။

လျှာအလွန်နာသည့်အတွက် မစားချင်၊ မသောက်ချင်ဖြစ်မည်။ စားချင်စိတ်ရှိပါကလည်း လျှာအလွန်နာသည့်အတွက် အစားမစားနိုင်ပါ။ အစားကောင်းကောင်းမစားနိုင်သည့်အတွက် ကိုယ်ခန္ဓာအလေးချိန်တဖြည်းဖြည်းကျမည်။ အာဟာရချို့တဲ့လာမည်။ ကိုယ်အလေးချိန်ကျသွားသဖြင့် ပင်ပန်းနွမ်းနယ်ခြင်း၊ အားအင်ကုန်ခမ်းခြင်း၊ ချွေးစေးထွက်ခြင်းများဖြစ်မည်။ လျှာ၏မျက်နှာပြင်မှာလည်း ပန်းရောင်မှ တဖြည်းဖြည်း အမည်းရောင်သို့ပြောင်းလဲလာမည်။ လျှာကင်ဆာအဖုကျိတ်သည် တဖြည်းဖြည်းကြီးထွားလာခြင်းကြောင့် လျှာသည် ပါးစပ်အပြင်ဘက်အထိ ထိုးထွက်လာ၍ လျှာတန်းလန်းဖြစ်ခြင်း၊ အသက်ရှူခက်ခဲခြင်းများဖြစ်မည်။ ခံတွင်း၏အနံ့မှာလည်း ဘေးပတ်ဝန်းကျင်မှလူများ အနံ့မခံနိုင်လောက်အောင် ညှီစို့စို့ ပုပ်စော်နံသော အနံ့ထွက်မည်။ ကင်ဆာကြောင့် အဖျားရောဂါမဖြစ်နိုင်သော်လည်း အစားမစားနိုင်၍ ကိုယ်ခန္ဓာစွမ်းအားကျခြင်းကြောင့် လည်းကောင်း၊ ဗိုင်းရပ်(စ်) ဗက်တီးရီးယားပိုးမွှားများကြောင့် အဖျားရောဂါရရှိနိုင်မည်။ အစားမစားနိုင်သည့်အတွက် ဝမ်းချုပ်ရောဂါများ ခံစားရနိုင်သည်။

စိတ်ပိုင်းဆိုင်ရာအနေဖြင့် ကင်ဆာကြောင့် စိတ်ညစ်မည်။ စိတ်ဓာတ်ကျမည်။ အမည်ဖော်ပြ၍မရနိုင်သော သောက၊ ကြောက်ရွံ့ခြင်းများခံစားရမည်။ နောက်ဆုံးရောဂါဝေဒနာရှင်၏ ကိုယ်ခန္ဓာသည် အရိုးနှင့်အရေပြားသာကျန်၍ အိပ်ရာထဲလဲပြီး အသက်ဆုံးရှုံးသည်အထိဖြစ်နိုင်သည်။

လျှာကင်ဆာ၏ ရောဂါအတိမ်အနက်၊ အဆင့်ကိုလိုက်၍ ကုသနိုင်သောနည်းများတွင် (၁) ခွဲစိတ်ကုသခြင်း (Surgical Operation)၊ (၂) ဓာတ်ရောင်ခြည်ဖြင့်ကုသခြင်း (Radiotheraphy)၊ (၃) ဓာတုဆေးသွင်းကုသခြင်း (Chemotheraphy) ဟူ၍ရှိပေသည်။ လျှာကင်ဆာဖြစ်လာပါက ကင်ဆာအထူးကုဆရာဝန်ကြီးများ၏ ညွှန်ကြားချက်ကို တစ်သဝေမတိမ်းလိုက်နာ၍ ကုသမှုခံယူရပါမည်။ ဆေးကုသမှုခံယူခြင်းသည် အရေးကြီးသကဲ့သို့ ကင်ဆာဝေဒနာရှင်အား ပြုစုစောင့်ရှောက်ခြင်းမှာလည်း လွန်စွာအရေးကြီးပေသည်။ ဆေးကုသမှုခံယူ၍ သေချာပြုစုစောင့်ရှောက်နိုင်ပါလျှင် "လျှာကင်ဆာ"ဝေဒနာရှင်အဖို့ အသက်ရှင်သန်နိုင်သော အခွင့်အလမ်းရှိပါကြောင်း တင်ပြလိုပါသည်။ ဓာတုဆေးသွင်းကုသခြင်း ခြောက်ကြိမ်နှင့် ဓာတ်ရောင်ခြည်ဖြင့်ကုသခြင်း ၃၃ ကြိမ်ကို ပူးတွဲခံယူပြီး အသက်ရှင်သန်ခွင့် အခွင့်အရေး လွန်စွာမှနည်းပါးသော လျှာကင်ဆာအဆင့် (၄) ဝေဒနာရှင်အား ဆေးဝါးကုသမှုခံယူခြင်း၊ အစားအသောက် ဂရုတစိုက်ဖြင့် ကျွေးမွေးစောင့်ရှောက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ အားပေးစောင့်ရှောက်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြုစုစောင့်ရှောက်ပေးခြင်းများဖြင့် အသက်ရှင်သန်ခွင့်ရရှိစေသည့် ကိုယ်တွေ့ပြုစုစောင့်ရှောက်နည်းများကို တင်ပြမည်ဖြစ်ပါသည်။

**စိတ်ပိုင်းဆိုင်ရာအနေဖြင့် ကင်ဆာကြောင့် စိတ်ညစ်မည်။ စိတ်ဓာတ်ကျမည်။ အမည်ဖော်ပြ၍မရနိုင်သော သောက၊ ကြောက်ရွံ့ခြင်းများခံစားရမည်။ နောက်ဆုံးရောဂါဝေဒနာရှင်၏ ကိုယ်ခန္ဓာသည် အရိုးနှင့် အရေပြားသာကျန်၍ အိပ်ရာထဲလဲပြီး အသက်ဆုံးရှုံးသည် အထိဖြစ်နိုင် . . .**

### ကုသခြင်းမခံယူမီ ပြုစုစောင့်ရှောက်ခြင်း

ဓာတုဆေးသွင်းကုသခြင်းနှင့် ဓာတ်ရောင်ခြည်ကုသမှုမခံယူမီ ဝေဒနာရှင်အဖို့ နာကျင်မှုဝေဒနာကို ဆိုးရွားစွာခံစားရမည်။ နာကျင်ခြင်းဝေဒနာသည် လျှာတွင်သာမက လည်ပင်းတစ်လျှောက်၊ ဦးခေါင်းအထိ နာကျင်ခံစားရနိုင်သဖြင့် လည်ပင်းတစ်ဝိုက်၊ ပါးပြင်နှစ်ဖက် အစရှိသည့်နေရာများကို ရေနွေးအိတ်ဖြင့် အသာအယာကပ်ပေးခြင်း၊ လက်ဖြင့်အသာအယာနှိပ်ပေးခြင်းများ ပြုလုပ်ပေးရမည်။

နာကျင်မှုဝေဒနာသက်သာစေရန် နာကျင်မှုဝေဒနာသက်သာပျောက်ကင်းစေသော ဆေးဝါးများ (ထိုးဆေး၊ သောက်ဆေး) အစရှိသည်တို့ကို ကင်ဆာအထူးကုဆရာဝန်ကြီးများ၏ ညွှန်ကြားချက်အတိုင်း ပြုစုစောင့်ရှောက်ပေးရမည်။

လျှာနာကျင်မှုကြောင့် အစားမစားနိုင်၍ ကိုယ်အလေးချိန်လျော့ကျခြင်း၊ ချွေးစေးထွက်ခြင်းများအတွက် အားဆေးရည် Vitamin နှင့် Mineral, Amino Acid စသည့် ဆေးဝါးများကို သွေးကြောမှသွင်း၍ ဆေးဝါးကုသခြင်း ခံယူသင့်သည်။ ဝေဒနာရှင်အဖို့ အဖတ်မဝါးနိုင်သော်လည်း အရည်သောက်နိုင်ပါက နွားနို့၊ ထမင်းရည်၊ ဟင်းချိုစသည်တို့ကို များများတိုက်ကျွေးထားပေးရမည်။ ပါးစပ်မှ လုံးဝအစားမစားနိုင်ပါက နှာခေါင်းပိုက်ဖြင့် အစာကျွေးရမည်။ ဓာတုဆေးသွင်းခြင်းနှင့် ဓာတ်ရောင်ခြည်ကုသမှုခံယူမှုကို ခံနိုင်ရည်ရှိနိုင်အောင်နှင့် ကိုယ်ခန္ဓာအလေးချိန် အလွန်အမင်းကျဆင်းမသွားစေရန် ကြိုတင်အင်အားဖြည့်တင်းထားရမည်။

ဝေဒနာရှင်အား နွေးထွေး၍ လေဝင်လေထွက်ကောင်းပြီး သန့်ရှင်းသောအခန်းတွင် လူမမာ သက်သောင့်သက်သာဖြစ်စေသော အိပ်ရာကို ပြင်ဆင်ပေးထားရမည်။ ခံတွင်းအနံ့ အလွန်နံခြင်းအတွက် ခံတွင်းသန့်စင်ဆေးရည်များဖြင့် အာလုတ်ကျင်းပေးရမည်။

### ဓာတုဆေးသွင်းကုသခြင်းနှင့် ဓာတ်ရောင်ခြည်ဖြင့် ကုသမှုခံယူချိန် ပြုစုစောင့်ရှောက်ခြင်း

လျှာကင်ဆာကို ဓာတ်ရောင်ခြည်ဖြင့် အများဆုံး ၃၃ ကြိမ် ကုသမှုခံယူရမည်။ ဓာတုဆေးသွင်းကုသခြင်းကို အနည်းဆုံး ရှစ်ကြိမ်အထိ ဆေးကုသမှုခံယူရတတ်သည်။ တစ်ပတ်လျှင် ငါးရက်ဆက်တိုက် ဓာတ်ကင်ပြီး တစ်ကြိမ်လျှင် ငါးမိနစ် (သို့မဟုတ်) ၁၀ မိနစ် (သို့မဟုတ်) ၁၅ မိနစ် (သို့မဟုတ်) မိနစ် ၂၀၊ ဓာတ်ကင်ချိန် ခြောက်ပတ်မှ ခုနစ်ပတ်အထိ ဓာတ်ရောင်ခြည်ဖြင့် ကုသမှုခံယူရတတ်သည်။ ဓာတ်ရောင်ခြည်ကြောင့် လည်ပင်းတစ်ဝိုက်နှင့် ပါးနှစ်ဖက်မျက်နှာပြင်တို့တွင် မီးလောင်ထားသကဲ့သို့ အရေပြားညိုမည်းခြောက်သွေ့ခြင်း၊ အရေပြားကွာခြင်း၊ ပူစပ်ပူလောင်ဖြစ်ခြင်းများ ဖြစ်တတ်သည်။ ဆရာဝန်ညွှန်ကြားသော အရေပြားလိမ်းဆေးများကို ပါးပြင်နှစ်ဖက်၊ လည်ပင်းတို့တွင် လိမ်းပေးရမည်။ ပါးစပ်တစ်ခုလုံး ခံတွင်းနံရံသည် ဓာတ်ကင်ခြင်းကြောင့် အပူလောင်နာဖြစ်တတ်သည်။ ထိုအပူလောင်နာများကြောင့် ဝေဒနာရှင်မှာ အစား လုံးဝမစားနိုင်၊ ရေမသောက်နိုင်ခြင်းများရှိမည်။ ထိုအခါမျိုးတွင် ခံတွင်းသန့်စင်ဆေးရည်နှင့် အာလုတ်ကျင်းပေးပါက ခံတွင်းအပူလောင်နာများကို သက်သာစေသည်။

ဓာတုဆေးသွင်းကုသခြင်းမှာ တစ်ပတ်လျှင် တစ်ကြိမ်နှုန်းဖြင့် ကုသမှုခံယူရတတ်သည်။ သွင်းသည့်နေ့တွင် နုံးချည့်ခြင်း၊ အော့အန်ခြင်း၊ အစားမစားလိုခြင်းများရှိမည်။ ဝေဒနာရှင်အား ပင်ပန်းစေသောအရာမှာ အော့အန်ခြင်းဖြစ်၍ အအန်သက်သာသောထိုးဆေး ထိုးပေးရမည်။

ဓာတ်ရောင်ခြည်ကုသခြင်း၊ ဓာတုဆေးသွင်းကုသခြင်း ခံယူနေချိန်တွင် နာကျင်ခြင်းဝေဒနာသည် ကုသမှုမခံယူမီကလောက် မပြင်းထန်သော်လည်း နာကျင်ခြင်းဝေဒနာကျန်ရှိနေတတ်၍ ဝေဒနာသက်သာစေသော ထိုးဆေးတို့ဆက်လက်သုံးစွဲပေးရမည်။ ထိုးဆေးထက် ယခုအခါတွင် ခန္ဓာကိုယ်တွင် ကပ်ပေးခြင်းဖြင့် အနာသက်သာစေသော ကပ်ခွာဆေးများလည်း ပေါ်ထွက်နေပြီဖြစ်ရာ ကပ်ခွာဆေးမှာ ထိုးဆေးထက်လူနာကို ပို၍သက်သောင့်သက်သာဖြစ်စေသည်။ ဓာတ်ရောင်ခြည်ဖြင့် ကုသခြင်းကြောင့် ပါးစပ်အာခေါင်အပူလောင်နာများကြောင့် ဝေဒနာရှင်မှာ အစားလုံးဝမစားနိုင်၊ ရေမသောက်နိုင်ချေ။ ထိုအခါတွင် နှာခေါင်းပိုက်မှ အစားအစာသွင်းခြင်း၊ သွေးကြောမှ အားဆေး၊ သတ္တုဓာတ်၊ အသားဓာတ်စသည့် ဆေးများဖြင့် ဆေးကုသမှုဆက်လက်ခံယူရပါမည်။

ဓာတုဆေးဝါးသွင်းကုသခြင်းနှင့် ဓာတ်ရောင်ခြည်ကုသမှုခံယူချိန်တွင် ဝမ်းချုပ်ခြင်းဝေဒနာကိုလည်း ပြင်းထန်စွာခံစားရတတ်သည်။ ကိုယ်ခံစွမ်းအားနှင့် ကိုယ်ခန္ဓာအင်အားမရှိသဖြင့် ဝမ်းညှစ်ရန်ခက်ခဲမည်။ မစင်များမှာ စအိုအဝ၌ ဆိတ်ချေးတုံးလေးများစုပုံထားသကဲ့သို့ ကျစ်လျစ်မာခဲ၍ ဝမ်းမသွားနိုင်ဖြစ်မည်။ ထိုအခါမျိုးတွင် လူမမာရှင်က မိမိလူမမာသည် ဘယ်နှစ်ရက်တစ်ခါဝမ်းသွားတတ်သလဲ စောင့်ကြည့်မှတ်သားထား၍ ကြိုတင်၍ ဝမ်းချုဆေးတောင့် ထည့်ပေးခြင်းအားဖြင့်လည်းကောင်း၊ စအိုအဝအပြင်ဘက်မှနေ၍ လက်ဖြင့်မာကျစ်ခဲနေသော မစင်ခဲရှိသည့်နေရာကို လက်ဖြင့် အသာအယာချေပေးခြင်းဖြင့် ဝမ်းသွားနိုင်အောင် ကူညီစောင့်ရှောက်ပေးရမည်။

ကုသမှုခံယူချိန်တွင် လူမမာမှာ အားအင်ကုန်ခန်းလွန်းသဖြင့် ဆီးသွားခြင်း၊ ဝမ်းသွားခြင်းအလုပ်ကို အိပ်ရာထဲ၌ စွန့်နိုင်အောင်စောင့်ရှောက်ပေးရမည်။

### ဓာတ်ရောင်ခြည်ဖြင့်ကုသခြင်း၊ ဓာတုဆေးဝါးသွင်း ခံယူပြီးနောက် ပြုစုစောင့်ရှောက်ခြင်း။

လျှာကင်ဆာဝေဒနာရှင်အဖို့ ဆေးဝါးကုသမှုခံယူပြီးနောက် အခက်အခဲဆုံးအလုပ်မှာ အစားမစားနိုင်ခြင်း၊ ရေမျိုမချနိုင်ခြင်းပင်ဖြစ်သဖြင့် ဆက်လက်၍ အားဆေးသွင်းခြင်း၊ နှာခေါင်းပိုက်ဖြင့် အစားစားခြင်းများ ပြုလုပ်ပေးရမည်။ ဆေးဝါးကုသမှုခံယူပြီး တစ်လလောက်ရှိချိန်တွင် နှာခေါင်းပိုက်ဖြင့် အစားစားခြင်းအစား ထမင်းရည်ကျဲကျဲစတင်၍ ဇွန်းဖြင့်တိုက်ပေးရမည်။ ပထမတစ်ဇွန်း၊ နှစ်ဇွန်းစမ်းတိုက်ကြည့်၍ မျိုချနိုင်စွမ်းရှိလာပါလျှင် ခဏခဏတိုက်ပေးရမည်။ ရေတိုက်ပေးရမည်။ ထမင်းရည်ကျဲကျဲသောက်နိုင်ပါက တစ်ဆင့်ချင်း ထမင်းရည်ပျစ်ပျစ်၊ နွားနို့တိုက်ပေးရမည်။ (သတိပြုရန်မှာ- နွားနို့ကျိုရာတွင် ဖြစ်ပေါ်လာသော မလိုင်ဖတ်များ ဖယ်ရှားရန်) နွားနို့အထိသောက်နိုင်လာသည့်အခါတွင် ဆန်ပြုတ်ကို သစ်သီးကြိတ်စက် (Blender)ဖြင့် ကြိတ်၍ ခပ်ပျစ်ပျစ်အနေအထားတိုက်ကျွေးပေးပါ။ လျှပ်စစ်မီးမရှိ သောဒေသများတွင် ဆန်ပြုတ်ပြုတ်၍ အဝတ်ပိတ်စဖြင့် အနှစ်တွန်းကာ ၎င်းအနှစ်ကိုရေနွေးဖြင့်ဖျော်ပြီး တိုက်ကျွေးပေးရမည်။ အချိန်တဖြည်းဖြည်းကြာလာသည်နှင့်အမျှ နာကျင်ခြင်းဝေဒနာလည်းမရှိတော့ဘဲ တဖြည်းဖြည်း ထမင်းပျော့ပျော့၊ နူးညံ့ပျော့ပျောင်းသော အစားအစာ (ပဲပြား၊ တိုဟူး၊ ကြက်ဥပေါင်း၊ ငါးပေါင်းပျော့ပျော့ဟင်းချို)စသည်ဖြင့် တိုက်ကျွေးပေးနိုင်သည်။ ဓာတ်ကင်ကုသမှုခံယူချိန်မှစ၍ ကုသမှုခံယူပြီးနောက်တွင် ပါးစပ်အပူလောင်နာများကြောင့် လျှာကင်ဆာဝေဒနာရှင်မှာ သွားလုံးဝမတိုက်နိုင်သည့်အပြင် ပါးစပ်အတွင်းနံရံ၊ အာခေါင်၊ လျှာ အစရှိသောနေရာများတွင် အဝါရောင်ညစ်ထေး၍ အနံ့ရှိသော အညှီဖတ်များစွာရှိနေတတ်သည်။ ထိုအဖတ်များအား နားထိုးဂွမ်းတံထိပ်လေးဖြင့် အသာအယာခွာပြီးလျှင် ခံတွင်းဖျန်းဆေးရည် (Spray) (မြန်မာပြည် ဆေးဈေးကွက်တွင် ဝယ်ယူရရှိနိုင်သော Kloroben Spray)ဖြင့် ဖျန်းပေးခြင်းဖြင့် အပူလောင်နာများကို အမြန်ဆုံးသက်သာပျောက်ကင်းစေမည် ဖြစ်ပါသည်။

အချိန်ကြာမြင့်စွာ အိပ်ရာထဲလှဲနေရသည့်အတွက် ကျောပြင်၊ တင်ပါး စသည့်နေရာများတွင် အပူလောင်နာဖြစ်တတ်၍ လူမမာအား ဘယ်ဘက်၊ ညာဘက် အသာအယာလှဲ၍ စောင်းပေးရမည်။

ဓာတ်ရောင်ခြည်ကုသမှုခံယူပြီး ဝေဒနာရှင်များအတွက် ခံတွင်းအတွင်း ဆဲလ်များရောင်ရမ်းခြင်း (Cellulitis)အတွက် အကောင်းဆုံးသော ဗီတာမင်အားဆေးမှာ ဈေးသက်သာပြီး မြန်မာဆေးဝါးလုပ်ငန်း (Myanmar Pharmaceutical Factory)မှ ထုတ်သော Vitamin B2 (Riboflavin)ကို တစ်နေ့လျှင် မနက်နှစ်လုံး၊ ညနေ နှစ်လုံးကို အမှုန့်ကြိတ်၍ ရေဖြင့်ဖျော်ကာ တိုက်ကျွေးပေးရမည်။

ကုသမှုခံယူပြီးချိန်တွင် လူမမာ၏ကိုယ်ခန္ဓာ အပူချိန်သည် သာမန်လူများထက် အနည်းငယ်အေးစက်စက်နိုင်သည်။ သို့ဖြစ်ပါ၍ ကိုယ်ခန္ဓာအမြဲတမ်း နွေးနွေးထွေးထွေးရှိစေရန် ဂရုစိုက်ပေးရမည်။ (ဥပမာ- အနွေးထည်ဝတ်ထားခြင်းအားဖြင့်လည်းကောင်း၊ ခြေအိတ်၊ လက်အိတ်စွပ်ထားပေးခြင်း၊ ခေါင်းစွပ်စွပ်ထားပေးခြင်း၊ ရေနွေးအိတ်ကပ်ပေးခြင်း)

ကုသမှုခံယူပြီး ၄၅ ရက်နောက်ပိုင်းတွင် အိပ်ရာထဲလဲနေသော လူမမာအားတွဲ၍ တစ်နေ့လျှင် ငါးမိနစ်၊ ၁၀ မိနစ်ခန့် လမ်းစမ်းလျှောက်ခိုင်းပါ။ လျှောက်နိုင်ပါက တဖြည်းဖြည်းအချိန်တိုး၍ လျှောက်ခိုင်းခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ပေးပါ။

စိတ်ပိုင်းဆိုင်ရာအနေဖြင့်မူ မိမိယုံကြည်ရာ၊ ကိုးကွယ်ရာဘာသာလိုက်၍ တရားမှတ်၍ အသက်ရှူသွင်း၊ ရှူထုတ် လေ့ကျင့်ခန်းလုပ်ခိုင်းပါ။ စိတ်ကျန်းမာမှ ကိုယ်ခန္ဓာကျန်းမာမည်ဖြစ်သည့်အတွက် အနာရောဂါဝေဒနာခံစားနေရသော်လည်း ပျောက်ရမည်ဟူသော စိတ်ထား၍ ရောဂါကိုအနိုင်ယူသောစိတ်ထားရန် မိသားစုမှ အားပေးစောင့်ရှောက်ပေးရပါမည်။

စာမျက်နှာ ၇ သို့

# ပြည်တွင်းစာပေဝါသနာရှင်များသာမက နိုင်ငံခြားသားခရီးသွားများပါ စိတ်ဝင်စားစရာနေရာတစ်ခုဖြစ်လာမည့် စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း



မအိဇင်ထွန်း



ဦးနေမျိုးညွန့်



ဦးနေဇေး



ဦးစိုးဝင်း



ဇကလေး

**ရန်ကုန် ဇန်နဝါရီ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန၏ စာအုပ်စာပေ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ဖွင့်လှစ်သည့် စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းတွင် ယနေ့ နံနက်ပိုင်းမှစတင်ကာ စာအုပ် လာရောက်ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံရှေ့၊ အတွင်းဝန်များရုံး (ဝန်ကြီးများရုံး)ရှေ့ လမ်းတစ်ဖက်စီနှင့် အနော်ရထာလမ်း ဗဟိုပုံနှိပ်စက်ရုံဘေးတို့တွင် စာအုပ်ဆိုင်ခန်းများဖြင့် ခင်းကျင်းပြသရောင်းချလျက်ရှိသည်။

ထောက်ကြန့်မြို့နယ်မှ စာအုပ်လာရောက်ဝယ်ယူသူ မအိဇင်ထွန်းက "အရင်က စာအုပ်ဝယ်မယ်ဆိုတစ်နေရာစီ လိုက်ရှာဝယ်နေရတယ်၊ သွားပြန်တော့လည်း မရှိတာကများတယ်။ ဒီလိုတစ်နေရာထဲမှာ စာအုပ်မျိုးစုံရောင်းတော့ ဝယ်ယူသူတွေအနေနဲ့ တော်တော်အဆင်ပြေတယ်။ ကိုယ်လိုချင်တဲ့ စာအုပ်တွေကိုလည်း တစ်နေရာထဲမှာ တစုတစည်းထဲဝယ်လို့ရတယ်။ အချိန်လည်း မကုန်တော့ဘူး"ဟု ပြောသည်။

စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းသည် ပြည်တွင်းစာပေဝါသနာရှင်များသာမက နိုင်ငံခြားသား ခရီးသွားဧည့်သည်များအတွက်ပါ စိတ်ဝင်စားစရာ နေရာတစ်ခုဖြစ်လာကြောင်း စနေ၊ တနင်္ဂနွေ စာအုပ်ဈေးတန်း ကြီးကြပ်မှုကော်မတီမှ သိရသည်။

"ဒီနေရာလေးက ဝန်ကြီးများရုံးကလည်း ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံ၊ ပုံနှိပ်စက်ရုံကလည်း ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံ နှစ်ခုကြားမှာ ဖွင့်ထားတာဆိုတော့ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေအတွက် စိတ်ဝင်စားစရာနေရာတစ်ခု ဖြစ်လာနိုင်တယ်။ ပြည်တွင်းမှာရှိတဲ့ သူတွေအတွက်လည်း သွားစရာနေရာလေးတစ်ခုဖြစ်လာမယ်"ဟု စနေ၊ တနင်္ဂနွေ စာအုပ်ဈေးတန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးနေမျိုးညွန့်က ပြောသည်။

စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းတွင် စာအုပ်စာပေ ရောင်းချသည့် ဆိုင်ခန်းများအပြင် ပန်းချီကားဆိုင်၊ အမှတ်တရလက်ဆောင်ပစ္စည်း ရောင်းချသည့်ဆိုင်များလည်း ဖွင့်လှစ်ရောင်းချလျက်ရှိရာ ယခုအခါ ဆိုင်ခန်းပေါင်း ၁၇၀ ကျော်ခန့်ရှိပြီဖြစ်ကြောင်း စနေ၊ တနင်္ဂနွေ စာအုပ်ဈေးတန်းကြီးကြပ်မှုကော်မတီမှ သိရသည်။


"ဒီနေရာလေးက စာအုပ်ဆိုင်တွေအတွက် အဆင်ပြေပါတယ်။ တစ်ပတ်ကို နှစ်ရက်ဆိုပေမယ့် အပတ်တိုင်းရောင်းရရင်တော့ လူသိများလာမှာပါ။ စာအုပ်ဈေးတန်းတွေက ပျောက်ကွယ်ကုန်ပြီ၊ စာအုပ်အငှားဆိုင်တွေကလည်း တဖြည်းဖြည်းနဲ့မရှိတော့ဘူး၊ ဒီလိုလုပ်ပေးတဲ့အတွက် စာအုပ်ရောင်းတဲ့သူတွေအတွက် အဆင်ပြေတာပေါ့။ ရောင်းအားကတော့ အသင့်အတင့်ပဲရှိသေးတယ်"ဟု နေဇေးစာပေမှ ကိုနေဇေးက ပြောသည်။

ထို့အတူ အိပ်မက်ရိပ်စာပေမှ ဦးစိုးဝင်းက "ဒီတစ်ပတ်မှ စဖွင့်တယ်၊ ဝယ်သူအတွက်ရော ရောင်းသူအတွက်ပါ ဒီနေရာလေးကအဆင်ပြေတယ်။ နယ်က စာအုပ်လာဝယ်တဲ့သူတွေအတွက်ဆို စာအုပ်စုံစုံလင်လင်ရသွားတော့ ပိုအဆင်ပြေတာပေါ့။ ဖွင့်ခါစဆိုတော့ ရောင်းအားက သိပ်မတက်သေးဘူး"ဟု ပြောသည်။

စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းကို ဇန်နဝါရီ ၇ ရက် (စနေနေ့)နှင့် ဇန်နဝါရီ ၈ ရက်(တနင်္ဂနွေနေ့)တို့တွင် စတင်ဖွင့်လှစ်ခဲ့ကာ ယခုအခါ ဒုတိယပတ် စနေ၊ တနင်္ဂနွေ ဖွင့်လှစ်ခြင်းဖြစ်ပြီး လာမည့် စနေ၊ တနင်္ဂနွေ ရက်များတွင် ဖွင့်လှစ်မည့် စာအုပ်ဈေးတန်းတွင် စာအုပ်ဆိုင်များအပြင် ကာတွန်းပြပွဲများနှင့် တခြားစိတ်ဝင်စားဖွယ်အစီအစဉ်များလည်း ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - မင်းသစ်(သတင်းစဉ်)**
**ဓာတ်ပုံ - ဇော်မင်းလတ်**

■





**ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းတွင် စာအုပ်လာရောက်ဝယ်ယူသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။** (ဓာတ်ပုံ-ဇော်မင်းလတ်)

○ **စာမျက်နှာ ၆ မှ**

လမ်းလျှောက်လာနိုင်ပါလျှင် စိတ်ပျော်ရွှင်မှုရစေရန် လူမမာသွားချင်သော၊ ဆန္ဒရှိသော အရပ်ဒေသများသို့ ပို့ဆောင်ပေးသင့်သည်။ (ဥပမာ- မိတ်ဆွေအိမ် အလည်သွားခြင်း၊ ကုန်တိုက်သွားခြင်း၊ ပန်းခြံ၊ ဘုရားကျောင်းကန်၊ ဘုန်းကြီးကျောင်းသွားခြင်း ရုပ်ပိုင်းဆိုင်ရာအနေဖြင့်မူ လူမမာအား အမြဲတမ်းသန့်ရှင်းသော အဝတ်ဝတ်ပေးခြင်း၊ သန့်ရှင်းသော အိပ်ရာပြင်ဆင်ပေးခြင်း၊ နွေးထွေးခြောက်သွေ့သောအခန်း၌ထားခြင်း၊ ရေမချိုးနိုင်သော်လည်း ကိုယ်ခန္ဓာအား ရေနွေးဖြင့် ရေပတ်တိုက်ပေးခြင်း အစရှိသည်တို့ကို ပြုစုပေးရမည်။) ဆေးဝါးကုသမှုခံယူပြီးနောက် ခံတွင်းအတွင်းမှ အပူလောင်နာများ ပျောက်ကင်းချိန်တွင် သွားစတင်တိုက်ခိုင်းသင့်ပါသည်။ ဓာတ်ရောင်ခြည်ကုသမှုခံယူခြင်းကြောင့် သွားများ ပိုးစားခြင်းဖြစ်တတ်သဖြင့် သွားဆရာဝန်ထံပြသ၍ ဆေးဝါးကုသမှု ခံယူပါစေ။ ကုသမှုမခံယူမီ၊ ခံယူချိန်၊ ခံယူပြီးနောက် စသည့်အချိန်ကာလများတွင် နာကျင်မှုသက်သာအောင် သုံးစွဲသောဆေးဝါးများကြောင့် လူမမာကိုယ်ခန္ဓာသည် ချွေးထွက်များတတ်သဖြင့် မကြာခဏချွေးသုတ်ပေးရန် လိုအပ်ပါသည်။

ကုသမှုခံယူပြီးနောက်ပိုင်းတွင် ဓာတ်ရောင်ခြည်ကြောင့် တံတွေးဂလင်းများ၏ လုပ်ဆောင်နိုင်မှုစွမ်းရည်လျော့ကျသွားသဖြင့် အာခေါင်ခြောက်ခြင်း၊ ပါးစပ်အတွင်းခြောက်ခြင်း စသည်တို့ဖြစ်လာတတ်သည်။ လူမမာအား မကြာခဏရေတိုက်ပေးရမည်။

ကုသမှုခံယူပြီးချိန်တွင် ဓာတ်ရောင်ခြည်ကြောင့် လျှာမလှုပ်ရှားနိုင်ခြင်းဖြစ်မည်။ မလှုပ်ရှားနိုင်သော အချိန်ကာလမှာ တစ်လ၊ နှစ်လ သာမက တစ်နှစ်၊ နှစ်နှစ် အချိန်ကြာမြင့်တတ်သည်။ အစားအစာ စားလာနိုင်သည့်နောက်ပိုင်းတွင် လျှာကို အပေါ်ဘက်၊ အောက်ဘက်၊ ဘေးဘယ်၊ ညာ (လျှာလေ့ကျင့်ခန်း) လှုပ်ရှားပေးခြင်းဖြင့် အစာမျိုရာတွင် ယခင်ကလောက် ခက်ခဲမှုမရှိတော့ဘဲ တဖြည်းဖြည်း သက်သာလာပါလိမ့်မည်။

**လျှာကင်ဆာဝေဒနာရှင်အား ကျွေးသင့်သောအစားအစာများ**

(၁) နေ့စဉ်မနက်အိပ်ရာထတွင် ပန်းသီး၊ မုန်လာဥနီ၊ ခရမ်းချဉ်သီး၊ သခွားသီးတို့ကို သစ်သီးကြိတ်စက်ဖြင့်ကြိတ်၍ ဆန်ခါဖြင့် သစ်သီးကြိတ်အဖတ်များကိုဖယ်ပြီး အရည်ကိုသာယူပါ။ ထိုအရည်ကို ပျားရည်ထမင်းစားဇွန်း နှစ်ဇွန်းဖြင့် ရောမွှေ၍ တိုက်ကျွေးပေးပါ။ သတိပြုရန် ဓာတ်ရောင်ခြည်ကုသမှုခံယူပြီး တစ်နှစ်ခန့်အထိ လျှာကင်ဆာ ဝေဒနာရှင်များ၏လျှာမှာ မလှုပ်ရှားနိုင်သဖြင့် အစာမျိုချနိုင်စွမ်းခက်ခဲသဖြင့် သစ်သီးကြိတ်ဖတ်များ မပါစေရန် ဂရုစိုက်ပေးပါ။ အဖတ်ပါက အစာစားချိန် အစာသီးတတ်ပါသည်။

(၂) နေ့စဉ် ကန်စွန်းဥဝါ၊ ဆန်၊ နွားနို့၊ ဆား အနည်းငယ်ထည့်၍ ကန်စွန်းဥဆန်ပြုတ်ပြုတ်၍ သစ်သီးကြိတ်စက်ဖြင့် ကြိတ်၍ မနက်တိုင်းတိုက်ပါ။ အချိုဓာတ်အတွက် သကြားလုံးဝ မသုံးပါနှင့်။ အချိုဓာတ်အတွက် ထန်းလျက် သို့မဟုတ် ပျားရည်ကို အသုံးပြုပါ။

(၃) နေ့စဉ် နေ့လယ်၊ ညနေစာအတွက် အသားဆန်ပြုတ်တိုက်ကျွေးပါ။ ကြက်သား သို့မဟုတ် အမဲသား (သို့မဟုတ်) ပုစွန်အသားပြုတ်ရည်ထုတ်ပြီး အသားပြုတ်ရည်၊ ဆန်၊ ကြက်သွန်နီတစ်ဥ၊ ကြက်သွန်ဖြူ သုံး၊ လေးမွှာခန့်၊ မုန်လာဥဖြူ အနည်းငယ်၊ ဆားရော၍ အသားဆန်ပြုတ်ပြုတ်၍ သစ်သီးကြိတ်စက်ဖြင့်ကြိတ်၍ တိုက်ကျွေးပေးပါ။ (သတိပြုရန် - အသားများမထည့်ရ၊ ပြုတ်ရည်ကိုသာယူရန်) ထိုသို့တစ်နှစ်ခန့် ဆန်ပြုတ်ကျွေးပြီး အစားစားနိုင်လာသည့်နောက်ပိုင်း ပေါင်မုန့်၊ ကိတ်မုန့်၊ ထမင်းပျော့ပျော့ စမ်း၍ကျွေးပါ။ တဖြည်းဖြည်းစားနိုင်လာသည့်နောက်ပိုင်းတွင် ထမင်း၊ ဟင်းချို စသည်ဖြင့် လူမမာစားလိုသော အစားအစာများကို ကျွေးပေးပါ။ ပဲဆန်ပြုတ်၊ အာလူးဆန်ပြုတ်တို့မှာ လျှာကင်ဆာဝေဒနာရှင်၏ လျှာအနေအထားကြောင့် မျိုချနိုင်ရန်ခဲယဉ်းသဖြင့် ထိုဆန်ပြုတ်ကျွေးခြင်းကို ရှောင်ရှားရန် အကြံပြုလိုပါသည်။ သံပရာသီးဖျော်ရည်၊ လိမ္မော်သီး၊ စပျစ်သီး၊ နာနတ်သီးဖျော်ရည် စသော ချဉ်သောအသီးဖျော်ရည်များသည် Vitamin C များစွာပါဝင်သည်။ သို့သော် ဓာတ်ကင်ပြီး လျှာကင်ဆာဝေဒနာရှင်၏ ခံတွင်းအတွင်းနံရံ အပူလောင်အနာကြောင့်လည်းကောင်း၊ သွားခိုင်မာမှု အားနည်းလာသဖြင့် လည်းကောင်း ထိုဖျော်ရည်များကို သောက်နိုင်ရန်ခက်ခဲသည်။ ဓာတ်ကင်ပြီး တစ်နှစ်မှ နှစ်နှစ်ခန့်အထိ မသောက်နိုင်ပေ။ စမ်းတိုက်ကြည့်၍ လူမမာသောက်နိုင်ပါက တိုက်ကျွေးသင့်ပေသည်။

နိဂုံးချုပ်ဆိုရာတွင် လျှာကင်ဆာဖြစ်လာပြီဆိုလျှင် "လျှာကင်ဆာ"ဟု ရောဂါသိရသည်နှင့် တစ်ပြိုင်နက် ဓာတ်ရောင်ခြည်ကုသမှုနှင့် ဓာတုဆေးသွင်းခြင်းကို အမြန်ဆုံးကုသမှုခံယူပါဟု တိုက်တွန်းလိုပါသည်။ လျှာကင်ဆာရောဂါကုသချိန်၊ ကုသပြီးနောက် ပြုစုစောင့်ရှောက်ချိန်တို့မှာ ကာလကြာရှည်တတ်သဖြင့် လျှာကင်ဆာဝေဒနာရှင်ရော၊ ဘေးမှ လူမမာပြုစုစောင့်ရှောက်သူများရော အရာရာအဆင်ပြေစေရန် ပြည်ပသွားရောက် ဆေးကုသခြင်းထက် ပြည်တွင်းရှိ ပြည်သူ့ဆေးရုံကြီးများတွင်သာ ဓာတ်ရောင်ခြည်ကုသမှုနှင့် ဓာတုဆေးဝါးသွင်းကုသခြင်း ခံယူသင့်ပါသည်ဟု အကြံပြုလိုပါသည်။ ဆေးဝါးကုသမှုလည်းခံယူ၍ အစားအသောက် ဆေးဝါး သေချာပြုစုစောင့်ရှောက်နိုင်ပါက လျှာကင်ဆာ လောက်ကတော့ဖြင့် ပျောက်ပါသည်။ ။

### ❖ တိုင်းဒေသကြီးမှ

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ခန္တီးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးကုသမှုခံယူနေကြသူများအား ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ခန္တီးခရိုင်နှင့် နာဂဒေသသို့ ဆက်သွယ်တည်ဆောက်မည့် ချင်းတွင်းတံတား(ခန္တီး) တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ချင်းတွင်းမြစ်ဝှမ်းတစ်လျှောက်ရှိ လမ်းကွန်ရက်များနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လမ်းကွန်ရက်များအခြေအနေ၊ ချင်းတွင်းတံတား(ခန္တီး၊ ဟုမ္မလင်း၊ ကလေးဝ) တည်ဆောက်ရေးစီမံကိန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် လမ်း၊ တံတားအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့သို့ ရောက်ရှိကြရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နာဂရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား စာရာမေရိရိပ်သာ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နာဂရိုးရာဝတ်စုံများကို ဂုဏ်ပြုဝတ်ဆင်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မာလာတောင်အားကစားခန်းမ၌ လဟယ်မြို့ရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းနှင့် အဖွဲ့ဝင်များ၊ နာဂရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌက နာဂရိုးရာဝတ်စုံ ဂုဏ်ပြုဝတ်ဆင်ပေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကျောင်းအဆင့်တိုးမြှင့်ရေး၊ လိုအပ်သည့်ဆရာဆရာမအင်အားဖြည့်တင်းရေးနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးမည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က နာဂဒေသအတွက် ဆန်အိတ် ၆၀၀၀၊ သွပ်အချပ် ၈၀၀၀၊ ခြုံစောင် ၁၂၀၀ နှင့် နေအိမ် ၁၅၀ အတွက် ဆိုလာမီးအိမ်များထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ချင်းတွင်းမြစ်ကူးတံတား(ခန္တီး) တည်ဆောက်မှုအခြေအနေ၊ ဆင်သေ-လဟယ်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးမည့်အခြေအနေ၊ လဟယ်- နန်းယွန်းလမ်းနှင့် လေရှီး-လဟယ်လမ်း ဆောင်ရွက်မည့်အစီအမံများကိုရှင်းလင်းပြောကြားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နာဂဒေသအတွင်း ဆရာဝန်/ကျန်းမာရေးမှူး/သားဖွားဆရာမ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးမည့်အခြေအနေ၊ ဆေးရုံ၊ ဆေးခန်းသုံးပစ္စည်းများနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ ထောက်ပံ့ဖြည့်ဆည်းပေးနိုင်မည့်အခြေအနေ၊ ကာကွယ်ဆေးများ ဖြန့်ဝေပေးနိုင်မည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နာဂဒေသအတွင်း လူမှုဝန်ထမ်းနည်းလမ်းနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများဖြင့် ကူညီစောင့်ရှောက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လဟယ်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးကုသမှုခံယူနေကြသူများအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် လဟယ်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းက ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသ၏အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး ကဏ္ဍများနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လဟယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နောင်နှင့် နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီ နာယက ဦးယားပေါ်တို့က ဒေသဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က နာဂဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများထိန်းသိမ်းရေးတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးမည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က တိုင်းဒေသကြီးနှင့် ပြည်နယ်များ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နာဂဒေသ၏ လိုအပ်ချက်များကို အလေးအနက်ထားဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့်လည်း သက်ဆိုင်ရာကဏ္ဍများအလိုက် ဖြည့်ဆည်းပေးနိုင်သည်များကို ရေတိုရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် လဟယ်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှု ခံယူနေကြသူများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

## ပြည်တွင်းရေးရာ

# မိမိတို့ ရုံးစာကြည့်တိုက်များကို အများပြည်သူ အကျွမ်းဝင်သည့်နေရာ၊ အများပြည်သူအသိပညာရှာမှီးနိုင်သည့် နေရာများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မှာကြား

**ညောင်ဦး ဇန်နဝါရီ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဇန်နဝါရီ ၁၄ ရက်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျောက်ပန်းတောင်းမြို့နယ်နှင့် ညောင်ဦးခရိုင်ရုံးစာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၊ မြို့နယ်စာရေး ဆရာအသင်းမှ စာရေးဆရာများနှင့်တွေ့ဆုံကာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ အသိပညာမြင့်မားရေး လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။



ပြည်ထောင်စုဝန်ကြီးက မိမိတို့ရုံးစာကြည့်တိုက်များအား အများပြည်သူအကျွမ်းဝင်သည့်နေရာ၊ အများပြည်သူအား အကျိုးပြုသည့်နေရာ၊ အများပြည်သူ အသိပညာရှာမှီးနိုင်သည့် နေရာများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် စာကြည့်တိုက်သို့ စာဖတ်သူမလာရောက်နိုင်လျှင် မိမိတို့က စာဖတ်သူထံသွားရောက်၍ စာအုပ်စာစောင်များ ငှားရမ်းပေးသည့် ဝန်ဆောင်မှုစနစ်ကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကလေးများအား စာပေဖတ်ရှုရုံသာမက ဉာဏ်ရည်ဉာဏ်သွေး ကောင်းမွန်စေမည့်၊ ပျော်ရွှင်တက်ကြွစေမည့်ကစားနည်းများကိုပါ စီစဉ်ဆောင်ရွက်ပေးစေလိုကြောင်း၊ သို့မှသာ ကလေးများက စာကြည့်တိုက်တွင်ပျော်ပြီး စာကြည့်တိုက်သို့လာရောက်ကြမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိဒေသက ထွက်ရှိသည့် ပစ္စည်းများ၊ စာပေယဉ်ကျေးမှု အမွေအနှစ်လက်ရာပစ္စည်းများကို စုဆောင်း၍ ပြတိုက်ငယ်များသဖွယ်လည်း ခင်းကျင်းပြသဆောင်ရွက်ပေးစေလိုကြောင်း၊ မိမိတို့ရုံး စာကြည့်တိုက်ကို အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လူမှုအခြေပြု ဗဟိုဌာန (Community Centre) များ ပေါ်ပေါက်လာအောင် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

# အာရောဂျဒါနပင်မဆေးရုံ အုတ်မြစ်စီမင်္ဂလာကျင်းပ

**မဒေါက် ဇန်နဝါရီ ၁၄**

မဒေါက်မြို့ ပန်းငွေရုံတောရဆရာတော်ကြီးဘဒ္ဒန္တသုမန ဦးဆောင်၍ တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ကျပ်သိန်း ၃၀၀၀ ကျော်ဖြင့် ဆောက်လုပ်လှူဒါန်းမည့် အာရောဂျဒါန ပင်မဆေးရုံအဆောက်အအုံ စတင်ဆောက်လုပ်ခြင်း နဝရတ်ကိုးသွယ်အုတ်မြစ်စီမင်္ဂလာ အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့တိုက်နယ်ဆေးရုံဝင်းအတွင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ ကြွရောက်လာကြသော ဧည့်သည်တော်များက ပန်းငွေရုံတောရဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အလှူရှင်များက လှူဒါန်းငွေများ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် လုပ်အားဒါန အလှူရှင်များအား ရန်ကုန်မြို့နေ အလှူရှင် ဗိုလ်ကြီးခင်ဝင်း(ငြိမ်း)နှင့် ဇနီး ဒေါ်မူမူမိသားစုက လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဆရာတော်များနှင့် တာဝန်ရှိသူများက မင်္ဂလာအချိန်တွင် အုတ်မြစ်စီပေးကြသည်။

အဆိုပါ ဆေးရုံအဆောက်အအုံမှာ အလျား၁၄၁ ပေ၊ အနံ ၁၂၃ ပေ၊ အမြင့် ၁၄ပေ၊ R.C.C တစ်ထပ်တိုက် အဆောက်အအုံဖြစ်ပြီး ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ပုံစံအတိုင်း ဆောက်လုပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **နေလင်း (ညောင်လေးပင်)**

# ယာဉ်လိုင်းစနစ်သစ်ပြေးဆွဲရာတွင် ခရီးသွားများအား တက္ကသိုလ်ကင်းထောက်များကူညီမည်



**အများပြည်သူပို့ဆောင်ရေး ယာဉ်လိုင်းစနစ်သစ် ပြေးဆွဲရာတွင် ပါဝင်ကူညီကြမည့် ရန်ကုန်ရှိ တက္ကသိုလ်ကောလိပ် ရှစ်ခုမှ တက္ကသိုလ်ကင်းထောက်များအား တွေ့ရစဉ်။**

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်မြို့နေ ပြည်သူများအတွက် ယာဉ်လိုင်းပေါင်း ၆၀ ကျော်ပါဝင်မည့် အများပြည်သူ ပို့ဆောင်ရေး ယာဉ်လိုင်းစနစ်သစ်ကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်ပြေးဆွဲမည်ဖြစ်ရာ ရန်ကုန်ရှိ တက္ကသိုလ်ကောလိပ် ရှစ်ခုမှ တက္ကသိုလ် ကင်းထောက်များက စေတနာ့ဝန်ထမ်းအဖြစ် အခြားလူမှုရေး အဖွဲ့အစည်းများနှင့်အတူ ခရီးသွားပြည်သူများအား ပါဝင်ကူညီဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

ယင်းအစီအစဉ်အရ တက္ကသိုလ်ကင်းထောက် အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦးတို့သည် ကမာရွတ်မြို့နယ်အတွင်းရှိ ကားမှတ်တိုင်များတွင် ခရီးသွားပြည်သူများ သိရှိနိုင်ရန် ကားလိုင်းအမှတ်များ၊ လမ်းညွှန်မြေပုံများကို ဖော်ပြထားသည့် အသိပညာပေး လက်ကမ်းစာစောင်များအား ခရီးသွားပြည်သူများထံ ဖြန့်ဝေပေးခြင်း၊ ခရီးသွားပြည်သူများ အခက်အခဲများသိရှိရန်နှင့် ဖြေရှင်းပေးနိုင်ရန်အတွက် စစ်တမ်းကောက်ယူခြင်းနှင့် ခရီးသွားပြည်သူများ သွားလာရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများနှင့်အတူ ဇန်နဝါရီ ၁၆ ရက်၊ ၁၈ ရက်နှင့် ၂၀ ရက်တို့တွင် နံနက် ၇ နာရီမှ ည ၇ နာရီအထိ စေတနာ့ဝန်ထမ်းဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

တက္ကသိုလ်ကင်းထောက်များ၊ ခရီးသွားပြည်သူများအား ကူညီမည့် အစီအစဉ်နှင့်ပတ်သက်ပြီး ဒဂုံတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာန စတုတ္ထနှစ်ကျောင်းသား တက္ကသိုလ်ကင်းထောက် တာဝန်ခံ မောင်ကောင်းဆက်ဟိန်းက "ကျွန်တော်တို့ ကင်းထောက်တွေ လိုက်နာစောင့်ထိန်းရတဲ့ ကတိသုံးပါးမှာ တစ်ပါးအပါအဝင်ဖြစ်တဲ့ သူတစ်ပါးအား အချိန်မရွေး ကူညီရမယ်ဆိုတဲ့ ကတိအတိုင်း ယခုလို ရန်ကုန်မြို့မှာ စနစ်သစ်နဲ့ ပြေးဆွဲမယ့်ယာဉ်လိုင်းနဲ့ ပတ်သက်ပြီး ခရီးသွားပြည်သူတွေကို ကူညီပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို လူမှုရေးအသင်းအဖွဲ့တွေက တာဝန်ရှိသူတွေနှင့် ပူးပေါင်းပြီး ဆောင်ရွက်အကောင်အထည်ဖော်ရမှာဖြစ်လို့ အများကြီး ဝမ်းသာဂုဏ်ယူမိပါတယ်"ဟု ပြောသည်။

**ကိုလတ် (သတင်းစဉ်)**

■

❒ **ရန်ကုန်ဘတ်စ်ကားလိုင်းစနစ်မှ**

တံဆိပ်ကို ကပ်ထားမှာဖြစ်ပါတယ်။ ယာဉ်တစ်စီးနဲ့တစ်စီးကို ပျမ်းမျှ ၃ မိနစ်ခြားလောက် စေလွှတ်ပေးမှာဖြစ်ပါတယ်။ မနက်ပိုင်း ထောက်ကြန့် ဂိတ်ရင်းကနေသာ ကားတွေစေလွှတ်တဲ့ပုံစံဖြစ်ပြီး မော်တင်ကနေ ပြန်လှည့်မယ့်စနစ်ဖြစ်ပါတယ်"ဟု အဆိုပါယာဉ်လိုင်းမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

YBS ၃၇ ယာဉ်လိုင်းပြေးဆွဲမည့် လမ်းကြောင်းမှာ ထောက်ကြန့်ဂိတ်ရင်း(ဂိတ်ဟောင်းမှတ်တိုင်)မှ ဘုရားလေးကွေ့၊ ထောက်ကြန့်လမ်းဆုံ၊ ပုပ္ပား၊ လမ်းသစ်၊ ကျောင်းရှေ့၊ နွယ်ခွေ၊ ရေစင်၊ ခြံပေါက်၊ ဘုရားလေး ကုန်းထိပ်၊ ရဲဘော်ဟောင်း၊ ရှမ်းစု၊ ဘိုခြံ၊ တစ်နံပါတ်၊ ရေကြည်အိုင်၊ ဝိုင်ယာလက်၊ ကျိုက္ကလော့၊ ဆပ်ပလိုင်း၊ နိုင်ငံရေး၊ မင်္ဂလာဒုံဈေး၊ ခရေပင်လမ်းခွဲ၊ စာတိုက်၊ ဆေးကျောင်း၊ ဘီအိုစီ၊ ပန်းခြံကုန်း၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်း၊ ကျောက်တော်ကြီး၊ ဆယ်မိုင်ကုန်း၊ ကိုးမိုင်ခွဲ၊ ကိုးမိုင်၊ အေဝမ်း၊ မဟာစည်၊ ရှစ်မိုင်၊ ခုနစ်မိုင်၊ အေဒီ၊ ကျောင်းကွေ့၊ ခြောက်မိုင်ခွဲ၊ တံတားဖြူ၊ မာလာဆောင်၊ စိုက်ပျိုးရေး၊ ဟံသာဝတီအဝိုင်း၊ မဟာမြိုင်၊ မြေနီကုန်း၊ ဟယ်လ်ပင်၊ ပဲခူးကလပ်၊ စိန်ဂျွန်း၊ စံပြ၊ မော်တင် လမ်းကြောင်းအတိုင်း အသွားအပြန် ပြေးဆွဲသွားမည်ဖြစ်သည်။ ယာဉ်စီးခပေးချေမှုစနစ်ကိုလည်း ယခင် ကတ်စနစ်ကိုသာ ဆက်လက်အသုံးပြုသွားမည်ဖြစ်ပြီး ခရီးစဉ်အကွာအဝေးလိုက် ယာဉ်စီးခ ကျပ် ၁၀၀၊ ကျပ် ၂၀၀၊ ကျပ် ၃၀၀ ဟူ၍ ပိုင်းဖြတ်ကောက်ခံနိုင်ရန် စီစဉ်နေသည်ဟု သိရသည်။ ယာဉ်ပေါ်တွင် ယခင်အတိုင်း ယာဉ်မောင်းတစ်ဦးသာ ပါရှိမည်ဖြစ်ပြီး ယာဉ်နောက်လိုက်ထားရှိမည်မဟုတ်ဘဲ ခရီးသည်များအနေဖြင့် ယာဉ်၏ ရှေ့ပေါက်မှတက်ကာ နောက်ပေါက်မှဆင်းရမည့် စနစ်ပင်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ယာဉ်လိုင်း၏ အစောဆုံးယာဉ်ထွက်ခွာချိန်ကို နံနက် ၅ နာရီနှင့် ညပိုင်းနောက်ဆုံးထွက်ခွာချိန်ကို ည ၁၀ နာရီဟူ၍ လျာထားသတ်မှတ်ထားပြီး အပြောင်းအလဲရှိပါက ထပ်မံကြေညာပေးသွားမည်ဟု သိရသည်။ ခရီးစဉ်လမ်းကြောင်းတစ်လျှောက် ယာဉ်ရပ်မှတ်တိုင်များအားလုံးတွင် ရပ်နားပေးသွားမည်ဖြစ်ပြီး ယခင် BRT Lite သီးသန့်ယာဉ်ရပ်မှတ်တိုင်များတွင် ရပ်နားတော့မည်မဟုတ်ကြောင်း သိရသည်။

ယခင်က BRT Lite ယာဉ်လိုင်းသည် အမှတ်(၁) ပြည်လမ်း၊ အမှတ်(၂) ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၃) မြောက်ဥက္ကလာ- အင်းစိန်ဟူ၍ လမ်းကြောင်း သုံးခုကို ပြေးဆွဲနေခြင်းဖြစ်ပြီး ယခုဇန်နဝါရီ ၁၆ ရက်တွင် အထက်ဖော်ပြပါ လမ်းကြောင်းသစ်အတိုင်း စတင်ပြေးဆွဲမည်ဖြစ်သည်။ ယာဉ်အစီးရေ စုစုပေါင်း ၈၅ စီးဖြင့် ပြေးဆွဲသွားမည်ဖြစ်ပြီး ယာဉ်အစီးရေ ၁၀၀ ထပ်မံတိုးချဲ့ရန် စီစဉ်လျက်ရှိသည်။ လက်ရှိတွင် အဆိုပါယာဉ်လိုင်း၌ အသုံးပြုနေသော ယာဉ်အမျိုးအစားများမှာ Scania၊ Higer၊ Hyundai၊ Daewoo၊ Kinglong တို့ဖြစ်သည်။

အဆိုပါ ယာဉ်လိုင်းကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းပါဝင်မှု (Public Private Partnership-PPP) စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အစိုးရ၏ ထည့်ဝင်ငွေကျပ် ၁၀ ဘီလီယံ (စုစုပေါင်းထည့်ဝင်အရင်းအနှီး ကျပ် ၂၅ ဘီလီယံ၏ ၄၀ ရာခိုင်နှုန်း)၊ ပုဂ္ဂလိကကဏ္ဍမှ ထည့်ဝင်ငွေ ၁၅ ဘီလီယံ (၆၀ ရာခိုင်နှုန်း)ဖြင့် စတင်ထူထောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် လမ်းကြောင်း (၁)ကို စတင်ပြေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် စတင်ပြောင်းလဲတော့မည့် ဘတ်စ်ကားလိုင်းစနစ်များသည် အဆိုပါ အများပိုင်ယာဉ်လိုင်းကဲ့သို့ ကားသစ်များဖြင့် ပြေးဆွဲသည့်ပုံစံနှင့် ကတ်စနစ်သုံး ငွေပေးချေကတ် အသုံးပြုသည့် အများပိုင်ကုမ္ပဏီအဆင့်သို့ ပြောင်းလဲဆောင်ရွက်သွားရမည်ဟု သိရသည်။

**(ဆုနှင်းလှဲ့)**

○ **ကျောဖုံးမှ**

အပါအဝင် သီဟစည်သူ၊ တင်ဝင်းအောင်၊ မက်ဆီမင်၊ ခရစ္စတိုဖာ၊ ဟိန်းသီဟဇော် စသည့်အမာခံကစားသမားများ အသုံးပြုခဲ့ပြီး နေပြည်တော်အသင်းမှာလည်း နိုင်ငံခြားသားကစားသမားများ အပါအဝင် မိုးဝင်း၊ ချမ်းချမ်း၊ အောင်ကျော်နိုင်၊ သက်လွင်ဝင်းတို့ကို အသုံးပြုခဲ့သည်။ ပွဲအစပိုင်းတွင် အိမ်ရှင် ရှမ်းယူနိုက်တက်အသင်း ဖိကစားနိုင်ခဲ့ပြီး ၁၈ မိနစ်တွင် တစ်လုံးတည်းသော အနိုင်ဂိုးရခဲ့သည်။ ထောင့်ကန်ဘောမှတစ်ဆင့် ပက်ထရစ်က ခေါင်းတိုက်သွင်းယူခဲ့ပြီး ယင်းဂိုးမှာ ၂၀၁၇ ရာသီ MNL ပြိုင်ပွဲ၏ ပထမဆုံးသွင်းဂိုးလည်း ဖြစ်ခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ပွဲကိုထိန်းချုပ်နိုင်ခဲ့သော်လည်း မက်ဆီမင်နှင့် တင်ဝင်းအောင်တို့၏ ကွင်းလယ်ပိုင်းက ဘောလုံးအပျက်များနေသောကြောင့် ထင်သလောက် ဖိအားပေးနိုင်ခဲ့ခြင်းမရှိပေ။ နေပြည်တော်အသင်းမှာလည်း ချေပဂိုးရရှိရန် ကစားသမားများ အပြောင်းအလဲပြုလုပ်ပြီး တိုက်စစ်အားမြှင့်ခဲ့သော်လည်း ရှမ်းနောက်တန်းကို မကျော်နိုင်ခဲ့သောကြောင့် ပထမဆုံးပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့် ရာသီက ပထမဆုံးပွဲတွင် အိမ်ကွင်း၌ နိုင်ပွဲပျောက်ဆုံးခဲ့သော်လည်း ယခုရာသီတွင် ပက်ထရစ်၏ဂိုးဖြင့် အဖွင့်လှခဲ့ခြင်းဖြစ်သည်။

တောင်ငူကွင်း၌ ကျင်းပသည့်ပွဲတွင် ဇွဲကပင်အသင်းက အိမ်ရှင် ဟံသာဝတီအသင်းကို (၂-၁) ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် ဦးဆောင်ဂိုးရခဲ့သော်လည်း အနိုင်ရလဒ်ကိုမထိန်းနိုင်ခဲ့သောကြောင့် အဖွင့်ပွဲမှာပင် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် ဂိုးမရှိသရေကျခဲ့ပြီး ၅၃ မိနစ်တွင် မောင်မောင်လွင်က ဟံသာဝတီအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ၇၉ မိနစ်တွင် ဒိုနယ်လ်က ဇွဲကပင်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့ပြီး အနိုင်ဂိုးကို ၈၈ မိနစ်တွင် ဒီဂျမ်က သွင်းယူခဲ့သည်။ စစ်တွေမြို့ရှိ ဝေသာလီကွင်း၌ ယှဉ်ပြိုင်ကစားသည့် ရခိုင်နှင့် Southern အသင်းတို့ပွဲတွင် ဂိုးမရှိသရေကျခဲ့သည်။ ယင်းပွဲမှာ ရခိုင်အသင်း၏ ပထမဆုံးအိမ်ကွင်းပွဲစဉ်ဖြစ်ပြီး ပွဲမစတင်မီ ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်းကျင်းပခဲ့ပြီး အသင်းမိတ်ဆက်ပွဲနှင့် ကွင်းဖွင့်ပွဲကိုပါ ကျင်းပခဲ့သည်။ အိမ်ရှင် ရခိုင်အသင်းသည် နိုင်ပွဲရယူနိုင်ရေး ကြိုးပမ်းခဲ့သော်လည်း ထင်သလောက်ခြေစွမ်း ပြနိုင်ခြင်းမရှိခဲ့သောကြောင့် သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ Southern အသင်းသည် ခြေပိုသာခဲ့သော်လည်း အခွင့်အရေးများ အသုံးမချနိုင်ခဲ့သောကြောင့် နိုင်ပွဲနှင့်လွဲချော်ခဲ့ခြင်းဖြစ်သည်။

ဒုတိယနေ့ပွဲများကို ဇန်နဝါရီ ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရန်ကုန်နှင့် မကွေး၊ ပုသိမ်ကွင်း၌ ဧရာဝတီနှင့် GFA၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်နှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**(သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်)**

ကြေးမုံ



# မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၄

**မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာအရည်အသွေးတိုးတက်ရေးတို့အတွက် (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ဇန်နဝါရီ တတိယပတ်တွင် ကျင်းပမည်ဖြစ်သည်။ ညီလာခံနှင့်ပတ်သက်၍ ပြည်သူများသိရှိနိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-**

**ဒေါက်တာရီရီမြင့်(ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)**

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ၂၀၀၀ ပြည့်နှစ်ကစပြီး နှစ်စဉ်ကျင်းပလာခဲ့တာ (၁၆)ကြိမ်မြောက် ကျင်းပနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီနှစ်ကတော့ (၁၇)ကြိမ်မြောက် ကျင်းပမှာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေးနဲ့ မြန်မာ့တိုင်းရင်းဆေးပညာအရည်အသွေးတိုးတက်ရေး၊ မြန်မာတိုင်းရင်းဆေးဆရာတွေရဲ့ ကျင့်ဝတ်သိက္ခာမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ ပြည်သူများရဲ့ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေး၊ မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးနဲ့ မြန်မာ့တိုင်းရင်းဆေးဝါးများ ပိုမိုအရည်အသွေးကောင်းမွန်လာစေရေးတို့အတွက် ရည်ရွယ်ကျင်းပရခြင်းဖြစ်ပါတယ်။ အစီအစဉ်ကတော့ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲကို အကြိုညှိနှိုင်းနေ့၊ ဖွင့်ပွဲနေ့၊ နှီးနှောဖလှယ်ပွဲနေ့ဆိုပြီး သုံးရက် ကျင်းပမှာပါ။

အကြိုညှိနှိုင်းနေ့မှာတော့ ကိုယ်စားလှယ်တွေရဲ့ အဆိုတွေအတွက် Action Plans ပေါ်ထွက်လာဖို့ ဆွေးနွေးကြမှာဖြစ်ပါတယ်။ (၁၆)ကြိမ်မြောက်ညီလာခံမှာ တင်သွင်းခဲ့တဲ့အဆိုတွေအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုတွေကတော့ တိုင်းရင်းဆေးပညာဦးစီးဌာနရဲ့ ဆေးရုံ၊ ဆေးခန်းတွေမှာ အဖြစ်အများဆုံးရောဂါတွေနဲ့ ပတ်သက်တဲ့ဆွေးနွေးညှိနှိုင်းမှုတွေကို တစ်လ တစ်ကြိမ်ကျင်းပလျက်ရှိပါတယ်။ ဒီဟောပြောဆွေးနွေးချက်တွေကို အခြေခံပြီး ရောဂါတစ်ခုချင်းစီအတွက် စံကုထုံးတွေ သတ်မှတ်နိုင်ဖို့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်ပြီး မြန်မာ့ရိုးရာ သွေးစမ်းပညာသင်တန်းနဲ့ ဆင့်ပွားသင်တန်းတွေကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ နောက်တစ်ခုက ထူးခြားပြီးတော့ အစွမ်းထက်တဲ့မြန်မာ့ရိုးရာဆေးနည်းတွေ၊ ကုထုံးကုနည်းတွေကို သင့်တော်တဲ့ နည်းလမ်းတွေနဲ့ မှတ်တမ်းတင်သွားဖို့ရှိပါတယ်။



ဒေါက်တာရီရီမြင့်



ဦးကျော်စိုး

ပြီးတော့ မြို့နယ်တိုင်းရင်းဆေးကုဌာန တစ်ခုချင်းစီကစပြီး အနည်းဆုံး တစ်လ တစ်ကြိမ် ကွင်းဆင်းကုသခြင်းလုပ်ငန်းတွေကိုဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ကွင်းဆင်းကုသရင်းနဲ့ ကျန်းမာရေးပညာပေးလုပ်ငန်းတွေကို ပူးတွဲဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းရင်းဆေးပညာဦးစီးဌာနမှာ ပရဆေးဥယျာဉ် ကိုးခုရှိတဲ့အနက် နှစ်ခုမှာ အပင်အရေအတွက် အပြည့်စိုက်ပျိုးပြီးဖြစ်တဲ့အတွက် ရာနှုန်းပြည့် အကောင်အထည်ဖော်နိုင်ခဲ့တယ်လို့ ပြောနိုင်ပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းတွေ အောင်မြင်စွာဖြစ်ထွန်းစေဖို့အတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်တွေအားလုံးက စည်းလုံးညီညွတ်စွာနဲ့ ဝိုင်းဝန်းကြိုးပမ်းပေးကြပါလို့ ပြောချင်ပါတယ်။

**ဦးကျော်စိုး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)**

ညီလာခံကို တက်ရောက်ကြမယ့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးက တိုင်းရင်းဆေးပညာရှင်တွေ၊ အသင်းအဖွဲ့တွေက ကိုယ်စားလှယ်တွေ၊ နှီးနွှယ်တဲ့ ဝန်ကြီးဌာနတွေကကိုယ်စားလှယ်တွေ၊ တိုင်းရင်းဆေးဝါးလုပ်ငန်းရှင်တွေ၊ တိုင်းရင်းဆေးပညာဦးစီးဌာနက ကိုယ်စားလှယ်တွေ စုစုပေါင်း ၂၉၃ ယောက် တက်ရောက်ဖို့ ဖိတ်ကြားထားပါတယ်။ ညီလာခံဖွင့်ပွဲနေ့နဲ့ ညစာစားပွဲကိုတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နဲ့ အာဆီယံ ၁၀ နိုင်ငံက သံအမတ်တွေ၊ ကိုရီးယား၊ ဂျပန်၊ တရုတ်၊ အိန္ဒိယနိုင်ငံတွေက သံအမတ်ကြီးတွေ၊ နီပွန်ဖောင်ဒေးရှင်းနဲ့ JICA က ကိုယ်စားလှယ်တွေကို ဖိတ်ကြားမှာဖြစ်ပါတယ်။ ညီလာခံမှာ တိုင်းရင်းဆေးဝါးထုတ်လုပ်သူတွေရဲ့ ဆေးဝါးပြခန်း ၂၆ ခန်း ပါဝင်ပြသပါမယ်။ ပြခန်းတွေပြသရတဲ့ ရည်ရွယ်ချက်က မြန်မာ့တိုင်းရင်းဆေးတွေ အရည်အသွေးပိုမိုတိုးတက်မြင့်မားစေဖို့၊ မြန်မာ့တိုင်းရင်းဆေးတွေ ပိုမိုတိုးတက်ခေတ်မီစေဖို့၊ မြန်မာ့တိုင်းရင်းဆေးကို ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသုံးစွဲလာစေဖို့အတွက်ပါ။ လက်ရှိပြည်သူတွေကို အသိပညာပေးတဲ့အပိုင်းမှာလည်း တိုင်းရင်းဆေးပညာဦးစီးဌာနရဲ့ သုတေသနနဲ့ ဖွံ့ဖြိုးရေးဌာနကနေ မဂ္ဂဇင်း၊ စာစောင်၊ ပိုစတာနဲ့ လက်ကမ်းစာစောင်တွေထုတ်ဝေပါတယ်။ နောက်ပြီး တိုင်းရင်းဆေးရုံ၊ တိုင်းရင်းဆေးကုဌာနတွေကလည်း ကွင်းဆင်းဆေးကုသတဲ့နေရာမှာ ကွင်းဆင်းဆေးကုသခြင်းနဲ့အတူ ပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်ပါတယ်။ ဒီလိုညီလာခံကျင်းပခြင်းအားဖြင့် ပြည်သူလူထုဟာ မြန်မာ့တိုင်းရင်းဆေးပညာအပေါ်မှာ ပိုမိုသက်ဝင်ယုံကြည်အားကိုးလာမှာဖြစ်ပါတယ်။ နောက်ပြီး တိုင်းရင်းဆေးသမားတော်တွေအတွက်လည်း အချင်းချင်း စည်းလုံးညီညွတ်ပြီး မြန်မာ့တိုင်းရင်းဆေးပညာရပ်တွေ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက် ဆောင်ရွက်သွားကြမှာဖြစ်ပါတယ်။

**အောင်ရဲသွင်(သတင်းစဉ်)၊ ဓာတ်ပုံ-အေးသန်း၊ကျော်ရဲဆွေ**



## စက်ဘီးနှင့် ဆက်သွယ်ရေးစက်များ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ဆောင်ရွက်နေသည့် တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ရန်ကုန်မြို့ရှိ တရုတ်နိုင်ငံသံရုံးမှ စက်ဘီးများနှင့် ဆက်သွယ်ရေးစက်များ လှူဒါန်းသည့် အခမ်းအနားပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်က လှူဒါန်းရသည့် ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ပြောကြားခဲ့ပြီး ကျပ်သိန်း ၁၆၀ တန်ဖိုးရှိ စက်ဘီး အစီး ၁၀၀ နှင့် ငွေကျပ် ၁၃၅ သိန်းတန်ဖိုးရှိ HYT အမျိုးအစား ဆက်သွယ်ရေး အထိုင်စက် ခုနစ်လုံး၊ လက်ကိုင်စကားပြောစက် ၁၃ လုံးတို့ကို ပေးအပ်လှူဒါန်းခဲ့ရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ရဲတပ်ဖွဲ့အတွက် အသုံးဝင်သောပစ္စည်းများကို လှူဒါန်းပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ယခုလှူဒါန်းသည့်ပစ္စည်းများကို အသုံးပြုပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် သံအမတ်ကြီး ဦးဆောင်သောအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ဦးဆောင်သောအဖွဲ့တို့က လှူဒါန်းထားသည့် စက်ဘီးများကို အမှတ်တရလှည့်လည်စီးနင်းခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

◆

## ဂျာနယ်ကျော်မမလေး၏ ပုံရေးအတ္ထုပ္ပတ္တိရုပ်ပြစာအုပ် လှူဒါန်းပွဲကျင်းပ

**ဟသ်ာတ ဇန်နဝါရီ ၁၄**

စာပေပညာရှင်၊ သတင်းစာထုတ်ဝေသူ၊ စာရေးဆရာအဖြစ်လူသိများသည့် ဂျာနယ်ကျော်မမလေးသည် အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်၊ အမျိုးသားနိုင်ငံရေးသမား၊ ငြိမ်းချမ်းရေးလှုပ်ရှားမှုခေါင်းဆောင်၊ တိုင်းရင်းဆေးဆရာမအဖြစ် သိရှိသူနည်းပါသည်။ ကျရာကဏ္ဍမှ တိုင်းပြည်တာဝန်ထမ်းဆောင်ခဲ့သော်လည်း ဂျာနယ်ကျော်မမလေးကို သိသူနည်းပါးသည်။ ဖွဲ့သတ္တိ၊ စိတ်ဓာတ်ခိုင်မာသူ၊ ငြိမ်းချမ်းရေးမြတ်နိုးသူ၊ ဝေဒနာကုသရာတွင် ပါရမီရှိသူတစ်ဦးလည်း ဖြစ်သည်။

ဘိုကလေးမြို့နယ်အနီးရှိ တစ်ခုသော ကျေးရွာတွင် မွေးဖွားခဲ့သော ဂျာနယ်ကျော်မမလေး၏ လောကခံလှိုင်းကြား ကြံ့ကြံ့ခံလျက် မိမိဘဝ၊ မိမိနိုင်ငံနှင့် အများအကျိုးအတွက် စွမ်းဆောင်ခဲ့ပုံတို့ကို Moving Forward Together ပြည်တွင်းအဖွဲ့အစည်းမှ သုတေသနပြု စုစည်းရေးသားပြီး ကာတွန်းဝလုံးမှ သရုပ်ဖော်ရေးဆွဲထားသည့် ဂျာနယ်ကျော် မမလေးပုံရေး အတ္ထုပ္ပတ္တိရုပ်ပြစာအုပ် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အဆိုပါစာအုပ်ကို ဧရာဝတီတိုင်းဒေသကြီးရှိ ဟသ်ာတ၊ ဇလွန်၊ ဓနုဖြူ၊ အင်္ဂပူ၊ ပန်းတနော်မြို့တို့ရှိ ပညာသင်ကျောင်း ၁၃၀၀ ကျော်ရှိ ကျောင်းသား ကျောင်းသူများကို The Nippon Foundation ၏ ပံ့ပိုးကူညီမှုဖြင့် အခမဲ့ထုတ်ဝေဖြန့်ချိမည့် အစီအစဉ်အရ ဇန်နဝါရီ ၁၂ ရက်က ဟသ်ာတမြို့ အမှတ်(၁) အထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူအား စတင်ပေးအပ်လှူဒါန်းသည်။

လှူဒါန်းပွဲအပြီးတွင် ကျင်းပခဲ့သော စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုများရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူတို့က ဆုများပေးအပ်ကြသည်။

ငွေကြေးထောက်ပံ့ကူညီသည့် The Nippon Foundation မှ Ms. Mari Tanaka က ပြောကြားရာတွင် ဂျာနယ်ကျော်မမလေး ရေးသားခဲ့သည့် “သွေး” ဝတ္ထုမှာ ဂျပန်နိုင်ငံတွင် ဘာသာပြန်ဆုရရှိခဲ့ပြီး ရုပ်ရှင်ရိုက်ကူးထုတ်လွှင့်ခဲ့ကြောင်းနှင့် မြန်မာ-ဂျပန် ချစ်ကြည်ရေးအတွက် ဆောင်ရွက်ခွင့်ရရှိသဖြင့် ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားသွားသည်။

ကုလသမဂ္ဂအတွင်းရေးမှူး ချုပ်ဟောင်း ဦးသန့်နှင့် ဆရာကြီးသခင် ကိုယ်တော်မှိုင်းတို့၏ ပုံရေးအတ္ထုပ္ပတ္တိစာအုပ်တို့ကိုလည်း လှူဒါန်းပြီး ခြောက်လအကြာတွင် ယခု ဂျာနယ်ကျော်မမလေး၏ ပုံရေးအတ္ထုပ္ပတ္တိကို ထုတ်ဝေလှူဒါန်း ခြင်းဖြစ်သည်။ စတုတ္ထတန်းမှ နဝမတန်းအထိ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအတွက် လှူဒါန်းခြင်းဖြစ်ကြောင်း ဇာတ်ညွှန်းရေးသားသူ Moving Forward Together မှ ပရိုဂရမ်ဒါရိုက်တာ ဒေါ်ကြည်ကြည်ငြိမ်း၏ ပြောကြားချက်အရ သိရသည်။

**(အောင်သူရ)**

## မူဒိမ်းမှုပပျောက်ရေး အသိပညာပေးလှုပ်ရှားမှုများပြုလုပ်

**ထားဝယ် ဇန်နဝါရီ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် မုဒိမ်းမှုပပျောက်ရေးအသိပညာပေးလှုပ်ရှားမှုကို ထားဝယ်မြို့ ပုံကျွန်းရပ် ဦးကိုကိုနိုင်နှင့် ထားဝယ်ခရိုင် အမျိုးသမီးသမဂ္ဂအဖွဲ့ခေါင်းဆောင် ဒေါ်မာလာတို့ ဦးဆောင်မှုဖြင့် ထားဝယ်မြို့ အခြေစိုက် NGO အဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မြို့ပေါ်ရပ်ကွက်နေပြည်သူများ ၈၀ ခန့်က ဇန်နဝါရီ ၁၃ ရက် ညနေပိုင်းက ထားဝယ်မြို့အတွင်းရှိ လူအများဆုံး စုဆုံလေ့ရှိသောနေရာများဖြစ်သည့် မီးသုံးလုံးလမ်းဆုံ၊ မြိတ်တန်းလမ်းဆုံတို့တွင် မုဒိမ်းမှုပပျောက်ရေးစာတန်းပါ ပိုစတာများကိုင်ဆောင်၍ မုဒိမ်းမှုပပျောက်ရေး အသိပညာပေးတေးဂီတသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

အဆိုပါအသိပညာပေးလှုပ်ရှားမှုကို ဇန်နဝါရီ ၁၄ ရက်ကလည်း လူအများဆုံး စုဆုံလေ့ရှိသော နေရာများတွင် မုဒိမ်းမှုပပျောက်ရေးစာတန်းပါ ပိုစတာများ ကိုင်ဆောင်၍ မုဒိမ်းမှုပပျောက်ရေး အသိပညာပေးတေးဂီတသီချင်းများဖြင့် ဆက်လက်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# မန္တလေးမြို့ပြဝန်ဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ဥရောပသမဂ္ဂမှ ယူရို ရှစ်သန်းထောက်ပံ့

**မန္တလေး ဇန်နဝါရီ ၁၄**

မန္တလေးမြို့ပြဝန်ဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် ပါဝင်သည့် မြို့ပြရေပေးဝေရေးနှင့် Capacity Building ဖြည့်ဆည်းဆောင်ရွက်ရန်အတွက် ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ (AFD) မှ ယူရို ရှစ်သန်း ကူညီထောက်ပံ့သည့် စာချုပ်ချုပ်ဆို ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲက မန္တလေး မြို့တော်စည်ပင်ရုံးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် မန္တလေးမြို့တော်ဝန် ဒေါက်တာ ရဲလွင်တို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါစာချုပ်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မန္တလေးမြို့တော်ဝန်နှင့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး Mr.Olivier Richard၊ AFD မှ စီမံကိန်း ဒါရိုက်တာ Mrs. Ariane တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

"ရေထုတ်လုပ်မှု တိုးတက်လာပြီး အခွန်အခအပြည့်အဝရရှိဖို့နဲ့ လက်ရှိရေပေးဝေမှုကို ပြန်လည်ပြုပြင်ပြီး တိုးချဲ့မယ်။ ပြုပြင်တည်ဆောက်မယ်။ ဆက်ပြီးတော့လည်း လက်ရှိရေပိုက်တွေထဲက မကောင်းတာတွေကို အစားထိုးပြင်ဆင်ပြီး ရေအား မကောင်းတဲ့နေရာတွေမှာ ရေအား ကောင်းအောင်လုပ်မယ့် စီမံကိန်းပါ" ဟု မြို့တော်စည်ပင် ရေနှင့်သန့်ရှင်းမှုဌာနမှူး ဒေါ်ခင်မေဌေးက ပြောသည်။

လက်ရှိ ရေပေးဝေရေးစနစ်မှ မြစ်ရေတင်စီမံကိန်းမှာ ဧရာဝတီမြစ်ရေကို မန္တလေးတောင်ပေါ်မှ တစ်ဆင့် မြေဆွဲအားနှင့် ဖြန့်ဝေပေးသည့် စွမ်းအင်သုံးစွဲမှုနှုန်းလျှော့ချသောနည်းလမ်းဖြင့် ရေရှည်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။




"ပြင်သစ်နဲ့ မြန်မာနိုင်ငံက ကျန်းမာရေးနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်လာတာက ဆယ်စုနှစ်တစ်ခုရှိပါပြီ။ မန္တလေးက ဆေးရုံတွေနဲ့ ပြင်သစ်ကဆေးရုံတွေ ပူးပေါင်းဆောင်ရွက်မှုက တောက်လျှောက်ရှိခဲ့တာကြောင့် မန္တလေးကို ရွေးချယ်ခဲ့တာဖြစ်ပါတယ်"ဟု AFD မှ Mr.Ghislain က ပြောသည်။ ယင်းစီမံကိန်းအတွက် ချေးငွေယူရိုသန်း ၄၀ သဘောတူထားပြီး အဓိကဖြစ်သည့် ရေပေးရေးလုပ်ငန်းများအပြင် ပြည်သူများအား အသိပညာပေးမှု မြှင့်တင်ပေးမည့် သင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်မည်ဖြစ်ပြီး မြို့တော်စည်ပင်၏ ငွေကြေးစီမံခန့်ခွဲမှုမှာ ရေခွန်နှင့်ပတ်သက်၍ အပြည့်အဝရရှိရေးတို့ကို လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

■

# ဇွဲကပင်ကေဘယ်လ်ကားစီမံကိန်း အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာသဘောတူစာချုပ် ချုပ်ဆို

**ဘားအံ ဇန်နဝါရီ ၁၄**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဇွဲကပင်တောင်ပေါ်နှင့် လုမ္ဗိနီဥယျာဉ်တွင် တပ်ဆင်တည်ဆောက်မည့် ဇွဲကပင် ကေဘယ်လ်ကားစီမံကိန်း အကောင်အထည်ဖော်လည်ပတ်နိုင်ရေးအတွက် ချစ်လင်းမြိုင်တိုယိုတာကုမ္ပဏီလီမိတက်နှင့် ဇွဲကပင်မြေဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်တို့သည် ဇွဲကပင်တောင်ခြေ လုမ္ဗိနီဥယျာဉ်တွင် ဇွဲကပင်ကေဘယ်လ်ကားစီမံကိန်း အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာကော်မတီနာယက ဆရာတော်များ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ နှစ်ဦးနှစ်ဖက် ကုမ္ပဏီတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ရှေ့မှောက်တွင် ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ဇွဲကပင်ကေဘယ်လ်ကားစီမံကိန်း ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ ဆပ်မကော်မတီများကို ၂၀၁၃ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် စတင်ဖွဲ့စည်းကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဝင်းမြေတိုင်းကုမ္ပဏီဖြင့် လည်းကောင်း၊ SunTech အဖွဲ့ဖြင့်လည်းကောင်း၊ ဇွဲကပင်တောင်ပေါ်နှင့် တောင်အောက်တို့တွင် Survey ဆောင်ရွက်ခြင်း၊ တောင်ခြေ ကေဘယ်လ်ကားရပ်နားရန်နေရာ တည်ဆောက်မည့် လုမ္ဗိနီဥယျာဉ်တွင် Soil Test ပြုလုပ်ခြင်း၊ အထက်ရပ်နားရန်နေရာ တည်ဆောက်မည့် ဇွဲကပင်တောင်ပေါ်တွင် ဘူမိဗေဒပညာရှင်များဖြင့် ကျောက်သားစမ်းသပ်ခြင်း၊ တစ်စီးလျှင် လူ ၅၀ ပါဝင်သည့် ကေဘယ်လ်ကားနှစ်စီးဖြင့် အကောင်အထည်ဖော်တည်ဆောက်မည့် ကေဘယ်လ်ကားပုံစံအား အမေရိကန်ဒေါ်လာ ၅၀၀၀ ဖြင့် GARAVENTA ကုမ္ပဏီက ဒီဇိုင်းရေးဆွဲခြင်းတို့ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို ဇွဲကပင်မြေဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်က ရင်းနှီးမြှုပ်နှံမှုအဖြစ် ကရင်ပြည်နယ် ဘားအံမြို့နယ် တော်ပုံကျေးရွာအုပ်စုရှိ ဇွဲကပင်တောင် OSS-66၊ ဇွဲကပင်ဆရာတော်ပိုင် ဥယျာဉ်ခြံမြေ ၁၂ ဒသမ ၇၂ ဧကနှင့် ကာကွယ်တောမြေဧရိယာ ၀ ဒသမ ၇၀ ဧကတို့အား အသုံးချသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ချစ်လင်းမြိုင်တိုယိုတာကုမ္ပဏီက ဖေဖော်ဝါရီလမှာ ပြည်ပပညာရှင်တွေဖြစ်တဲ့ ဂျပန်နိုင်ငံ၊ ဩစတြီးယားနိုင်ငံ ပညာရှင်တွေနဲ့ စာချုပ်ချုပ်ဆိုသွားမှာပါ။ အဲဒီကျမှ ငွေကြေးလျာထားချက်ကို သိနိုင်မှာဖြစ်ပြီး အခုအကြမ်းဖျင်းအနေနဲ့တော့ ကေဘယ်လ်ကားရိုးရိုးအတွက် အမေရိကန်ဒေါ်လာ သိန်း ၇၀ လောက် ခန့်မှန်းထားတယ်။အကျိုးအမြတ်အနေနဲ့ကတော့ ဇွဲကပင်မြေဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီဘက်က ၂၅ ရာခိုင်နှုန်းဖြစ်ပြီး ကရင်လက်နက်ကိုင်များပေါင်းစည်းညီညွတ်ရေးအဖွဲ့ ကျွန်တော်တို့ ကုမ္ပဏီဘက်က ၇၅ ရာခိုင်နှုန်း သဘောတူထားပါတယ်။ ကုန်ကျမှုအနေနဲ့ အဆောက်အအုံပိုင်းတွေရောအားလုံးအပြီးအစီးဆိုရင် အမေရိကန်ဒေါ်လာ သိန်း ၁၂၀ လောက် ကုန်ကျမှာဖြစ်ပါတယ်။

အခုသဘောတူညီချက်အရ စီမံကိန်းကာလကို တစ်နှစ်ခွဲ သတ်မှတ်ထားပေမယ့် ဒီထက်စောပြီး ပြီးဖို့ရှိပါတယ်"ဟု ချစ်လင်းမြိုင်တိုယိုတာကုမ္ပဏီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး စောချစ်သူက ပြောသည်။

ဇွဲကပင်တောင်သည် သာမန်ကျန်းမာရေးကောင်းမွန်သည့်လူငယ်များ ခြေကျင်တက်မည်ဆိုပါက တစ်နာရီခွဲခန့် ကြာမြင့်မည်ဖြစ်သည့်အပြင် အသက်ကြီးသူများနှင့် ကျန်းမာရေးအားနည်းသူများဆိုလျှင်လည်း နှစ်နာရီကျော်ခန့် တက်ရပြီး အတက်အဆင်း ငါးနာရီခန့် အချိန်ပေးရသည့်အတွက် မည်သူမဆို အလွယ်တကူဖူးမြော်နိုင်ရန် ကေဘယ်ကားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။


အဆိုပါဇွဲကပင်ကေဘယ်လ်ကား စီမံကိန်းကြီးကို ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးလိုလားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ပူးပေါင်း၍ ဖြစ်မြောက်အောင်မြင်အောင် ကြိုးပမ်းသွားမည်ဖြစ်ရာ ဒေသတွင်းတိုင်းရင်းသားအဖွဲ့အစည်းများ စည်းလုံးညီညွတ်မှုနှင့်အတူ ငြိမ်းချမ်းသာယာဖွံ့ဖြိုးဝေစည်လာကာ ကရင်ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဒေသခံများအနေဖြင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ကောင်းဖြစ်စေမည်ဖြစ်ကြောင်း ဇွဲကပင်မြေဘက်စုံဖွံ့ဖြိုးရေးကော်မတီ အထွေထွေအတွင်းရေးမှူးက ပြောသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ဖျာပုံမြို့ ဆိပ်ကမ်းဈေး ကမ်းပြိုကျ

**ဖျာပုံ ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အမှတ်(၆)ရပ်ကွက် ပထမလမ်းရှိ စည်ပင်သာယာရေးအဖွဲ့ပိုင် ဆိပ်ကမ်းဈေး A ရုံ အနောက်ဘက်ခြမ်းရှိ အခန်းအမှတ် ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀ တို့မှာ ဇန်နဝါရီ ၁၂ ရက် ည ၁၁ နာရီ ၁၅ မိနစ်တွင် မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းထိန်းနံရံလန်ကျ၍ သုံးပေခန့်အထိနိမ့်ကျသွားခဲ့ရာ အဆိုပါမြစ်ကမ်းပါးနိမ့်ကျသည့်နေရာသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်စိုးနှင့်အဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့တာဝန်ရှိသူများက စိစစ်ဆောင်ရွက်ခဲ့ပြီး A ရုံရှိ ဆိုင်ခန်း ခြောက်ခန်းတွဲမှာ နိမ့်ဆင်းသွားခဲ့ရာ ကျန်ခြောက်ခန်းတွဲမှာ အနည်းငယ်ကွဲအက်နိမ့်ကျသွားခဲ့ကြောင်း သိရသည်။



ထို A ရုံရှိ နိမ့်ကျသွားသည့်ပမာဏမှာ အလျား ၈၅ ပေ၊ အနံ ၂၉ ပေရှိပြီး အခန်းတစ်ခန်းလျှင် ခြောက်ပေပတ်လည်ကျယ်ဝန်း၍ လူသွားလမ်း(ဘေး)အကျယ်အဝန်းမှာ ၁၃ ပေ၊ ရှေ့/နောက် လူသွားလမ်းအကျယ်အဝန်းမှာ ၁၇ ပေဖြစ်ကြောင်း၊ အဆိုပါဈေးဆိုင်ခန်းများမှာ မြစ်ရေတက်ချိန် ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ထပ်မံ၍ တဖြည်းဖြည်းနိမ့်ဆင်းလာသဖြင့် မွန်းလွဲ ၂ နာရီတွင် ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၎င်းနေရာအား အန္တရာယ်ရှိနယ်မြေအဖြစ်သတ်မှတ်၍ ဈေးရောင်းချခြင်းမပြုရန် တားမြစ်အသိပေးခဲ့ကြောင်းသိရသည်။

**(သပြေထွန်း)**



# မန္တလေး မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပြုပြင်ရေးလုပ်ငန်းများအား ပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်

**မန္တလေး ဇန်နဝါရီ ၁၄**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပိုမိုသပ္ပာယ်ကြည်ညိုဖွယ်ဖြစ်စေရန် ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူပြီး ပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်ကာ ပြုပြင်ရေးများကို ပွင့်လင်းမြင်သာစွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

ပြုပြင်ရေးအဖြစ် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ နဖူးတော်တွင် ကပ်လှူထားသော ရွှေသင်္ကန်းများသည် ရုပ်ရှင်တော်မြတ်ကြီး၏ မူလအသရေတော်ကို ထိခိုက်ပျက်စီးစေ၍ ပြန်လည်ခွာယူပြီး ရွှေသင်္ကန်းကပ်လှူခွင့်ကို ခွင့်ပြုတော့မည်မဟုတ်ကြောင်း သိရသည်။ ယခင်က ရုပ်ရှင်တော်မြတ်ကြီး၏ နဖူးတော်တွင် ရွှေသင်္ကန်းများကပ်လှူခဲ့ခြင်းမရှိ၍ ကြည်ညိုဖွယ်ရာရှိခဲ့ရာမှ ရွှေသင်္ကန်းများ ကပ်လှူလာကြသည့်အတွက် မညီမညာဖြစ်လာရာ ကြည်ညိုဖွယ်ရာအနေအထားမပျက်စေရန် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရွှေသင်္ကန်းများခွာယူရာတွင် မူလမျက်နှာတော်၏ အနေအထားကို ထိခိုက်မှုမရှိစေရန် ပညာရှင်များနှင့်တိုင်ပင်ပြီး နည်းလမ်းရှာဖွေထားကြောင်းလည်း သိရသည်။

ထို့ပြင် ရုပ်ရှင်တော်မြတ်ကြီးတွင် ချိတ်ဆွဲပူဇော်ထားသော လက်ဝတ်ရတနာများကို စနစ်တကျဖြုတ်ယူပြီး အမျိုးသမီးများအသုံးပြုခဲ့သည့် လက်ကောက်၊ လက်စွပ် အစရှိသည့်ပစ္စည်းများ ပြန်လည်ချိတ်ဆွဲပူဇော်မည်မဟုတ်ဘဲ အလေးချိန် တစ်ကျပ်သားထက်ပိုသော ရွှေထည်များ၊ တွင်းထွက်ရတနာအစစ်များကို စနစ်တကျနှင့် ကြည်ညိုဖွယ်ဖြစ်စေရန် ပြန်လည်ကပ်လှူပူဇော်မည်ဖြစ်ကြောင်း သိရသည်။

"အရင်က ရုပ်ရှင်တော်မြတ်ကြီးဟာ မကိုဋ်တော်၊ စလွယ်တော်တွေနဲ့ လွန်စွာသပ္ပာယ်ခဲ့တယ်။ အခုတော့ စေတနာရှင်၊ အလှူရှင်တွေ လှူဒါန်းတဲ့ပစ္စည်းတွေ ချိတ်ဆွဲလှူဒါန်းထားမှုကြောင့် စလွယ်တော်လည်း ကွယ်ပျောက်လုဖြစ်နေပြီး စနစ်တကျမရှိဘဲ ရှုပ်ထွေးနေတဲ့အနေအထားမျိုးဖြစ်နေတယ်။ ဒါတွေကို ဖြုတ်သိမ်းပြီး လုံခြုံစွာထိန်းသိမ်းနိုင်ဖို့ စီစဉ်ရပါတယ်။ ပြန်လည်ကပ်လှူပူဇော်ဖို့ လုပ်ငန်းအစီအစဉ်တွေ ချမှတ်ရပါမယ်။ ဒါတွေ ဆောင်ရွက်တဲ့အခါမှာလည်း ပွင့်လင်းမြင်သာရှိအောင် ဆောင်ရွက်သွားမှာပါ။ ပထမဆုံးအနေနဲ့ မီဒီယာတွေကို အသိပေးပြောကြားခြင်းဖြစ်ပါတယ်"ဟု မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလင်းက ပြောသည်။

ရုပ်ရှင်တော်မြတ်ကြီးအား ပြုပြင်ရေးဆောင်ရွက်ခြင်းလုပ်ငန်းများနည်းတူ ရုပ်ရှင်တော်မြတ်ကြီးကိန်းဝပ်စံပယ်တော်မူသည့် ကျောင်းတော်ကြီးနှင့် ဂန္ဓကုဋိတိုက်အတွင်းတို့တွင် လက်ရှိတပ်ဆင်ထားသော အလင်းပေးစနစ်နှင့် လေအေးပေးစနစ်များတွင် ဝါယာကြိုးများနှင့် ရေလိုင်းများသွယ်တန်းမှုစနစ်အတွက် ပညာရှင်များနှင့်တိုင်ပင်ပြီး အကောင်းမွန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘုရားကြီးကျောင်းတော်ကြီးနှင့် ရင်ပြင်တော်များသို့ ဖိနပ်များယူဆောင်လာစေခြင်းမရှိစေရန်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

# အသေးစားအရင်းအနှီးချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများပေးအပ်

**အောင်လံ ဇန်နဝါရီ ၁၄**

အောင်လံမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများသို့ အသေးစားအရင်းအနှီးချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီက အောင်လံမြို့နယ် သမဝါယမအသင်းစုရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်လံမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်မြမြလွင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး သဘာပတိအသင်းဥက္ကဋ္ဌ ဦးညွန့်မောင်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆွေတို့က အမှာစကားပြောကြားကြသည်။

အသင်း ၂၃၈ သင်းအတွက် ချေးငွေ ၂၂၀၉၀ ဒသမ ၇၁ သိန်းကို မြို့နယ်သမအသင်းစုဥက္ကဋ္ဌ ဦးညွန့်မောင်က ပေးအပ်ရာ အသင်းများကိုယ်စား ကျွဲခေါင်းကျေးရွာ မွေးမြူရေးနှင့်အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း ဥက္ကဋ္ဌ ဦးသိန်းဝင်းက လက်ခံရယူခဲ့သည်။ **ကျော်သက်အောင်(အောင်လံ)**

## ကောလာဟလတွေအကြားက ဟောလိဝုဒ်ကြယ်ပွင့်များ

*ယခုသီတင်းပတ်အတွင်း ဟောလိဝုဒ်မီဒီယာတွေအကြား ရေပန်းအစားဆုံး ကောလာဟလသတင်းတွေထဲက စိတ်ဝင်စားစရာ အကောင်းဆုံးသတင်းတွေကို ကြေးမုံပရိသတ်အတွက် တင်ဆက်ပေးလိုက်ပါတယ်။*

# သုံးပွင့်ဆိုင် ဇာတ်လမ်းသစ်နဲ့ ဆယ်လီနာ ဂိုမက်ဇ်



အေးပြည့် - စုစည်းသည်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်နဲ့ အာရန်ဘီအဆိုတော်တစ်ဦးဖြစ်တဲ့ သယ်ဝိခ်ကန်းဒ်တို့နှစ်ဦးရဲ့ ကြည်နူးနေတဲ့ ဓာတ်ပုံတွေဟာ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၁ရက်ကစတင်ပြီးအွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့လာခဲ့ပါတယ်။ အဲဒီလိုဓာတ်ပုံတွေပေါ်ထွက်လာခဲ့ပြီး နောက်မှာတော့ သယ်ဝိခ်ကန်းဒ်ရဲ့ ချစ်သူဟောင်းဖြစ်တဲ့ ဗစ်တိုးရီးယားစီးကရက်ထ်မော်ဒယ်လ် ဘယ်လာဟစ်ဒီက သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်ပေါ်က ဆယ်လီနာ ဂိုမက်ဇ်ရဲ့ စာမျက်နှာကို ဖျက်သိမ်းခဲ့တာကြောင့် ဟောလိဝုဒ်ရဲ့ သုံးပွင့်ဆိုင်ဇာတ်လမ်းသစ် တစ်ခုကတော့ စတင်လာခဲ့ပြီဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၀ရက်ညပိုင်းက စားသောက်ဆိုင်တစ်ခုကနေ အတူထွက်ခွာလာခဲ့တဲ့ ဆယ်လီနာဂိုမက်ဇ်နဲ့ သယ်ဝိခ်ကန်းဒ်တို့နှစ်ဦးဟာ တစ်ဦးကိုတစ်ဦးဖက်ထားကြတဲ့ဓာတ်ပုံတွေနဲ့ ဆယ်လီနာဂိုမက်ဇ်က သယ်ဝိခ်ကန်းဒ်ကို နမ်းနေတဲ့ ဓာတ်ပုံတွေဟာ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့လာခဲ့ပါတယ်။ ဒီလိုဓာတ်ပုံတွေပေါ်ထွက်လာပြီးတဲ့နောက်မှာတော့ နာမည်ကျော်တစ်ဦးဖြစ်တဲ့ ဘယ်လာဟစ်ဒီက ချစ်သူဟောင်းနဲ့ပတ်သက်ပြီး မနာလိုစိတ်ကြောင့် အဆိုပါဖြစ်ရပ်အပေါ် ခံစားနေရတဲ့သူ့ရဲ့မနာလိုမှုနဲ့အတူ အဆင်မပြေတဲ့ ခံစားချက်ကို အများကို ထုတ်ဖော်ပြသတဲ့အနေနဲ့ ယခုလို သူငယ်ချင်းတစ်ဦးလည်းဖြစ်တဲ့ ဆယ်လီနာဂိုမက်ဇ်ရဲ့ အင်စတာဂရမ်စာမျက်နှာကို ဖျက်သိမ်းခဲ့တာဖြစ်ကြောင်းလည်း အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အသက် (၂၀)အရွယ် ဘယ်လာဟစ်ဒီနဲ့ရင်းနှီးသူတစ်ဦးရဲ့ပြောကြားချက်အရ ဘယ်လာအနေနဲ့ ချစ်သူဟောင်းက ယခုလို လျင်လျင်မြန်မြန်ချစ်သူသစ်ရသွားတာနဲ့ပတ်သက်ပြီး အံ့ဩခဲ့ရကြောင်းနဲ့ အဆိုပါဖြစ်ရပ်ဟာ သူ့အတွက် တကယ်ကို နာကျင်ခံစားခဲ့ရကြောင်းလည်း သိရပါတယ်။

ဘယ်လာနဲ့ သယ်ဝိခ်ကန်းဒ်တို့နှစ်ဦးဟာ ချစ်သူသက်တမ်းတစ်နှစ်ကျော်ကြာလက်တွဲ လာခဲ့ပြီးတဲ့နောက် ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းက တရားဝင်လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့ကြတာဖြစ်ပါတယ်။ဒါ့ကြောင့် နှစ်လခန့်ကာလအတွင်း သူ့ရဲ့သူငယ်ချင်းအပေါ် စိတ်ပြောင်းသွားခဲ့တဲ့ သယ်ဝိခ်ကန်းဒ်ကို ဘယ်လာအနေနဲ့ နားမလည်နိုင်ဖြစ်နေခဲ့တာလည်း ဖြစ်ပါတယ်။ ဘယ်လာနဲ့ သယ်ဝိခ်ကန်းဒ်တို့နှစ်ဦးဟာ လမ်းခွဲခဲ့ပြီးတဲ့နောက်မှာလည်း နှစ်ဦးကြားဆက်ဆံရေးဟာ ပြေလည်ခဲ့ပါတယ်။ ပြီးခဲ့တဲ့လအတွင်းကျင်းပခဲ့တဲ့ ဗစ်တိုးရီးယားစီးကရက်ထ်အမှတ် တံဆိပ်အဝတ်အစားတွေအတွက် ဖက်ရှင်ရှိုးပြပွဲမှာ နတ်သမီးဝတ်စုံဝတ်ဆင်ခွင့်ရခဲ့တဲ့ ဘယ်လာဟစ်ဒီနဲ့ အဆိုပါပွဲမှာ ပါဝင်ဖျော်ဖြေခဲ့တဲ့ သယ်ဝိခ်ကန်းဒ်တို့နှစ်ဦး ဖက်ရှင်ပြပွဲစင်မြင့်ပေါ်မှာ ပြန်လည်တွေ့ဆုံခဲ့ကြရာမှာလည်း နှစ်ဦးသား မျက်လုံးတွေနဲ့ စကားပြောခဲ့ကြပါသေးတယ်။ ဒါ့အပြင်သူတို့နှစ်ဦးချစ်သူတွေဖြစ်ခဲ့တဲ့ကာလအတွင်းမှာလည်း ရန်ဖြစ်လိုက်ပြန် ချစ်လိုက်စုံတွဲမို့ ဒီတစ်ခါလမ်းခွဲခဲ့တာဟာလည်း အခိုက်အတန့်သာဖြစ်နိုင်ကြောင်း မီဒီယာတွေရဲ့ ဝေဖန်မှုတွေပေါ်ထွက်ခဲ့ပေမယ့် ယခုအချိန်မှာတော့ သယ်ဝိခ်ကန်းဒ်က ချစ်သူအသစ်ကို ရွေးချယ်သွားခဲ့ပြီဖြစ်ပါတယ်။

ဆယ်လီနာဂိုမက်ဇ်ကတော့ တစ်ချိန်က ကနေဒါလူမျိုးပေါ့ပ်ကြယ်ပွင့် ဂျက်စတင် ဘီဘာနဲ့ ချစ်သူတွေဖြစ်ခဲ့ကြပြီး နှစ်တွေအတော်ကြာလက်တွဲလာခဲ့ပြီးမှ လမ်းခွဲခဲ့ကြတာ ဖြစ်ပါတယ်။ ဂျက်စတင်ဘီဘာနဲ့ လမ်းခွဲပြီးနောက်ပိုင်း ချစ်သူသစ်နဲ့ပတ်သက်ပြီး ကောလာဟလသတင်းအချို့ပေါ်ထွက်ခဲ့ပေမယ့် တရားဝင်လက်တွဲခဲ့ခြင်းမရှိတဲ့ ဆယ်လီနာဟာ လတ်တလောမှာတော့ သယ်ဝိခ်ကန်းဒ်နဲ့ တွဲတာကို တွေ့မြင်ခဲ့ကြရတာဖြစ်ပါတယ်။ အချစ်ရေးနဲ့ ပတ်သက်ပြီး လတ်တလောအချိန်အထိတရားဝင် ထုတ်ဖော်ပြောကြားခြင်း မရှိသေးတဲ့ ဆယ်လီနာဂိုမက်ဇ်နဲ့ သယ်ဝိခ်ကန်းဒ်တို့ရဲ့ ဇာတ်လမ်းဟာလည်း လတ်တလောမှာတော့ ဟောလိဝုဒ်ရဲ့ စိတ်ဝင်စားစရာ အကောင်းဆုံး ဇာတ် လမ်းတစ်ပုဒ်ဖြစ်နေပါတယ်။

# အငြင်းအခုံတွေအကြားက ဒရိတ်ခ်နဲ့ ဂျနီဖာလိုပက်ဇ်

ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းက ပေါ်ထွက်လာခဲ့တဲ့ ဂီတကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဂျနီဖာလိုပက်ဇ်နဲ့ ဒရိတ်ခ်တို့ရဲ့ အချစ်ရေးဟာ အဆင်ပြေလျက်ရှိပေမယ့် မိသားစုတစ်ခုစတင်ဖို့ ဆွေးနွေးခဲ့ကြရာမှာတော့ အငြင်းအခုံတွေဖြစ်လာကြောင်း အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

မကြာသေးမီကမှ ဟောလိဝုဒ်ရဲ့ လမ်းတွေပေါ်မှာ ပျော်ရွှင်နေတာ မြင်တွေ့နေခဲ့ရတဲ့သူတို့နှစ်ဦးဟာ ရင်သွေးယူဖို့ကိစ္စတိုင်ပင်ခဲ့ကြရာမှာတော့ သဘောထားတွေကွဲပြားခဲ့ကြတာဖြစ်ပါတယ်။ ဒရိတ်ခ်ကမကြာမီအချိန်အတွင်းမှာ မိသားစုဘဝတစ်ခုတည်ထောင်ပြီး ရင်သွေးလေးမွေးဖွားစေလိုပေမယ့် ဂျနီဖာလိုပက်ဇ်ကတော့ သူ့အနေနဲ့ အဆင်သင့်မဖြစ်သေးကြောင်း ဆင်ခြေပေးခဲ့တာဖြစ်ပါတယ်။

ဂျနီဖာနဲ့ ရင်းနှီးသူတစ်ဦးရဲ့ ပြောကြားချက်အရ သူဟာ ယခင်အိမ်ထောင်က ခင်ပွန်းသည်ဟောင်းမက်ခ်အန်ထော်နီနဲ့ အမွှာရင်သွေးနှစ်ဦး ရရှိထားပြီးဖြစ်တဲ့အတွက် ဒရိတ်ခ်နဲ့နောက်ထပ် သား၊သမီးမလိုချင်သေးတာ ဖြစ်ကြောင်းလည်း သိရပါတယ်။

ဒါ့အပြင် ဂျနီဖာလိုပက်ဇ်နဲ့ ဒရိတ်ခ်တို့ရဲ့အချစ်ရေးမှာ အနှောင့်အယှက်ဖြစ်ခဲ့ရတဲ့ အခြားသောပြဿနာတစ်ရပ်လည်း ရှိနေသေးပါတယ်။ ဒါကတော့ ဂျနီဖာလိုပက်ဇ်ရဲ့ ချစ်သူဟောင်း ကတ်စပါစမတ်ထ်ပါ။ သူက ဂျနီဖာရဲ့အချစ်သစ်ကို အဆုံးသတ်သွားစေလိုတဲ့အတွက် သူ့ဆီကို ဖုန်းဆက်ကာနှောင့်ယှက်နေတာကြောင့် ချစ်သူနှစ်ဦးအကြား တစ်ခါတလေကတောက်ကဆဖြစ်ခဲ့ရသည်များလည်း ရှိခဲ့ပါတယ်။


ဒီလို အငြင်းအခုံတွေကြားက ဒရိတ်ခ်ဟာ ဂျနီဖာလိုပက်ဇ်ရဲ့ ဖခင်ဖြစ်သူနဲ့မကြာသေးမီက တွေ့ဆုံခွင့်ရခဲ့ပြီး ဖခင်ဖြစ်သူရဲ့ ထောက်ခံမှုကို ရရှိခဲ့ပါတယ်။ ဒီလိုတွေ့ဆုံခဲ့ရာမှာ ဒရိတ်ခ်က ဂျနီဖာရဲ့ဖခင်ကို သူဟာ ဂျနီဖာကို ဘယ်တော့မှ နာကျင်ခံစားရအောင်လုပ်မှာ မဟုတ်ကြောင်း ကတိတွေပေးခဲ့တယ်လို့လည်း သိရပါတယ်။




# သူဘယ်သူလဲ လင်ဆေးလိုဟန်

ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ လင်ဆေးလိုဟန်ဟာ မကြာသေးမီက အမျိုးသားတစ်ဦးနဲ့အတူ ရိုက်ကူးထားတဲ့ဓာတ်ပုံတွေပေါ် ထွက်လာခဲ့ပြီး အဆိုပါဓာတ်ပုံတွေမှာ သာမန်ထက်ရင်းနှီးလွန်းတဲ့ သူတို့နှစ်ဦးရဲ့ဆက်ဆံရေးကို တွေ့မြင်ခဲ့ရတာကြောင့် အဆိုပါဓာတ်ပုံမှာ လင်ဆေးလိုဟန်နဲ့အတူ ပါဝင်နေတဲ့ အမျိုးသားဟာ ဘယ်သူဖြစ်မလဲဆိုတဲ့ မေးခွန်းတွေဟာ ဟောလိဝုဒ်မီဒီယာတွေအကြား စိတ်ဝင်စားစရာကိစ္စတစ်ရပ်အဖြစ် ပေါ်ထွက်လာခဲ့ပါတယ်။

မကြာသေးမီကလည်း လင်ဆေးလိုဟန်ဟာ သူ့ရဲ့လူမှုကွန်ရက်မီဒီယာတွေဖြစ်တဲ့ အင်စတာဂရမ်နဲ့ တွစ်တာစာမျက်နှာတွေမှာ ယခင်က ဖော်ပြခဲ့တဲ့ ဓာတ်ပုံတွေအားလုံးကို ဖျက်သိမ်းခဲ့ပါတယ်။ အဲဒီနောက်ရက်အနည်းငယ်အကြာမှာတော့ ယခုလို အမျိုးသားတစ်ဦးနဲ့အတူ ရိုက်ကူးထားတဲ့ဓာတ်ပုံတွေကို ဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒီလို လူမှုကွန်ရက်မီဒီယာတွေပေါ်က ဓာတ်ပုံတွေအကုန်လုံးကို ဖျက်ပစ်ခဲ့တာနဲ့ ပတ်သက်ပြီး လင်ဆေးလိုဟန်က သူ့ရဲ့ဘဝ




စာမျက်နှာသစ်ကို ဖွင့်လှစ်လိုတဲ့အတွက် ယခုလို ပြုလုပ်ခဲ့ရခြင်းဖြစ်ကြောင်းလည်း ဖွင့်ဟခဲ့ပါတယ်။ ■

# လာမယ့်ရာသီ အာဆင်နယ် နည်းပြဘယ်သူလဲဆိုသည့်ကိစ္စထက် သွင်းဂိုးများပိုမိုသွင်းယူနိုင်ရန်သာ အိုဇေးလ် စိတ်ဝင်စားသင့်ဟု နည်းပြ ဝင်းဂါးပြောကြား

အာဆင်နယ်နည်းပြ ဝင်းဂါးက အိုဇေးလ်အနေဖြင့် စာချုပ်ကိစ္စထက် ပွဲချိန်အတွင်း ယခုထက် အာရုံစိုက်ကာ သွင်းဂိုးများ ပိုမိုသွင်းယူနိုင်ရန် ကြိုးပမ်းသင့်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။ အိုဇေးလ်က ၎င်းစာချုပ်သစ် လက်မှတ်မရေးထိုးသည့် တစ်ခုတည်းသောအကြောင်းတရားမှာ လာမည့်ရာသီ အာဆင်နယ်နည်းပြ ဘယ်သူလဲဆိုတာ တိတိကျကျ မသိရသေးသောကြောင့်သာဖြစ်ကြောင်း ယခု ရက်သတ္တပတ်အစောပိုင်းက ဆိုခဲ့ရာ ဝင်းဂါးက အိုဇေးလ်၏ စကားအတွက် စိတ်အနှောင့်အယှက်ဖြစ်နေပြီး အထက်ပါအတိုင်း တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

ဝင်းဂါးက"သူ့(အိုဇေးလ်)အနေနဲ့ သူဘာလုပ်ရမလဲဆိုတာနဲ့ သူဘာတွေလုပ်နေတယ်ဆိုတာ နှစ်ရပ်ကြားခြားနားမှုတွေ ဖြစ်နေတာပါ။ ဒါကြောင့် ကျွန်တော့်ဘက်ကတော့ သူ့ဆီက သွင်းဂိုးတွေသာ ပိုလိုအပ်နေတယ်လို့ ပြောချင်ပါတယ်။ သူ့လို စွမ်းရည်မျိုးနဲ့ဆို ဘယ်လို ကန့်သတ်ချက်မှ ရှိနေစရာ အကြောင်းမှ မရှိတာဗျာ" ဟု ပြောကြားခဲ့သည်။



အာဆင်နယ်နှင့် ဝင်းဂါးတို့ လက်ရှိ ချုပ်ဆိုထားသည့် စာချုပ်မှာ ယခုနှစ်ရာသီအကုန် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပြီး လာမည့်ရာသီ အာဆင်နယ်၏ နည်းပြအဖြစ် ဝင်းဂါးပင် ဆက်ရှိမလား(သို့မဟုတ်) အခြားနည်းပြသစ်ဖြစ်လာမည်လားဆိုသည်ကို ယခုထိ ကွဲကွဲပြားပြား မသိရသေးဘဲရှိနေသည်။ ဝင်းဂါးက အာဆင်နယ်နှင့် အနာဂတ်ကို နွေဦးကာလနောက်ပိုင်းမှသာ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း အတိအလင်း ကြေညာထားပြီးဖြစ်သည်။ သို့သော် အခြားတစ်ဖက်တွင်လည်း ဂျူဗင်တပ်နည်းပြ အယ်လီဂရီ၊ အက်သလက်တီကို နည်းပြ ဆီမြွန်နီ၊ ပီအက်စ်ဂျီနည်းပြ ဘလန့်တို့က ဝင်းဂါးနေရာ ဆက်ခံမည့် နည်းပြလောင်းများအဖြစ် ရေပန်းစားနေခြင်းကြောင့် အိုဇေးလ်က အာဆင်နယ်နည်းပြသစ် ဘယ်သူဖြစ်လာမလဲဆိုသည်ကို တိတိကျကျသိမှသာ စာချုပ်သစ် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း အကြောင်းပြချက်ပေးခဲ့ခြင်းဖြစ်သည်။

အိုဇေးလ်က ဝင်းဂါးမှာ သူ့အား အာဆင်နယ်သို့ ခေါ်ယူခဲ့သည့် နည်းပြဖြစ်ခြင်းကြောင့် သူနှင့် အာဆင်နယ် အနာဂတ်ဆက်ရှိ မရှိဆိုသည်မှာ ဝင်းဂါး၏ အနေအထား အပေါ် အလုံးစုံ မှီတည်နေကြောင်း ဆိုခဲ့သည်။ အာဆင်နယ်အသင်းသည် ယခုဇန်နဝါရီ စျေးကွက်ဖွင့်လှစ်ချိန်အတွင်း ကစားသမားသစ်ခေါ်ယူရေးထက် လက်ရှိကစားသမားများ သက်တမ်းတိုးရေး ဦးစားပေးဆောင်ရွက်မည်ဟု ဆိုခဲ့သည့်အတိုင်း ပြီးခဲ့သည့်ရက်ပိုင်းကပင် ဂီရော့ဒ်၊ ကိုကွီလင်နှင့် ကိုစီယယ်နီတို့သုံးဦးကို သက်တမ်းတိုး စာချုပ်များ ချုပ်ဆိုနိုင်ခဲ့သော်လည်း အသင်း၏ စူပါစတား ကစားသမားနှစ်ဦးဖြစ်သည့် ဆန်းချက်ဇ်နှင့် အိုဇေးလ်တို့ နှစ်ဦး၏ စာချုပ်သက်တမ်းတိုးရေးမှာ ကြန့်ကြာနေဆဲပင်ဖြစ်သည်။

**မေလဲ့သင်း - ရေးသားသည်**

## ဇန်နဝါရီ ၁၄ ရက် အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ်-၂၁**

| | | | | |
|---|---|---|---|---|
| စပါး | ၄ | - | ၀ | ဝက်စ်ဘရွန်း |
| ဘန်လေ | ၁ | - | ၀ | ဆောက်သမ်တန် |
| ဟားလ်စီးတီး | ၃ | - | ၁ | ဘုန်းမောက် |
| ဆန်းဒါးလန်း | ၁ | - | ၃ | စတုတ်စီးတီး |
| ဆွမ်ဆီး | ၀ | - | ၄ | အာဆင်နယ် |
| ဝက်ဖို့ဒ် | ၀ | - | ၀ | မစ်ဒယ်ဘရော့ |
| ဝက်စ်ဟမ်း | ၃ | - | ၀ | ခရစ္စတယ်ပဲလေ့စ် |

**လာလီဂါ ပွဲစဉ်-၁၈**

| | | | | |
|---|---|---|---|---|
| လီဂါနက်စ် | ၀ | - | ၀ | ဘီဘာအို |

## ဇန်နဝါရီ ၁၄ ရက် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၂၁**

| | |
|---|---|
| အဲဗာတန် - မန်စီးတီး | ည-၈း၀၀ |
| မန်ယူ - လီဗာပူး | ည-၁၀း၃၀ |

**လာလီဂါ ပွဲစဉ် - ၁၈**

| | |
|---|---|
| ဗလင်စီယာ - အက်စ်ပန်ညို | ညနေ-၅း၃၀ |
| ဆယ်တာဗီဂို - အလာဗက်စ် | ည-၉း၄၅ |
| စပို့တင်းဂီဂျွန် - အီဘာ | ည-၁၂း၀၀ |
| ဂရန်နာဒါ - အိုဆာဆူနာ | ည-၁၂း၀၀ |
| ဆီဗီလာ - ရီးယဲလ်မက်ဒရစ် | နံနက်-၂း၁၅ |

**စီးရီးအေ ပွဲစဉ် - ၂၀**

| | |
|---|---|
| ကက်ကလီယာရီ - ဂျီနိုအာ | ည-၆း၀၀ |
| လာဇီယို - အတ္တလန္တာ | ည-၈း၃၀ |
| ဆမ်ဒိုးရီးယား - အမ်ပိုလီ | ည-၈း၃၀ |
| ဆာဆူအိုလို - ပါလာမို | ည-၈း၃၀ |
| နာပိုလီ - ပက်စ်ကာရာ | ည-၈း၃၀ |
| အူဒီးနီးစ် - ရိုးမား | ည-၈း၃၀ |
| ဖီအိုရင်တီးနား - ဂျူဗင်တပ် | နံနက်-၂း၁၅ |


**မောင်မောင်ဇော်**

# ခရစ္စတယ်ပဲလေ့စ်သို့ ပြောင်းရွှေ့ရန် အီဗရာ သဘောတူခဲ့ပြီ

မန်ယူနောက်ခံလူဟောင်း အီဗရာသည် ပရီမီယာလိဂ်ကလပ် ခရစ္စတယ်ပဲလေ့စ်သို့ ပြောင်းရွှေ့ရန် သဘောတူညီလိုက်ပြီဖြစ်ရာ ယခုရက်သတ္တပတ်အတွင်း စောနိုင်သမျှ စောစော အီဗရာနှင့် ပဲလေ့စ်တို့ စာချုပ်လက်မှတ်ရေးထိုးသွားရန် ရှိနေကြောင်း သိရသည်။အီဗရာက အစောပိုင်းတွင် အသင်းဟောင်း မန်ယူသို့ ပြန်လည်ပြောင်းရွှေ့ရန် ချိတ်ဆက်ခဲ့သေးသော်လည်း နည်းပြမော်ရင်ဟိုက အသက်အရွယ်ကြီးရင့်နေပြီဖြစ်သည့် အီဗရာထက် အခြား လူငယ်ခံစစ်သမားတစ်ဦးကိုသာ ခေါ်ယူရန် ဆန္ဒရှိခဲ့ခြင်းကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းသို့သာ ပြောင်းရွှေ့ခဲ့ရခြင်းဖြစ်သည်။

အီဗရာသည် လွန်ခဲ့သည့်နှစ်နှစ်ခွဲကာလတွင် မန်ယူမှ စီးရီးအေကလပ် ဂျူဗင်တပ်သို့ ပြောင်းရွှေ့သွားပြီး ယခုနှစ် ရာသီအတွင်း ပွဲထွက်ခွင့် ပျောက်ဆုံးနေသူဖြစ်သည်။ အီဗရာက ၎င်းစာချုပ်သက်တမ်းကုန်ဆုံးမည့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဂျူဗင်တပ်မှ ထွက်ခွာတော့မည်ဟု ပြောကြားထားသော်လည်း ဂျူဗီဘက်ကမူ ဇန်နဝါရီ စျေးကွက်ကာလအတွင်း အသင်းမှ ထွက်ခွာခွင့်ပြုလိုက်ခြင်းဖြစ်သည်။

၎င်းကို လာလီဂါကလပ် ဗလင်စီယာအသင်းကလည်း ခေါ်ယူရန် ဆက်သွယ်ခဲ့သေးပြီး ကာယကံရှင်ကိုယ်တိုင်ကမူ အောင်မြင်မှုအကြီးအကျယ် ရရှိခဲ့သည့် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ရန် စိတ်အားထက်သန်မှုရှိခြင်းကြောင့် ခရစ္စတယ်ပဲလေ့စ် အသင်းကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ခရစ္စတယ်ပဲလေ့စ် မန်နေဂျာ ဆမ်အလာဒိုက်စ်က အီဗရာ၏ ပရီမီယာလိဂ် အတွေ့အကြုံ ကြွယ်ဝမှုက တုန်းဆင်းဇုန်နှင့် နီးကပ်နေသည့် ခရစ္စတယ်ပဲလေ့စ်အသင်းကို ထောက်ကူပြုနိုင်မည်ဟု ယုံကြည်ကြောင်း ဆိုသည်။



# ဒီပိုင်းကို ခေါ်ယူလိုသည့် ပြိုင်ပွဲအတွင်း ပီအက်စ်ဂျီ ဝင်ရောက်လာ



မန်ယူတောင်ပံတိုက်စစ်မှူး ဒီပိုင်းကို အလိုရှိနေတဲ့ အသင်းများကြား ပြင်သစ်ပထမတန်း ကလပ် ပီအက်စ်ဂျီအသင်းပါ ဝင်ရောက်လာပြီး ပီအက်စ်ဂျီအသင်းသည် လွန်ခဲ့သည့် နှစ်နှစ်ခန့်ကပင် ဒီပိုင်းကို ခေါ်ယူရန် ကြိုးပမ်းခဲ့ဖူးကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။

ဒီပိုင်းမှာ မန်ယူနည်းပြ မော်ရင်ဟိုလက်အောက်တွင် ကစားခွင့်ပျောက်ဆုံးနေခြင်းကြောင့် ဇန်နဝါရီ စျေးကွက်ကာလအတွင်း အသင်းပြောင်းရွှေ့ရန် သေချာနေပြီဖြစ်သည်။ ပီအက်စ်ဂျီအသင်းသည် လွန်ခဲ့သည့် နှစ်နှစ်တာ ကာလကပင် ဒီပိုင်းကိုခေါ်ယူရန် ကြိုးပမ်းခဲ့သေးပြီး ကာယကံရှင်ကိုယ်တိုင်က မန်ယူကိုရွေးချယ်ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သို့သော် ယခုတစ်ကြိမ်တွင်မူ ပီအက်စ်ဂျီနည်းပြ အမ်မရီ၏ ဆန္ဒထက် အားကစားဒါရိုက်တာ ကလွိုက်ဗက်၏ တိုက်တွန်းချက်ကြောင့် ပီအက်စ်ဂျီက ဒီပိုင်းရရှိရေး ကြိုးပမ်းလာခြင်း ဖြစ်သည်။ ကလွိုက်ဗက်သည် နယ်သာလန်လက်ထောက်နည်းပြအဖြစ် တာဝန်ယူခဲ့ဖူးသူဖြစ်ရာ ဒီပိုင်းကို ပါရမီရှင်ကစားသမားအဖြစ် အသိအမှတ်ပြုထားသောကြောင့် ခေါ်ယူရန် တိုက်တွန်းထားခြင်းဖြစ်သည်။

# ပေါ့ဘာမှာ မန်ယူအသင်းအနာဂတ် အသင်းခေါင်းဆောင်ဟု မော်ရင်ဟို ယုံကြည်

ပေါ့ဘာမှာ ခေါင်းဆောင်တစ်ဦးဖြစ်မည့် စရိုက်လက္ခဏာ ရှိသူဖြစ်သောကြောင့် အနာဂတ် တစ်ချိန်ချိန်တွင် မန်ယူအသင်းခေါင်းဆောင်လက်ပတ်ကို ဆင်မြန်းရမည့်သူဟု မန်ယူနည်းပြမော်ရင်ဟိုက ယုံကြည်သည်။ ပေါ့ဘာမှာ ပြီးခဲ့သည့် နွေစျေးကွက်အတွင်း မန်ယူသို့ ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး တစ်ရပ်ဖြင့် ရောက်ရှိလာခဲ့ပြီး နောက်ရာသီအစတွင် ခြေစွမ်း မပြသနိုင်သဖြင့် ဝေဖန်မှုများခံခဲ့ရသေးသည်။ သို့သော် လက်ရှိ အခြေအနေတွင် အကောင်းဆုံး ခြေစွမ်းတစ်ရပ်ကို ပြသပြီး အဆိုပါ ဝေဖန်မှုများကို ချန်ထားခဲ့နိုင်ပြီ ဖြစ်သည်။



မော်ရင်ဟိုက " ပေါ့ဘာက ရည်မှန်းချက်ကြီးတယ်။ လွှမ်းမိုးဆွဲဆောင်နိုင်စွမ်းရှိတယ်။ စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်သလို ပရော်ဖက်ရှင်နယ် ပီသသူလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် သူ့မှာ ခေါင်းဆောင်ဖြစ်နိုင်တဲ့ အရည်အချင်းတွေ ရောပြွန်းနေတယ်လို့ ဆိုရပါမယ်" ဟု ပြောကြား ခဲ့သည်။

# မက်ဆီနှင့် ပတ်သက်၍ မှတ်ချက်ပြုခဲ့သည့် ဒါရိုက်တာတစ်ဦးကို ဘာစီလိုနာ ထုတ်ပယ်

ဘာစီလိုနာအသင်းသည် ကလပ်အသင်း၏စူပါစတား မက်ဆီနှင့် ပတ်သက်၍ မှတ်ချက်စကားဆိုခဲ့သည့် ဒါရိုက်တာ ပီရီ ဂရာတာကော့စ်ကို ရာထူးမှ ထုတ်ပယ်လိုက်ပြီဖြစ်သည်။ ဂရာတာကော့စ်က မက်ဆီမှာ အကောင်းဆုံးကစားသမားတစ်ဦးဖြစ်သော်လည်း အင်နီယေစတာ၊ နေမာတို့ကဲ့သို့ အသင်းဖော်ကောင်းများ မရှိလျှင် လက်ရှိမက်ဆီ ဖြစ်လာမည်မဟုတ်ကြောင်း မှတ်ချက်ပြုခဲ့ပြီးနောက် နာရီပိုင်းအကြာမှာပင် လက်ရှိရာထူးမှ ထုတ်ပယ်ခံလိုက်ရခြင်းဖြစ်သည်။

ဂရာတာကော့စ်က" မက်ဆီက ကစားသမားကောင်းတစ်ဦး ဖြစ်ပါတယ်။ ဒါပေမယ့် ဘာစီလိုနာအသင်းမှာ နေမာ၊ ဆွာရက်ဇ်၊ ပီကေး၊ အင်နီယေစတာတို့လို ကစားဖော်တွေမရှိဘူးဆိုရင်သူလည်း ဒီလိုနေရာမျိုးရောက်လာမှာ မဟုတ်ပါဘူး"ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂရာတာကော့စ်သည် လေ့ကျင့်ရေးနှင့် ပညာရေး ဒါရိုက်တာတစ်ဦးဖြစ်ပြီး နာမည်ကျော် လူငယ်အကယ်ဒမီ လာမာစီယာ၏ အရေးကြီးသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။သို့သော်ဘာစီလိုနာအသင်းသည် မက်ဆီအပေါ် မည်မျှတန်ဖိုးထားသည်ကို သိရှိစေချင်သဖြင့် ဂရာတာကော့စ်အား ရာထူးမှ ထုတ်ပယ်လိုက်ခြင်းဖြစ်ကြောင်း စပိန်အားကစား မီဒီယာများက သုံးသပ်ကြသည်။

# ကျောက်တစ်လုံး လျှပ်စစ်မြစ်ရေတင်မှ နွေသီးနှံများရေပေးဝေနိုင်ရေးဆောင်ရွက်

**ငါန်းဇွန် ဇန်နဝါရီ ၁၄**
မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ကျောက်တစ်လုံးလျှပ်စစ်မြစ်ရေတင်သည် စိုက်ပျိုးရေးအတွက် အရေးပါသောလုပ်ငန်းဖြစ်ပြီး မိုးသီးနှံအပြီး နွေသီးနှံအတွက် ရေပေးဝေနိုင်ရန် မန္တလေးတိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျောက်တစ်လုံး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် မန္တလေးတိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် ရေတင်စက်များ၊ လျှပ်စစ်ပိုင်းဆိုင်ရာများကို ပြုပြင်လျက်ရှိသည်။ ထို့ပြင် ရေစီးရေလာကောင်းမွန်စေရန်အတွက် ကျောက်ကြီးလိုင်နင်စီခြင်း၊ ရေထုတ်ပေါက်များပြုပြင်ခြင်း၊ ရေတံခါးများပြုပြင်ခြင်း၊ ရေပေးအဆောက်အအုံ ပြုပြင်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

မြစ်ရေတင်လုပ်ငန်းများ လည်ပတ်နိုင်စေရေးအတွက် အဓိကဖြစ်သည့် စက်မှု၊ လျှပ်စစ်နှင့် မြို့ပြပိုင်းဆိုင်ရာ လုပ်ငန်းများကို ပုံမှန်ပြုပြင်ထိန်းသိမ်းမှသာလျှင် ရေပေးဝေရေးလုပ်ငန်း ရေရှည်လည်ပတ်လုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်းကို မြင်းခြံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခိုင်မင်းထံမှ သိရသည်။

ကျောက်တစ်လုံး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ကျောက်တစ်လုံး၊ ကံရွာ၊ ထမင်းဆိုင်၊ ဘုရားထူး၊ ရွာသစ်၊ ထန်းဇင်လှ၊ ရွာလှကုန်း စသည့်ကျေးရွာများအတွက် စိုက်ပျိုးရေသာမက သောက်သုံးရေအတွက်ပါ အကျိုးပြုနေသော လုပ်ငန်းကြီးဖြစ်သည်။ ယခုနှစ် မိုးသီးနှံရာသီတွင် စပါး ၅၁၆ ဧကနှင့် အခြားသီးနှံ ၈၇ ဧက စုစုပေါင်း ၆၀၃ ဧကကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**





## ဆိပ်ဖြူမြို့နယ်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ဆိပ်ဖြူ ဇန်နဝါရီ ၁၄**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းကို ဇန်နဝါရီ ၁၀ ရက် မွန်းလွဲပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပတ္တမြားဈေး၌ ဆောင်ရွက်ခဲ့သည်။

ပူပြင်းခြောက်သွေ့သောရာသီသို့ ရောက်ရှိလာသည်ဖြစ်၍ ဒေသခံပြည်သူများအတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ဆုံးရှုံးမှုမရှိစေရေး၊ မီးဘေးအန္တရာယ်ကင်းဝေးစေရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာများ သိရှိလိုက်နာဆောင်ရွက်တတ်စေပြီး အရေးပေါ်အခြေအနေ ကြုံတွေ့လာပါက လက်တွေ့ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးအောင်ဇော်လင်းဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းမြင့်ဝင်း၊ မြို့မစခန်းမှူး ဒုရဲမှူး မြင့်အောင်ထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစန်းဦးနှင့်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဇံနှင့်ဝန်ထမ်းများက သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြခြင်းကို မြို့နယ်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်မြင့်နှင့် ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံရပ်မိရပ်ဖများ၊ ဈေးသူ၊ ဈေးသားများ တက်ရောက်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ဈေးအတွင်းသို့လှည့်လည်ကြည့်ရှုကာ စည်းကမ်းများနှင့်အညီ စနစ်တကျသန့်ရှင်းသပ်ရပ်စွာ ရောင်းချသွားရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး နည်းလမ်းများနှင့် မီးသတ်ဆေးဘူးများ ထားရှိရေးတို့ကို လိုက်နာကြရန် တိုက်တွန်းပြောကြားခဲ့သည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

## ကျေးရွာအုပ်စုများမှ ထွက်ကုန်များ အဆင်ပြေချောမွေ့စွာ တင်ပို့နိုင်

**ကနီ ဇန်နဝါရီ ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် လမ်း တံတား၊ သောက်သုံးရေရရှိရေးနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကနီမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ဆောင်ရွက်ပြီးစီးမှုများကို ယင်းမာပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်စင်စိုးနှင့်အဖွဲ့က ဇန်နဝါရီ ၁၀ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ကနီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော သခွတ္တနယ်-ဘုရားကြီး-ပျဉ်တော-တပုန်းလမ်းပိုင်းမှ ပျဉ်တော-တပုန်းလမ်းတစ်မိုင် ကျောက်ချောခင်းခြင်းလုပ်ငန်း၊ ယင်းလမ်းပိုင်းပေါ်ရှိ မူလဘတ်ဂျက်နှင့် မွမ်းမံခွင့်ပြုငွေများဖြင့် ဆောင်ရွက်ထားသော (Box Culvert) နှစ်စင်း ဆောင်ရွက်ထားရှိမှုများ စစ်ဆေးဆောင်ရွက်ခဲ့သည်။ ယင်းနောက် ကနဲ-မိုးကောင်း-ဝင်မနားလမ်းပိုင်းတွင် မူလခွင့်ပြုငွေဖြင့် ဆောင်ရွက်ထားသော (Box Culvert) နှစ်စင်းနှင့် မွမ်းမံခွင့်ပြုငွေဖြင့် ဆောင်ရွက်ထားသော (Box Culvert) တစ်စင်းတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ သခွတ္တနယ်-ဘုရားကြီး-ပျဉ်တော-တပုန်းလမ်းပိုင်းနဲ့ ကနဲ-မိုးကောင်း-ဝင်မနား လမ်းအပိုင်းများ ဆောင်ရွက်ပြီးစီးသွားရင် ချင်းတွင်းမြစ် မြောက်ဘက်အခြမ်းက ကျွန်းပင်အိုင်၊ ဝင်မနား၊ တပုန်း၊ ပျဉ်တော၊ တပေါင်းနဲ့ မိုးကောင်းကျေးရွာအုပ်စုတွေက ထွက်ကုန်တွေ အဆင်ပြေချောမွေ့စွာ တင်ပို့နိုင်ပြီး မိုးတွင်းမှာပါ အဆင်ပြေစွာ ရောင်းဝယ်ဖောက်ကားလာနိုင်မှာ ဖြစ်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

**သန်းဌေးအောင်(ကနီ)**

## ဓာတ်တိုင်နှင့် သစ်ပင်များတွင် ကြော်ငြာများ စည်းကမ်းမဲ့ချိတ်ဆွဲ

**ရန်ကုန် ဇန်နဝါရီ ၁၄**
ပွင့်လင်းခြောက်သွေ့သောရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် ဇာတ်ပွဲနှင့် အခြားကြည့်ချင်ပွဲများ ရုံဝင်ကပြလာကြရာ ပွဲငှားကန်ထရိုက်အချို့က ရုံဝင်ပရိသတ်များစေရန် ကြော်ငြာပိုစတာများအား လမ်းဆုံလမ်းခွရှိ ဓာတ်တိုင်နှင့် သစ်ပင်များတွင် စည်းကမ်းမဲ့ ချိတ်ဆွဲကြော်ငြာနေမှုတို့ကို မြင်တွေ့ရသည်။

"ဒီရာသီက ဇာတ်ပွဲရာသီဆိုတော့ မြို့နယ်အသီးသီးက ဓာတ်တိုင်တွေ၊ သစ်ပင်တွေမှာ ဇာတ်ပွဲကြော်ငြာတွေကို အများဆုံးမြင်တွေ့နေရတယ်။ ပွဲငှားကန်ထရိုက်တွေက စီးပွားရေးအရ လုပ်ဆောင်ကြတယ်ဆိုပေမယ့် ဇာတ်ပွဲပြီးသွားရင် ပြန်လည်ဖြုတ်သိမ်းမသွားကြဘူး။ စည်ပင်သာယာက လိုက်လံဖြုတ်သိမ်းနေပေမယ့် နောက်ဇာတ်ပွဲတစ်ခုကြော်ငြာက ရောက်လာတော့ စည်းကမ်းမဲ့ ကြော်ငြာသံသရာလည်နေတာပေါ့" ဟု ဒေသခံတစ်ဦးက ပြောသည်။

ယခုရာသီသည် ဘုရား၊ ပုထိုး စေတီများ၊ ဗုဒ္ဓပူဇနိယပွဲတော်ပြုလုပ်သည့် အခါသမယဖြစ်သောကြောင့် ပွဲငှားကန်ထရိုက်များက ဇာတ်ပွဲများငှားရမ်းပြီး ဘုရားပွဲတော်တွင် ရုံဝင်ကပြစေရာ မှန်းချက်နှင့်နှမ်းထွက်ကောင်းစေရေးအတွက် ကြော်ငြာများအား အများမြင်နိုင်စေမည့် ဓာတ်တိုင်နှင့် သစ်ပင်များတွင် ချိတ်ဆွဲကြော်ငြာရခြင်းဖြစ်သည်ဟု ဆိုသည်။ အလားတူ အနီးဝန်းကျင် ရပ်ကွက်များ၊ ဆက်စပ်မြို့နယ်များနှင့် လူစည်ကားသည့်ဈေးများတွင် ကြော်ငြာကားလှည့်ရသည်ဟု ဆိုသည်။

**မောင်သုည**

## မြောင်းဦးကျေးရွာ၌ သန့်ရှင်းသောသောက်သုံးရေရရှိရေး တွင်းနက်စက်ရေတွင်းတူးဖော်

**စေတုတ္တရာ ဇန်နဝါရီ ၁၄**
မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သောက်သုံးရေခက်ခဲသော မြောင်းဦးကျေးရွာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သည့် အနက်ပေ ၇၀၀ တွင်းနက်တူးဖော်ခြင်းလုပ်ငန်းအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးစစ်ဆေးရေးကော်မတီဝင်များ၊ မြို့နယ်ကျေးလက်ဦးစီးမှူးနှင့် တာဝန်ယူတူးဖော်နေသည့်ကုမ္ပဏီမှ တာဝန်ရှိသူများက ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် စက်ရေတွင်းတူးဖော်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါမြောင်းဦးကျေးရွာသည် အိမ်ထောင်စု ၁၃၂စု၊ လူဦးရေ ၅၇၃ ဦးနေထိုင်လျက်ရှိပြီး သောက်သုံးရေရရှိရေးအတွက် တောင်ကျချောင်းရေနှင့် စိမ့်စမ်းရေကို အားထားအသုံးပြုနေရလျက်ရှိရာ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် တွင်းနက်စက်ရေတွင်း တူးဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

## ယာဉ်စည်းကမ်း လမ်းစည်းကမ်း မူခင်းကျဆင်းရေးဟောပြော


**မိတ္ထီလာ ဇန်နဝါရီ ၁၄**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကညနယာဉ်မောင်းသင်တန်းကျောင်းတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောဆောင်ရွက်ခြင်းများကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁၂ နာရီခွဲက ကျင်းပရာ မိတ္ထီလာမြို့မ ရဲစခန်းမှူး ဒုရဲမှူး ခင်မောင်စိုးနှင့် ယာဉ်ထိန်း တပ်ဖွဲ့စုမှူး ဒုရဲမှူးမြင့်စိုးတို့က အသိပညာပေးဟောပြောပြီး ယာဉ်မောင်းသင်တန်းတွင် သင်တန်းသား ၁၉၂ ဦး တက်ရောက်ခဲ့သည်။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် အထက(၅) မိတ္ထီလာ၌ မူခင်းအသိပညာပေးဟောပြောခြင်းကို မိတ္ထီလာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးညွန့်ထွန်းက ကျောင်းသား ကျောင်းသူများအား မူခင်းအသိပညာပေးခြင်းနှင့် ပတ်သက်၍ မူခင်းဖြစ်ပွားပုံ၊ မူခင်းအလိုက် ဖြစ်စဉ်များနှင့် ပြစ်ဒဏ်များကို ရှင်းလင်းဟောပြောရာ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ၄၂၀ တက်ရောက်ခဲ့ကြောင်းသိရသည်။

**(၁၀၇)**
















# အလံရှိရထား တင့်တယ် ပညာရှိယောကျ်ား ဝင့်ထည်

ulklifo

အနောက်ဥရောပဒေသရှိ နယ်သာလန်နိုင်ငံ၌ ရထားများအားလုံးကို လေစွမ်းအင် အသုံးပြု၍ မောင်းနှင်နိုင်ပြီဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ကြားသိရလေသောအခါ သဘာဝပတ်ဝန်းကျင်မပျက် လူသားတို့ ခရီးဆက်ကြရမည်ဟူသော အသိတရားကို သတိထားကာ ထိန်းသိမ်းစောင့်ရှောက်ကြဖို့ ပြည်သူတို့အား တိုက်တွန်းနှိုးဆော်လိုသော စေတနာဗရပွဖြင့် ဤဆောင်းပါးကို ရေးသားတင်ဆက်ရန် အကြောင်းဖန်ခဲ့လေ၏။

နယ်သာလန်နိုင်ငံ၌ ဇန်နဝါရီ ၁ ရက်မှစ၍ ရထားများအားလုံးကို လေစွမ်းအင်မှ ထုတ်ယူသော လျှပ်စစ်ကို ရာနှုန်းပြည့် သုံးစွဲကာ ခုတ်မောင်းလျက်ရှိသည်ဟု နီဒါလန်စီ စပူဝေဂွန် (ဒတ်ချ်ရထားလုပ်ငန်း) ကုမ္ပဏီက ထုတ်ပြန်ကြေညာလိုက်ရာ သဘာဝပတ်ဝန်းကျင် ပျက်စီးမှု မရှိစေဘဲ ပြည်သူခပင်းတို့ ခရီးသွားလာခြင်းသို့ ဦးတည်သော ခေတ်သို့ ဝင်ရောက်လာချေပြီဟု ကျွန်ုပ် တွေးတောမိလေသည်။

ကမ္ဘာကြီး ပူနွေးမှုကိုဖြစ်စေသော ဖန်လုံအိမ် အာနိသင်ရှိ ဓာတ်ငွေ့တစ်မျိုးဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ကို မထုတ်လွှတ်ဘဲ ရထားများကို ဂျုံးဂျုံး ဂျက်ဂျက် ခုတ်မောင်းနိုင်မည့် ခေတ်သို့ နယ်သာလန်နိုင်ငံ ချဉ်းနင်း ဝင်ရောက်လာ ခြင်းမှာ သဘာဝ မြတ်မိခင်ကို ချစ်မြတ်နိုးသည့် လူသားများအားလုံး ဝမ်းပန်း တသာ ကြိုဆိုအပ်သည့် သတင်းကောင်းအဖြစ် ကျွန်ုပ်ရေးကြီးခွင့်ကျယ် လုပ်မိ၏။

**မီးရထား**

ဤတွင်ရွှေ့ကား ကျွန်ုပ်အနေဖြင့် ငယ်စဉ်တောင်ကျေး ကလေးဘဝကပင် ရင်းနှီးမှုရှိခဲ့သော 'ရထား' ၏ နည်းပညာအရွေ့ကို တွေးတောဆင်ခြင်နေမိလေသည်။

ဦးစွာ ကျွန်ုပ်၏ စိတ်ဝယ်ဆင်ခြင်မိသည်ကား 'မီးရထား' ဟူသော ဝေါဟာရဖြစ်၏။ လူ့ခွင်လူ့ခေတ်၌ ၁၉ ရာစု အစောပိုင်းမှသည် ၂၀ ရာစုအလယ်ပိုင်းအထိ ရေနွေးငွေ့ဖြင့် မောင်းနှင်သော စက်ခေါင်းများကို အသုံးများခဲ့၏။ ကျွန်ုပ်ငယ်စဉ်က မန္တလေးမြို့မဟာ၌ နေထိုင်စဉ် 'တောင်ပြုန်း' နတ်ပွဲသို့ မိသားစုနှင့်အတူ အလည်အပတ်သွားရောက်ရာတွင် ရေနွေးငွေ့စွမ်းအင်သုံး စက်ခေါင်းကဆွဲသည့် ရထားကြီးကို ပျော်ပျော်ပါးပါး စီးခဲ့ရ၏။ ဆွေမျိုးများရှိရာ တံတားဦးမြို့သို့ သွားရောက်ရာတွင်လည်း ရေနွေးငွေ့စွမ်းအင်သုံး မီးရထားကြီးကို အကြိမ်ကြိမ်အဖန်ဖန် စီးခဲ့ရဖူး၏။ 'ဩကာသလောက' ၏ အလှအပများကို ရှုစားရင်း မီးရထားကြီးစီး၍ မိသားစုနှင့်အတူ တစ်ပျော်တစ်ပါး ခရီးသွားရသည့် စိတ်ချမ်းသာမှုက လောကီစိတ်ချမ်းသာမှုများအနက် တရံမပြတ် သာယာစွာအဖြစ်ဆုံးဟု စိတ်ဝယ်ထင်မိ၏။

နည်းပညာအရွေ့နှင့်အတူ ပြုပြင်စီမံကြကုန်သော် ဒီဇယ်စက်ခေါင်းပေါ်လာသည်။ ခေါင်မိုးပေါ် သွယ်တန်းထားသော လျှပ်စစ်ဓာတ်အားကို ချိတ်ဆက်အသုံးပြုသည့် လျှပ်စစ်ရထားပေါ်လာသည်။ နည်းပညာသုတေသီတို့က ရထားကို မောင်းနှင်အား အမျိုးမျိုး (မြင်းများ၊ ဝိုင်ယာကြိုးများ၊ ထရပ်ကားများ၊ ကမ္ဘာ့စွမ်းအားနှင့် ဓာတ်ငွေ့တာဘိုင်) ဖြင့် ခုတ်မောင်းနိုင်အောင် စမ်းသပ်တီထွင်ခဲ့ကြဖူးသည်ဟုလည်း ကျွန်ုပ် မှတ်သားရလေသည်။

နည်းပညာဆန်းသစ်မှုမှာ အံ့မခန်းရှိလှပြီး ကမ္ဘာတစ်လွှား အမြန်ရထားလမ်းကွန်ရက်ကြီးများ ကြီးကြီးမားမားပေါ်ထွက်ခဲ့လေပြီတကား။

သိပ္ပံပညာ၊ စက်မှုပညာနှင့် နည်းပညာတို့ကို မြင့်တင်အားပေးနေသည့် ကမ္ဘာကြီးတွင် ရထားမျိုးဆက်သစ်များ တစ်ခုပြီးတစ်ခု ပေါ်ထွက်လာခဲ့ရာ ကမ္ဘာ့နိုင်ငံများ အချင်းချင်း ရထားဖြင့် ကူးလူးသွားလာနိုင်သောခေတ်အတွင်းသို့ ကျွန်ုပ်တို့ ဝင်ရောက်နေပြီဖြစ်သည်။

**စွမ်းအင်နည်းပညာ**

ရထားနည်းပညာ အံ့မခန်းတိုးတက်လာသလို စွမ်းအင်နည်းပညာ တိုးတက်မှုကိုလည်း ရင်သပ်ရှုမောအံ့ဩဖွယ်ရာ တွေ့ရလေသည်။

စွမ်းအင်နည်းပညာများအနက် လေစွမ်းအင်ကို ပိုမိုအသုံးပြုနိုင်အောင် ကမ္ဘာတစ်ဝန်း ကြိုးပမ်းလျက်ရှိသည်ဟု ကျွန်ုပ်သတိမူမိ၏။ ယနေ့ကာလ ကမ္ဘာတစ်လွှား၌ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် လည်ပတ်နေသော လေရဟတ်တာဘိုင်စက် ၂၀၀,၀၀၀ ကျော်ရှိပြီး ၂၀၁၅ ခုနှစ် နှစ်ကုန် အခြေပြစာရင်းအရ စုစုပေါင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၃၂,၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိသည်ဟု ကျွန်ုပ်လေ့လာသိရှိရ၏။

**အားသာချက်များ**

လေစွမ်းအင်သည်ကား ညစ်ညမ်းမှုကို မဖြစ်စေသော အစိမ်းရောင်စွမ်းအင် အရင်းအမြစ်ဖြစ်လေရာ အပြစ်မထင် သန့်စင်သည့် အရာပေတည်း။

ထုတ်ယူနိုင်ဖွယ်ရှိသော လေစွမ်းအင် အရင်းအမြစ်မှာ များမှများ။ ကမ္ဘာ့လူသားတို့ စွမ်းအင်လိုအပ်ချက်တစ်ရပ်လုံး၏ အဆ ၂၀ အထိ ထုတ်ယူနိုင်ဖွယ်ရှိ၏။

အဖန်ဖန်တလဲလဲ ထုတ်ယူနိုင်အပ်သော စွမ်းအင်အဖြစ် ကမ္ဘာ့ပြည်သူခပင်းတို့အား ကျေးဇူးပြုမည့် စွမ်းအင်ဖြစ်သည်။ သို့ဖြစ်ရကား လေစွမ်းအင်သည် 'ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်' ဟု အမည်ရ၏။

တစ်ဖန်လည်း လေစွမ်းအင်သည် ကျွန်ုပ်တို့ လူသားများအတွက် ထုတ်ယူသုံးစွဲ၍ မကုန်ခမ်းနိုင်သော သဘောရှိသည်။

ဤတွင်ရွှေ့ကား ကျွန်ုပ်အနေဖြင့် 'လိုလျှင်ရစေ ကြိုးသို့ခွေ' ဟူသော မြန်မာမှု ဆိုရိုးစကားကို ပြန်ပြောင်းသတိရမိပြီ။ လိုအပ်သည့်အခါ သုံးစွဲနိုင်လေအောင် သိမ်းဆည်းထားအပ်သည့်အရာ (ဝါ) ကြိုးပမာ ခွေထားအပ်သည့်အရာမှာ လေစွမ်းအင်ဖြစ်ချေပြီဟု ကျွန်ုပ်ဆိုသော် လွန်အံ့မထင်နိုင်ပေ။

လေရဟတ် တာဘိုင်စက်များ ထားသိုရန် နေရာပေးရသည်မှာလည်း အံ့ဩဖွယ်ရာကောင်းလောက်အောင်ပင် ဝန်တာမကျယ်ဘဲ နေရာကျဉ်းကျဉ်းလေးထဲ အလုပ်ဖြစ်သည်။

လေစွမ်းအင် ထုတ်ယူနိုင်ရေးအတွက် ကျခံသုံးစွဲရသော ထုတ်လုပ်မှုစရိတ်မှာ နည်းပါးသဖြင့် အဖိုးနည်းဝန်ပါဟု ဆိုအပ်ရာသည်။

လေရဟတ်များမှ ထုတ်ယူသော စွမ်းအင်ကို သိုလှောင်ထားရှိကာ လူနေအရပ်ဒေသများသို့ အချိန်မရွေး ထောက်ပံ့ပေးနိုင်ပေရာ ပြည်သူတို့အတွက် မီးပျက်ချိန်ဟူ၍ပင် မရှိနိုင်တော့သဖြင့် မြတ်နိုးဖွယ်ရာ စွမ်းအင်အသွင်ကို ဆောင်လေသည်။

**အားနည်းချက်များ**

လေစွမ်းအင်ထုတ်ယူရသည်မှာ လေစုန်မှာ ရွက်တိုက်ရသည့်ပမာ လေတိုက်ခတ်မှုအပေါ် အမှီသဟဲပြုနေရသဖြင့် အခါခပ်သိမ်းထုတ်ယူနိုင်စွမ်းမရှိနိုင်။ လေပြတ်ချိန် ဒလက်ရပ်သဖြင့် စဉ်ဆက်မပြတ် ထုတ်ယူခြင်းငှာ မစွမ်းသာ။

ထိုမှတဖန် လေလာတုန်း စပါးလှေ့ရသူပမာ လေတိုက်ခတ်မှုအပေါ် မူတည်၍ လည်ပတ်ရသော ဒလက်များ (ရဟတ်များ) မှာ အချိန်ရှိသမျှ လျှပ်စစ်ဓာတ်အားမထုတ်ပေးနိုင်ချေ။ သို့ဖြစ်ရကား လေစွမ်းအင်ကို ပြတ်တောင်းပြတ်တောင်းသာ ထုတ်ယူနိုင်ရာ၏။ ထုံ့ပိုင်းထုံ့ပိုင်းသာ စွမ်းအင် ရယူနိုင်ရာ၏။

**နည်းလမ်းရှာဖွေ**

တိုက်ချီတစ်လှည့်၊ မတိုက်ချီတစ်လှည့် သဘာဝရှိသည့် လေကိုအသုံးချကာ စွမ်းအင်ထုတ်လုပ်ရပုံမျိုးဖြစ်သဖြင့် အခွင့်အခါပေးချိန် ထုတ်ယူထားသော လျှပ်စစ်ဓာတ်အားကို ကုန်ကျစရိတ်သက်သက်သာသာဖြင့် သိုလှောင်ထားရှိနိုင်မည့် နည်းလမ်းများ ရှာဖွေအပ်သည်သာတည်း။

သို့ဖြစ်ရကား လေစွမ်းအင်တစ်မျိုးတည်းအပေါ် ကျွန်ုပ်တို့ အားကိုးအားထားပြုခြင်းငှာမသင့်။ လေစွမ်းအင်ကို အခြားသော စွမ်းအင် အရင်းအမြစ်များနှင့်အတူ ရှေ့သွားနောက်လိုက်ညီညီ၊ အတိုင်အဖောက်ညီညီ တစ်တန်းတည်းထားကာ အသုံးချသွားရပေလိမ့်မည်။ Tandem (ခေါ်) ခြေနင်းနှစ်စုံပါသော စက်ဘီးပမာ နင်းမည့်သူနှစ်ဦးလိုအပ်ဘိသကဲ့သို့ လေစွမ်းအင်ကို အခြားစွမ်းအင်တစ်မျိုးမျိုးနှင့် ရောနှောပေါင်းစပ် အသုံးပြုနိုင်ပေလိမ့်မည်။ သို့မှသာ စွမ်းအင်ကို စဉ်ဆက်မပြတ် ထောက်ပံ့ပေးနိုင်ပေလိမ့်မည်။

လေစွမ်းအင်ထုတ်ယူရေးနှင့် ပတ်သက်၍ အခြားသော အားနည်းချက်တစ်ရပ်မှာ စရိတ်စကနှင့် သက်ဆိုင်သည်။

လေစွမ်းအင်နှင့် အခြားသော စွမ်းအင်များအကြား ထုတ်လုပ်မှု စရိတ်အရ ယှဉ်ပြိုင်ရမှု ကြီးမားလှ၏။ အများပြည်သူတို့ထံသို့ လျှပ်စစ်ဓာတ်အား ဖြန့်ချိပေးနိုင်ရန် အဆင့်အထိ လေစွမ်းအင်ထုတ်လုပ်မည်ဆိုလျှင် ကျခံသုံးစွဲရမည့် စရိတ်စကမှာ ရုပ်ကြွင်းလောင်စာနှင့် ကျောက်မီးသွေးတို့ကို အသုံးပြုသော စွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် နှိုင်းယှဉ်လျှင် များစွာကုန်ကျရ၏။ သို့ဖြစ်၍ ထုတ်လုပ်မှုစရိတ် မလျှော့ချနိုင်သရွေ့ 'ထမ်းပိုးထက် လက်ခကြီး' (ဝါ) 'တန်ဖိုးထက် လက်ခကြီး' လိမ့်မည်ကား သေချာလှ၏။

လေစွမ်းအင်ထုတ်လုပ်ရေး စခန်းထူထောင်ခြင်း၊ တာဘိုင်များ ထုတ်လုပ်ခြင်း၊ တာဘိုင်များ တပ်ဆင်ခြင်းတို့အတွက် ရင်းနှီးမြှုပ်နှံရသည့်ငွေကြေးမှာ များပြားနေဆဲဖြစ်သည်။ လေစွမ်းအင်ကို စီးပွားဖြစ် ထုတ်လုပ်မည်ဆိုလျှင် အရင်းအနှီးစိုက်ထုတ်ရမှုမှာ ရုပ်ကြွင်းလောင်စာမှ စွမ်းအင်ထုတ်လုပ်မှုနှင့် နှိုင်းယှဉ်လျှင် သာလွန်များပြားနေလေသည်။

လေစွမ်းအင်စခန်းများ ထူထောင်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်များ၏ ဘာသာဘာဝ ကျက်စားနေထိုင်မှုဘဝကို ထိခိုက်စေနိုင်သည်ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားတို့၏ ညည်းတွားသံများကလည်း ယနေ့ကာလတွင် ပိုမိုကျယ်လောင်လာသည်။ လေစွမ်းအင် စခန်းမှ စက်ဒလက်များ (ရဟတ်များ)၏ လည်ပတ်သံကြောင့် ငှက်များနှင့် လင်းနို့သတ္တဝါများ ပုံကောင်းခြင်း မပုံ့ရဟု တောရိုင်းတိရစ္ဆာန်များဘက်မှ စာနာ ထောက်ထားစကားဆိုကြသည်။

ထို့မှုမက လေစွမ်းအင် ထုတ်လုပ်ရေးစခန်းနှင့် နီးစပ်စွာတည်ရှိသော နေအိမ်များမှ ပြည်သူများမှာလည်း ဆူညံသံကို နေ့စဉ်လိုလို ကြားရခြင်းအတွက် စိတ်ဒုက္ခရောက်ရသည်ဟု ပြစ်တင်စကား ဆိုကြလေသည်။


ဓာတ်ပုံ– motherboard.vice.com

**ရထား၌အလံ**

ကျွန်ုပ်တို့ မြန်မာမှု နယ်ပယ်တွင် အလံမရှိသည့်ရထား၊ တံခွန်မရှိသည့် ဘုရား၊ လင်မရှိသည့် မယား၊ မတင့်တယ်ဟု ဆိုရိုးရှိ၏။ ရထား၌ အလံ၊ မီး၌ အခိုး၊ တိုင်းပြည်၌ မင်း၊ မိန်းမ၌ လင် ရှိမှ တင့်တယ်သည်ဟူ၍ ပြောစမှတ်ပြုကြ၏။

ရထားလမ်းများကို လူ့ဘဝနှင့် ခိုင်းနှိုင်းတင်စားသည့် စာပေအဖွဲ့အနွဲ့များကို တွေ့နိုင်လေသည်။ ၁၉၅၃ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ အမေရိကန်သမ္မတအဖြစ် တာဝန်ထမ်းရွက်ခဲ့သူ ဒွိုက်ဒီအိုင်စင်ဟောင်ဝါက "အနာဂတ်တည်းဟူသော ရထားကို စောင့်ဆိုင်းနိုင်ရန် ပညာရှိသူသည်လည်းကောင်း၊ ရဲရင့်သူသည်လည်းကောင်း သမိုင်းတည်းဟူသော ရထားသံလမ်းပေါ် လဲလျောင်း၍ စောင့်ဆိုင်းကာ ရထားကြိတ်ခံမည်မဟုတ်ချေ"ဟု ဆိုမိန့်ခဲ့သည်။ ပညာဉာဏ်ရှိသူနှင့် သူရဲကောင်းတို့မည်သည် အနာဂတ်တွင် သမိုင်း၏တရားခံအဖြစ်မခံဟူသော သင်ခန်းစာကို တွေးတောမိရင်း **"အလံရှိရထား တင့်တယ် ပညာရှိယောကျ်ား ဝင့်ထည်"** ဟူ၍ ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

# အစိမ်းရောင်စီးပွားရေးမူဝါဒနှင့် မဟာဗျူဟာမူဘောင် (မူကြမ်း) ပြင်ဆင်ရေးညှိနှိုင်းဆွေးနွေး

**မန္တလေး ဇန်နဝါရီ ၁၄**

မြန်မာနိုင်ငံ၏ အစိမ်းရောင်စီးပွားရေးမူဝါဒနှင့် မဟာဗျူဟာမူဘောင်ပေါ်ပေါက်ရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် ၇၈ လမ်း ဘူတာကြီးအပေါ်ထပ်ရှိ မာဘယ်ဟိုတယ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုအေးက အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့ (မြန်မာ) မှ Ms.Hanna Helsingen နှင့် ဦးစိုင်းနေဝင်းမြင့်တို့က အစိမ်းရောင်စီးပွားရေးသဘောတရားများနှင့် အစိမ်းရောင်စီးပွားရေးမူဝါဒနှင့်မဟာဗျူဟာမူဘောင် (မူကြမ်း)အား တင်ပြပြီး ဌာနဆိုင်ရာများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များက ဒေသတွင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ သက်ရောက်မှုများအား ဖြေရှင်းရန်နည်းလမ်းအား တင်ပြ၍ အဖွဲ့ငယ်များခွဲကာ ဆွေးနွေးကြပြီး ရှေ့လုပ်ငန်းစဉ်များတင်ပြခဲ့ကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို အတတ်နိုင်ဆုံးလျှော့ချပြီး လူသားတို့၏ လူနေမှုဘဝကိုအချိုးညီညီဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် စီးပွားရေးလုပ်ငန်းသစ်များ၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များဖော်ထုတ်ပြီး စီးပွားရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား သဟဇာတမျှတစွာ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရရှိစေရေး၊ ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များ၊ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကြောင့် လူသားတို့တွေ့ကြုံခံစားနေရသည့် ဆင်းရဲနွမ်းပါးမှု၊ အစာရေစာငတ်မွတ်ခေါင်းပါးမှုများအား လျှော့ချစေရေး ရည်ရွယ်ချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အစိမ်းရောင်စီးပွားရေးမူဝါဒနှင့် မဟာဗျူဟာမူဘောင်အား ရေးဆွဲထုတ်ပြန်နိုင်ရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**သီဟကိုကို(မန္တလေး)**



# ဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေ ကျန်းမာရေးစီမံခန့်ခွဲမှုသင်တန်းဖွင့်

**မုံရွာ ဇန်နဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးဌာနခွဲ (နေပြည်တော်)တို့ ပူးပေါင်းပြီး ဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေ ကျန်းမာရေးစီမံခန့်ခွဲမှုသင်တန်းကို မုံရွာမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးတွင် ဇန်နဝါရီ ၉ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေးပေါ် အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးဌာနခွဲ(နေပြည်တော်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်ခိုင်စံနှင့်အဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများအား သဘာဝဘေးများမဖြစ်ပွားမီ၊ ဖြစ်ပွားချိန်နှင့် ဖြစ်ပွားပြီးနောက်ပိုင်းများတွင် ကျန်းမာရေးနှင့်ပတ်သက်သည့် စီမံခန့်ခွဲမှုဆိုင်ရာများကို သင်ကြားပေးပြီး တက်ရောက်လာသည့်ဦးစီးမှူးများမှ မိမိတို့ဒေသများတွင် သဘာဝဘေးနှင့်ပတ်သက်သည့် အတွေ့အကြုံများကို စားပွဲဝိုင်းဆွေးနွေးသည့်အစီအစဉ်များပါရှိကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ အခုနောက်ပိုင်း သဘာဝဘေးဖြစ်ပွားမှုက နှစ်စဉ်လိုလို ဖြစ်ပွားလာတာကိုတွေ့ရတယ်။ အဲဒီအတွက် သဘာဝဘေးအန္တရာယ်မဖြစ်ပွားမီ၊ ဖြစ်ပွားစဉ်နှင့် ဖြစ်ပွားပြီးနောက်မှာ ကျန်မာရေးကဏ္ဍအနေနဲ့ ဘာတွေလုပ်ဆောင်ကြမလဲ၊ ကြိုတင်ဘာတွေပြင်ဆင်ထားမလဲဆိုတာတွေကို စာတွေ့သင်တယ်။ နောက်ပြီး အခုသင်တန်းကိုတက်ရောက်လာတဲ့သူတွေ တွေ့ကြုံရတဲ့ဗဟုသုတတွေနဲ့ ဝိုင်းဖွဲ့ပြီး ညှိနှိုင်းဆွေးနွေးကြမယ်။ သင်တန်းပြီးတဲ့နောက် ကိုယ့်မြို့နယ်တွေ ပြန်ရောက်တဲ့အခါမှာလည်း အခုလိုပဲ မြို့နယ်က သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့တွေ၊ လူမှုရေးအသင်းအဖွဲ့တွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီး လိုအပ်တာတွေလုပ်ဆောင်နိုင်ဖို့အတွက် အခုသင်တန်းကို ဖွင့်ပေးတာပါ" ဟု တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာချစ်ထွန်းက ပြောသည်။

အဆိုပါ ဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေ ကျန်းမာရေးစီမံခန့်ခွဲမှုသင်တန်းသို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးများ တက်ရောက်ခဲ့ပြီး သင်တန်းကို နှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

# တံတားဦးမြို့နယ်တွင် မြစိမ်းရောင်ရန်ပုံငွေများပေးအပ်

**တံတားဦး ဇန်နဝါရီ ၁၄**

ကျေးလက်နေပြည်သူများ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် မတည်ရင်းနှီးငွေများရရှိစေရန်နှင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်၍ ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ရန်ပုံငွေပေးအပ်ပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီက တံတားဦးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တံတားဦးမြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စိုးနွယ်အေးနှင့် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝဏ္ဏအောင်တို့က အမှာစကားအသီးသီးပြောကြားကြပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲလွင်က မြစိမ်းရောင်ရန်ပုံငွေနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

တံတားဦးမြို့နယ်အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးတွင် ကျေးရွာ ငါးရွာ၊၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၁၂ ရွာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ခုနစ်ရွာကို ပေးအပ်ပြီးဖြစ်ပါကြောင်း၊ ယခုပေးအပ်မည့် မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မိုးနှံ့ခြံကျေးရွာ မြစိမ်းရောင်ကျေးရွာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌထံသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ပေးအပ်ခဲ့သည်။

မြစိမ်းရောင်စီမံကိန်းကျေးရွာများတွင် အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများရရှိကာ မိမိတို့လုပ်ကိုင်ဆောင်ရွက်နေကြသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် များစွာအထောက်အကူဖြစ်စေလျက်ရှိပါကြောင်း၊ ဒါ့အပြင် ရရှိသည့် အကျိုးအမြတ်များကိုလည်း မိမိတို့ကျေးရွာ ဒေသဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

# ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများအား စစ်ဆေးအရေးယူခြင်းများပြုလုပ်



**ထားဝယ် ဇန်နဝါရီ ၁၄**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ယာဉ်တိုက်မှုအန္တရာယ်လျော့နည်းစေရေးအတွက် အမှတ်(၁၁) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့မှ ပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုး၏ဦးဆောင်မှုဖြင့် ဇန်နဝါရီ ၁ ရက်မှစ၍ တိုင်းဒေသကြီး ထားဝယ်မြို့အား အမှတ် (၁၁) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးယာယီ ရဲမှူးအောင်ကြီးနှင့် အဖွဲ့ဝင်များသည် ဆိုင်ကယ်စီးနင်းစဉ် ဘေးကင်းလုံခြုံသော ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများ၊ မော်တော်ယာဉ်မောင်းနှင်စဉ် အသက်ကယ်ထိုင်ခုံခါးပတ်မပတ်သူများအား စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

**ထားဝယ်ခရိုင်(ပြန်/ဆက်)**

# အနာဂတ်စီးပွားရေးလုပ်ငန်းများအတွက် အွန်လိုင်းဖြင့်ရောင်းဝယ်မှုနှင့် ငွေပေးချေမှုစနစ်များအကြောင်း ဟောပြောဆွေးနွေး

**မန္တလေး ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MRYEA) က ကြီးမှူးကျင်းပသော အနာဂတ်စီးပွားရေးလုပ်ငန်းများအတွက် မလွဲမသွေကြုံတွေ့လာရမည့် အွန်လိုင်းအသုံးချရောင်းဝယ်မှုပုံစံများနှင့် ငွေပေးချေမှု စနစ်များအကြောင်း ဟောပြောဆွေးနွေးပွဲကို ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မြို့ပတ်လမ်းရှိ ရွှေပြည်သာဟိုတယ်ခန်းမ၌ ကျင်းပခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ဝန်ကြီးဦးစိုင်းကျော်ဇောနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းတို့က အမှာစကားပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင် ဦးအေးလွင်က ပြောင်းလဲလျက်ရှိသည့် စီးပွားရေးမူဝါဒများနှင့် ဈေးကွက်ဖော်ဆောင်မှုများကို ရှင်းလင်းပြောကြားပြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမိုးကျော်ကျော်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယင်းနောက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးရဲမြတ်သူက (Globalization & E-commerce) အကြောင်းကိုလည်းကောင်း၊ ဦးငြိမ်းချမ်းစိုးဝင်း (2C2P) က Digital Economy From Traditional to Oline အကြောင်းဟောပြောပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဝင် လူငယ်စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပုသိမ် ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၉ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁) ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းအုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ဆန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ရဲမှူးကြီးထွန်းမင်း၊ တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနေဝင်းအောင်က နေပြည်တော်တွင် ပြုလုပ်ခဲ့သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ညှိနှိုင်းအစည်းအဝေးလမ်းညွှန်ချက်များအပေါ် ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (၇) ပုသိမ်မှ တပ်ဖွဲ့စုမှူး ရဲမှူးခင်ခင်စိုးက ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာများက ဆွေးနွေးတင်ပြခဲ့သည်။

ပြည်တွင်းနှင့် နိုင်ငံဖြတ်ကျော်ဖြစ်ပွားသော လူကုန်ကူးမှုများ လျော့နည်းပပျောက်ရေးအတွက် ထိရောက်စွာ တားဆီးကာကွယ်ရေးနှင့် ပြောင်းလဲလာသည့် လူကုန်ကူးမှုပုံစံသစ်များကို ကြိုတင်သိရှိကာကွယ်ရန်နှင့် လူကုန်ကူးမှုဖြစ်စေသောအန္တရာယ်ကျရောက်လွယ်မှုများ လျှော့ချနိုင်ရန်နှင့် ကြိုတင်တားဆီးကာကွယ်ရေးဆောင်ရွက်မှုများသည် လူကုန်ကူးမှုဖြစ်စေနိုင်သည့် အခြေခံအကြောင်းတရားများအား ကိုင်တွယ်ဖြေရှင်းနိုင်စေရန်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# စိတ်အာဟာရဖြစ်စေသောစာကောင်းပေမွန်များကိုသာဟောပြောပေးမည်ဆိုလျှင်

**မောင်သောင်းဝင်း(တမန်ဟောင်း)**

မြန်မာနိုင်ငံ၌ ကြုံတွေ့ရသော ဥတုသုံးလီတွင် ဆောင်းဥတုသည် မျှတမှုအရှိဆုံးဟုဆိုနိုင်သည်။ ဆောင်းဥတုတွင် အပူ၊ အအေးမျှတသလို လူတစ်ဦး၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေးလုပ်ငန်းလည်း အဆင်ပြေသည်။ အီကွေတာရပ်ဝန်းတွင်ရှိသော မြန်မာနိုင်ငံသည် နွေဥတုတွင် ပြင်းထန်လွန်းသော အပူဒဏ်ကို ခံစားရသည်။ ထို့အပြင် နွေရာသီတွင် ကျေးလက်နေပြည်သူများသည် ရေရှားပါးမှု အခက်အခဲကိုလည်း ကြုံတွေ့ကြရသည်။ အစွန်းရောက်ရာသီဥတုကြောင့်လည်း မိုးဥတုတွင် မြန်မာနိုင်ငံ၌ ရေလွှမ်းမိုးမှုဒဏ်ခံစားကြရသည်။ အထူးသဖြင့် မိုးတွင်းကာလတွင် မြစ်ဝကျွန်းပေါ်ဒေသရှိ အချို့သောနေရာများသည် ရေအောက်သို့ ရောက်သွားလေ့ရှိသည်။

မိုးအကုန်ဆောင်းအဝင်တွင် ကောက်ပဲသီးနှံများ လှိုင်လှိုင်ပေါ်နေပြီဖြစ်သည်။ ထိုကာလတွင် ကျေးလက်နေပြည်သူများသည် အလုပ်အကိုင်ပါးလာသည်။ မိုးလေကင်းလွတ်သော ထိုအချိန်တွင် နိုင်ငံတစ်ဝန်း၌ ပျော်ပွဲရွှင်ပွဲများ ကျင်းပလာကြသည်။ အလှူ မင်္ဂလာပွဲများ၊ ဘုရားပွဲများ၊ တရားပွဲများဖြစ်သည်။ မျက်မှောက်ခေတ်တွင် စာပေဟောပြောပွဲများကိုပါ ထည့်သွင်းကျင်းပလာကြသည်။ စာပေမြတ်နိုးသော ကျေးလက်နေပြည်သူများသည် စာပေဟောပြောပွဲများကို တခုတ်တရကျင်းပလာကြသည်။ များစွာ အားတက်ဖွယ်ကောင်းပါသည်။

**စာပေတန်ဖိုးကြီးမား**

ပြည်သူများသည် စာပေကိုချစ်မြတ်နိုးလာသည့်အတွက် များစွာဝမ်းသာမိပါသည်။ စာပေတန်ဖိုးသည် များစွာကြီးမားလှသည်။ ပုံမှန်စာဖတ်နေသူတစ်ဦးသည် အသိပညာဗဟုသုတ တိုးပွားနေသလို စိတ်ခွန်အားလည်း တိုးတက်နေမည်ဖြစ်သည်။ စိတ်ခွန်အား ကြီးမားသူသည် အကျိုးအကြောင်း၊ အဆိုး အကောင်း၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်း ရှိနေမည်ဖြစ်သည်။ အထူးသဖြင့် ခိုးဆိုးလုယက်၊ သက်ငယ်မုဒိမ်းမှုများကို ပြုလုပ်ရန် ရှက်ကြောက်လာမည်ဖြစ်သည်။ အခြားသူများကိုလည်း လမ်းမှန်ပေါ်ရောက်အောင် လက်တွဲခေါ်ဆောင်နိုင်မည်ဖြစ်သည်။ ဒုစရိုက်မှု နည်းပါးလာသော လူ့အသိုက်အဝန်းသည် ပျော်ရွှင်ဖွယ်ကောင်းလာပါသည်။

နိုင်ငံသားတိုင်းသည် နေ့စဉ် စာဖတ်ခွင့်ရရှိနိုင်ကြမည်မဟုတ်ချေ။ အထူးသဖြင့် စာမတတ်သူများ၊ လက်လုပ်လက်စားများနှင့် စာအုပ်စာပေနှင့် ထိတွေ့ခွင့်မရနိုင်သည့် ကျေးလက်နေပြည်သူများသည် စာဖတ်နိုင်ရန် အခွင့်အလမ်း နည်းပါးနေမည်ဖြစ်သည်။ ထိုသူများကို စာဖတ်ထားသူများက လက်တွဲခေါ်ရန် လိုအပ်မည်ဖြစ်သည်။ နောက်တစ်နည်းသည် ဝါရင့်စာရေးဆရာကြီးများကိုဖိတ်ကြားကာ စာပေဟောပြောပွဲများ ပြုလုပ်ပေးနိုင်သည်။ စာပေဟောပြောပွဲများသည် စာရေးသူနှင့် စာဖတ်သူတို့အကြား တိုက်ရိုက်ထိတွေ့ မေးမြန်းခွင့်များ ရရှိစေသည်။ လူတစ်ဦးသည် တစ်နေရာတည်းတွင် တစ်ထိုင်တည်းဖြင့် ဗဟုသုတများစွာ ရရှိပိုင်ဆိုင်နိုင်သည်။

**အပြုသဘောဆောင်သောစကား**

မည်သို့ပင်ဆိုစေကာမူ စာပေဟောပြောပွဲ စီစဉ်သူများသည် စာရေးဆရာ ရွေးတတ်ဖို့လိုမည်ဟု ထင်ပါသည်။ စာပေဟောပြောပွဲတစ်ခု ကျင်းပနိုင်ဖို့ရန် အချိန်၊ ငွေကြေးနှင့် လုပ်အားများစွာ ပေးဆပ်ကြရသည်။ ထိုသို့ပေးဆပ်ခဲ့ရသည့် အချိန်၊ ငွေကြေး၊ လုပ်အားတို့နှင့် ထိုက်တန်သည့် စိတ်ကြည်နူးမှုရလဒ်ကို စာပေဟောပြောပွဲ၌ ပြန်လည်ရရှိခဲ့လျှင် ပင်ပန်းရကျိုးနပ်မည်ဖြစ်သည်။ စိတ်ကြည်နူးမှုကို မည်ကဲ့သို့ရရှိနိုင်သနည်း။ ရိုးရှင်းလွယ်ကူပါသည်။ ဟောပြောသောစာရေးဆရာများပေါ်တွင် များစွာမူတည်နေပါသည်။ သုတ၊ ရသပေါင်းစုံပါဝင်သော ဟောပြောမှုမျိုးကိုသာ နားထောင်ခဲ့ရမည်ဆိုလျှင်၊ ခွန်အားရှိပြီး အပြုသဘောဆောင်သောစကားများကိုသာ နားထောင်ခဲ့ရမည်ဆိုလျှင် ပရိသတ်များသည် ရင်ထဲတွင် တစိမ့်စိမ့်ခံစားလျက် ပီတိပွားနေကြမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ထိုသို့ပီတိပေါင်းစုံပေးနိုင်သော စာပေဟောပြောပွဲမျိုးကို တွေ့ရှိဖို့ရန် အတော်လေးခဲယဉ်းသွားပြီဖြစ်သည်။ ဈေးကွက်ထဲတွင်တွေ့ရှိရသည့် အချို့သော စာပေဟောပြောပွဲအခွေများနှင့် ရုပ်သံလိုင်းများမှ ထုတ်လွှင့်သော စာပေဟောပြောပွဲ အစီအစဉ်များ၌ အချို့သောစာရေးဆရာများသည် အတိုက်ကိုသာ တူးဆွနေကြသည်။ စနစ်တစ်ခုနှင့် အာဏာပိုင်အဖွဲ့အစည်းကိုသာ ထပ်တလဲလဲဝေဖန်နေကြသည်။ မျိုးဆက်သစ်များ၏ နုနယ်သောနှလုံးသားနှင့် ဦးနှောက်ထဲသို့ အမုန်းတရားများ ရိုက်သွင်းနေခြင်းဖြစ်သည်။ လူငယ်များသည် ဖယောင်းနှင့် အလားသဏ္ဌာန်တူသည်။ လူကြီးများပုံသွင်းပေးသည့်အတိုင်း ဖြစ်လာနိုင်သည်။ ထို့ကြောင့် အပြစ်အနာအဆာကင်းသော ပုံကောင်းလေးများ ထွက်လာအောင် စာရေးသူတို့တွင် များစွာ တာဝန်ရှိနေပါသည်။

**လက်ညှိုးထိုးဝေဖန်**

မည်သို့ပင်ဆိုစေကာမူ အပြုသဘောဆောင်သော စာပေများ၊ စိတ်ခွန်အားများကိုဖြစ်စေသော စာပေများကိုသာ ဟောပြောပေးနေသည့် ဝါရင့်စာရေးဆရာကြီးများလည်း များစွာရှိနေပါသည်။ သို့သော် ထိုစာရေးဆရာကြီးများ၏ အခွေများနှင့် အစီအစဉ်များကို တစ်ခါတစ်ရံမှသာ နားထောင်ရပါသည်။ သာဓကအနေဖြင့် ဆရာကြီး လယ်တွင်းသားစောချစ်၊ ဆရာ တက္ကသိုလ်မြတ်သူ၊ ဆရာ ချစ်နိုင်(စိတ်ပညာ)၊ ဆရာမကြီး ရွှေကူမေနှင်းတို့၏ ဟောပြောမှုများကို အကြိမ်ကြိမ် ထုတ်လွှင့်ပေးသင့်ပါသည်။ သူတစ်ပါးတိုင်းပြည်တိုးတက်မှုကို ဋီကာချဲ့ ချီးမွမ်းနေပြီး မိမိတိုင်းပြည်ကို လက်ညှိုးထိုးဝေဖန် ဟောပြောနေမှုများအား စိစစ်တည်းဖြတ် ထုတ်လွှင့်ပေးစေချင်ပါသည်။ မျိုးဆက်သစ်များ၏ရင်ထဲတွင် အမုန်းတရားများ ကြီးထွားလာစေနိုင်ပါသည်။

**အစွန်းနှစ်ပါးလွတ်**

စာရေးဆရာများသည် မိမိတို့ဖတ်ရှုလေ့လာထားသည့် ဗဟုသုတတိုးပွားစေနိုင်သည့်အကြောင်းအရာများနှင့် အစွန်းနှစ်ပါးလွတ်သော ကောင်းမွန်သည့် အတွေးအမြင်များကို စာဖတ်သူများသို့မျှဝေပေးမည်ဆိုလျှင် များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်သည်။ စာရေးဆရာတို့တွင် အဓိကအားဖြင့် ရည်ရွယ်ချက်နှစ်မျိုးရှိတတ်ကြသည်။ ပထမတစ်ချက်သည် စာဖတ်သူအား အသိပညာ ဗဟုသုတပေးလိုသော ရည်ရွယ်ချက်ဖြစ်ပြီး ဒုတိယအချက်အနေဖြင့် စာဖတ်သူ၌ ကောင်းမွန်သော စိတ်စေတနာဖြစ်လာစေရန် နှိုးဆော်ပေးလိုသည့် ရည်ရွယ်ချက်ပင်ဖြစ်သည်။

တင်ထုတ်အစား၊ ထုတ်တင်စနစ်ကျင့်သုံးနေသော ကာလမျိုးတွင် ငွေရှိလျှင် စာရေးဆရာနာမည်ခံပြီး စာအုပ်တစ်အုပ်ထုတ်ဖို့ရန်သည် ငှက်ပျောသီးအခွံနွာသလောက် ခဲယဉ်းမည်မဟုတ်ချေ။ သို့သော် အယ်ဒီတာများမှ အဆင့်အဆင့် စိစစ်ထား၊ တည်းဖြတ်ထားပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော နာမည်ကြီးသတင်းစာ၊ ဂျာနယ်တစ်စောင်တွင် ဆောင်းပါးတစ်ပုဒ် ဖော်ပြခံရဖို့သည် လွယ်ကူမည်မဟုတ်ချေ။ ထို့ကြောင့် တိုင်းပြည်နှင့် လူမျိုးကို အကျိုးပြုသည့် စာကောင်းပေမွန်များ ရေးသားနေသည့် စာရေးဆရာကြီးများ၊ စာပေဟောပြောပွဲများတွင် စေတနာအရင်းခံဖြင့် စိတ်အာဟာရဖြစ်စေသော စာပေများကိုသာ ဟောပြောနေသောစာရေးဆရာကြီးများနှင့် အရောင်အသွေးမပါသောစာပေများကို ဟောကြားနေသည့် စာရေးဆရာကြီးများကို များစွာအားကျလေးစားမိပါသည်။

**အနှစ်သာရမဲ့ဟောပြော**

သို့သော် လက်ချောင်းများတွင် အတိုအရှည်ရှိသလို ဆွမ်းဆန်ထဲတွင်လည်း ကြွက်ချေးရောနေတတ်ပါသည်။ ယခုတလောတွင် လူမှုကွန်ရက်စာမျက်နှာများ၌ စာပေဟောပြောပွဲနှင့်ပတ်သက်၍ သတင်းပေါင်းစုံကို ဖတ်ရှုခဲ့ရသည်။ စာပေဟောပြောပွဲလာရောက်ရန် ပျက်ကွက်ခဲ့သည့် ကတိပျက်သောစာရေးဆရာနှင့် တက္ကသိုလ်တစ်ခုတွင် လူပြိန်းကြိုက်ဟောပြောခဲ့သည့် စာရေးဆရာတို့၏ သတင်းများလည်း ပါရှိသည်။ စာပေချစ်မြတ်နိုးသူများသည် ထိုသတင်းများကို နှာခေါင်းရှုံ့ခဲ့ကြသည်။ လူငယ်များသည် စာဖတ်အားသန်လာကြပြီဖြစ်သည်။ ထို့ကြောင့် စာပေဟောပြောပွဲများတွင် အနှစ်သာရမဲ့သည့် ဟောပြောမှုမျိုးကို လက်ခံတော့မည်မဟုတ်ချေ။ ထိုစာရေးဆရာများကို လက်ခုပ်သြဘာလည်း ပေးမည်မဟုတ်တော့ချေ။

မည်သို့ပင်ဆိုစေကာမူ ပရိသတ်သည် လူပေါင်းစုံဖြစ်သည်။ အချို့သော စာရေးဆရာဆိုသူများသည် စာပေဟောပြောပွဲများတွင် ပရိသတ်လက်ခုပ်သံရအောင် ဝေဖန်တိုက်ခိုက်မှုပေါင်းစုံကို မှိုချိုးမှုစ်ချိုးပြောတတ်ကြသည်။ စိတ်ပျက်ဖွယ်ရာ အကောင်းဆုံးအချက်သည် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုတိုင်တည်ကာ ဟောပြောခြင်းမျိုးဖြစ်သည်။ လူတစ်ဦးသည် ကိုယ်တိုင်ကျင့်ကြံနိုင်မှသာ သူတစ်ပါးကို ဝေဖန်ထောက်ပြသင့်သည်။ ဟောပြောပွဲစင်မြင့်ပေါ်မတက်မီ အရက်ကို မိုးမွှန်အောင်သောက်ပြီး သိမ်ဖျင်းသော အကြောင်းအရာများကိုသာ ဝေဖန်ဟောပြောနေမည်ဆိုလျှင်ဖြင့် မျိုးဆက်သစ်များအတွက် အန္တရာယ်ကို ဖိတ်ခေါ်နေသလို ဖြစ်စေနိုင်သည်။ ပွဲစီစဉ်သူများအနေဖြင့် စဉ်းစားချင့်ချိန် သွားစေချင်ပါသည်။

**လူထုအပေါ်လွှမ်းမိုးမှုရှိ**

ခြုံ၍တင်ပြရလျှင် နိုင်ငံတစ်ဝန်းတွင် စာပေဟောပြောပွဲများ ပြုလုပ်လာသဖြင့် များစွာပီတိဖြစ်ရပါသည်။ စာပေသည် လူတစ်ဦး၏ဘဝကို များစွာတိုးတက်ပြောင်းလဲလာစေနိုင်ပါသည်။ စာပေ၏အကျိုးကျေးဇူးများသည် ရေးသား၍ကုန်နိုင်မည်မဟုတ်ချေ။ စာပေဟောပြောပွဲများသည် စာဖတ်ဖို့ရန် အခွင့်အလမ်းနည်းသူများအတွက် များစွာအကျိုး ဖြစ်ထွန်းစေပါသည်။

သို့သော် ထိုစာပေဟောပြောပွဲများတွင် ဝေဖန်တိုက်ခိုက်မှုမျိုးကိုသာ ပြုလုပ်နေမည်ဆိုလျှင် မျှော်မှန်းသလောက် အကျိုးရှိမည်မဟုတ်ချေ။ အထူးသဖြင့် လူငယ်များကို အရောင်ဆိုးသည့် ဟောပြောမှုမျိုးကို ရှောင်ရှားသင့်ပါသည်။ စာရေးဆရာများသည် လူထုအပေါ် လွှမ်းမိုးမှုရှိပါသည်။ ထို့ကြောင့် ပြည်သူများ လေးစားအားကျရပါသော စာရေးဆရာကြီးများ၊ ဆရာမကြီးများအနေဖြင့် စာပေဟောပြောပွဲများတွင် လူထုကိုအကျိုးပြုသော၊ အထူးသဖြင့် လူငယ်များ၏ တွေးခေါ်မြော်မြင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်သည့် စိတ်အာဟာရဖြစ်စေသော စာကောင်းပေမွန်များကို ဟောပြောပေးနိုင်ကြပါစေ။

> “ပြည်သူများ လေးစားအားကျရပါသော စာရေးဆရာကြီးများ၊ ဆရာမကြီးများအနေဖြင့် စာပေဟောပြောပွဲများတွင်လူထုကိုအကျိုးပြုသော၊ အထူးသဖြင့် လူငယ်များ၏တွေးခေါ်မြော်မြင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်သည့် စိတ်အာဟာရဖြစ်စေသော စာကောင်းပေမွန်များကို..”

## မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြပွဲကို သာပေါင်းမြို့နယ် သီရိရွှေသာဈေးတွင်ပြုလုပ်

**သာပေါင်း ဇန်နဝါရီ ၁၄**

သာပေါင်းမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနတို့ပူးပေါင်း၍ ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့နယ်စည်ပင်သာယာရေးဈေး သီရိရွှေသာဈေး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူး အသုံးပြုနည်းများကို သရုပ်ပြပွဲ ပြုလုပ်ခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနိုင်က ဈေးသူ၊ ဈေးသားများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး၊ မီးသတ်ဆေးဘူးအသုံးပြုပုံများ၊ မီးလောင်မှုဖြစ်ပေါ်လာပါက ဆက်သွယ်အကြောင်းကြားနိုင်ရန် ဖုန်းနံပါတ်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကူညီပူးပေါင်းဆောင်ရွက်နိုင်ရန် အချက်အလက်များကို အသိပညာပေး ရှင်းလင်းပြောကြားပြီးနောက် မီးသတ်တပ်ဖွဲ့ဝင်များက Water Max Gun ဖြင့် အသုံးပြုမီးငြိမ်းသတ် သရုပ်ပြခြင်း၊ မီးသတ်ဆေးဘူး DCP အသုံးပြုပုံများကို ဈေးသူ၊ ဈေးသားများကိုယ်တိုင် လက်တွေ့ပါဝင်မီးငြိမ်းသတ်စေခဲ့ပြီးနောက် မီးသတ်စွမ်းရည်ဆက်လက်ပြသရာ မီးသတ်ယာဉ်များဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်သရုပ်ပြစွမ်းရည်ပြသခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ မြို့နယ်ဒု-အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ မီးသတ်တပ်ဖွဲ့ဝင်များက သီရိရွှေသာဈေးအတွင်းရှိ မီးဘေးလုံခြုံရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သာပေါင်း(ပြန်/ဆက်)**

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ နောက်ဖေးလမ်းကြားများကို ရှင်းလင်းလျက်ရှိရာ ဇန်နဝါရီ ၁၂ ရက်က တောင်လုံးပြန်ရပ်ကွက်အတွင်း ဆောင်ရွက်ခဲ့သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာမှ လူ၊ ယာဉ်၊ စက်သုံးဆီများ အကုန်အကျခံပြီး လိုအပ်ချက်များကို မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ တောင်လုံးပြန်ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က အနီးကပ်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



mazda

# MAZDA 3 ၏ 2017 ဒီဇိုင်းသစ်တင်ဆက်မှု

G-VECTORING

- (၃၀) ကျပ်သိန်း အထိ အထူးလျှော့ဈေး
- (၃) နှစ်အာမခံ
- (၃) ကြိမ် အခမဲ့ထိန်းသိမ်းပြင်ဆင်မှု (အရေအတွက်အကန့်အသတ်ဖြင့်သာ)



(ကားဟောင်း၊ ကားသစ်လဲလှယ်ခွင့် ရရှိနိုင်ပါသည်။)

DRIVING MATTERS

SKYACTIV ENGINE



LANE DEPARTURE WARNING SYSTEM




LANE ASSIST SYSTEM




I-ACTIVSENSE



Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.

Yangon No.96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991

Mandalay No.10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05

Made In JAPAN

3 YEARS MAZDA WARRANTY








Mega Ace

ပွဲချိန် 10 : 00 AM
12 : 30 PM
3 : 30 PM
6 : 30 PM
9 : 30 PM

13.1.2017 မှစ၍ ပြသ

ပြသလျက်ရှိသော ရုံများ - Mega Ace Cineplex ShweBaho , Mega Ace Cineplex MyaYadanar , Mega Ace Cineplex Kantharyar

Khine ကိုရီးယားဘာသာသင်တန်းကျောင်း
(ကျောင်းခွဲမရှိပါ)

ကိုရီးယားနိုင်ငံတွင် လစာသိန်း (၂၀) ဝန်းကျင်ဖြင့် အလုပ်လုပ်ရန်

- လုပ်ငန်းအတွေ့အကြုံ ပညာအရည်အချင်းမလိုပါ။
- E.P.S (TOPIK) စာမေးပွဲအောင်မြင်ရန်သာလိုပါသည်။
- စာမေးပွဲ Form တင်ခြင်း၊ ပတ်စပို့စ်လျှောက်ခြင်း၊ ဆေးစစ်ခြင်းအားလုံး ကျောင်းမှ စီစဉ်ပေးပါမည်။
- တစ်ကြိမ်တည်းဖြေဆိုအောင်မြင်ရန် အထူးတန်းခွဲများဖြင့် ထိရောက်စွာသင်ကြားပေးပါသည်။
- နယ်ကျောင်းသားများအဆောင်နေ/စား စီစဉ်ပေးမည်။

အမှတ် - (၁၁၁)၊ ၁၅လမ်း(အလယ်)၊ ဒု-ထပ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

Ph : 09-73026940. 09-250641687
09-5162790

သင်တန်းဖွင့်မည့်ရက် - ၂၀-၁-၂၀၁၇

Since 1986 KMD Institute

UNIVERSITY of GREENWICH | SQA | NCC education | ISO | JAS-ANZ
ISO 9001:2008 Cert. No. 683180



တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများအတွက်

## First Year Diploma in Computing (UK)

- University of Washington, USA တွင် နှစ်ပေါင်း (၂၀) ကျော် သင်ကြားရေး အတွေ့အကြုံရှိသော Professor Dr. Rich C Hoo မှ နိုင်ငံတကာနည်းစနစ်များအတိုင်း သင်ကြားပေးပါမည်။
- ပထမနှစ် တက်ရောက်နေစဉ်အတွင်း Microsoft Professional Certificate ရယူနိုင်ရန် လေ့ကျင့်သင်ကြား ပေးပါမည်။
- သင်တန်းပြီးဆုံးပါက အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိရန် On Job Training စီစဉ်ပေးပါမည်။

## Higher National Diploma

- HND အောင်မြင်ပြီးပါက Scottish Qualifications Authority (UK) မှပေးအပ်သော Diploma အပြင် IT စီမံခန့်ခွဲမှု Skill ရရှိပါမည်။
- Software Engineering / Database Administator/ Project Supervisor အဖြစ်လုပ်ငန်းခွင်ဝင်ရောက်နိုင်ပါမည်။

KMD Institute တွင် CB Bank မှ MPU Credit Card ဖြင့် သင်တန်းကြေး အရစ်ကျ ပေးသွင်းနိုင် ရန်စီစဉ်ပေးထားပါသည်။

| First Year Diploma | Higher National Diploma |
|---|---|
| 17 Jan 2017 (Mon-Fri) 7:00 AM - 11:00 AM | 31 Jan 2017 (Mon-Fri) 7:00 AM - 10:00 AM |

First Year Computing Diploma (NCC) → Second Year Computing Diploma (NCC) → B.Sc(Hons)BIT (Final Year) (University of Greenwich)

HND Diploma (First Year) (SQA) → HND Diploma (Second Year) (SQA)

Hotline 09770867903

KMD (Myaynigone) : 331, Pyay Road, Myaynigone, Sanchaung Township, Yangon.
☎ 01- 381776, 381035, 502233, 527436, 220555, 700895

နယ်မှ လာရောက်မည့် ကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးထားပါသည်။

**GTP GEO-TECH PILE CO., LTD**

မင်္ဂလာနှစ်သစ်ကို ကြိုဆိုပါတယ်။

ပျော်ရွှင်သော နှစ်သစ်ကူး အချိန်အခါသမယတွင် ကျွန်တော်များ GEO - TECH PILE CO., LTD နှင့် လက်တွဲခဲ့ကြသော ကုမ္ပဏီဝန်ထမ်းများ၊ မိတ်ဟောင်း မိတ်သစ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကန်ထရိုက်တာများ၊ ပြည်တွင်း၊ ပြည်ပ ဆောက်လုပ်ရေး ကုမ္ပဏီကြီးများနှင့် မြန်မာပြည်သူ ပြည်သားအပေါင်းတို့ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး လာမည့် ၂၀၁၇ နှစ်သစ်ကာလတစ်လျှောက်လုံးတွင် စီးပွားလာဘ်လာဘများ ဆတက်ထမ်းပိုး ကြီးပွားတိုးတက်အောင်မြင်ပါစေကြောင်း GTP မိသားစုမှ မင်္ဂလာနှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Happy New Year 2017

လိပ်စာ : အမှတ် ၅၂/၆၀၊ မြေညီထပ်နှင့် ပထမထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း : +၉၅၁-၃၈၀၃၀၉၊ ၀၁-၂၅၃၃၁၃၊ ၀၉-၉၇၇၁၂၂၄၄၄၊ ၀၉-၄၃၁၄၁၉၆၅
Email : customerservice@geotechpile.com
Website : www.geotechpile.com

ISO 9001:2008 Cert. No. 684171 | ISO 14001:2004 Cert. No. 687566 | OHSAS 18001:2007 Cert. No. 688761



**SPRING LINE**
★ Hlaing River Landmark ★

**LAUNCHING HOT SALE 65 UNITS**

- လ ၄၀ အရစ်ကျငွေချေမှုစနစ်
- တစ်နှစ်ကို ၁၃% ပြန်လည်ရရှိမည့်အခွင့်အရေး
- ၇၀% ပေးချေရုံဖြင့် အခန်းအပ်မည်ဖြစ်၍ ကျန်၃၀% ကို ငှားရန်းခရရှိငွေမှ ပေးချေသွားနိုင်သည်။

ဘိုးဘွားပိုင်မြေ - ဆောက်လုပ်မှုပြီးလုနီး
အဆင့်မြင့် SOHO Condo
USD 150,000 မှစ၍
ဆောက်လုပ်ပြီးစီးသော PROJECT မှသာ လူကြီးမင်းတို့အတွက်
အမခံနှင့် ရင်းနှီးမြှုပ်နှံမှု အကျိုးအမြတ်ကို အခိုင်အမာ ဖြစ်စေပါသည်။

Tel: 09 7930 66666
Add: No.461, Kanar Middle Qtr, Hlaing River Road, Insein Township, Nearby Aung Zay Ya Bridge, Yangon
Facebook: @springlinecenter
Shwe Oak Khai Construction Co., Ltd.

**"လျှော့ဈေးဖြင့် (အမြန်) ရောင်းမည်" (ပွဲစားမလို)**

✱ ဗဟန်း၊ ရွှေတောင်ကြား (4500 Sqft) အကျယ်ရှိ မြေသီးသန့်၊ (မြေပိုင်) ဈေးနှုန်း - 8000သိန်း
✱ စမ်းချောင်း၊ဗဟိုလမ်းမပေါ်(37'x42') အကျယ်ရှိ မြေ၊အာရှတော်ဝင်အနီး၊ ∠ကွက် ဈေးနှုန်း - 7550သိန်း
✱ မ/ဒဂုံ၊ ရွှေပင်လုံအိမ်ရာ (80'x60') အကျယ်ရှိမြေ (ပါမစ်)၊မြေပိုပေ(၆၀)ခန့်ထပ်ပါ ဈေးနှုန်း - 2950သိန်း
✱ (၉)မိုင်၊ မစိုးရိမ်လမ်း (40'x60') အကျယ်ရှိမြေ၊ အုတ်ခတ်၊ (မြေသီးသန့်) ဈေးနှုန်း - 1950သိန်း
✱ မ/ဒဂုံ၊ မင်းရဲကျော်စွာလမ်းမပေါ် (40'x100') အကျယ်ရှိမြေ၊(လုပ်ငန်းသင့်) ဈေးနှုန်း - 1900သိန်း
✱ အလုံ၊ အလုံလမ်း Orchid Condo (2050Sqft) အကျယ်ရှိ MBR3, A/C4,ပြင်ပြီး ဈေးနှုန်း - 3200သိန်း
01- 552742, 09 5060940, 09 5060938,09 73500535

**ဒိုးလေး**
အိမ်ပြောင်း/အိမ်ရွှေ့
မြို့တွင်း/နယ်ဝေး
09 425308777,09 960154777

**GW** 0973226006 0973133528 0973077569
အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ် အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ်(၆၉)၊ မြေညီထပ်၊ မင်္ဂလာလမ်း၊
09401505559 စမ်းချောင်း

**Trumpet Car Rental**
ကားမျိုးစုံ စီးလုံးငှားသည်။
AC-Express(45,33,25),အဲစတုံး (14)ယောက်စီး
Hiace(9-7ယောက်စီး), Alphard, Saloon, Van
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။
မြို့တွင်း/မြို့ပြင်
Ph:01-532238, 01-536975, 09-43089536, 09-774877828

" အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၂၄၃၄၈/ ၂၀၁၄ အား ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း ဒေါ်ကျင်လန်းဒိမ် (၅/ကလထ (နိုင်) ၀၀၂၃၀၉) နှင့် အများသိစေရန် "

ကလေးမြို့ရှိဆိမ်နှင့်ဆိုင်ခန်းငှားရမ်းခငွေများကို ကောက်ခံရန်အတွက် (၄-၉-၂၀၁၄) ရက်နေ့က ရန်ကုန်မြို့၌ပြုလုပ်သည့် မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၂၄၃၄၈/ ၂၀၁၄ ကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း လွှဲအပ်ပေးခဲ့သူမှ ကြေငြာလိုက်ပါသည်။
ဒေါ်နုံမ်ဒေါ်ဟွဲ
(၁၂/ဗဟန (နိုင်) ၀၀၈၅၈၅)
အမှတ်-၇၊ အောင်ချမ်းသာ (၅) လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ezStay မှတစ်ဆင့်တည်းခိုလိုက်ပါ။
ရန်ကုန်၊ ချောင်းသာ၊ ငပလီ၊ အင်းလေး၊ ကလော၊ ပုဂံ
၂၀%
ဖုန်း - ၀၉၇၈၇၈၈၀၀၄၈၄ အထူးလျှော့ဈေး

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ပြည်ထောင်စုလမ်းမ ကြီး (ရန်ကုန်-တောင်ကြီးကားလမ်းမကြီး)ပေါ်ရှိ မြေကွက်ကျယ်ရောင်းမည်။ လက်ရှိအဆင့်မြင့်စားသောက်ဆိုင်ဖွင့်ထားသည်။ ဟိုတယ်ဆောက်ရန်မြေပိုနှင့်ကား Parking ရှိ။
**ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၇၇၀၀၁၊ ၀၉-၉၆၅၀၇၇၀၀၁**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# ကြော်ငြာ

FORWARD (YGN) Travel & Tour Co., Ltd
ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်) (နေ့စဉ်)
09259259180
09259259181
09259259182

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

## သဲအင်းဂူခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၁ ရက်မှ ၂၉ ရက်အထိ ခုနစ်ရက်အဓိဋ္ဌာန် တရားစခန်းပွဲတွင် မူလသဲအင်းဂူဆရာတော်ကြီး ဦးဥက္ကဋ္ဌ၏ ကမ္မဋ္ဌာန်းမူနှင့်အညီ အဖွဲ့၏ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဖေနဝိက္က (မုံရွာ) အရှင်သူမြတ်က သမထဝိပဿနာတရားတော်များကို ချီးမြှင့် ဟောကြားပြသမည် ဖြစ်ပါသည်။ တရားစခန်းဝင်လိုသူများ ဇန်နဝါရီ ၂၁ရက် (စနေနေ့) ညနေ ၅း၀၀နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်း လှူဒါန်းလိုသူများနှင့် ဓမ္မဗိမာန် ပြုပြင်ရန် အလှူရှင်များ ဖုန်း ၀၉-၈၆၂၃၉၉၇၊ ၀၉-၇၆၇၉၉၉၉၅၁ တို့သို့ ဆက်သွယ်ပါရန် နိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း လုံးဆိုင်ရာသဲအင်းဂူသာသနာပြုအဖွဲ့

အာရှနဂါး
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

ရွှေလမ်းညွှန်
ဘားအံ၊ မြဝတီ၊ မဲဆောက် (၃)ရက် 70000Ks ...Jan 20
မန္တလေး၊ မုံရွာ၊ အလောင်းတော်ကဿပ(၃)ရက် ... 36000Ks ...Jan 27
09-420007371, 09-262705136, 09-791975802

## မြတ်ဆရာပူဇော်ပွဲဖိတ်ကြားခြင်း

### စက်မှုလက်မှုအထက်တန်းကျောင်း ဟသ်ာတမြို့

၁၉၇၇ မှ ၁၉၈၁ ခုနှစ် ဟသ်ာတ THS တွင် ပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများကို ပူဇော်ကန်တော့ခြင်းနှင့် ညစာအတူသုံးဆောင်ခြင်းတို့ကို ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး M3 Food Centre တွင် ၂၉-၁-၂၀၁၇ ရက်နေ့ ညနေ ၅း၀၀ နာရီတွင် ဒုတိယအကြိမ် ကျင်းပပြုလုပ်ပါမည်။

ငယ်သူငယ်ချင်းကျောင်းသားဟောင်းအားလုံးကို လေးစားစွာ ဖိတ်ကြားအပ်ပါသည်။


ဆက်သွယ်ရန် ကော်မတီဝင်သူငယ်ချင်းများ

ရန်ကုန်မြို့ - သန်းဟုတ် (၀၉ ၅၁ ၂၃၀၀ ၂)၊ မောင်မောင်ဝေ (၀၉ ၅၁၃၆၉၉၁)
ဝင်းခင် (၀၉ ၅၀၈၅၇၈၇)၊
ဟသ်ာတမြို့ - တင်ဝင်း (၀၉ ၄၀၀၅၃၈၈၄၂)၊
မအူပင် - ကျင်ထွန်း (၀၉ ၇၇၈၇၅၆၇၇၇)
ပုသိမ် - မျိုးညွန့် (၀၉ ၇၉၄၃၆၆၆၂၆)

ချာဒိုသား ကျိုက်ထီးရိုးချောင်းသာ(နေ့စဉ်)
ကျိုက်(၃)ကျိုက်-ပွန်ပြည်နယ်ဘုရားစုံ ... (1/2)Package(35000)
လိုက်ဂူ(၃)ဂူ-ကရင်ပြည်နယ်ဘုရားစုံ ... (နေ့ချင်းပြန်)(35000)
ပြည်(၃)ပြည်-ပုပ္ပါးပုဂံ ... Package(55000)
... (နေ့ချင်းပြန်)(15000)
Ph:09425334456.09252606649.0949323965

ရွှေ မွန် သံပင်
SOO COO
Air-Con ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို ပြုပြင်တပ်ဆင်ခြင်းနှင့် Servicing ပြုလုပ်ခြင်းများကို အာမခံဖြင့် ဝန်ဆောင်မှုပေးပါသည်။ Air-Con အဟောင်းများကို ဈေးကောင်းပေး၍ပြန်လည်ဝယ်ယူပါသည်။
Ph: 09 977 133 713, 09 332 803 17

အမေ့သားထိုက် စာပေတိုက် ၂၀၁၆ ခုနှစ် အထူးထုတ်



ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသမိုင်းစုံ
သာသနာတော်ဆိုင်ရာ သုဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ
ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်) စာပေဆုများနှင့် လူမှုထူးချွန်(ပထမဆင့်) ဆုရှင်
အုံ့မှုယ်သုတ ရသ အစုံစုံ မြန်မာ့ယဉ်ကျေးမှုအနုလက်ရာ အစုံ စာတမ်းရှင်၊ ... အချက်အလက် တိတိကျကျ အတိတ်၊ ပစ္စုပ္ပန် အဆောက်အအုံ ဓာတ်ပုံ(အဖြူ-အမည်း/ရောင်စုံ) ၃၀၀ ကျော်နှင့်အတူ (မြန်မာ/အင်္ဂလိပ်) နှစ်ဘာသာဖြင့် ဖော်ပြထားပါသည်။
ဖြန့်ချိရေး
၁။ အမေ့သားထိုက်စာပေ ... ရန်ကုန်မြို့ ဖုန်း - ...
၂။ စာပေဗိမာန်စာအုပ်အရောင်းဆိုင် ... ရန်ကုန်မြို့
၃။ သဘင်းနှင့် စာနယ်ဇင်းစာအုပ်အရောင်းဆိုင်(ပန်းဆိုးတန်း) ရန်ကုန်မြို့




## ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်
## (၁၉၇၃ - ၁၉၇၇)ခုနှစ်၊ ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒ ကျောင်းသား/ကျောင်းသူဟောင်းများ၏ (သတ္တမ)အကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနား ဖိတ်ကြားခြင်း

| | |
|---|---|
| ကျင်းပမည့်နေ့ရက် | - ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၂၂ရက်(တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | - နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီထိ |
| ကျင်းပမည့်နေရာ | - CENTRAL HOTEL (ကျောက်စိမ်းခန်းမ) |

ကျောင်းသား/ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

မိတ်ဆုံညစာစားပွဲကို ၎င်းနေ့ညနေ ၆း၀၀နာရီတွင် M3 Food Center၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား/ကျောင်းသူဟောင်းများအနေဖြင့် ညစာစားပွဲ မေတ္တာလက်မှတ်များကို မြတ်ဆရာပူဇော်ပွဲ ကျင်းပမည့်နေ့၌ ထုတ်ယူနိုင်ပါသည်။

(သတ္တမ)အကြိမ်မြောက်
မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီ

ဥနီ ခမွဲ သံယ San brotherhood
"စစ်ဆေးစမ်းသပ် (အခမဲ့)"
Air-Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။
မိုးရာသီ အိမ်အရောက်ပို့ အထူးဈေးနှုန်း



အဝတ်လျှော်စက် 190,000Ks
အဝတ်ခြောက်စက် 220,000Ks
အဝတ်လျှော်စက် 140,000Ks
အဝတ်ညှစ်စက် 75,000Ks



(၃နှစ်အာမခံ) တပ်ဆင်ပြီးဈေးနှုန်း
1HP 255000Ks
ပါဝင်သောပစ္စည်းများ
Copper Pipe(10)Ft. Frame, Drain Pipe, Transportation, Installation
"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"
FMI City (လှိုင်သာယာ) 709373,09-5084831,682445(Ext)1421
ကျောင်းလမ်း (အလုံ) 01-704101 , 09-5002738, 09-450023810
သမိုင်းလမ်းဆုံ (မရမ်းကုန်း) 681854, 706193, 09-73116475
ကျောက်မြောင်း (တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ရွှေဂုံတိုင်မီးပွိုင့်အနီး (ဗဟန်း) 09-43083868, 01-703241
သုနန္ဒာလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383, 09-73251535
ဟံသာဝတီ CNG အနီး (ကြည့်မြင်တိုင်) 01-703684, 09-43130068
Victoria အနီး နဝဒေး (လှိုင်သာယာ) 01-704467, 09-73217035
တောင်/မြောက်လမ်းဆုံအနီး (တ/ဒဂုံ) 01-709114, 09-5019316

ဂိုထောင်ငှားမည်
တောင်ဒဂုံတိုးချဲ့ဇုံ (2)
(30'x200') Steel Structure
ရေ မီး စုံ တစ်လ သိန်း (20)
ဆက်သွယ်ရန် 09 - 785133119
09 - 250021585

PREMIER® COFFEE

အထူးဆုကြီး

# သိန်း(1000)

အပါအဝင်

# သိန်းတစ်သောင်းတန်

## (၂)ထပ်ကွမ်း ငွေလမ်းခင်းမယ့် အစီအစဉ်

### ချက်ချင်းပေါက် ငွေသားကံစမ်းမဲ

**အထူးဆုကြီး ငွေကျပ်သိန်း ၁၀၀၀ (၁)ဆု၊**

ငွေကျပ်သိန်း ၅၀၀ (၄)ဆု၊
ငွေကျပ်သိန်း ၁၀၀ (၁၈)ဆု၊
ငွေကျပ် ၅ သိန်း (၁၈၆)ဆု၊
ငွေကျပ် ၁ သိန်း (၂၂၇၁)ဆု၊

ဖြည့်စွက်ရန်

(၂)ထပ်ကွမ်းငွေလမ်းကံစမ်းမဲ

| | |
|---|---|
| အမည် | - - - - - - - - - - |
| ဖုန်းနံပါတ် | - - - - - - - - - - |
| မှတ်ပုံတင်အမှတ် | - - - - - - - - - - |
| လက်ရှိနေထိုင်ရာမြို့ | - - - - - - - - - - |

ရန်ကုန် (၁၁၀၉)၊ (၁၁၁၉) / မန္တလေး (၁၀)၊ (၁၈) / နေပြည်တော် (၁၁၉)

အထက်ပါပုံစံတွင်လည်းဖြည့်စွက်ပြီး ပရီမီးယားရှင်းအထုပ်ငယ်(၁)ထုပ်နှင့်အတူ နီးစပ်ရာရုံးခွဲ(သို့)ဖော်ပြပါစာတိုက်သေတ္တာသို့ ပေးပို့ကံစမ်းနိုင်ပါသည်။

### (၂)ထပ်ကွမ်း ငွေလမ်း ကံစမ်းမဲ

**ငွေကျပ်သိန်း ၁၀၀ ဆု(၂၀)ဆု**

စာတိုက်သေတ္တာ
ရန်ကုန် (၁၁၀၉)၊(၁၁၁၉)
မန္တလေး (၁၀)၊(၁၈)
နေပြည်တော် (၁၁၉)

"စာရွက်အလွတ်တစ်ခုပေါ်တွင် အထုပ်သေးလေးထဲမှ နမူနာပုံစံအတိုင်း ဖြည့်စွက်ပြီး ပရီမီးယားရှင်းအထုပ်ငယ်(၁)ထုပ်နှင့်အတူ စာတိုက်သေတ္တာသို့ ပေးပို့ကံစမ်းပါ။"



ရန်ကုန်ရုံးချုပ်
အမှတ် - ၂၉၉(က)၊ မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ ၅၅၁၄၂၉
မန္တလေးရုံးခွဲ
အမှတ် - (၈၆/၈၇ကြား)၊ (၁၇)လမ်း၊ မဟာကုသိုလ်တော်ဘုန်းကြီးကျောင်းမျက်နှာချင်းဆိုင်၊ မန္တလေးမြို့၊ ဖုန်းနံပါတ် - ၀၂ ၇၅၆၄၂
နေပြည်တော်ရုံးခွဲ
အမှတ် - (၁၁၆/၁၁၉)၊ ဘောဂသီရိကားဝင်း၊ နေပြည်တော်မြို့၊ ဖုန်းနံပါတ် - ၀၆၇ ၂၆၀၇၁
မော်လမြိုင်ရုံးခွဲ
အမှတ် - ၉၃(ဃ)၊ ဒေါင်းဇရပ်၊ ကင်းမွန်ချုံလမ်း၊ မော်လမြိုင်မြို့၊ ဖုန်းနံပါတ် - ၀၅၇ ၂၂၈၄၆
ပြည်ရုံးခွဲ
အမှတ် - (၆/၄၅)၊ ရတနာလမ်း၊ နဝင်းရပ်ကွက်၊ ပြည်မြို့၊ ဖုန်းနံပါတ် - ၀၅၃ ၂၄၀၀၂
တောင်ကြီးရုံးခွဲ
အမှတ် - ၅၂၊ အေးချမ်းအောင်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့၊ ဖုန်းနံပါတ် - ၀၈၁ ၂၁၂၅၀၄၈
ပုသိမ်ရုံးခွဲ
အမှတ် - ၂၉၊ ဈေးချောင်းလမ်း၊ ပုသိမ်မြို့၊ ဖုန်းနံပါတ် - ၀၄၂ ၂၅၁၈၃
မကွေးရုံးခွဲ
အမှတ် - (၈/၇၇)၊ ရန်ကင်း(၇)လမ်း၊ ရန်ကင်းရပ်ကွက်၊ မကွေးမြို့၊ ဖုန်းနံပါတ် - ၀၆၃ ၂၈၄၇၉
စစ်တွေရုံးခွဲ
အမှတ် - ၂၃၇၊ မင်းဘကြီးလမ်း၊ လမ်းသစ်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်းနံပါတ် - ၀၄၃ ၂၁၉၂၈
လှိုင်ကော်ရုံးခွဲ
အမှတ် - (မ/၂၂)၊ ကံ့ကော်လမ်း၊ မင်္ဂလာရပ်ကွက်၊ လှိုင်ကော်မြို့၊ ဖုန်းနံပါတ် - ၀၈၃ ၂၄၀၁၃၀
တောင်ငူရုံးခွဲ
အမှတ် - ၅၂၉၊ (၂၂)ရပ်ကွက်၊ မင်းလှကျော်ထင်လမ်း၊ မင်းကြီးညိုရပ်ကွက်၊ တောင်ငူမြို့၊ ဖုန်းနံပါတ် - ၀၅၄ ၂၄၃၅၇
လားရှိုးရုံးခွဲ
အမှတ် - (၉/၂၃)၊ ဘူတာရုံလမ်းနှင့်စကားဝါလမ်းထောင့်၊ (၉) ရပ်ကွက်၊ လားရှိုးမြို့၊ ဖုန်းနံပါတ် - ၀၈၂ ၂၅၇၁၉
ကလေးရုံးခွဲ
အမှတ် - ၃၂/၁၊ ဗွာညိုလမ်း၊ အောင်ဇေယျရပ်ကွက်၊ ကလေးမြို့၊ ဖုန်းနံပါတ် - ၀၇၃ ၂၁၁၇၃
မြစ်ကြီးနားရုံးခွဲ
အမှတ် - ၅၄၊ မြေမြင့်ရပ်ကွက်၊ လမ်းသွယ်(၁)၊ မြစ်ကြီးနားမြို့၊ ဖုန်းနံပါတ် - ၀၇၄ ၂၁၆၆၈
မုံရွာရုံးခွဲ
အမှတ် - ၆၈၃၊ ဗိုလ်ချုပ်လမ်း၊ ကူးတို့ကုန်းရပ်ကွက်၊ မုံရွာတောင်၊ လ.ဝ.က ရုံးအနီး၊ မုံရွာမြို့၊ ဖုန်းနံပါတ် - ၀၇၁ ၂၅၁၃၀

မိတ္ထီလာရုံးခွဲ
အမှတ် - (၉/ဂ - ၃၉၁)၊ ပြည်သာယာ(၆)လမ်း နှင့် ကံ့ကော်လမ်းထောင့်၊ ပြည်သာယာရပ်ကွက်၊ မိတ္ထီလာမြို့၊ ဖုန်းနံပါတ် - ၀၆၄ ၂၀၃၅၁၄၀
ကျိုက်ထိုရုံးခွဲ
အမှတ် - ၃၀၇၊ သဇင်လမ်း၊ တောင်သူစုရပ်ကွက်၊ ကျိုက်ထိုမြို့၊ ဖုန်းနံပါတ် - ၀၅၇ ၆၀၄၅၈
ပခုက္ကူရုံးခွဲ
အမှတ်(၁၅)၊ ဆင်ပေါက်လှ(၆)လမ်းနှင့် အောင်ဇေလမ်းထောင့်၊ ပခုက္ကူမြို့၊ ဖုန်းနံပါတ် - ၀၆၂ ၂၃၈၆၂
ကျိုင်းတုံရုံးခွဲ
မြို့တော်ခန်းမရှေ့ လေယာဉ်ကွင်းလမ်း၊ (၄) ရပ်ကွက်၊ တိုးချဲ့မြို့သစ်၊ ကျိုင်းတုံမြို့၊ ဖုန်းနံပါတ် - ၀၈၄ ၂၃၂၈၉
တောင်ကုတ်ရုံးခွဲ
အမှတ် - ၄၁၉၊ နီးကြားရေးလမ်း၊ ကံပိုင်ရပ်ကွက်၊ တောင်ကုတ်မြို့၊ ဖုန်းနံပါတ် - ၀၄၃ ၆၀၂၃၈
ကောလင်းရုံးခွဲ
အမှတ် - (ဆလ - ၁၂၅)၊ စက်ရုံပင်လယ်ပြင်ရပ်ကွက်၊ ကောလင်းမြို့၊ ဖုန်းနံပါတ် - ၀၇၅ ၄၂၇၅၄
မြိတ်ရုံးခွဲ
ရွှေပါရမီဘုန်းကြီးကျောင်းနံဘေး၊ အေးရိပ်ချောင်းလမ်း၊ ကလွင်ရပ်ကွက်၊ မြိတ်မြို့၊ ဖုန်းနံပါတ် - ၀၉ ၈၆၁၇ ၅၀၃
ဖျာပုံရုံးခွဲ
အမှတ် - ၂၁၄၊ ရတနာလမ်း၊ ၃ရပ်ကွက်၊ ဖျာပုံမြို့၊ ဖုန်းနံပါတ် - ၀၄၅ ၄၁၀၀၃
ဟသ်ာတရုံးခွဲ
အမှတ် - ၈၇၂၊ ရွာသာကုန်းရပ်ကွက်၊ မြို့ပတ်လမ်း၊ ဟသ်ာတမြို့၊ ဖုန်းနံပါတ် - ၀၄၄ ၂၂၇၉၇
ချောက် ရုံးခွဲ
အမှတ် - ၂၂၄၊ မြေနီကုန်းရပ်၊ ချောက်ရေနံချောင်း လမ်းမဘေး၊ ချောက်မြို့၊ ဖုန်းနံပါတ် - ၀၆၁ ၂၂၀၀၂
ထားဝယ် ရုံးခွဲ
အမှတ် - ၁၇၈၊ ကျောင်းသစ်လမ်း၊ ကလိုင်းမရပ်ကွက်၊ ထားဝယ်မြို့၊ ဖုန်းနံပါတ် - ၀၅၉ ၂၁၄၈၄
မြင်းခြံရုံးခွဲ
အမှတ် - က/၃၁၊ ရပ်ကွက်ကြီး - ၁၉၊ ၁၃ ရပ်ကွက်၊ စွန်လွန်၊ မြင်းခြံမြို့၊ ဖုန်းနံပါတ် - ၀၆၆ ၂၂၇၄၂
ပြင်ဦးလွင်ရုံးခွဲ
အမှတ် - ၆၉၊ စန္ဒာလမ်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့၊ ဖုန်းနံပါတ် - ၀၈၅ ၂၁၄၅၃
ဘားအံရုံးခွဲ
အမှတ် - ၅၂၊ အမှတ် (၇) ရပ်ကွက်၊ ဘားအံ - ရန်ကုန် ကားလမ်းမကြီးဘေး၊ ဘားအံမြို့၊ ဖုန်းနံပါတ် - ၀၅၈ ၂၂၀၁၄
ရွှေဘို ရုံးခွဲ
အမှတ် (သခတ ၆/၂၉၂)၊ ရပ်ကွက်ကြီး (၆)၊ မူးချောင်းဘေးလမ်း၊ ရွှေဘိုမြို့၊ ဖုန်းနံပါတ် - ၀၇၅ - ၂၂၇၈၅

# "မလေးရှားရောက်မြန်မာလုပ်သားများအတွက်ဝမ်းမြောက်ဖွယ်"

(၁-၆-၂၀၁၆) ကာလနောက်ပိုင်း မလေးရှားနိုင်ငံမှ ပြန်ရောက်လာသော မြန်မာနိုင်ငံသားများ Passport မိတ္တူစာရွက်နှင့် အောက်ပါအလုပ်ဝင်ရောက်လုပ်ကိုင်လိုသူများ လျှောက်ထားနိုင်သည်။
စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန် (၁၀၀၀)ဦး (လူဦးရေတစ်ထောင်)

(၁) နေထိုင်နိုင်ရန်အဆောက်အအုံနှင့် စားသောက်စရိတ်ပေးမည်။
(၂) အခြေခံလစာ US Dollar (၁၅၀)နှင့်ညီမျှသော မြန်မာကျပ်ငွေပေးမည်။
(၃) လုပ်ငန်းအကျိုးအမြတ်၏ (၂၀%) ခွဲဝေခံစားခွင့်ပြုမည်။
(၄) လုပ်ငန်းဆောင်ရွက်နိုင်မှုအပေါ် မူတည်၍ လုပ်ငန်းပမာဏနှင့် အခြေခံလစာတိုးမြှင့်ပေးမည်။
(၅) လုပ်ငန်းဆောင်ရွက်နိုင်မည်ဆိုပါက အဆိုပါလုပ်ငန်းကာလအား နှစ်(၆၀)အထိ စာချုပ်ချုပ်ဆို လုပ်ကိုင်နိုင်သည်။

**လုပ်ငန်းအမျိုးအစား** -ကာလတို၊ ကာလလတ်၊ ကာလရှည် လူနှင့် သဘာဝပတ်ဝန်းကျင် အကျိုးပြုစိုက်ပျိုးရေးလုပ်ငန်းအား တစ်ဦးလျှင် (၅)ဧကမှ (၁၀)ဧက အထိ လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ပေးမည်။

**လုပ်ငန်းဆောင်ရွက်ရမည့်နေရာ** -မြန်မာနိုင်ငံအတွင်း လမ်းပန်းဆက်သွယ်မှု ခရီးသွားယာဉ်လိုင်းများ ရောက်ရှိသွားလာသည့် နေရာဒေသများဖြစ်သည်။

**မှတ်ချက်။ ။မိမိလုပ်ငန်းဆောင်ရွက်လိုသည့် နေရာဒေသအား ရွေးချယ်ခွင့်ပြုမည်။**

**ဆက်သွယ်ရန်လိပ်စာ** -အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်
အမှတ်(၃-၇)၊ ရေဘားလားလမ်းမကြီး၊ ရွှေဘားလားအိမ်ရာ၊ အထယုကွင်း၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၇၈၅၅၅၀၇၈၉၊ ၀၉-၇၈၅၅၅၁၇၈၉၊ ၀၉-၇၈၅၅၅၂၇၈၉
-အမျိုးသားကြီးပွားတိုးတက်ရေးရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်၊
နေပြည်တော်ရုံးချုပ်၊ အမှတ်(၈၆)၊ သီရိရတနာအဆင့်မြင့်ဈေး။
ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၂၁၂၉၇၊ ၀၉- ၇၈၈၅၇၅၅၃၆၊
၀၉-၇၉၉၄၆၆၈၈၂၊ ၀၉-၇၉၆၄၆၃၃၆၈၊
ရမည်းသင်းရုံးခွဲ၊ အမှတ်(က/၃၄၄)၊ ရွာတန်းလမ်း၊
ရဲကျောင်းမြောက်ဘက်၊ လက်ဆည်ကန်ရပ်ကွက်၊ ရမည်းသင်းမြို့နယ်။
ဖုန်း-၀၆၄-၄၀၇၄၆၊ ၀၉-၄၀၃၇၄၇၀၀၇

## ဝန်ထမ်းခေါ်ယူခြင်း

မလေးရှားနိုင်ငံတွင် ဝန်ထမ်းအဖြစ်သွားရောက်လုပ်ကိုင်မည့်သူများနှင့် ပြန်လည်ရောက်ရှိလာသူများ လျှောက်ထားရန်ဖြစ်သည်။

| | |
|---|---|
| (၁) အခြေခံမိုင်းတွင်းလုပ်သား | (၁၀၀)ဦး |
| (၂) လုံခြုံရေးဝန်ထမ်း | (၅၀)ဦး |
| (၃) အခြေခံစားသောက်ကုန်ထုတ်လုပ်မှုဝန်ထမ်း | (၅၀)ဦး |

**အမှတ်စဉ်(၁)အတွက်**

အရည်အချင်း -ရိုးသားကြိုးစားသူ ဖြစ်ရမည်။
အနိမ့်ဆုံးလစာ -ကျပ် ၁သိန်း ၅သောင်း(စရိတ်ငြိမ်း)
လုပ်ငန်းဆောင်ရွက်ရမည့်နေရာ -ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိလုပ်ကွက်(A)
ဆက်သွယ်ရန်လိပ်စာ -အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်၊ နေပြည်တော်ရုံးချုပ်၊ အမှတ်(၈၆)၊ သီရိရတနာအဆင့်မြင့်ဈေး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း- ၀၆၇-၄၂၁၂၉၇၊ ၀၉-၇၈၈၅၇၅၅၃၆၊ ၀၉-၇၉၉၄၆၆၈၈၂၊ ၀၉-၇၉၆၄၆၃၃၆၈
ရမည်းသင်းရုံးခွဲ၊ အမှတ်(က/၃၄၄)၊ ရွာတန်းလမ်း၊ ရဲကျောင်းမြောက်ဘက်၊ လက်ဆည်ကန်ရပ်ကွက်၊ ရမည်းသင်းမြို့နယ်၊ ဖုန်း-၀၆၄-၄၀၇၄၆၊ ၀၉-၄၀၃၇၄၇၀၀၇

**အမှတ်စဉ်(၂)(၃)အတွက်**

အရည်အချင်း -ရိုးသားကြိုးစားသူဖြစ်ရမည်။
အနိမ့်ဆုံးလစာ -ကျပ် ၁သိန်း၅သောင်း+ပုံ့ပိုးငွေ
ဆက်သွယ်ရန်လိပ်စာ -အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်
အမှတ်(၃-၇)၊ ရေဘားလားလမ်းမကြီး၊ ရွှေဘားလားအိမ်ရာ၊ အထယုကွင်း၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၈၅၅၅၀၇၈၉၊ ၀၉-၇၈၅၅၅၁၇၈၉၊ ၀၉-၇၈၅၅၅၂၇၈၉

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

ရွှေကမ္ဘာ
အိမ်ပြောင်း/
အိမ်ရွှေ့လုပ်ငန်း
14'ကားများဖြင့် လုပ်သားအပါအဝင်ယူ ဆောင်ရွက်ပေးသည်။(မြို့တွင်း/နယ်ဝေး)
Ph : 09-5097001
09-49259491
09-421177464

သီဟလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18')ကားများဖြင့်
လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

SYP ဆေးရိုးပင် SYP
အုတ်ရောင်းဝယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး
ကိုဆန်းနိုင် + မမိုးမိုးအေး
အမှတ်(၉/၆၉-B)၊အောက်မင်္ဂလာဒုံလမ်းမကြီး၊တညင်းကုန်း၊အင်းစိန်မြို့နယ်၊ရန်ကုန်မြို့
Ph: 645757, 095408777, 095145162, 0973021997,
09455081166,09-965145162

Yaung Chi Thit Lin Moving Service Co.,Ltd
YCT ရောင်ခြည်သစ်(လင်း)
အိမ်ပြောင်း၊အိမ်ရွှေ့ဝန်ဆောင်မှု ကုမ္ပဏီ
(မြို့တွင်း/နယ်ဝေး)
No.194, Myayamon Water Fromt Villa, Lay Doung Kan Road,26 Qtr, South Dagon.
yaungchithitmovingservice@gmail.com
09 450454771, 09 450454772, 09 450454773

နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှုပြပွဲ (မြန်မာ) ၂၀၁၇

INTERNATIONAL TOURISM EXPO , MYANMAR

ITEM 2017

Car Rentals, Commercial Airlines, Cruise Lines, Hotel Chains, Bank & Insurance, Telecoms, Travel Agencies

အချိန် 9am - 6pm

နေရာ တပ်မတော်ခန်းမ

နေ့ရက် 20, 21, 22 Jan 2017

Main-Sponsor by: AYA Bank
Co-Sponsor by: FMI Air
Official Partner : Myanmar Tourism Federation
Organized by: Travel

ပြည်တွင်းပြည်ပခရီးသွားဝန်ဆောင်မှုအမျိုးမျိုးတို့ကိုတစ်နေရာထဲတွင်
စုံလင်စွာစုစည်းရောင်းချပေးမည်ဖြစ်ပါသဖြင့်အရောက်ကြွလာခဲ့ပါလို့ ဖိတ်ခေါ်လိုက်ပါသည်

Maths & English

Special Summer Program!!

Special Discount until the end of February

Ⓐ (၃)လ ပြတ်သင်တန်း Ⓑ ကျောင်းဝင်ကြေး Free

Level Check Free!

Mathematics
ကိုယ်တိုင်နားလည်ပြီး တွက်ချက်နိုင်သော စွမ်းရည်ရအောင် အဓိကသင်ကြားပေးသော သင်တန်း

English
နိုင်ငံရပ်ခြားရှိ ဆရာ၊ဆရာမများနှင့် တစ်ဦးချင်းသင်ကြားစနစ်ဖြင့် သင်ကြားပေးနေသော One by One အင်္ဂလိပ်စာသင်တန်း

37 years in Japan

Gakken Education Centre

Japan ပညာရှင်များ ပြုစုထားသော ကိုယ်ပိုင် သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားသည်။

Yankin School (ရွှေအုန်းပင်အိမ်ရာ) ☎ 01-559256/01-8605310
Hledan School (4F,Hledan Centre) ☎ 01-2307803

Website >> www.gakken-ace.com
Email >>>> info@gakken-ace.com
Facebook > gakken education

Gakken Math

မြနန်းဘုံ ROYAL EMERALD

RIVER VIEW RESORT, RESTAURANT & BAR



Special Promotion for Jan & Feb 2017

Superior(River View) ~~80,000~~ 50,000
Superior(Garden View) ~~70,000~~ 40,000

BAGAN OFFICE : Near Kyauk Ku Umin Temple, Kyauk Ku River Pumping Station Road, Nyaung Oo 09-777345630, 09-777345640

Booking Period Now to 31 Jan 2017

STAR

ဒုံပြီးသစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိုင်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။

Ph:09-43088052, 09-73254389, 09-421067330

ပထမဦးဆုံး ဦးထွန်းဦး-ဒေါ်ဝင်းမာ

T.V (ရန်ကုန်)

ကားမောင်း--စက်ပြင်သင်တန်း

ဗဟိုသင်တန်း၊ သိမ်ဖြူ၊ ဒဂုံ ...

သိမ်ဖြူ- 09-421150033, 09-73044311
09-5041550, 09-440051114, 09-779144498
ဒုံ- 09-260111942, 09420066955
09-440051112, 09-44051113

အားလုံး အားလုံး ပျော်ဖို့ . . .

HAPPY®

30g

၂၀၀ ကျပ်မှ ၅၀၀၀ ကျပ်အထိ

ဗလာမပါ ငွေသားကံစမ်းမဲများ

ထည့်သွင်းပေးထားပါသည်။




ဗလာမပါ ငွေသားကံစမ်းမဲ

ကြော်ငြာ

## အထူးဝမ်းနည်းကြေကွဲခြင်း
## မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဦးကံညွန့်
**(စာရေးဆရာ မောင်မျက်စိ) (ဆေးပညာသတင်းဆန်းများဆောင်းပါးရှင်)**

လူတိုင်းအပေါ် အားနာစိတ်၊ စာနာစိတ်နှင့် သဘောထား ပြည့်ဝလွန်းတဲ့ သူငယ်ချင်း-

လူတိုင်းသွားရမယ့် လမ်းမှန်းသိပေမယ့် ဒီလောက်မြန်မယ် မထင်မိဘူးကွာ၊ ဘယ်အရာမဆို လုပ်နိုင်စွမ်းရှိတာထက် ပိုလုပ်ပေးချင်တဲ့သူမို့ နှမြောမိတာ အလွန်ပါပဲ၊ ဒီဇင်ဘာလ ရောက်တိုင်း သံတွဲနယ်က မျက်စိဝေဒနာရှင်တွေနှင့် မင်းရဲ့ပရဟိတမျက်စိကုသရေး ဆရာဝန် ဆရာမများအဖွဲ့က အမြဲသတိရနေကြမှာပါ၊ သူငယ်ချင်းရဲ့ဆန္ဒကို ဆက်လက်အကောင်အထည်ဖော်ဖို့ တို့တွေကြိုးစားပါမယ်-

သူငယ်ချင်း တမလွန်က သာဓုအခါခါ ခေါ်နိုင်ပါစေ၊ မင်းရဲ့မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရတဲ့ မင်းရဲ့သူငယ်ချင်းများ-

**ထွန်းရင်၊ ဖေဝင်း၊ ကြည်လင်း၊ ဦးမောင်မောင်၊ ကိုမောင်မောင်(သံတွဲ)**

**1st Corner 12:30 Pm**

**(Life Myanmar Golfer Group Myanmar Golf Club)**

---

### ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခဒေါက်တာကံညွန့်
**(ပင်တိုင်ဆောင်းပါးရှင်)**
**အသက် (၇၂) နှစ်**

ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာတို့တွင် (ဆေးပညာသတင်းဆန်းများ) ပင်တိုင်ဆောင်းပါးများ ရေးသားခဲ့သော ပါမောက္ခ ဒေါက်တာကံညွန့်သည် ၁၃ - ၁ - ၂၀၁၇ ရက်နေ့ နံနက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
### ဒေါ်ချော(ခ) SMT.RADHA DEVI
### အသက် (၉၆)နှစ်

Unique Brothers Co., Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးမောင်ဝင်း၏မိခင်ကြီး ဒေါ်ချော(ခ)SMT.RADHA DEVI သည် ၁၄-၁-၂၀၁၇ ရက်နေ့ မွန်းလွဲ ၁၂:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Unique Brothers Co., Ltd မှ ဝန်ထမ်းများ**
**MJ Biopharm Pvt Ltd မှ ဝန်ထမ်းများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်စိန်ဥ
### အသက် (၉၄)နှစ်

စင်ကာပူနေ ဆရာဒေါက်တာ ဦးခင်မောင်လတ်-ဆရာမ ဒေါ်ကြင်စောတို့၏မိခင် ဒေါ်စိန်ဥသည် ၁၁-၁-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၈ ခုနှစ်၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်**
**ဘူမိဗေဒကျောင်းသားဟောင်းများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးသိန်းတင် (မြိတ်)
### အသက် (၉၂)နှစ်

မြိတ်မြို့နယ်အသင်း(ရန်ကုန်)နာယက ဦးသိန်းတင်သည် ၉-၁-၂၀၁၇ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် အမေရိကန်နိုင်ငံ Los Angeles မြို့ နေအိမ်၌ ကွယ်လွန်ကြောင်းသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နာယကများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များ**
**မြိတ်မြို့နယ်အသင်း (ရန်ကုန်)**

---

# အထူးဝမ်းနည်းကြေကွဲခြင်း
# ပါမောက္ခ ဒေါက်တာဦးကံညွန့်
## မျက်စိအထူးကုဆရာဝန်ကြီး (စာရေးဆရာ မောင်မျက်စိ)
## အသက်(၇၂)နှစ်

မျက်စိအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးကံညွန့် (သူဇာ မျက်စိအထူးကုဆေးခန်း) သည် ၁၃-၁-၂၀၁၇ ရက်နေ့ နံနက် ၆:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**လပ်ကီးမျက်မှန် (သူဇာမျက်စိအထူးကုဆေးခန်း)**

---

## အနိစ္စ

### ဦးစောကြည်လွင်(LLB)ရမ်းဗြဲ
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ငြိမ်း)**
### အသက် (၆၉)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နေ (ဦးဖိုးတေ-ဒေါ်နန်းခ)တို့၏သားငယ်၊ (ဦးကျော်မြင့်-ဒေါ်သာနု)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မနောဟရလမ်း၊ အမှတ်(၈)၊ ခြောက်လွှာ(အေ)နေ ဦးညီလွင်-ဒေါ်တင်တင်ဝင်း၊ ဦးမောင်အေး-ဒေါ်ခင်ကြည်တို့၏ ညီ/မောင်၊ ဦးခင်မောင်သိန်း-ဒေါ်ခင်ခင်မြင့်တို့၏ အစ်ကို၊ ဒေါ်ခင်အုန်းမြင့်(အလပြ-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ မနန်းလဲ့လဲ့လွင် (အလပြ-ငြိမ်း)၊ မောင်ဦးကျော်သူ-မစုရွှေစင်၊ မနန်းအိန္ဒြာလွင်တို့၏ချစ်လှစွာသော ဖခင်သည် ၁၃-၁-၂၀၁၇ရက် မွန်းလွဲ ၂:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၇ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒုရဲမှူး တင်ဝင်း (၅၄)နှစ်
**စာရေးဆရာ**
**ကျီးမနိုးတင်ဝင်း(ပေါင်းတည်)**
**ရဲ-၃၃၂၆**

အမှတ်(၂)၊ ရဲလေ့ကျင့်ရေးသင်တန်းကျောင်း၊ ဝက်ထီးကန်နေ (ဦးညဏ်စိန်)-ဒေါ်ရီတို့၏သား၊ ဦးအောင်မြင့်-(ဒေါ်အုန်းကြည်)တို့၏ သားသမက်၊ ဒေါ်ခင်ခင်မိုး၏ခင်ပွန်း၊ မောင်အောင်မြန်မာ၊ မလမင်းမိုမိုတို့၏ မွေးသဖခင် ဒုရဲမှူး တင်ဝင်းသည် ၁၃-၁-၂၀၁၇ (သောကြာနေ့) ည ၈:၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ကျောင်း၊ ကန် ဒါယကာကြီး
### ဦးမောင်မောင်ရွှေ (၈၉)နှစ်
**(ရသေ့တောင်မြို့)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဘဏ်ရိပ်သာ၊ တိုက်(က)၊ အခန်း(၈)နေ ဦးချက်ဖား-ဒေါ်မမြဦးတို့၏သား၊ မြဝတီမြို့နေ (ဦးချစ်ထွန်းအောင်-ဒေါ်ဦးခင်လှ)၊ (ဦးမောင်ခင်သိန်း)-ဒေါ်လှအေးညွန့်၊ ဦးသိန်းထွန်း-ဒေါ်မခင်သန်း၊ ဦးအောင်စောသာ [ငွေကိုင်(၁)စီးပွားရေးဘဏ်၊ တာမွေ]-ဒေါ်မခင်အေးတို့၏ ချစ်လှစွာသောဖခင်၊ မြေးကိုးယောက်၊ မြစ် ၁၂ယောက်တို့၏ အဘိုးသျှင်/အဖိုးသျှင်သည် ၁၃-၁-၂၀၁၇ (သောကြာနေ့) ည ၉နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (ဘဏ်ရိပ်သာ နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၁၇ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဗိုလ်မှူးချုပ်တင့်ဆွေ(ငြိမ်း)
**O.T.S (43)**
### အသက်(၇၀)

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နေ (ဦးပုလေး-ဒေါ်လှယုံ)၏ သား၊ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နေ (ဦးစောမြ-ဒေါ်ထွား)တို့၏ သားသမက်၊ အမှတ်(၇)၊ ခရေလမ်း(၂/က)ရပ်ကွက်၊ စမ်းကြီးဝအိမ်ရာ၊ မင်္ဂလာဒုံမြို့နယ်နေ ဦးသန့်ဇင်-ဒေါ်အေးသီတာဆွေ၊ Capt; ဆန်းမင်း-ဒေါ်သင်းစပယ်ဆွေ၊ ဦးရဲမင်း-ဒေါ်ဆုမွန်ဆွေတို့၏ဖခင်၊ ဒေါ်ခင်သောင်း၏ချစ်လှစွာသောခင်ပွန်း၊ မြေးလေးယောက်တို့၏အဘိုး ဗိုလ်မှူးချုပ်တင့်ဆွေ(ငြိမ်း)သည် ၁၄-၁-၂၀၁၇ (စနေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၇ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### သံတွဲခရိုင်အသင်း(ရန်ကုန်)၊ ဂုဏ်ထူးဆောင်နာယကကြီး
### ပါမောက္ခ ဒေါက်တာဦးကံညွန့်(သံတွဲ) (၇၂)နှစ်
**မျက်စိအထူးကုဆရာဝန်ကြီး**

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ကင်းမော်ရွာနေ (ဦးရန်ကြီးအောင်-ဒေါ်တင်တင်)တို့၏သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ အမှတ်(၁၁)၊ မင်္ဂလာလမ်း၊ ဘောက်ထော်နေ ပါမောက္ခဒေါက်တာဦးကံညွန့် [မျက်စိအထူးကုဆရာဝန်ကြီး၊ သံတွဲခရိုင်အသင်း-(ရန်ကုန်)၏ ဂုဏ်ထူးဆောင်နာယကကြီး]သည် ၁၃-၁-၂၀၁၇ (သောကြာနေ့) နံနက် ၆:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ အမှုဆောင်အဖွဲ့

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်စိန်တီ(နတ္တလင်း) (၉၄)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နံ့သာလမ်း၊ အမှတ်(၂၂)၊ ပထမထပ်နေ (ဦးစူဝုက်-ဒေါ်ကင်ကျန်း)တို့၏သမီး၊ (ဦးအောင်မင်း)၏ ဇနီး၊ ဦးသန်းညွန့်-ဒေါ်အေးအေးမြ၊ (ဦးအောင်သိန်း)-ဒေါ်တင်တင်ငွေး၊ ဒေါက်တာကြည်ဝမ်း-ဒေါက်တာလှလှငွေး(သြစတြေးလျ)၊ ဦးကျော်ဇံ-ဒေါ်နွဲ့နွဲ့ငွေး၊ ဦးလှိုင်မြင့်ဆွေ-ဒေါ်မြမြအေး (စင်ကာပူ)၊ ဦးကျင်အောင်-ဒေါ်စန်းစန်းငွေး၊ ဦးအောင်မင်း-ဒေါ်နီလာငွေးတို့၏ မွေးသမိခင်၊ မြေး ၂၃ ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၁၄-၁-၂၀၁၇ (စနေနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်တင်တင်လှ(ခ)ဒေါ်စိန်စိန်
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ တိုက်(၈)၊ အခန်း(၀၂)နေ (ဦးသာကွယ်-ဒေါ်အေး)တို့၏ သမီး၊ (ဦးခင်မောင်-ဒေါ်သန်းညွန့်)တို့၏ သမီးချွေးမ၊ (ဦးသိန်းဇံ)၏ ဇနီး၊ ဦးကိုကိုဦး(B.S.M Shipping)-ဒေါ်ဥမ္မာကြည် (အထက-၃၊ ဒဂုံမြောက်)၊ ဦးအေးလွင်-ဒေါ်သီတာဦး (နန်းအိမ်သူ ဆောက်လုပ်ရေး)၊ ဦးကျော်ကျော်ဦး-ဒေါ်မြင့်ခိုင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၁၃-၁-၂၀၁၇(သောကြာနေ့) ည ၇:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၇(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
### နော်စေးဂေး (၈၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်အနောက်မြို့နယ်၊ မိုးကုတ်ကျေးရွာနေ (ဦးဖိုးဖေ-ဒေါ်အေးနွဲ့)တို့၏ သမီးထွေး၊ [ဦးစောမြငွေ (အမှတ်-၁ သတ္တုတွင်း၊ အင်/ယာ-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ နော်ထီးမူ၊ စောထီးဝါး၊ (နော်အယ်ဝါး)၊ နော်ဆဲဖော၊ နော်အယ်ဖော၊ နော်အယ်စေး၊ စောဖောစော၊ စောမူးစောတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၃-၁-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁:၄၅နာရီတွင် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၂)ရပ်ကွက်၊ ပေါ်ဆန်းမွှေး (၂)လမ်း၊ အမှတ် (၆၀၄/က) နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၅-၁-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်၌ ဝတ်ပြုဆုတောင်းပြီး လှိုင်သာယာမြို့နယ် ထိန်ပင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဦးအုန်းကျော် (၆၂)နှစ်
**(ကားဝယ်/ရောင်း)**

ရန်ကုန်မြို့၊ အမှတ်(၃၃)၊ မိုးကောင်းလမ်းနေ (ဦးလှတင်-ဒေါ်သန်းတင်)တို့၏ဒုတိယသား၊ (ဦးမြသိမ်း)-ဒေါ်ရွှေတင်တို့၏သားသမက်၊ ဒေါ်အေးအေးအောင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ဖြိုးကျော်-ဒေါ်မီမီအေး၊ ဦးကျော်ဇင်လင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးနှစ်ယောက်တို့၏ အဘိုး၊ (ဦးစိန်ဝင်း)-ဒေါ်ခင်ဆွေအေးတို့၏ညီ၊ ဦးသန်းအောင်၊ ဦးဉာဏ်ထူး-ဒေါ်တင်တင်အေး၊ ဦးအောင်ပို့ (၁၆-ရပ်ကွက်၊ အုပ်ချုပ်ရေးမှူး၊ ရန်ကင်းမြို့နယ်)-ဒေါ်ကြည်ကြည်၊ ဦးအောင်ဘ-ဒေါ်ခင်မာမာရီ၊ ဦးကျော်ဝင်း-ဒေါ်ဥမ္မာနိုင်တို့၏အစ်ကို ဦးအုန်းကျော်သည် ၁၄-၁-၂၀၁၇ (စနေနေ့) နံနက် ၆:၂၀ နာရီတွင် ခုတင်(၅၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁-၂၀၁၇ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
**အမေရိကန်နိုင်ငံ၊ ဟာ့ဖ်မွန်းဘေးမြို့**
**ဓမ္မာနန္ဒ ဝိဟာရကျောင်း ဆရာတော်ကြီး**
### ဘဒ္ဒန္တ သောဘဏ
**(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)**
### သိက္ခာတော် (၇၃)ဝါ၊ သက်တော်(၉၅)နှစ်

အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်၊ ဟာ့ဖ်မွန်းဘေးမြို့၊ ဓမ္မာနန္ဒဝိဟာရကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တသောဘဏသည် ၁၀-၁-၂၀၁၇ ရက် (၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်) (အင်္ဂါနေ့) နံနက် ၈:၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ကြောင်း တပည့် ဒါယကာ၊ ဒါယိကာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။

မြင်းခြံမြို့နယ်၊ ထနောင်းတိုင်ကျေးရွာမှ
ဆွေမျိုးသားချင်းများ

---

### ဘုရား၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
### ဒေါ်ချော(ခ)SMT.RADHA DEVI (၉၆)နှစ်
**(UNIQUE BROTHERS Co., Ltd ၏ မိခင်ကြီး)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁) ရပ်ကွက်၊ ၅၂ လမ်း၊ အမှတ်(၁၀၂)နေ (ဦးမောင်ကလေး)၏ဇနီး၊ ဦးစိန်တင်(အိန္ဒိယ)၊ ဦးတင်ရွှေ-ဒေါ်ကမာလေ့(ရှ်)၊ ဒေါ်ခင်နွယ်(ခ)Rosie၊ ဦးမောင်ဝင်း (U.B. Co:Ltd)၊ ဦးဇော်ဝင်း-ဒေါ်ခင်စန္ဒာအေး၊ (ဒေါ်မိုနာ)၊ ဦးသိန်းထိုက်-ဒေါ်ရီနာတို့၏ ချစ်လှစွာသောမိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၄-၁-၂၀၁၇ (စနေနေ့) မွန်းလွဲ ၁၂:၃၅ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးဟိန္ဒူအအေးတိုက်မှ ဟိန္ဒူသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (၅၂ လမ်း နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
### ဒေါ်ချော(ခ)SMT.RADHA DEVI (၉၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁) ရပ်ကွက်၊ (၅၂)လမ်း၊ အမှတ်(၁၀၂)နေ (ဦးမောင်ကလေး)၏ဇနီး၊ ဦးတင်ရွှေ(မြသုံးလုံး-ချောက်)-ဒေါ်မြမြခိုင်၊ ဦးထွန်းအောင် (ဆင်ဖြူကျွန်းကုမ္ပဏီ)-ဒေါ်မာယာ၊ ဦးခင်ထွန်း-ဒေါ်နီသာ၊ (ဦးဆန်ဂျေး)-ဒေါ်ညိုညိုဝင်း(မန္တလေးမြို့)၊ ဦးမောင်မောင်-ဒေါ်အေးခိုင်မိုး၊ ဦးယူကေး-ဒေါ်မာလာ(ရေတာရှည်)တို့၏ ကြီးတော်၊ မြေး ၁၂ ယောက်တို့၏ အဘွားသည် ၁၄-၁-၂၀၁၇ (စနေနေ့) မွန်းလွဲ ၁၂:၃၅ နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးဟိန္ဒူအအေးတိုက်မှ ဟိန္ဒူသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (၅၂ လမ်း နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူတူ/တူမများ

---

### ဦးချိုဝင်း(ခ)ဦးဖိုးချို (လပွတ္တာ-ကံဘဲ့) (၅၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၁၈)၊ (၁၀၇)လမ်းနေ (ဦးမောင်မောင်-ဒေါ်ပု)တို့၏သားငယ်၊ [ဦးကျော်ကြီး-ဒေါ်ရွှေညဏ် (လားရှိုး)] တို့၏သားသမက်၊ (ဦးတာယာမောင်မောင်)၊ ဒေါ်မာလာမောင်မောင်၊ ဒေါ်ဝိစာရီ(စွန်းလွန်း)၊ ဦးအောင်နိုင် မြင့်-ဒေါ်သီတာမောင်မောင်၊ ဦးသန့်ဇင်-ဒေါ်နွဲ့နွဲ့ရီ (အမက-၄၊ မင်္ဂလာတောင်ညွန့်မြို့နယ်)တို့၏ ညီ/မောင်၊ ဒေါ်ငွေးငွေးလွင်၏ချစ်လှစွာသောခင်ပွန်း၊ ကိုသီဟအောင်-မဆုမြတ်နိုးဦး၊ မောင်အောင်ခန့်ဝင်း၊ မောင်ပြည့်စုံထွန်းတို့၏ဖခင်၊ မမဒီရွှေဇင်၏အဘိုးသည် ၁၄-၁-၂၀၁၇ (စနေနေ့) နံနက် ၅:၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒေါ်ဦးစွန်း(ဒေါ်တင်တင်ထွေး)
### အသက် (၈၁)နှစ်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နေ (ဦးခန့်ကြီး-ဒေါ်မူ)တို့၏သမီး၊ စလင်းမြို့နေ (ဦးဗကို-ဒေါ်သန့်)တို့၏ သမီးချွေးမ၊ ဦးရွှေမောင်-(ဒေါ်တင်တင်လေး)တို့၏ညီမ၊ (ဦးခင်မောင်ငွေး-ဒေါ်ခင်မာ)၊ ဦးခင်မောင်လေး-ဒေါ်စိန်ရှင်၊ (ဦးခင်မောင်ဝိတ်)-ဒေါ်ခင်လေးဆွေ၊ ဒုဗိုလ်မှူးကြီး ခင်မောင်မြင့်(ငြိမ်း)-ဒေါ်ခင်မြသန်းတို့၏အစ်မ၊ ဗိုလ်မှူး မျိုးတင့်အေး(ငြိမ်း)-ဒေါ်စန်းစန်း၊ ဗိုလ်မှူး မျိုးမြင့်အေး(ငြိမ်း)-ဒေါ်ရီရီတင့်တို့၏ မိခင် ဒေါ်ဦးစွန်း(ဒေါ်တင်တင်ထွေး) သည် ၁၃-၁-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဦးထွန်းဟံ(ခ)ဦးနိုင်ဦး(ခ) ဦးဆန်နီ (၄၇)နှစ်
**အထက(၁)၊**
**ဗဟန်းကျောင်းသားဟောင်း**
**C.D.C-40339**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျိုက်လတ်လမ်း၊ အမှတ်(၁၃)၊ သုံးလွှာနေ (ဦးလှထွန်း-ဒေါ်စန်းမြင့်)တို့၏ သား၊ (ဦးညဏ်မြင့်)-ဒေါ်တင်တင်အေးတို့၏သားသမက်၊ ဒေါ်အေးစန္ဒာမြင့်၏ ခင်ပွန်း၊ မောင်ဇေယျာလင်း၊ မောင်ဝေယံလင်း-မနွေးလပြည့် (အထက-၂၊ ဗဟန်း)တို့၏ ချစ်လှစွာသောဖခင် ဦးထွန်းဟံ(ခ)ဦးနိုင်ဦး(ခ) ဦးဆန်နီသည် ၂၁-၁၂-၂၀၁၆ ရက်တွင် Brazil နိုင်ငံ Manous မြို့ ဒေသစံတော်ချိန် နံနက် ၁၁:၃၀နာရီတွင် m.v Pandora သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်ရင်း ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [၁၇-၁-၂၀၁၇ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### မြိတ်မြို့နယ်အသင်း (ရန်ကုန်)
### ဒေါ်မြရီ(မြိတ်)
### အသက် (၈၅)နှစ်
**အသင်းဝင်အမှတ် (၃၄၁၉)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၃၉)၊ပထမထပ်နေ (ဦးညီလေး)၏ဇနီးသည် ၁၀-၁-၂၀၁၇ (အင်္ဂါနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

### ခရစ်တော်၌ အိပ်ပျော်ခြင်း
### Pi Mah Sung (၈၃)နှစ်

ချင်းပြည်နယ်၊ ဟားခါးမြို့၊ ပြည်တော်သာရပ်ကွက်နေ (Pu Chia Khawm-Pi Hlei Pam)တို့၏ ချစ်လှစွာသောသမီး၊ (Pu Tial Peng)-Pi Sang Kip Men, Pi Mang Chin-Pu Thong Lian Thang, Pu Mg Tin-Pi Sang Cuai (USA), Pi Ngun Zi-Pu Than Kip Luai (USA), Pi Tial Tang-Pu Chan Tin Mang, Pu Tha Ceu-Pi Roselyn Hniang Chin (USA), Pi Iang Hlei Sung-Pu Christopher Ngin, Pu Ngun Vung-Pi Zo Ram Mawi, Pi Far Hlei Tial-Pu Vung Za Thang(USA) တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေး ၃၀ ယောက်၊ မြစ် ၁၅ ယောက်တို့၏ အဘွား Pi Mah Sung သည် ၁၃-၁-၂၀၁၇ (သောကြာနေ့) ညနေ ၃:၂၅ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးရုံ (SSC)၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၈-၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်း အစည်းအဝေးပြုလုပ်ပြီး ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း၊ (အင်းစိန်၊ BOC မှတ်တိုင်၊ လှိုင်သီရိအိမ်ရာ(လှိုင်)၊ မြောက်ဒဂုံမန္တလေးမှတ်တိုင်၊ ဧဝေနေဇာဘုရားကျောင်း (၂၄ ဂိတ်ဟောင်း၊ တ/ဒဂုံ)၊ အမှတ်-၃၊ ဆည်မြောင်းနှင့် ရေအသုံးချစီမံခန့်ခွဲရေး ဦးစီးဌာနအိမ်ရာ (ရေအရင်းအမြစ်ရုံး)ရှေ့တို့မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

# ညောင်ချောင်းသာကမ်းခြေ မကြာမီ ဖွင့်လှစ်မည်

**ညောင်တုန်း ဇန်နဝါရီ ၁၄**

လွန်ခဲ့သော ငါးနှစ်ခန့်ကစ၍ နှစ်စဉ်ဖွင့်လှစ်ခဲ့သော ညောင်ချောင်းသာကမ်းခြေအပန်းဖြေစခန်းကို ယခင်နှစ်များနည်းတူဖွင့်လှစ်နိုင်ရန် ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ၏ ဥပဒေနှင့်အညီ မြို့နယ်စည်ပင်သာယာရေးကော်မတီက ကြီးကြပ်ကွပ်ကဲသွားရန် ကြိုတင်စီစဉ်မှုများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။

"ကျွန်တော်တို့ ဒီနှစ်မှာ ယခင်နှစ်ကဖွင့်လှစ်တဲ့နေရာရဲ့ အနောက်ဘက် ပေ ၂၅၀၀ လောက်ဝေးတဲ့နေရာကို ပြောင်းရွှေ့ဖွင့်လှစ်မှာပါ။ ယခင်နှစ်ကဖွင့်တဲ့နေရာက သောင်ပြင်နဲ့လည်းမရှိ၊ ကမ်းချောက်သဘောမျိုး ရေနက်ဖြစ်နေပါတယ်။ ဒါကြောင့် ဒီနှစ်မှာသဲသောင်ပြင်နဲ့ကျယ်ဝန်းပြီး အန္တရာယ်ကင်းတဲ့နေရာကို ရွှေ့ပြောင်းရတာပါ။ အခုဖွင့်လှစ်မယ့်ကမ်းခြေအထိ ကားတိုက်ရိုက်ဆင်းလို့ရအောင် စီစဉ်ဆောင်ရွက်ထားပါတယ်။ သဲသောင်ပြင်နဲ့အကျယ်ကတော့ ပေ ၃၀၀၀ ကျော်လောက်ကျယ်ပြန့်ပြီး ယခင်ညောင်ချောင်းသာထက် ပိုမိုကျယ်ပြန့်ပါတယ်။ ဒီနှစ်မှာတော့ဆိုင်ခန်းပေါင်း ၆၀ ကို မြို့နယ်စည်ပင်သာယာရေးကော်မတီက တစ်ပြေးညီဖြစ်အောင် ဆောက်လုပ်ပေးမှာပါ။ ဆိုင်ခန်းတွေရဲ့ ရှေ့ကနေရေစပ်အထိ ပေ ၅၀ ချန်ထားပြီး ရေစပ်မှ ကျွန်တော်တို့ကော်မတီက ကန့်သတ်ထားတဲ့ ရေပြင်အကွာအဝေး ပေ ၃၀၀ လောက်အထိ ရေကစားနိုင်ပါတယ်။

ကားဆင်းလမ်းတစ်လျှောက် သဲ၊ ဖုန်မထအောင် ရေဖျန်းဆောင်ရွက်နိုင်ဖို့ အဝီစိတွင်း ငါးတွင်းတူးပေးထားပါတယ်။ အပန်းဖြေလာကြတဲ့ ဧည့်သည်တွေ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ **စာမျက်နှာ ၅ ကော်လံ ၁ သို့❖**

# ရန်ကုန်ဘတ်စ်ကားလိုင်းစနစ် ပြောင်းလဲမှုတွင် BRT Lite ယာဉ်လိုင်းမှ လိုင်းအမှတ် ၃၇ ဖြင့် လမ်းကြောင်းသစ်ပြေးဆွဲမည်



လက်ရှိပြေးဆွဲလျက်ရှိသော BRT Lite ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်။

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်ဘတ်စ်ကား ပြေးဆွဲမှုစနစ် စတင်ပြောင်းလဲမည့် ဇန်နဝါရီ ၁၆ ရက်တွင် BRT Lite ယာဉ်လိုင်းမှလည်း ယာဉ်လိုင်းအမှတ် ၃၇ ဖြင့် လမ်းကြောင်းသစ်ကို စတင်ပြောင်းလဲပြေးဆွဲမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၃ ရက်က ထုတ်ပြန်ကြေညာလိုက်သည်။

ရန်ကုန်မြို့တွင် ပြေးဆွဲနေသည့် BRT Lite ယာဉ်လိုင်းသည် လမ်းကြောင်း သုံးခု၊ ယာဉ်အစီးရေ စုစုပေါင်း ၈၅ စီးဖြင့် ပြေးဆွဲနေပြီး ဘတ်စ်ကားစနစ်သစ် စတင်ပြောင်းလဲသည့်နေ့မှစ၍ အဆိုပါလမ်းကြောင်း သုံးခုအား ဖျက်သိမ်းကာ ရန်ကုန်ဘတ်စ်ကားသယ်ယူပို့ဆောင်ရေး၏ ယာဉ်လိုင်းအမှတ် ၃၇ နံပါတ်ဖြင့် လမ်းကြောင်းသစ်ကို စတင်ပြေးဆွဲမည်ဟု အဆိုပါယာဉ်လိုင်းမှ သိရသည်။

"အရင်က ယာဉ်လိုင်းရဲ့ နဖူးစည်းကို YBPC BRT Liteလို့ ကပ်ထားတာပါ။ အခုစနစ်သစ်မှာ YBS ၃၇ လို့ ပြောင်းလဲကပ်ထားမှာ ဖြစ်ပါတယ်။ ကားရှေ့မှန်ရဲ့ ဘယ်ဘက်အပေါ်ထောင့်မှာတော့ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုကော်မတီ (YRTA)ရဲ့ **စာမျက်နှာ ၉ ကော်လံ ၄ သို့❒**

# MNL အမှတ်ပေးပြိုင်ပွဲ အဖွင့်ပွဲတွင် ရှမ်းယူနိုက်တက်နှင့် ဇွဲကပင်အသင်း အနိုင်ရ



ရှမ်းယူနိုက်တက်အသင်းနှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားနေစဉ်။

**ရန်ကုန် ဇန်နဝါရီ ၁၄**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁) ပထမနေ့ကို ယနေ့ညနေပိုင်းက စတင်ကျင်းပရာ ရှမ်းယူနိုက်တက်နှင့် ဇွဲကပင်အသင်းတို့ အနိုင်ရခဲ့သည်။

**(တောင်ကြီးကွင်း)**

ရှမ်းယူနိုက်တက် - တစ်ဂိုး

နေပြည်တော် - ဂိုးမရှိ

၂၀၁၆ ရာသီတွင် အသင်းအမည်ပြောင်းလဲခဲ့ပြီး ထင်သလောက်အောင်မြင်မှု မရခဲ့သောကြောင့် ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင်လည်း ပြင်ဆင်မှုများစွာ ထပ်မံပြုလုပ်ခဲ့ရာ ဖွင့်ပွဲတွင် နိုင်ပွဲဖြင့် စတင်နိုင်ခဲ့သည်။ တန်းတက်နေပြည်တော်အသင်း၏ ရုန်းကန်မှုကြောင့် ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်းတွင် နိုင်ပွဲရရန် ရုန်းကန်ခဲ့ရပြီး နောက်ခံလူ ပက်ထရစ်၏ တစ်လုံးတည်းသော ဂိုးဖြင့် သုံးမှတ်အပြည့်ရခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် အသင်းခေါင်းဆောင် ဝင်းမင်းထွန်း **စာမျက်နှာ ၉ ကော်လံ ၂ သို့○**

## ယာဉ်လိုင်းစနစ်သစ်ပြေးဆွဲရာတွင် ခရီးသွားများအား တက္ကသိုလ်ကင်းထောက်များ ကူညီမည်

စာမျက်နှာ »»» ၉

## မောင်တောခရိုင်အတွင်း လစ်လပ်သွားသော ဆရာမများနေရာတွင် ကျောင်းဆရာ ၅၀၀ ကျော် အစားထိုးခန့်အပ်

စာမျက်နှာ »»» ၅

## ဆန်းဒေးကာတွန်း



စာမျက်နှာ - ၁၆၊ ၁၇




ကြေးမုံ
အထူးကဏ္ဍ
ဇန်နဝါရီ ၁၅၊ ၂၀၁၇ (တနင်္ဂနွေနေ့)

# ရိုက်သောသူသာ ငိုရသည်

အေးမြတ်မြတ်ဖြိုး (ကံမ)

အထက်တန်းပြ



"သာထူးတစ်ယောက်နဲ့တော့ စိတ်ညစ်ပါတယ် ညီမရယ်"

ကျောင်းရောက်မဆိုက်ကြားလိုက်ရတဲ့ လက်ထောက်ဆရာမရဲ့ ညည်းသံ။ သူ ညည်းလည်း ညည်းရှာပေမယ်။ ဒီသာထူးဟာ သူ့အတန်းမှာ အသက်အကြီးဆုံးနဲ့ လူကောင်အထွားဆုံး။ အစအနောက်သန်တဲ့အထဲ အဆဲအဆိုလေးပါစွက်ချင်လို့ ဆရာမတွေက ခဏခဏ ဆူရငေါက်ရတဲ့သူ။

ရန်ဖြစ်ကြပြီဟေ့ဆိုရင် တစ်ဖက်လူ ဘယ်သူလဲသာမေး။ ကျန်တစ်ဖက်က သာထူးဆိုတာ ကျိန်းသေ။ ကလေးတွေ အပြောအရ ရွာထဲမှာလည်း သူက လက်စလက်နရှိတယ်ဆိုပဲ။ တစ်ခါက အတန်းဖော်တွေနဲ့ရန်ဖြစ်တော့ သူ့ကို တေက်ပြားခေါ် ရပ့်မလားလို့ လက်သီးစွမ်းပြလိုက်တာ တစ်ဖက်ကလေးမှာ ရှေ့သွားနှစ်ချောင်းကျိုးပါလေရောလား။ ပါလေရာငပွ ထီခနဲဆို စီခနဲဆိုတဲ့ သာထူး။

အဆော့မက်ချက်ကလည်း တရုတ်ပြည်က စွန်းဝူခုန်း မြန်မာပြည်ထဲ မျက်စိလည်ပြီး သူ့အမေဗိုက်ထဲ ဝင်စားသလားမှတ်ရ။ တစ်ခါကလည်း ကျောင်းပိတ်ရက်ကြီးကို ကျောင်းပေါ် ခိုးတက်သတဲ့။ ကျောင်းတိုင်ကနေ တွယ်တက်ပြီး ဂျက်ချထားတဲ့ပြတင်းတံခါးကို ရအောင်ဖွင့်တက်တာ။ တခြားကလေးတွေက လာတိုင်တော့မှ ဒင်းကို ခေါ်စစ်ရတယ်။

ဖြစ်ပုံက သောကြာနေ့ညနေ ကျောင်းဆင်းတော့ ပြန်ချင်ဇောနဲ့ လွယ်အိတ်မေ့ခဲ့တယ်ဆိုပဲ။ ပိတ်ရက်မှာ သင်္ချာအိမ်စာတွက်မထားရင် ကျောင်းဖွင့်ရက် အဆော်ခံရမှာကြောက်ပြီး လွယ်အိတ်ကိုတက်ယူတာပါလို့ မျက်နှာငယ်ငယ်နဲ့ ဖြေရှင်းလာတဲ့ သာထူး။ နောက်မလုပ်ရဲအောင်တော့ တော်တော်လေးဆူပေးလိုက်ရတယ်။ ဒီအဖြစ်ကို ကြည့်ပြီး သာထူးတစ်ယောက်ဟာ စာတော့အာရုံစိုက်ရှာသားပဲလို့ မထင်လိုက်နဲ့နော်။ အဆော့မှာထိပ် စာမှာဘိတ်ဆိုတာ သာထူးရဲ့ဂုဏ်ပုဒ်။

လူတကာနဲ့ ရန်ဖြစ်ချင်တဲ့ သာထူး။ အဆော့မက်သလောက် အဆဲသန်တဲ့သာထူး။ ကျောင်းတက် မှန်သလောက် စာဖျင်းလှတဲ့ သာထူး။ ဒီသာထူးဟာ ကျွန်မကိုတော့ အတော်ခင်ရှာတဲ့သူပါ။ သူ့ကို ဘယ်သူကမေးမေး ကျောင်းအုပ်ဆရာမကြီးကို အချစ်ဆုံးတဲ့။ ချစ်ရခြင်းအကြောင်းက တခြားတော့မထင်နဲ့။ ပုံပြင်ပြောပြလို့၊ ကဗျာတွေ သင်ပေးလို့တဲ့လေ။

သာထူးဟာ မနက်အစောကြီး ကျောင်းလာ။ ဝန်ထမ်းအိမ်မှာနေတဲ့ ကျွန်မအတွက် ရေခပ်ရမလား၊ ထင်းသယ်ပေးရမလား၊ ဈေးဝယ်ရမလား ကျွန်မ ဝေယျာဝစ္စအားလုံးကန်ထရိုက်ဆွဲထားတဲ့ကလေး။ တစ်ခါတလေများဆို ကျွန်မအတွက် တောပန်းတောင်ပန်းလေးတွေပါ ယူလာပေးတတ်သေးရဲ့။ ကျွန်မက သူ့အတွက် စာအုပ်၊ ခဲတံလေးတွေ၊ မောင်လေးအင်္ကျီတစ်ပတ်နွမ်းလေးတွေ၊ ဆပ်ပြာအမွှေးခဲလေးတွေ၊ သနပ်ခါးခဲလေးတွေ လက်ဆောင် ပြန်ပေးတဲ့အခါ သူ့ခမျာ ရွာထဲမယ်ကြွားမဆုံးပေါ့။

ကျွန်မတို့ ဆရာ ဆရာမဆိုတာကလည်း ကိုယ့်ဆီရောက်လာတဲ့ကလေးမှန်သမျှ ဘယ်သူမွေးမွေး ငါ့ကလေးပဲ တွေးကြတာလေ။ တပည့်တွေကို စာတော်တော့လည်း တော်လို့ချစ်ရတယ်။ စာညံ့တဲ့သူကျ သနားရပြန်ရော။ လိမ္မာအလိုက်သိတဲ့ကလေးကို ကြင်နာရသလို၊ ဆိုးဆိုးပေပေ တပည့်တွေကိုလည်း တစ်မျိုးသံယောဇဉ်ပိုရပြန်ရော။ ခုလည်း ဒီလိုပေါ့။ သာထူးဆိုးမှန်းပေမှန်း သိပေမယ့် သူလည်း ကိုယ့်သားသမီးထဲက တစ်ယောက်ပဲမဟုတ်လား။ ချစ်ရပြန်တာပဲပေါ့ရှင်။ သူကလည်း အပါးလေး။ ဘယ်သူ့အပေါ် ဆိုးဆိုး ကျွန်မ မငြိုငြင်အောင်တော့ နေတတ်ပ့ါ။

ဒါပေမယ့် တစ်နေ့မှာတော့ သာထူးနဲ့ ကျွန်မ ထိပ်တိုက်တွေ့ရပါတော့တယ်။ ရွာထဲက အဘွားစိန်ရဲ့ ခြံထဲခိုးဝင်ပြီး မာလကာပင်တက်ရင်း လမ်းကြုံအနေနဲ့ ဘဲဥတွေပါခိုးသတဲ့လေ။ အဘွားကမိတော့ တောင်ဝှေးနဲ့ ရိုက်။ အဲဒီမှာ ဒင်းကထွက်ပြေးရင်း မိုက်မိုက်ရိုင်းရိုင်းတွေ ပြန်ဆဲရုံသာမက လောက်လေးနဲ့ပါပစ်လို့ဆိုပြီး အဘွားက ငိုကြီးချက်မနဲ့ ကျွန်မဆီလာတိုင်ပါတော့တယ်။

ကျွန်မလည်း တော်တော်စိတ်ဆိုးပြီး သာထူးကိုခေါ်။ နင်က ကျောင်းသားလား၊ သူခိုးလား။ သူခိုးကြီးရင် ဓားပြဖြစ်မယ်။ ဓားပြကနေ သူပုန်ဖြစ်မယ်။ ဒီလောက်တောင် မိုက်ရသလား။ နောက်ဒါမျိုးလုပ်ဦးမလားနဲ့ ပါးစပ်ကလည်းပြော။ မတုန်မလှုပ်နဲ့ ခေါင်းကြီး ငုံ့ခံနေတဲ့ သာထူးပခုံးကို လက်ကလည်း ခပ်ကြမ်းကြမ်းလှုပ်ယမ်းတွန်းထိုးနေမိပါတယ်။

သူက ငြိမ်ခံနေလေ ကျွန်မက ဒေါသထွက်လေ။ ဒါနဲ့ပဲ တုတ်ကိုဆွဲပြီး နင့်ကိုငါ ကျောင်းထုတ်လိုက်ရမလား။ နင် ကျောင်းထွက်မလား ပြောစမ်း ပြောစမ်းနဲ့ ဆိုဆိုပြီး တင်ပါးကို သုံးလေးချက်ဆင့်ရိုက်မိပါတယ်။ ဘယ်လိုပြောပြော ငြိမ်ခံနေတဲ့ သာထူးဟာ ကျောင်းထုတ်မယ်ဆိုတော့မှပဲ မျက်ရည်ဖြိုင်ဖြိုင်ကျပြီး နောက်မလုပ်တော့ပါဘူး ဆရာမရဲ့။ ကျောင်းမထုတ်ပါနဲ့ ဆရာမရဲ့နဲ့ ငိုယိုတောင်းပန်ပါတော့တယ်။ လက်ကလည်း တင်ပါးလေး ပွတ်ကာပွတ်ကာနဲ့ပေါ့။

ကျွန်မလည်း ဒေါသအလျောက် ရိုက်ပြီးမှ အခန်းထောင့်ကတိုင်ကိုမှီပြီး တရှုံ့ရှုံ့ရှိုက်နေတဲ့ သာထူးကြောင့် စာသင်ရတာမဖြောင့်တော့ဘဲ စိတ်မကောင်းဖြစ်နေရပါတော့တယ်။ ညနေကျောင်းဆင်းတဲ့အထိ စိတ်မှာတနုံ့နုံ့။ အိမ်ပြန်ရောက်လို့ အမေ့ကို အကျိုးအကြောင်းပြောပြတော့ "ဖြစ်ရလေ သမီးရယ်။ အများနဲ့မတူတဲ့ ကလေးတိုင်းမှာ အများနဲ့မတူတဲ့ ဘဝနောက်ခံအခြေအနေရှိတတ်တယ်။ သူ့ကို ဆုံးမပဲ့ပြင်ချင်ရင် သူ့ရဲ့ မိသားစုနောက်ခံအခြေအနေနဲ့ လိုအပ်ချက်ကို သိအောင်လုပ်ရတယ်။ သမီးတို့တွေ ပညာရေးစိတ်ပညာ သင်ခဲ့ဖူးသားနဲ့။ ဆုံးမချင်တာ အလျင်မလိုပါနဲ့သမီး။ စုံစမ်းပါဦး"လို့ အမေက အကြံဉာဏ်ပေးပါတယ်။

ဒါနဲ့ပဲ ရွာထဲစနည်းနာကြည့်တော့ သာထူးမိသားစုအကြောင်း စိတ်မကောင်းစရာ သိရပါတော့တယ်။ သူ ငါးနှစ်သားမှာ အဖေက မြွေကိုက်လို့သေ။ အမေက နောက်အိမ်ထောင်ထူ။ ပထွေးက အရက်သမား။ ပထွေးကို အမေလုပ်သူက ဖိန့်ဖိန့်တုန်အောင် ကြောက်ရတဲ့အခါ သာထူးတို့လည်း ဘယ်ခေါင်းဖော်နိုင်ပ့ါမလဲ။ ကျောင်းဖွင့်ချိန် ကျောင်းအပ်ပေးပြီးရင် တာဝန်ကျေပြီထင်တဲ့အမေ။ အိမ်တကာလည်ဖို့လောက် အလေးထားပြီး သားသမီးရဲ့ နေရေး စားရေး ပညာရေးကို နည်းနည်းမှ စိတ်မဝင်စားတဲ့အမေ။ အချိန်တိုင်းလိုလို မူးနေတတ်ပြီး မြင်မြင်သမျှ အပြစ်ရှာရိုက်နှက်ချင်တဲ့ ပထွေး။ ဒီလူတွေ စိတ်အလိုမကျသမျှ အဆူခံ အဆဲခံ အရိုက်ခံရတာက ကျွန်မတပည့် သာထူးလေး။

တစ်ခါမှာဆို အမေလုပ်သူက လင်အမူးသမားအပြစ်တင်မခံရရေး ထမင်းအိုးတစ်လုံးချ။ ငါးသေတ္တာလေး တစ်ဘူးကြော်ပြီး အိမ်လည်ထွက်သွားတယ်ဆိုပဲ။ သားဖြစ်သူကို မှာခဲ့ပုံက ဒီနေ့ ဆီဆမ်းစားလိုက်တော့ သာထူး။ ဟင်းက နင့်အဖေဖို့နော်။ ပြီးရင် ကျောင်းသွားတော့။ အိမ်မှာ ကစားမနေနဲ့။ နင့်အဖေနိုးလာဦးမယ်တဲ့။ အမေလုပ်သူ ရွာထဲအဆင်း။ သာထူးလေးတစ်ယောက် နောက်ဖေးအမိုက်ပုံဆင်းပြီး ငါးသေတ္တာဘူးခွံရှာပါလေရော။ တွေ့တဲ့အခါ လက်ညှိုးနဲ့ကော်။ အားမရတော့ လျှာနဲ့လျက်။ လျှာကို ဘူးခွံပြတ်စရှလို့ ခမျာမှာ အဲဒီနေ့ စာတောင်မဆိုနိုင်ဘူးဆိုပဲ။ ဖြစ်ရလေ သာထူးရယ်။

အိမ်မှာ ကြင်ကြင်နာနာဆက်ဆံတာမခံခဲ့ရတဲ့ကလေး။ သူများအပေါ် ရက်စက်တတ်တာ ဘာဆန်းမှာလဲ။ အမြဲ ဆိုဆဲရိုက်ပုတ်ခံနေရတဲ့ကလေး။ သူများတွေကို ရန်လိုတတ်လာတာ ဘာဆန်းမှာလဲ။ အစားဆင်းရဲအနေဆင်းရဲနဲ့ ဥပေက္ခာပြုခံနေရတဲ့ကလေး။ စာရိတ္တပျက်ယွင်းလာတာ ဘာဆန်းမှာလဲ။

အိမ်မှာမပျော်လို့ကျောင်းရောက်ပြန်တော့ငတက်ပြား၊ ငပွကြီး နာမည်ဆိုးတွေနဲ့ အများကကြဉ်ခံရတဲ့ကလေး။ မလိမ္မာတာ စာမတော်တာ ဘာဆန်းမှာလဲ။

ဒါတွေကိုသိအောင်မကြိုးစားဘဲ တုတ်စွမ်းပြခဲ့တဲ့ ကျွန်မ ခုတော့ နောင်တမျက်ရည်တွေနဲ့ စိတ်မကောင်းဖြစ်နေရပါတော့တယ်။ ကျွန်မတို့ ဆရာ ဆရာမတွေကလည်း ကလေးတွေကို ဆုံးမပဲ့ပြင်တဲ့နေရာမှာ တတ်သိလိမ္မာစေချင်တဲ့ စေတနာ မေတ္တာတွေ အရင်းခံကြတာဖြစ်ပေမယ့် ကလေးတိုင်းအတွက် ပေတံတစ်ချောင်းတည်းနဲ့ တိုင်းတာအကဲဖြတ်နေလို့ မမှန်ကန်ဘူးဆိုတာ ခုတော့ ကျွန်မသိပါပြီ။ နားလည်ပါပြီ။ မတူညီတဲ့ကလေးတိုင်းမှာ မတူညီတဲ့ဘဝနောက်ခံတွေ ရှိနေတတ်ကြတယ်ဆိုတာ သာထူးက ကျွန်မကိုသင်ခန်းစာပေးခဲ့ပါပြီ။

ဩော် တစ်ခါတလေမှာတော့ ရိုက်သောသူပါ ငိုရတာမျိုးလည်း ရှိတတ်ပါလားရှင်။ ။

## အမေ

ခစ်ခစ်ဆိုတဲ့ရယ်သံလေးတစ်ခုကြားရဖို့
နနယ်ခြင်းတွေ စတေးလိုက်ရတယ်။
အဆင်မပြေရင် သူ့အသက်လည်းစတေးရနိုင်တယ်။
ကိုးလလွယ်ပြီး ဆယ်လမှာဖွားတယ်ဆိုတဲ့
မသိကျိုးနွံပြုခြင်းတွေရဲ့နောက်
အမေဟာ သူ့ကလေးကိုဘယ်သွားသွားချီပိုးခဲ့
နေ့စဉ်မနက်ခင်းတိုင်း
အဆာပြေမုန့်ဟင်းခါးကြိုက်တတ်လည်း
မိသားစုထမင်းဝိုင်းဖြစ်ဖို့
ပဲပြုတ်သုံးရာဖိုးနဲ့ အလဲအထပ်လုပ်ရဲတာအမေ။
မှတ်ပုံတင်မှာ သန်းခေါင်စာရင်းမှာ
မှီခိုလို့ရေးလိုက်ကတည်းက
သူ့အရိပ်အောက်ခိုဝင်ခဲ့ရတာ
အမေဟာနွေးထွေးခွင့်တွေပေးလို့
နေ့စဉ်တိုင်း နှစ်စဉ်တိုင်း
အမေ့ကိုသတိတရရှိနေသူတွေကိုလည်း
အမေကချစ်သလို
ပြာသိုလပြည့်ရောက်မှ
အမေ့ဓာတ်ပုံကိုထရံကြားကနုတ်
ဖုန်သုတ်ကြတဲ့သူတွေကိုလည်း
အမေကချစ်တယ်။ ။

**ညီဆောင်းဦး**

## အမေ့မေတ္တာ အနန္တ

အမေ့ဂုဏ်ရည်
တေးတစ်ပုဒ်စီလည်း
မမီနိုင်ပါ ဂုဏ်ကြီးမားဧ။
အမေ့အကြောင်း
တစေ့တစောင်း
ကဗျာဖွဲ့သီ
ရေးမကုန်ပြီ။
အမေသာလျှင်
ကဗျာ့ဘဏ္ဍာဖြစ်ပါဧ။
အမေ့အပြုံး၊ ဆွဲယူသုံးလည်း
လရောင်မမီ၊ အားနာမိသည်
ငွေလသာလျှင် ရှုံးပါဧ။
အမေသာမြင်းမိုရ်
မိုးကောင်းကင်ဆို
ငွေရောင်လွှမ်းပတ်
ဝဋ္ဋာထက်လည်း
မေ့မေတ္တာကား
တုနှိုင်းမမီ အနန္တတည်း။ ။

**လှိုင်သွေး(ပျော်ဘွယ်)**

ဓမ္မာစရိယ-စာချတန်း

# အိမ်လွမ်းသူရဲ့ ဝေဒနာ



မလေးနှယ်(Phil)

ကိုယ့်မိသားစု အသိုက်အမြုံလေးထဲမှာပဲ ပျော်မွေ့တတ်တဲ့ ကျွန်မအတွက်တော့ အိမ်နဲ့ဝေးနေရတဲ့ကာလတွေဟာ နွေကန္တာရလို ပူပြင်းခြောက်သွေ့လွန်းပါရဲ့။ ဝန်ထမ်းတစ်ယောက်ဖြစ်တဲ့ကျွန်မဟာ အိမ်နဲ့မကြာခဏ ခွဲရတတ်ပါတယ်။ အဲဒီကာလတွေမှာတော့ အိမ်လွမ်းတဲ့ ဝေဒနာကို အပြင်းအထန်ခံစားရင်း အိမ်ပြန်ရမယ့်ရက်တွေကို လက်ချိုးရေတွက်ရင်း "ငါပြန်ရတော့မှာပါလေ"ဆိုတဲ့ အတွေးတွေနဲ့ အားတင်းရင်းကျော်ဖြတ်ခဲ့ရပါတယ်။

ခုလည်း တာဝန်ကျရာမြို့လေးတစ်မြို့မှာ ရာသီဥတုဒဏ်၊ မိသားစုလွမ်းတဲ့ဒဏ်တွေကို အန်တုရင်း တာဝန်ကျေပွန်သူတစ်ယောက်ဖြစ်ဖို့ ကျရာတာဝန်တွေကို ထမ်းဆောင်နေရပြန်ပါတယ်။ ဝန်ထမ်းမိဘနှစ်ပါးက မွေးဖွားလာတဲ့အတွက် ကျွန်မဝန်ထမ်းဖြစ်လာတာဟာ သိပ်တော့လည်း မဆန်းပါဘူးလေ။ ဝန်ထမ်းဘဝနဲ့စိမ်းတဲ့ ကျွန်မခင်ပွန်းကတော့ ဝန်ထမ်းဘဝကို သိပ်နားမလည်ပေမယ့် ကျွန်မနဲ့ပတ်သက်ပြီး "ဝန်ထမ်း"ဆိုတဲ့ စကားလုံးရဲ့အနက်အဓိပ္ပာယ်ကို ရင်းနှီးကျွမ်းဝင်လာခဲ့ရပါပြီ။

အခြားသူတွေလို မိသားစုတာဝန်မရှိပေမယ့် ကျွန်မအိမ်မှာတော့ ကျွန်မက အဓိကဇာတ်ဆောင်တစ်ယောက်ပါ။ ကျွန်မကိုအမြဲပံ့ပိုးကူညီသူတွေကတော့ ကျွန်မရဲ့ ချစ်မေမေရယ်၊ ချစ်ခင်ပွန်းရယ်နဲ့ အစ်မကြီးများ(ယောက်မ)ပေါ့။ "ရုံးကိစ္စနဲ့ခရီးသွားရမယ်။ ဘယ်လောက်တော့ ကြာမယ်။ ဘာတွေယူသွားချင်တယ်။ ဘာတွေကတော့ လိုအပ်တယ်" စသဖြင့် ပြောလိုက်တာနဲ့ ကျွန်မရှေ့ရောက်လာအောင် စွမ်းဆောင်ပေးနိုင်ကြသူတွေပါ။ ရှေ့မှာ သွားရမယ့်ခရီးအတွက် နောက်ကြောင်းလုံအောင်၊ စိတ်မပူရလေအောင် ဝိုင်းဝန်းကူညီကြသူတွေပေါ့။

အခွင့်သာရင်သာသလို ကျွန်မတာဝန်ကျရာမြို့လေးတွေဆီ အရောက်လာပြီး ကျွန်မရဲ့လိုအပ်ချက်တွေ ဖြည့်ဆည်းပေးတတ်သူကတော့ ကျွန်မရဲ့မင်းသားကြီးပေါ့။ ကျွန်မ ဘဝမှာ နောက်တစ်ကြိမ်မရှိနိုင်သော၊ မရနိုင်သော၊ တန်ဖိုးကြီးသော၊ အစားထိုးမရသော၊ အသက်နဲ့ထပ်တူချစ်မြတ်နိုးရပါသော ပုဂ္ဂိုလ်နှစ်ဦးရှိပါတယ်။ အဲဒီပုဂ္ဂိုလ်နှစ်ဦးကတော့ ကျွန်မရဲ့အမေနဲ့ ကျွန်မရဲ့ခင်ပွန်းပါ။

ကျွန်မ အခုလို နောက်ကြောင်းအေးစွာနဲ့ တာဝန်ထမ်းဆောင်နိုင်တာ အမေနဲ့ခင်ပွန်းကြောင့်ပါ။ သမီးမရှိတဲ့ အိမ်မှာ သမက်နဲ့နေရတဲ့ ယောက္ခမတစ်ယောက်ကို မိဘအရင်းလို ပြုစုစောင့်ရှောက်ရင်း သားသမီးတာဝန်ကျေသော၊ သမက်ဖြစ်သော်လည်း သားတစ်ယောက်လို အားထားအမှီပြုရသောသူနဲ့ သမက်ကို သားတစ်ယောက်လို ဂရုစိုက်သော ယောက္ခမတို့ရဲ့ တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်ထားရှိကြတဲ့ မေတ္တာတရားကြောင့် ကျွန်မ နောက်ကြောင်းအေးခဲ့ရပါတယ်။

ခုလည်း ကျွန်မ အလုပ်ဝင်ခါစက တာဝန်ထမ်းဆောင်ခဲ့ရသော အရပ်ဒေသမှာ ပြန်လည်တာဝန်ထမ်းဆောင်ခွင့်ရပြန်တော့ အတိတ်ကပုံရိပ်တွေဟာ ပြန်ပေါ်လာရပြန်ပါတယ်။ အဲဒီတုန်းက အဖေရယ်၊ အမေရယ်၊ ကျွန်မရယ် မိသားစုသုံးယောက် အတူနေခဲ့ရတဲ့အချိန်တွေ၊ အဖေစိုက်ခဲ့တဲ့ အပင်တွေ၊ အဖေရိတ်ခဲ့တဲ့ မြက်တွေ၊ အဖေလျှောက်ခဲ့တဲ့ လမ်းတွေ၊ ညနေပိုင်းတွေမှာ စိုက်ခင်းတွေကို သားအဖနှစ်ယောက် ရေလောင်း၊ ပေါင်းမြက်ရှင်းခဲ့တာတွေ၊ အဖေရဲ့လှုပ်ရှားမှုပုံရိပ်တွေဟာ ကျွန်မရဲ့ မျက်စိထဲမှာ ရုပ်ရှင်အနှေးပြကွက်တစ်ခုလို ပြန်ပေါ်လာပါတယ်။ မိသားစု အေးချမ်းစွာနေရတော့မယ့်အခါမှ အဖေက ဟိုးအဝေးကြီးကို ထွက်သွားခဲ့ပါတယ်။

လွန်ခဲ့တဲ့သုံးနှစ် ဒီလိုအချိန်ပေါ့။ ကျွန်မ ဖောင်ကြီးသင်တန်းတက်နေရချိန် အဖေကလည်း ရန်ကုန်ဆေးရုံကြီးမှာ လည်ပင်းကင်ဆာရောဂါနဲ့ ဆေးကုသမှုခံယူနေရချိန်ပေါ့။ သင်တန်းကာလ တစ်လပြည့်လို့ တစ်ပတ်တစ်ခါ Outpass ထွက်ခွင့်ရရင် အဖေ့ဆေးရုံကို ပြေး၊ အဖေနဲ့အတူနေ တတ်နိုင်သမျှ အဖေ့ကိုပြုစု၊ တစ်ခါသင်တန်းပြန်လာနဲ့ ဆေးရုံနဲ့သင်တန်းကြားမှာ ပင်ပန်းရမှန်းတောင်မသိခဲ့ရပါဘူး။ မှတ်မှတ်ရရ ကျွန်မ Outpass ထွက်တဲ့ သောကြာနေ့ညနေ အိမ်ရောက်၊ စနေနေ့မနက် ဆေးရုံသွား၊ ည ၁၀ နာရီခွဲလောက်မှ အိမ်ပြန်၊ တနင်္ဂနွေနေ့လယ်သင်တန်းပြန်ပြီး ဗုဒ္ဓဟူးနေ့ (တိတိကျကျပြောရရင် ၃၀-၁၀-၂၀၁၃ ရက်နေ့) ကျွန်မ သင်တန်းခန်းမထဲမှာရှိနေချိန် ကျွန်မရဲ့ လက်ကိုင်ဖုန်းမြည်သံကြောင့် ကြည့်လိုက်တဲ့အခါ ရုံးကဖုန်းဖြစ်နေလို့ ကိုင်လိုက်တော့ အဖေဆုံးပြီဆိုတဲ့ သတင်းစကား ရင်နင့်စွာနဲ့ကြားလိုက်ရပါတယ်။ ဆေးရုံကို ကျွန်မသွားတိုင်း စိတ်ပူမှာစိုးလို့ "အဖေသက်သာတယ်၊ မစိုးရိမ်နဲ့၊ အိမ်ပြန်မိုးချုပ်နေမယ် ပြန်ပြန်" ဆိုတဲ့ အဖေရဲ့စကား ကျွန်မ မကြားရတော့တာ ခုထိပဲပေါ့။

ခုတော့လည်း အဖေ ကျွန်မကိုထားခဲ့တာ သုံးနှစ်ကျော်ပြီပေါ့။ ဒါပေမယ့်လည်း တစ်နေ့မှ မေ့မရပါဘူး။ ဘုရားရှိခိုးတိုင်း အလှူအတန်းပြုလုပ်တိုင်း၊ နေ့စဉ်၊ အပတ်စဉ်၊ ဆွမ်းလောင်းလှူတိုင်း ပြုပြုသမျှ ကုသိုလ်ကောင်းမှုအဖို့ဘာဂကို အဖေ့ကို ရည်စူးလို့ အမျှဝေပါတယ်။ သွားနှင့်သူအတွက် ကျန်ခဲ့သူက လုပ်ပေးရမယ့်အလုပ်တွေကို တတ်နိုင်သမျှ လုပ်ပေးရင်းနဲ့ အဖေ ကောင်းမွန်ရာဘုံဘဝကို ရရှိပါစေလို့ရည်စူးရင်း လှူဒါန်းပေးရုံကလွဲလို့ ကျွန်မ ဘာများတတ်နိုင်ဦးမှာလဲ။

ကျွန်မအနားမှာ အဖေမရှိတော့ပေမယ့် ကျွန်မအတွက် မဟာတံတိုင်းကြီးနှစ်ခုဖြစ်တဲ့ အမေနဲ့ ကျွန်မရဲ့ ခင်ပွန်းရှိနေပေးတဲ့အတွက် လောကကြီးကို ကျေးဇူးတင်ပါတယ်။ သူတို့နှစ်ယောက်ကြောင့် ကျွန်မရဲ့ အနာဂတ်ဟာလည်း လင်းလက်တောက်ပနေမှာ အမှန်ပါပဲ။ ကျွန်မချစ်တဲ့အမေ ကျန်းမာစွာနဲ့ အသက်ရှည်ရှည်နေထိုင်နိုင်ပါစေလို့လည်း ဘုရားမှာနေ့တိုင်း ဆုတောင်းနေမိပါတော့တယ်။ ။

# အမေနဲ့ ကျွန်တော်

မောင်စိုးဝေ(မြို့သာ)

တနင်္လာနေ့နံနက် ကျောင်းမတက်မီအချိန်မှ ပထမအချိန်ကုန်ဆုံးသည်အထိ ကျွန်တော် ဂိတ်တာဝန်ထမ်းဆောင်ရသည်။ ပျားပန်းခပ်မျှသော ဆိုင်ကယ်များ၊ ကားများဖြင့် ကျောင်းပို့လာကြသူများအကြားတွင် ကလေးများ အန္တရာယ်ကင်းအောင်စောင့်ကြည့်ပေးရင်း သူငယ်တန်းမှ ကျောင်းသားလေးနှင့် သူ့မိခင်ကို ကျွန်တော် သတိထားမိခဲ့သည်မှာကြာပြီ။ မိခင်သည် အုန်းဆီရွှဲရွှဲလိမ်း၍ သနပ်ခါးဖွေးနေအောင် လိမ်းပေးထားသော သားငယ်၏ လက်ကိုဆွဲ၍ သားငယ်၏လွယ်အိတ်ကလေးကို လွယ်ကာ ကျောင်းပေါက်ထိလိုက်ပို့သည်။ ကလေးငယ် ကျောင်းထဲဝင်သွားသည်ကို မြင်ရသမျှလိုက်ငေး၍ အားရမှပြန်သွားလေ့ရှိသည်။ ကျောင်းလိုက်ပို့ကြသော မိခင်များစွာရှိသော်လည်း ထိုမိခင်၏ ထူးထူးခြားခြား ဂရုစိုက်တတ်သည့် ပုံသဏ္ဌာန်ကြောင့် ကျွန်တော်ထိုသားအမိကို ပို၍မှတ်မိနေသည်။

ယနေ့တော့ မုန့်စားဆင်းချိန်အထိ ကျွန်တော့်ကို အချိန်အစားထိုးထားသဖြင့် ဂိတ်တာဝန်ထမ်းရတော့သည်။ မုန့်စားကျောင်းဆင်းသောအခါ ကျောင်းသားကျောင်းသူများစွာတို့ မုန့်ဈေးတန်းသို့သွားကြသော်လည်း ထိုကလေးငယ်လေးကမူ ဂိတ်ပေါက်တံခါးဝဆီသို့ ပြေးလာသည်ကို တွေ့ရသည်။ ဂိတ်တံခါးနားတွင် အပြင်ဘက်ကိုငေး၍ တစ်ခုခုကိုရှာဖွေနေသည်။ လေ့ကျင့်ခန်းများကို စစ်နေသဖြင့် ထိုကလေးကိုမကြည့်ဖြစ်တော့။ ကျောင်းတံခါးပေါက်လည်း ပိတ်ထားသဖြင့် အပြင်လည်း မထွက်တန်ရာဟု သဘောပိုက်၍ လေ့ကျင့်ခန်းစာအုပ်များကိုသာ တစ်အုပ်ပြီးတစ်အုပ်စစ်နေမိသည်။ ၁၀ မိနစ်ခန့်အကြာတွင် ကျောင်းတံခါးပေါက်ဆီကိုကြည့်မိသောအခါ တံခါးပေါက်ကလေးကိုမှီ၍ ငိုနေသောကလေးငယ်ကို မြင်လိုက်ရသည်။ ဂိတ်တဲထဲမှ ကပျာကယာထွက်၍ ကလေးငယ်ဆီသွားကာ အကျိုးအကြောင်းမေးကြည့်တော့ အမေမလာလို့ဟူသော စကားသံလေးကို ရှိုက်သံများနှင့်ရောထွေး၍ ကျွန်တော်ကြားလိုက်ရသည်။ ထိုစဉ် ကျောင်းတံခါးအပြင်ဘက်မှ "သားလေး အမေအလုပ်ရှုပ်နေလို့ နည်းနည်း နောက်ကျသွားတာ"ဟူသောအသံနှင့်အတူ ကလေးမိခင်ကို မြင်လိုက်ရသည်။ ကလေးက အမေ့ကိုမြင်တော့ အားတက်သွားသည့်ပုံပေါ်လာသည်။ တံခါးအသေးကို ကျွန်တော်ဖွင့်ပေးလိုက်ပြီး ကလေးမိခင်ကို အထဲဝင်ခိုင်းလိုက်သောအခါ သားအမိနှစ်ယောက်ပွေ့ဖက်၍ အလွမ်းသယ်နေကြသည်။ မုန့်စားကျောင်းဆင်းချိန်ကလည်း ၁၅ မိနစ်သာဖြစ်၍ သားအမိနှစ်ယောက် သုံးမိနစ်ခန့်သာ တွေ့ရတော့သည်။ မိခင်ဖြစ်သူက ပါလာသောမုန့်ထုပ်လေး နှစ်ထုပ်ကို ကလေးအားပေးလိုက်သည်။ ကလေးလည်း သူငယ်တန်းဘက်သို့ ပြန်ပြေးလေပြီ။

မိခင်ဖြစ်သူကိုမေးကြည့်တော့မှ ကလေးငယ်သည် တစ်ဦးတည်းသောသားဖြစ်ကြောင်းနှင့် မိခင်ကို ခင်တွယ်သောသားဖြစ်ကြောင်း သိရသည်။ ကျောင်းလိုက်ပို့လည်း အမေ။ လာကြိုလည်း အမေ။ မုန့်စားကျောင်းဆင်းလျှင်လည်း အမေလာတွေ့မှ။ ထမင်းစားလည်း အမေခွံ့မှ။ အိပ်ရာဝင်လည်း အမေဖက်အိပ်မှ စသည်ဖြင့် အမေကို တမ်းတမ်းစွဲသောသားဖြစ်ကြောင်း မိခင်ဖြစ်သူက ပြောလေသည်။ ယနေ့လည်း သားဖြစ်သူခမျာ နေမကောင်းဖြစ်ထားသဖြင့် ကျောင်းမသွားချင်ဟုဆိုနေသဖြင့် ချော့မော့၍ လိုက်ပို့ထားရကြောင်း၊ မုန့်စားဆင်းချိန် အမေလာတွေ့ပါမည်ဟုကတိပေး၍ လိုက်ပို့ခဲ့ရာ အလုပ်ရှုပ်နေသဖြင့် နောက်ကျသွားကြောင်း ပြောပြလေသည်။ထိုစဉ် တာဝန်ကျဆရာလည်းရောက်လာသဖြင့် အကျိုးအကြောင်းကို နားထောင်ပြီး ကလေးကို ကိုယ့်အားကိုယ်ကိုးတတ်သည့် အကျင့်များစွာမွေးမြူပေးသင့်ကြောင်း မိခင်ဖြစ်သူကို အကြံပြု၏။

ကျွန်တော်ကတော့ ဘာမျှမပြောဖြစ်ခဲ့။ ကျွန်တော့်ငယ်ဘဝ၏ ပုံရိပ်အချို့ကိုသာ စိတ်ဝယ်မြင်ယောင်မိပါသည်။ ကျွန်တော်ကတော့ ထိုကလေးလို တစ်ဦးတည်းသောသားမဟုတ်ဘဲ အမေကိုခင်တွယ်ခဲ့၏။ သား ကိုးယောက်မှ အငယ်ဆုံးသားဖြစ်သော ကျွန်တော်၏ သူငယ်တန်းကျောင်းသားဘဝသည် ထိုကလေးငယ်ထက်ပို၍ အမေကိုခင်တွယ်ခဲ့ပါသည်။ သူငယ်တန်းစတက်သည့် စာသင်နှစ်တစ်လျှောက်လုံး အမေလိုက်မပို့လျှင် ကျွန်တော်ကျောင်းမတက်။ အမေ့ကိုမမြင်လျှင် အိမ်ကိုပြန်ပြေးသည်။ ထို့ကြောင့် အမေ့ခမျာ ကျွန်တော်တို့ သူငယ်တန်းအခန်းမှ ကျွန်တော်မြင်နိုင်သောနေရာတွင် ကျောင်းတက်ကျောင်းဆင်း နေနေရတော့၏။ အစ်ကိုတွေ ကျောင်းမှာရှိ၍ မုန့်စားကျောင်းဆင်းချိန်လာခေါ်သော်လည်း ကျွန်တော်မလိုက်။ အမေလိုက်ဝယ်ကျွေးရသည်။ ကျောင်းသွား ကျောင်းပြန် အမေ့ကျောကိုပိုး၍ အသွားအပြန်လုပ်သည်။ ဘေးလူများက အမေ့ကို ဝိုင်းပြောကြသည်။ "ဒေါ်တုတ်တုတ် နိစ္စဓူဝဆိုမလွယ်ဘူး။ ကလေးကို အဲဒီလောက် အလိုမလိုက်နဲ့။ တုတ်ကိုင်သင့်ကိုင်မှပေါ့" ဟူသော စကားများကို အမေက "မလုပ်ပါနဲ့တော်။ ကျုပ်သားလေး အငယ်ဆုံးလေးကို ချစ်လိုက်ရတာတုန်လို့" ဟုသာ ဖြေခဲ့ပါသည်။

အခုတော့ သူငယ်တန်းကျောင်းသားဘဝတွင် အမေ့ကို မမြင်လျှင် ကျောင်းပြေးတတ်သော ကျွန်တော်တစ်ယောက် အထက်တန်းပြကျောင်းဆရာတစ်ယောက်အဖြစ် အမေနှင့်အဝေးတွင် တာဝန်ထမ်းဆောင်နေရပေပြီ။ နွေကျောင်းပိတ်ချိန်ရောက်မှ ရက်ပိုင်းမျှသာ ပြန်ဖြစ်တော့သည်။ ဇနီးမယား သမီးသားနှင့် ကိုယ်ပိုင်ရိပ်မြုံတည်ဆောက်ခဲ့ပြီဖြစ်သော ကျွန်တော့်ဘဝတွင် အမေ့အိမ်သို့ အတွေးဖြင့်သာရောက်နေဖြစ်သည်က ခပ်များများ။ ရပ်ဝေးတွင်တာဝန်ထမ်းဆောင်နေသော အခြားသူများ၏ သားသမီး၊ ဆရာ ဆရာမများ ရွာပြန်လာကြတိုင်း အမေက ကျွန်တော့်ကို "ပြန်မလာသေးဘူးလား" ဖုန်းဆက်မေးလေ့ရှိသည်။ အမေ မသိသော ပညာရေးကိစ္စများဖြင့် အကြောင်းပြ၍ ပြန်မလာနိုင်သေးကြောင်း ပြောရသည်မှာလည်း အကြိမ်မနည်းတော့။ အဖေကတော့ ဖုန်းဆက်ပြောပါသည်။ မင်းအမေကတော့ ပြောတယ် သားရေ၊ ငယ်တုန်းသာ အမေခင်တွယ်တာ ကြီးလာတော့ အမေကိုမေ့ပြီတဲ့။

ကိုယ့်မိသားစု ကိုယ့်အရေး ကိုယ့်တာဝန်နှင့် ဖြစ်လာတော့လည်း အမေကိုသတိရရုံမှလွဲ၍ ဘာမျှမတတ်နိုင်ခဲ့။ ကျောင်းဆင်းချိန်ကိုပင် ရောက်ရှိခဲ့ပေပြီ။ ကျောင်းပေါက်ဝမယ်ဇလီတန်းတွင် သူငယ်တန်းကျောင်းသား သားငယ်ကို ထမင်းခွံ့ကျွေးနေသော ကလေးမိခင်ကို မြင်နေရသည်။ ထမင်းစားသောက်ပြီးသော ကလေးငယ်သည် မိခင်၏ရင်ခွင်ထဲသို့ ဝင်အိပ်သည်။ မိခင်ကလည်း သားငယ်၏ဦးခေါင်းနှင့် ကျောပြင်ကိုပွတ်သပ်၍ ချော့သိပ်နေသည်။ သားငယ်သည် နှစ်ကာလကြာလာသည်နှင့် ခန္ဓာကိုယ်ထွားကျိုင်း၍ အမေကိုပင် ပြန်ချီနိုင်သောအချိန်ရောက်လာပေဦးမည်။ ထိုအခါတွင်ရော မိခင်အပေါ်တွင်ပါ ယခုကဲ့သို့ မှီတွယ်လိုစိတ်ရှိပါဦးမည်လော။ အမေ့နားတွင် ပွတ်သီးပွတ်သပ် ခွဲနွဲ့နိုင်ပါဦးမည်လော။ ကျွန်တော့်လို မိခင်နဲ့အဝေးတစ်နေရာမှာ ကိုယ်ပိုင်ရိပ်မြုံတည်ဆောက်ပြီး အမေကိုမေ့နေဦးမည်လော။ အတွေးများစွာ တွေးမိနေပါတော့သည်။ သားသမီးတို့ မည်သည့်အရွယ်ကိုပဲရောက်ရောက် ချစ်ခင်ကြင်နာမြတ်နိုးစွာဖြင့် ဂရုတစိုက်ရှိနေဦးမည့် မိခင်မေတ္တာကိုတော့ဖြင့် ကျွန်တော်ယုံကြည်မိပါသည်။ ကျွန်တော်ငေးကြည့်နေခိုက်မှာပင် မိခင်သည် သားဖြစ်သူကို ဆံပင်ကလေးများကို နမ်းရှိုက်လိုက်သည်ကို မြင်လိုက်ရ၏။ ကလေးငယ်ကတော့ မိခင်ရင်ခွင်တွင် ငြိမ်သက်နေဆဲ။ အရွယ်ကလည်း ငယ်လွန်းနေဆဲ။ ။

## ထာဝရမေတ္တာရှင် အမေများသို့

အကြင်နာတွေအကြိမ်ကြိမ်ပေး
ကရုဏာတွေအကြိမ်ကြိမ်ထွေး
သားသမီးတွေဝမ်းအေးဖို့
ဈေးပန်းလေးကိုရွက် လမ်းဘေးထွက်လို့
အသံတွေကွဲအက်နေအောင်အော်ပြီး
လောကဓံဘဝခရီးကို ရဲရဲကြီးလျှောက်ခဲ့တဲ့အမေ
ထာဝရလေးစားလျက်ပါအမေ။
မေတ္တာတွေခြုံသိုင်းလို့
လောကဓံစက်ဝိုင်းရဲ့အလယ်မှာ
ဓားတံတိုင်းတွေကျော်ဖြတ်
မဆုံးသေးတဲ့ခရီးကို လှေကွဲအက်နဲ့ခရီးဆက်
လက်ကလေးနဲ့
ဝင်လာတဲ့ရေကို ပက်ထုတ်ပေးခဲ့တဲ့အမေ
ထာဝရလေးစားလျက်ပါအမေ။
မုဒိတာတွေလွှမ်းခြုံ လောကရိပ်မြုံမှာ
ပန်းပေါင်းများစွာမွှေးထုံသလို
မေတ္တာဂုဏ်အဆင်း ထုံသင်းနေတဲ့အမေ
ထာဝရလေးစားလျက်ပါအမေ။
လောက ကမ္ဘာမြေ နှင်းဆီလိုမွှေး
သင်းကြည်ချိုအေးနေတဲ့အပြုံးတွေနဲ့
သံမဏိနှလုံးသားတွေနဲ့
သားသမီးတွေကို ထာဝရကာကွယ်ပေးထားတဲ့အမေ
ထာဝရလေးစားလျက်ပါလေ။
အမေ အမေ ဟုတ်တယ်
သံမဏိလိုအမေ မေတ္တာအပြည့်
သစ္စာအရှိန်နဲ့အမေ ကရုဏာရွှန်းအိတဲ့အမေ
အကြင်နာပေးတဲ့အမေ
ဥပေက္ခာမရှိသောနှလုံးသားနဲ့အမေ
ထာဝရလေးစားလျက်ပါအမေ။
ကမ္ဘာတည်နေသ၍ ထာဝရမေတ္တာရှင်
အမေဆိုသော အမေတွေရဲ့
မေတ္တာတရားတွေဟာ ထာဝရလှပနေမှာပါလေ။

**ဇော်လင်း(မြို့သာ)**

# ဝဲဒို



ကိုဇေ

အမှန်က သူ့နာမည်အရင်းက “ဝဲကျော်” ဒိုလေးခရေဇီဆိုတော့ သူနာမည်ကို သူပြန်ပေးထားတာ။ အဲ့ နာမည်ပေးတဲ့နေ့က သူအိမ်က ကြက်မကြီးကိုခိုးချက်ပြီး ကင်ပွန်းတပ်တောင် လုပ်ပစ်တာ။ စားတဲ့ကောင်တွေက ဘာမှန်း ညာမှန်းမသိဘူး ကြက်ချက်စားမယ်ဆိုလို့ လာစားကြတာ။ စားပြီးမှ “မင်းတို့ ငါ့ကြက်သားကို စားပြီးပြီဆိုတော့ ငါခိုင်းတာတစ်ခု လုပ်ပေးရမယ်” “ဟင် မင်းငါတို့ကို စေတနာရှိလို့ ချက်ကျွေးတယ်ထင်နေတာ” “ဘာကွ မင်းတို့လို့ ကျက်သတုံးကောင်တွေကို ငါက အလကားချက်ကျွေးမယ်ထင်လား” “ဟေ့ကောင် ငါတို့ကို မဟုတ်တာတွေတော့ မလုပ်ခိုင်းနဲ့နော်” “မခိုင်းဘူး ဒါပေမယ့် ငါ့နာမည်ကို ခုချိန်ကစပြီး ဝဲကျော်လို့ မခေါ်နဲ့တော့” “အမ် ဘယ်လိုခေါ်ရမှာတုံး” “ဝဲဒို” တစ်လုံးချင်းပီပီသသကြီးပြောလိုက်တော့ နားကြားလွဲတာမဖြစ်နိုင်တော့ဘူး။ “မင်းဟာ ဘာနာမည်ကြီးတုံး” “ဒိုလေးလေကွာ ဒိုလေးနာမည်တစ်လုံးနဲ့ ငါ့နာမည်တစ်လုံးကို ပေါင်းထားတာ” “ဝဲဒို မမိုက်ပါဘူး ဝဲကျော်ရာ” “ဟေ့ကောင်တွေ လျှာမရှည်နဲ့ ငါကျွေးတာစားပြီးရင် ငါခေါ်ခိုင်းတဲ့အတိုင်းခေါ် မခေါ်ရင် မင်းတို့လုပ်ထားတာတွေ အကုန်လျှောက်ပြောမှာ” အဲဒီတော့ ဟိုကောင်တွေက ခေါ်ရပြီလေ။ မခေါ်လို့လည်းမရဘူး ဝဲကျော်အကြောင်း သိတာကို။

နောက်နေ့ကျ သူ့အဖေက သူ့ကြက်မကြီးပျောက်လို့လိုက်ရှာရင်း ဒင်းလက်ချက်မှန်းသိတော့ လှည်းဒေါက်ခွနဲ့ကို လိုက်ရိုက်တာ ဝဲဒိုတို့ နှစ်ရက်လောက် အိမ်မကပ်လိုက်ရဘူး။

ဝဲကျော်ရှေ့မှာ ဒိုလေးမကောင်းကြောင်း မပြောမိစေနဲ့ သူနိုင်တဲ့ကောင်ဆို အဲဒီနားတင် သေသွားမယ် ရှင်သွားမယ် မသေမရှင်ဖြစ်သွားမယ် အဲလိုပွဲကြမ်းပစ်တာ။

အဲ သူမနိုင်တဲ့လူဆိုရင်တော့ တေးထားတယ်။ ကျုပ်တို့ရွာက တောင်ဘက်ကမ်း မြောက်ဘက်ကမ်းနှစ်ခုပဲရှိတာ။

ရွာအနောက်လမ်းက သင်္ချိုင်းကုန်းနဲ့ ကပ်နေတာ။ သူတေးထားတဲ့လူများ ညဘက် အဲဒီလမ်းကဖြတ်သွားရင် အဲဒီလူမပြန်မချင်း သင်္ချိုင်းကုန်းထဲက ဒုက္ခခံစောင့်တယ်။ လာပြီဆိုတာနဲ့ ပုဆိုးခြုံပြီး ငှက်ပျောဖက်နဲ့ထွက်ရိုက်တာ။

ဝဲကျော်ဆိုတာ အဲလိုကောင်။ ရွာမှာ သူ အဆင်ပြေအောင် ပေါင်းတာဆိုလို့ ကျုပ်တစ်ယောက်ပဲရှိတာ။ ကျုပ်ကိုတော့ ဒီကောင်ကြောက်တယ်။ မကြောက်လို့ မရဘူးလေ ကျုပ်ကနေ့တိုင်း အလုပ်ကိစ္စနဲ့ မြို့ကိုတက်ရတာကို။ ကျုပ်ကလည်း ဘောလုံးဝါသနာပါတော့ ပြန်လာရင် ဘောလုံးဂျာနယ်အမြဲပါတယ်။ တစ်ခါတလေ သူလည်း ဝယ်တယ်။

သူမှာရင် “ကိုကြီးကိုဇေ ဒိုလေးပုံများများပါတဲ့ ဂျာနယ်ရွေးဝယ်ခဲ့ဗျာ” သူမှာတဲ့အတိုင်းသာဝယ်သွား တစ်စောင် ၅၀၀ မဟုတ်ဘူး။ ၁၀၀၀ ဆိုလည်း ယူတယ်။ ဂျာနယ်မပါတဲ့နေ့များဆို။

“ကိုကြီး ဒိုလေး အခြေအနေကောင်းလားဗျ”

“ငါဘယ်သိမလဲကွ။ သူ့ငါလိုက်ကြည့်နေတာမှ မဟုတ်တာ” အဲဒီလိုများ ပြောလိုက်ရင် မျက်နှာငယ်လေးနဲ့ ထွက်သွားပြီ။ ဒါပေမယ့် သိပ်မကြာဘူး တစ်ခေါက်ပြန်လာမေးပြန်ရော “ကိုကြီး ဒိုလေး နေတော့ ကောင်းလောက်ပါတယ်နော် လာမယ့်ပွဲက သူကန်မယ်မို့လား”

“ကောင်းမှာပါကွ. . . ကန်မယ်လို့ ပြောတယ်”

အဲဒီလိုမပြောမချင်း တစ်ခေါက်ပြီး တစ်ခေါက်ကို လာမေးနေတော့တာ။

ဒိုလေးဘောလုံးပွဲရှိတဲ့ညဆို တစ်နေကုန် အိမ်မှာ အလုပ်လာလုပ်နေတာ သူ့ဖွင့်မပြမှာစိုးလို့လေ။

ဒိုလေးအသင်းများ ရှုံးသွားရင် အဲဒီညကတော့ မအိပ်ဘူး။ တစ်ရွာလုံးကို အရှေ့လျှောက်လိုက် အနောက်လျှောက်လိုက်နဲ့ တက်တစ်ခေါက်ခေါက်နဲ့ လျှောက်နေတာ။

သူ့တစ်အိမ်လုံးလည်း ဒိုလေးပုံတွေ ကပ်ထားလိုက်တာ လေဝင်ပေါက်တောင် မရှိသလောက်ပဲ။ နောက်ဆုံးကပ်စရာမရှိတော့ အိမ်သာထဲထိကပ်တယ်။

အိမ်သာထဲကပ်ထားတဲ့ ပုံလည်းကြည့်ဦးလေ။ ဘေးဘယ်ညာဆို တော်သေးတယ် ခုတော့ ဆောင့်ကြောင့်ထိုင်တဲ့မျက်နှာရှေ့တည့်တည့်မှာ ဒိုလေးက သူရတဲ့ ရွှေဘောလုံးဆုကြီးကို ပြုံးပြုံးကြီးနမ်းနေတဲ့ပုံ။ ကြာတော့ သူ့အမေနဲ့အစ်မက တောင်းတောင်းပန်ပန်နဲ့ အဲဒီပုံကြီးပြန်ဖြုတ်ခိုင်းရတယ်။

တစ်ခါလည်း သူတို့မိသားစု တခြားရွာက အမျိုးတွေ ရှင်ပြုအလှူရှိလို့လေ၊ ငါးရက်လောက် ညအိပ်သွားတော့ အိမ်ကို သူ့အဘိုးနဲ့အဘွားကိုအိမ်စောင့်ထားခဲ့ပြီး သွားကြတာ။

အသက်ကြီးတဲ့လူတွေဆိုတော့ မျက်လုံးကလည်း သိပ်မကောင်းတော့ဘူးလေ။

ဝဲဒိုက ဘုရားစင်နားတွေရော နတ်စင်နားတွေပါ ဒိုလေးပုံတွေ ကပ်ထားတော့ သူ့အဘိုးနဲ့ အဘွားကလည်း အိမ်တွင်းနတ်လား။ ဘိုးတော်လား ဘာကိုယ်တော်မှန်း သဲသဲကွဲကွဲမသိပေမယ့် ဘုရားခန်းထဲမှာ ကပ်ထားတာဆိုတော့ နေတိုင်း ဆွမ်းကပ် ဝတ်ပြုလုပ်နေတာ။ နောက် သူတို့တွေပြန်လာတော့မှ သူ့အဘိုးက အဲဒါ ဘိုးတော်လား၊ နတ်လားမေးတော့။

“ဘာမှမဟုတ်ဘူး။ အဖေ့မြေး ကြိုက်တဲ့ ဘောလုံးသမားပုံလည်းဆိုရော သူ့အဘိုး စိတ်တွေဆိုးပြီး သေတဲ့အထိ အဲဒီကောင်ကို စကားမပြောတော့ဘူးလေ”

ဟုတ်တယ်လေ စိတ်ဆိုးတာပေါ့ သူ့မြေးလောက်ရှိတဲ့ ဘောသမားကို သူ့မှာ နေ့တိုင်းဆွမ်းကပ်ပြီး ဦးချနေရတာကိုး။

ဘောလုံးကန်တဲ့နေရာမှာလည်း ဝဲဒို ပါရင် အနိုင်နဲ့ သရေပဲရှိတယ်။ ဘယ်တော့မှ မရှုံးဘူး။

ဘောလုံးကန်တာ တော်လို့လားဆိုတော့ မဟုတ်ဘူး။ ကန်ရင်လာသာကြည့် တကယ့်ကို တောင်ကန်မြောက်ကန်ကောင်။ ဒါပေမယ့် သူပါရင် တစ်ဖက်အသင်းက အလိုလိုကို ရှိန်နေတာ။

နောက်ဆုံးကုန်ကုန်ပြောရရင် သူမကန်ရလို့ ကွင်းဘေးရပ်နေရင်တောင် ကြောက်ကြတယ်။ အဲဒီလိုပါရမီပါတဲ့ကောင်။

သူ့ကိုဘာလို့ကြောက်လဲ သိလား။ သူ့ပါးစပ်ကို ကြောက်တာ။ လူကသာ ဘာအလုပ်မှ လက်ကြောတင်းအောင် မလုပ်တာ။ ရွာထဲအပ်ကျတာကအစ သူသိတယ်။

ကိုယ့်တစ်ရွာတည်းတင် မဟုတ်ဘူးဗျာ။ ဘေးရွာနီးချုပ်စပ်က အကြောင်းတွေပါ ဒီကောင်က သိတာ။

ဘောလုံးကန်တဲ့အချိန်ဆို သူ့အသင်း ရှုံးတော့မယ်ဆိုရင် မဆီမဆိုင် အကြောင်းတွေကို အော်ကြီးဟစ်ကျယ် ထထပြောတာ။ သူပြောတာတွေ ကြည့်ဦးလေ။

“ဟေ့ကောင် တက်ပု မင်း မြက်ရိတ်မယ်ဆိုပြီး မိုးချုပ်မှ မျိုးထူးစပါးခင်းက စပါးနှစ်ခြင်း ခိုးရိတ်တာ ငါမသိဘူးမှတ်နေလား”

“ဟေ့ကောင် ဝဲဒို မဟုတ်တာမပြောနဲ့။ ငါကတစ်ခြင်းတည်းရယ်။ သိန်းဦးက တစ်ခြင်းကွ” “မျိုးထူးတွေ့လား ငါပြောသားပဲ မင်း စပါးခိုးရိတ်တာ အဲဒီကောင်တွေပါဆို”

“ဟေ့ကောင်တက်ပု မင်းပုသလောက် သောက်ကျင့်က တစ်စက်မှ မကောင်းဘူး။ သူများစပါးလိုက်ခိုးရိတ်နေတဲ့ကောင်”

“အောင်မာ မင်းလည်းဘာထူးလဲ။ သိန်းဦးအိမ်ကကြောင်လေးကို မင်းခွေးကိုက်လို့ သေတော့ ပြန်မပေးဘဲနဲ့ တောကြောင်ရလာတယ်ဆိုပြီး ချက်စားတာလေ ငါမသိဘူးမှတ်နေလား”

အဲဒီမှာ ဟိုကောင်တွေ စကားတွေများကုန်ပြီး ထိုးမယ်ကြိတ်မယ်နဲ့ ပွဲလည်းပျက်ရော။ ဝဲဒိုဆိုတာ အဲဒီလိုကောင်။

ညနေဆို ကျုပ်တို့ရွာမှာက ဘေးရွာနဲ့ ချိန်းပွဲမရှိရင်တောင် တောင်ဘက်ကမ်းနဲ့ မြောက်ဘက်ကမ်း ခွဲကန်ရင်ကန် မကန်ရင် လူပျိုလူအို ခွဲကန်ကြတာ။

ရွာကလူတွေက ဘောလုံးဆိုဝါသနာပါကြတော့ ညနေဆို ရွာထဲက လူကြီးလူငယ် ပျိုပျိုအိုအို အကုန်ထွက်ကြည့်တာ။

တစ်နေ့ ကျုပ်တို့ ရွာနဲ့ ဘေးရွာ ချိန်းကန်ကြတာ

တစ်ဖက်ရွာက တစ်ဂိုးကြောပေးတော့ ရွာကလူတွေ လောင်းလိုက်ကြတာ အဲဒီအထဲ ဝဲဒိုလည်းပါတာပေါ့။ သူဝင်ကန်မယ်ဆိုတော့ ဟိုကောင်တွေက အကန်မခံဘူး။ သူပေါက်ပန်းဈေးပြောမှာကြောက်လို့။

ဒိုင်လူကြီးကိုတောင်မှ တခြားလူ မလုပ်ခိုင်းဘူး။ ကျုပ်တို့ရွာသူကြီးကို လုပ်ခိုင်းတာ ဝဲဒိုနဲ့လည်း အမျိုးတော်တယ်လေ။ သူ့အဒေါ် ယောကျ်ားကိုး။

တစ်ဖက်အသင်းက ရွာသားတွေက ကန်တာကောင်းတော့ ပထမပိုင်းတင် နှစ်ဂိုးအသွင်းခံထားရပြီ။ အဲ ဒုတိယပိုင်းပြန်စစချင်း နောက်တစ်ဂိုးအသွင်းခံရတော့။ ဝဲဒို သူရှုံးတော့မှာသိနေပြီ။ အဲတော့ ဝဲဒို ပြဿနာရှာရတော့မယ်။ ကန်တဲ့ကောင်တွေရှာလို့ရန်ဖြစ်ရင် သူကြီးက လူထုတ်ပစ်ပြီး ဆက်ကန်ခိုင်းမှာသိတော့ သူရှာရင် ဒိုင်လူကြီးလုပ်တဲ့ သူကြီးရှာမှရမယ်။ သူ့အဒေါ်လည်း လာကြည့်နေတာသိတော့။ ဒိုင်မရှိရင် ပွဲဆက်ကန်လို့ မရတော့ဘူးဆိုတဲ့အကြံနဲ့ “ဦးလေး ခုနဂိုးက လူကျွံဘောကြီးလေဗျာ။ ခင်ဗျားက ရွာမြောက်ပိုင်းက မုဆိုးမ ဒေါ်တင်လေးကြီးအိမ်နား ကုပ်ချောင်းကုပ်ချောင်းလုပ်သလို လိုက်မနေနဲ့ဗျ မီအောင်လိုက်ပြေးလေ”

“ဟဲ့ ဝဲဒို ခုန နင်ဘာပြောလိုက်တယ်”

လှမ်းမေးတာက သူ့အဒေါ် သူကြီးမိန်းမ ဒေါ်သန်း “ဟုတ်တယ် အရီးလေး တစ်နေ့က ညနေ ကျွန်တော် ရွာမြောက်ပိုင်းသွားရင်း တွေ့တာ”

ဝဲဒို စပြီးမီးမွှေးလိုက်ပြီ။ ဒေါ်တင်လေးဆိုတာက သူကြီးရည်းစားဟောင်း ရတော့သာ ဒေါ်သန်းနဲ့ရတာ။

လူကြီးအတော်များများ ၈၀ ရာခိုင်နှုန်းလောက်က မိန်းမကြောက်ရပေမယ့် အဲဒီ ၈၀ ရာခိုင်နှုန်းထဲမှာ ကိုယ်တွေသူကြီးပါတယ်ဆိုတော့ ဝဲဒိုက ခာတ်ပေါက်ပြီးသား။

“ကိုလှမောင်”

“ရှိ”

“သူကြီးဘာလို့ ဝီစီ မှုတ်တာလဲဗျ။ ဘာမှားလို့လဲ”

“ငါ့ မိန်းမ ခေါ်သံကြားလို့ကွ”

“အဲဒါဆိုလည်း ပါးစပ်က လှမ်းထူးလေဗျာ။ ဘာလို့မှုတ်ရတာတုံးဗျ”

“ဟေ့ကောင်လျှာမရှည်နဲ့။ ပါးစပ်က မအားဘူးကွ ဒီဝီစီကြီးကိုက်ထားရတာ”

“ကိုလှမောင် ရှင်ခုတလော အချိုးတွေ ပြောင်းနေတာ ကျုပ်သိတယ်နော် ရှင့်အကြံ ဒါအကုန်ပဲလားဟင်”

“ဟဲ့ မိသန်း နင့်လင်က ငါမလိုချင်လို့ နင်ရတာ။ တင်လေးတို့က မုဆိုးမပေမယ့် နင့်လင်လို အရွတ်တွတော့ မစဉ်းစားဘူးဟေ့။ ငါလိုချင်ရင် ကာလသားခေါင်းတောင် နှစ်ခါ မပြရဘူး။ သဘောပေါက်ထားဟဲ့”

ဒေါ်တင်လေးကြီးက ကာလသားခေါင်းတောင်နှစ်ခါမပြရဘူးဆိုတော့ လူတွေက ဝိုင်းရယ်ကြတဲ့အပြင် ကွင်းထဲမှာ ဘောလုံးကန်နေတဲ့ ကာလသားခေါင်း ကိုကြီးသံချောင်းက “အရီးလေး ကျုပ်နဲ့ ဘာဆိုင်လို့လဲဗျ။ ကျုပ်က ဘာမှမကြည့်ဘူးနော်”

“စကားအဖြစ်ပြောတာဟဲ့ သံချောင်းရဲ့ နင်ကတစ်မျိုး”

“ဟင် ကြည့်စမ်း ကိုလှမောင်”

“ရှိ”

“သူကြီး ဘာလို့မှုတ်ပြန်တာလဲဗျ”

“ငါ့ မိန်းမခေါ်လို့”

“အမ်”

“ရှင် အနေအထိုင်မတတ်လို့ ခု ကျွန်မ အပြောခံအလှောင်ခံနေရတာ ရှင်ခုရှင်းစမ်း”

“သူကြီး ကျွန်တော်တို့က ဆက်ကန်ရမှာလား”

“အေး ကန်”

“ရှင့်ဟာမကို ခုလာရှင်းစမ်း မိသန်းလက်က ပါးမရွေးဘူးနော်”

“ဟဲ့ကောင်မ တင်လေးတို့ကလည်း တစ်လေးတည်းရှိတာ။ နှစ်လေးရှိရင် ဈေးရောင်းစားပစ်မယ် လာစမ်းပါ”

“ကြည့်စမ်း ကြည့်စမ်း ကိုလှမောင်”

“ရှိ”

“ဟာမှုတ်ပြန်ပြီဟ”

“ရှင် နားထောင်ကောင်းနေတယ်ဟုတ်လား”

“ဟာ အသန်း နင်တိတ်တိတ်နေစမ်းဟာ ငါအလုပ်လုပ်နေတယ် နင်မမြင်ဘူးလား”

“ဘာ ကိုလှမောင် ရှင် ကျွန်မကို ပြန်အော်တယ်ဟုတ်လား”

“ရှိ အဲ အော်တယ်ဟာ”

“ဘာ တွေ့ပြီ ရှင်မလာရင် ကျွန်မလာပြီ။ အသန်းတဲ့ဟေ့ တစ်သန်းတည်းရှိတယ်။ နှစ်သန်းရှိရင် ချဲဒိုင်ဖွင့်ပစ်မယ်”

ပြီးပြီလေ ပွဲပျက်သွားပြီ။

ဝဲဒိုလား။ လိုက်ရှာမနေနဲ့တော့။ မီးစမွှေးပြီးကတည်းက ပြေးတာ။ ခုလောက်ဆို သူ့ဦးလေးဝမ်းကွဲရွာမှာ ရေတောင်ချိုးပြီး နေလောက်ပြီ။ နောက်တစ်ပတ်လောက်ထိတော့သေချာတယ်။ အဲဒီကောင် ရွာကို ပြန်မလာရဲသေးဘူးဆိုတာ ကျုပ်အတတ်ပြောရဲတယ်။ ။



မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

# အမှုဝေပါသည် မှော်ရုံတောက မောင်လေးနဲ့ ညီမလေး

တက္ကသိုလ်စိန်မြင့်ထွန်း

မှတ်မှတ်ရရ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) လပတ်(EC)အစည်းအဝေးနေ့တွင် ဗဟိုရုံးသို့ အစည်းအဝေးမစမီ စာရေးသူရောက်ရှိခဲ့သည်။ ရုံးပေါ်သို့တက်လျှင်တက်ချင်း "ဆရာကြီးရှင့်" ဟူသော အသံလာရာသို့ ကြည့်လိုက်မိသည်။ ဆရာမတစ်ဦးနှင့် ချိုင်းထောက်နှင့် ငါးနှစ်သားအရွယ်ယောကျ်ားလေးတစ်ဦး။ "ဟယ် ရွှေမိုးတို့သားအမိပါလား။ အခုဘယ်မှာနေလဲ။ မတွေ့တာကြာပြီနော်"ဟု စတင်ပြောလိုက်သည်နှင့် "ဆရာကြီးနဲ့ တွေ့ချင်လွန်းလို့လာခဲ့တာပါ။ အခုသမီး ပညာရေးကောလိပ်မှာ တာဝန်ထမ်းဆောင်နေတယ်လေ။ မိဘတွေကတော့ ပင်လည်ဘူးမှာပဲ။ အမေဆုံးတာ နှစ်နှစ်ရှိပြီ။ ဆရာကြီးလာတုန်းက တွေ့ခဲ့တဲ့ ခုနစ်တန်းကျောင်းသား မောင်လေးကတော့ ကလေးတစ်ယောက်သာကျန်ခဲ့ပြီး ပြီးခဲ့တဲ့ ၁၀ ရက်လောက်ကမှ ဆုံးရှာပြီဆရာကြီး"ဟူ၍ ဆရာမ မရွှေမိုး မျက်ဝန်းမှ မျက်ရည်များပြိုကျလာပါတော့သည်။ စာရေးသူ မနေသာတော့ပါ။ "မငိုပါနဲ့ သမီးရယ်။ လူ့ဘဝဆိုတာ သေခြင်းတရားကို ကြီးသည်၊ ငယ်သည်မရွေး ရင်ဆိုင်ရစမြဲလေ။ လူသားအားလုံးရဲ့ နောက်ဆုံးခရီးဟာ သေခြင်းတရားမို့ တရားနဲ့သာဖြေပါ။ သမီးရာ"ဟူ၍ တရားချကာ ပြောခဲ့သည်။ "ဟုတ်ပါတယ် ဆရာကြီး။ မောင်လေးသံချောင်းရဲ့ နောက်ဆုံးခရီးအကြောင်းကို ပြောချင်လွန်းလို့ပါ။ ဆရာကြီးတို့အသင်းကြီးရဲ့ တံလျှပ်ဂျာနယ်မှာ ရေးလိုလျှင် ရေးနိုင်တာပေါ့တဲ့"။ "ကိုင်းဒီလိုဆိုရင် ရင်ထဲပေါ့ပါးသွားအောင် စတင်၍ပြောပေတော့"ဟု စာရေးသူ ခွင့်ပေးလိုက်ရပါတော့သည်။

ဒီလိုပါဆရာကြီး ဆရာကြီးတို့ ရွှေမိုးတို့ရဲ့ ပင်လည်ဘူးကို လာလည်စဉ်က မောင်လေးက ခုနစ်တန်းကျောင်းသားလေ။ ကိုးတန်းနှစ်မှာပဲ မူးယစ်ဆေးဝါးရဲ့ ကဇာတ်ထဲ ရောက်သွားတော့တာပဲ ဆရာကြီး။ ကျွန်မတို့ ပင်လည်ဘူးမြို့ဟာ "မှော်" ရပ်ဝန်းနဲ့ မနီးမဝေးမို့ လွယ်လင့်တကူ မူးယစ်ဆေးဝါး နံပါတ်ဖိုးကို ဝယ်ယူလို့ရလို့ ပင်လည်ဘူးမြို့က လူငယ်အတော်များများဟာ မူးယစ်ဆေးဝါးညွှတ်ကွင်းထဲကို သက်ဆင်းကြရတယ်လေ။

ရွှေမိုးတို့မှာ မောင်နှမလေးယောက်ရှိပါတယ်။ အစ်မကြီး နုနု၊ ရွှေမိုး၊ မောင်လေးနဲ့ အငယ်ဆုံးညီမလေး ပိုးဥ၊ မောင်လေးသံချောင်းက နံပါတ် (၃) ပေါ့။ ယောကျ်ားလေးမို့ အဖေရော အမေရော၊ ရွှေမိုးတို့ပါ ဝိုင်းချစ်နေကြတယ်ပေါ့။ အမေနဲ့အဖေတို့က မောင်လေးကို ရွှေမိုးတို့ထက် ပိုပြီးချစ်၊ပိုပြီး အလိုလိုက်ခဲ့တယ်။ အခွင့်ကောင်းရတဲ့ မောင်လေးဟာ ဆေးလိပ်ကစပြီး သောက်တတ်လာခဲ့တယ်။ အုပ်စုဖွဲ့နေတတ်တဲ့အရွယ်မို့ အုပ်စုတွင်းရှိ ဆေးသမားတွေရဲ့ ညွှတ်ကွင်းမှာ ယုန်သူငယ်လေးလို ရုန်းမထွက်နိုင်ခဲ့တာကြောင့် နံပါတ်ဖိုးသမားလုံးလုံးဖြစ်ခဲ့တယ်။ အဲဒီနှစ်မှာပဲ စာမေးပွဲကျ၊ စိတ်လေ၊ စိတ်လွင့်ပြီး အိမ်ကပစ္စည်း၊ အဝတ်အထည်၊ ပန်းကန် အိုးခွက်မကျန် ခိုးယူပြီး ရောင်းစားခဲ့တယ်။ ရွှေမိုးတို့ ညီအစ်မတွေဆီက ပိုက်ဆံတောင်းမရရင် ပါးရိုက်၊ လုယူ၊ ထွက်ပြေးနဲ့ပေါ့။ အမေနားကပ်ကို ဆွဲလုပြီး ပြေးတဲ့အထိဖြစ်ခဲ့တယ်။ အိမ်ကထွက်ပြီးရင် နှစ်ရက်၊ သုံးရက် ပြန်မလာတော့ဘူး။ သစ်ပင်အောက်၊ ဘုရားကြား၊ ဘုန်းကြီးကျောင်း၊ အုတ်ခုံ၊ ကွန်ကရစ်ပိုက်လုံးကြီးအတွင်းနဲ့ ရွာထိပ်က ရေမြောင်းကြီးစတဲ့ နေရာတွေဟာ သူတို့အုပ်စုရဲ့ နန်းတော်ရာတွေပေါ့ ဆရာ။ ကျောင်းကလည်း အထုတ်ခံလိုက်ရတော့ ပျက်စီးပြီပေါ့။ ရွှေမိုးတို့ညီအစ်မသုံးယောက်လည်း သူနဲ့အတွေ့မခံဘဲ ရှောင်တိမ်းနေပေမယ့် အဖေနဲ့အမေကတော့ သားလေးအတွက် လူသူမသိအောင် ထမင်းပို့တယ်လေ။ ရွှေစ၊ ငွေစတွေလည်း တဖြည်းဖြည်းကုန်ခဲ့ပြီ။ အိမ်ရဲ့ စီးပွားရေးနဲ့ ရွှေမိုးတို့ဘဝတွေလည်း မောင်လေးကြောင့် ဂုဏ်ငယ်ခဲ့ရတယ်။ အမေလည်း နှစ်နှစ်အတွင်းမှာ စိတ်ထိခိုက်ပြီး ကွယ်လွန်ခဲ့တယ်။ အဖေလည်း မထိန်းနိုင်တော့ဘူးလေ။ မောင်လေးကို ကြည့်ပြန်တော့လည်း မျက်လုံးတွေနီရဲပြီး ပြူးထွက်နေတယ်။ ခန်းခြောက်တဲ့ အသားရေနဲ့ အရိုးပေါ်အရေဖုံး၊ လူလုံးမလှတဲ့ ရောဂါရှင်ဖြစ်ခဲ့ပြီမို့ ရွှေမိုးတို့ဝိုင်းပြီး သူ့ကို ဆေးရုံတင်ခဲ့ကြရတယ်။ ဆေးရုံကဆင်းလာပြန်တော့လည်း ခွေးမြီးကောက် ကျည်ထောက်စွပ်ဆိုသလို မဖြတ်နိုင်တဲ့ နံပါတ်ဖိုးကို ပြန်လည်သုံးပြန်တယ်။ ထူးဆန်းနေတာက မကြာခဏဆိုသလို ရွှေမိုးတို့ညီအစ်မတွေရဲ့ ထဘီ၊ အင်္ကျီနဲ့ မိန်းကလေး အသုံးအဆောင်တွေပျောက်နေတယ်လေ။ ညီအစ်မတွေ ဝိုင်းပြီးစုံစမ်းလိုက်တော့ အရွယ်ကလေးရလာတဲ့ မောင်လေးက ရွာထိပ်က သူတို့မူးယစ်အဖွဲ့ထဲက မရီဆိုတဲ့ ကောင်မလေးနဲ့ ချစ်ကြိုးသွယ်နေကြတဲ့ သတင်းကို ရလိုက်တယ်ပေါ့။ ဩော် အကယ်၍များ သူမနဲ့ အိမ်ထောင်ပြုလိုက်ရင် မူးယစ်ဆေးပြဿနာငြိမ်သွားချည်ရဲ့ဆိုပြီး ကျွန်မတို့တစ်တွေ ငြိမ်နေခဲ့တယ်ဆရာ။ မကြာပါဘူးဆရာရယ် အဲဒီကလေးမကို အိမ်ပေါ်ကိုခေါ်ခဲ့တယ်။ မောင်သံချောင်းတစ်ယောက် မိန်းမရပြီပေါ့လေ။ မိန်းမရလို့ ဘဝသံသရာဆုံးသွားပြီမထင်နဲ့ ဆရာရေ။ ခရုပတ်သံသရာက အခုမှ စရုံပဲရှိသေးတယ်။ လင်မယားနှစ်ယောက်စလုံးက မူးယစ်ဆေးက မပြတ်တပြတ်၊ အလုပ်အကိုင်က မလုပ်နိုင်။ ဘဝချို့ပေမယ့် အမြွှာသားကလေးနှစ်ယောက် တစ်နှစ်အတွင်း မွေးဖွားလေရဲ့။ ဆေးပညာသဘောအရ မူးယစ်ဆေးစွဲမိဘနှစ်ဦးရဲ့ ရင်သွေးလေးတွေမို့ ဝဝဖြိုးဖြိုးမဟုတ်ပါ။ ပိန်ချုံးချည့်နဲ့နေတဲ့ သားကလေးတွေမို့ မီးဖွားပြီးတစ်လအတွင်းမှာ အမြွှာနှစ်ဦးအနက် သားကလေးတစ်ဦး ဆုံးရှာတယ်လေ။ ကျန်တဲ့သားကလေးကလည်း မစွမ်းမသန်နဲ့ပေါ့ဆရာ။ မူးယစ်ဆေးဝါးသုံးစွဲမှုရဲ့ ဒဏ်ရာဒဏ်ချက်တွေပေါ့။ ဆိုးလိုက်တဲ့ဘဝတွေ၊ ရွှေမိုးတို့ ညီအစ်မတွေရဲ့ ပြုစုယုယကူညီထောက်ပံ့မှုတွေကြောင့် မောင်လေးသံချောင်းတို့ မိသားစုသုံးဦးက လူ့လောကအလယ်မှာ ဘဝဆက်လက်ရှင်သန်ခွင့်ရရှိခဲ့တယ် ဆရာ။ အဖေဦးဆောင်တဲ့ မိသားစုအိမ်ကိုရောင်းပြီး သူတို့မိသားစုဘဝလေးကို ထောက်ပံ့ခဲ့တယ်။ အဖေက ရွှေမိုးတို့နဲ့လိုက်နေတယ်လေ။ နာရီလက်တံတို့ဟာ ရွေ့လျားနေသလို ရာသီစက်ဝန်းကလည်း မရပ်မနားရွေ့လျားနေလေတော့ သုံးနှစ်အတွင်း ဆင်းရဲနွံအတွင်းက မောင်လေးတို့မိသားစုဟာ နစ်သထက်နစ်ပြီပေါ့လေ။ ရှိတာလေးနဲ့ မဝတဝစားပြီး ရွာထိပ်က ကုက္ကိုပင်အောက်မှာ တဲထိုးပြီးနေကြရတယ်။ ခြုံပြီးအတိုဆုံးပြောရရင် လင်မယားနှစ်ယောက်စလုံး မူးယစ်ဆေးဝါးမသုံးနိုင်လေတော့ အတိုင်းအဆမရှိ ဓာတုဗေဒပစ္စည်းတွေနဲ့ ရောသမမွှေတဲ့ ဈေးပေါပေါအရက်ကို အစားထိုးသုံးဆောင်လာကြတော့တယ်လေ။ လင်ရောမယားရာ ကျန်းမာရေးချို့တဲ့နေတဲ့ သားလေးရောပေါ့။ သားကလေးကို အရက်ဝယ်ခိုင်း၊ လင်ရောမယားရောထိုင် ဆားနဲ့ ပဲကြီးလှော်နဲ့ တစ်ခွက်ချင်း ပြိုင်သောက်ကြလေသတဲ့။

ဆရာရေးတဲ့ **"မူးယစ်အန္တရာယ်၊ လူ့ရန်စွယ်၊ ကာကွယ်တိုက်ဖျက် လက်ချင်းဆက်"** ဆိုတဲ့ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးစာအုပ်ထဲက **"ပေါပေါရ များများသောက် မြန်မြန်ဖော၊ စောစောသေ"** ဆိုတဲ့ဆောင်ပုဒ်လိုပဲ ပြီးခဲ့တဲ့ဆယ် ရက်လောက်က မောင်လေးတို့ လင်မယားနှစ်ယောက်စလုံး၊ ခြေလက်တွေရောင်ဖောပြီး စိတ်ဖောက်ပြန်ကာ တဲအတွင်းသေဆုံးနေကြတဲ့ သတင်းရလို့ ရွှေမိုးတို့သွားပြီး သင်္ဂြိုဟ်ခဲ့ရတယ်ဆရာ။ ဟောဒါက ရွှေမိုးရဲ့တူလေး မောင်ဖိုးကျားပါဆရာ။ မောင်လေးရဲ့သားပါ။ မူးယစ်ဆေးဝါးကြောင့် ဘဝပျက်ခဲ့ရတဲ့ မိသားစုအကြောင်းကို ဆရာတို့ MANA ကထုတ်ဝေတဲ့ တံလျှပ်မဂ္ဂဇင်းမှာ ထည့်ပေးဖို့နဲ့ ဒီစာကိုဖတ်မိကြတဲ့လူငယ်တွေ အတုယူစေချင်လို့ပါလို့ ပြောပြလေတော့ ကိုင်း စာရေးသူ ငိုင်နေပါတော့သည်။ နောက်ဆုံးမနေနိုင်တော့ပါ။ မရွှေမိုးရေ ဆရာကရေးကတိုင်ပေးမယ်။ သမီးက လိုက်ဆိုလိုက်ပါနော်။ ဘဝဆက်တိုင်း ဘဝဆက်တိုင်းမှာ မှော်ရုံတောက မောင်လေးနဲ့ ညီမလေးတို့ မူးယစ်ဆေးဝါးနဲ့ ကင်းဝေးကြပါစေလို့ အမျှပေးဝေလိုက်ရပါတော့တယ်ဟုပြောရင်း 'သာဓု သာဓု သာဓု' ရေရွတ်မိပါတော့သည်။ ။

# မိဘတွေကို တကယ်ချစ်ကြစမ်းပါ



မောင်မြင့်ဝင်း

မနက်က သတင်းတစ်ပုဒ် ဖတ်လိုက်ရတယ်။ ကမ္ဘာ့အချမ်းသာဆုံးစာရင်းဝင် ဘီလ်ဂိတ်ဟာ သူပိုင်ငွေ ၈၅ ဘီလီယံကို သူ့သားနဲ့သမီးကိုမပေးဘဲ ပရဟိတလုပ်ငန်းတွေအတွက် လှူဒါန်းသွားမယ်တဲ့။ သူကိုယ်တိုင်လည်း အောက်ခြေကစပြီး ကိုယ်ပိုင်အရည်အချင်းနဲ့ တက်လာသူဖြစ်သလို သူ့သားသမီးတွေကိုလည်း ကိုယ့်အစွမ်းအစနဲ့ လုပ်စေချင်တဲ့ သူ့စိတ်ကိုလေးစားမိတယ်။ ဒီအတွက်လည်း ထိုက်သင့်တဲ့ပညာတွေ သင်ပေးထားခဲ့တယ်။

ရုတ်တရက်ကြည့်ရင် မစာနာလိုက်ရန်ကော လှူတော့လှူပါ။ အကုန်မလှူဘဲ သားသမီးတွေအတွက် ရင်းနှီးစားသောက်ဖို့ ထိုက်သင့်သလောက်တော့ ပေးသင့်တာပဲလို့ မြင်စရာရှိတယ်။ သူက မပေးဘူး။ သူလည်း ဖခင်တစ်ယောက်ပဲ။ သူ့သားသမီးတွေကို သူချစ်တာပေါ့။ ကမ္ဘာမှာ လူမျိုးတွေ ဘယ်လောက်ပဲ ကွဲပြားနေပါစေ တူညီတဲ့အရာတစ်ခုက မိဘတိုင်းက သားသမီးတွေကို ချစ်တတ်ကြတာချည်းပါ။ ဒါပေမယ့် ချစ်ပုံခြင်းတော့ မတူကြဘူးပေါ့။ သူက သူ့သားသမီးကို တကယ်ချစ်တာ။ ဘဝတစ်ခုလုံးစာအတွက် ချစ်လို့ သင်သင့်တဲ့ပညာတွေ သင်ပေးထားခဲ့ပြီးပြီ။ ပညာကိုအခြေခံပြီး မှား၊ မှန် ဆုံးဖြတ်ကာ လူ့ဘဝရပ်တည်ဖို့တော့ သူတို့ဘာသာကြိုးစားရမှာပေါ့။ သူဒီလိုလှူဒါန်းခဲ့တာကို သူ့သားနဲ့သမီးကလည်း သဘောတူကြတယ်လို့ ဖွင့်ဟထားတယ်။

မြန်မာနိုင်ငံက မိဘများနဲ့ သားသမီးများ အတုယူသင့်ပါတယ်။ မိဘပစ္စည်းရှိတာကို မျှော်လင့်ပြီး ကိုယ်စွမ်းကိုယ်စရှိအောင် မလုပ်ကြတော့ဘဲ နေကြတာများတယ်။ တကယ်တော့ လူငယ်ဆိုတာ သံချွန်လေးလိုဖြစ်နေရမယ်။ သံချွန်ဟာ မာကျောတော့ သစ်သားထဲကို အလွယ်တကူဖောက်ဝင်သွားတယ်။ လူငယ်တွေပညာ တတ်ခဲ့ရင်လည်း ဖြစ်လာကြုံလာသမျှ အခက်အခဲတွေကို သံချွန်လေးလို အလွယ်တကူ ထွင်းဖောက်ဖြေရှင်းသွားနိုင်မှာပါ။ ပညာမတတ်ခဲ့ရင်တော့ မီးမကျက်တဲ့သံ သစ်သားထဲထည့်ရင် ကွေးကောက်သွားသလို ဘဝမှာ အခက်အခဲတွေကြုံလာခဲ့ရင် နောက်တွန့်အရှုံးသမားဖြစ်သွားရမှာပါပဲ။

အခု ဘီလ်ဂိတ်က သူ့သားသမီးတွေကို မီးကျက်တဲ့သံလေးတွေလိုဖြစ်အောင် လုပ်ပေးထားတော့ သူ့သားနဲ့သမီးဟာ မိဘပစ္စည်းအမွေတွေ မလိုအပ်တော့ဘူး။ ကြုံလာသမျှလောကဓံတွေကိုလည်း ကြောက်ရွံ့စိတ်ဖြစ်လာမှာမဟုတ်ကြတော့ဘူး။

ဒါကြောင့် ကိုယ့်ဘဝ ဘွဲ့ရပေမယ့် မိဘပိုက်ဆံမရှိလို့၊ အရင်းအနှီးမရှိလို့ သူများတွေလို လူရာမဝင်ဘူးဆိုတဲ့ လူငယ်တွေကို ပြောချင်တာက မိဘတွေက ပညာတွေ သင်ပေးခဲ့ပြီးပြီပဲ။ ကိုယ့်အစွမ်းအစတွေနဲ့ ကိုယ့်ဘဝမြင့်မားအောင် အဆင်ပြေအောင်လုပ်ကြဖို့သာ လိုတော့တာပါ။

မြန်မာပြည်မှာ လက်ရှိအောင်မြင်နေကြတဲ့ သူတွေက အများကြီးတော်လွန်းကြတာ မဟုတ်ပါဘူး။ မအောင်မြင်တဲ့ကိုယ်သာ ညံ့နေတာပါ။ လူညံ့တွေများတဲ့ မြန်မာပြည်မှာ ကိုယ်အား ဉာဏ်အားလေး နည်းနည်းစိုက်ထုတ်ပြီး ကြိုးစားလိုက်ရင် ကိုယ်လည်း အောင်မြင်ချမ်းသာသူ ဖြစ်လာမှာပါပဲ။ မကြိုးစားဘဲနေနေရင်တော့ ကြိုးစားနေသူတွေရဲ့ နင်းခြေကျော်ခွသွားတာကို ခံရမှာပါပဲ။ အများအားဖြင့် ကိုယ့်အဖေအမေတွေဟာ ကိုယ့်လောက်တောင် ပညာမတတ်တာများကြပါတယ်။ ဒါပေမယ့် သူတို့တွေက ကိုယ့်ကို ပညာတတ်ဖြစ်အောင်၊ လူတန်းစေ့နေနိုင်အောင် လုပ်ပေးခဲ့ကြသေးတာပဲ။ ကိုယ့်အလှည့်ကျမှ ဘာမှဖြစ်မလာဘဲ သူတို့ဆီက အမွေတွေကို မျှော်လင့်ပြီးမနေသင့်ပါဘူး။ ကိုယ်စွမ်းကိုယ်စနဲ့ ဘဝကို ကိုယ်တိုင် အောင်မြင်အောင် ကြိုးစားကြရမှာပါ။

ဘဝဆိုတာ နာရီပေါင်း သုံးသောင်းဝန်းကျင်ပဲ နေရတာ။ ဒါတောင် အသက်ခုနစ်ဆယ်အရွယ်ထိ နေရဦးမှ။ ဒီလိုတိုတောင်းတဲ့ဘဝတိုလေးအတွင်းမှာ အချိန်တွေကို အလဟဿမကုန်စေဘဲ ကျောင်းသားဆို ကျောင်းစာကို သေချာသင်။ ကျောင်းပြီးသွားရင်လည်း သင့်လျော်ရာအတတ်ပညာကို သင်ပြီး ထိုက်သင့်တဲ့နေရာတစ်ခုရအောင် ကြိုးစားကြရမှာပါ။ ကိုယ့်အလုပ်ကို အကောင်းမွန်ဆုံးလုပ်သူဟာ မိဘကျေးဇူးဆပ်ခြင်း ဖြစ်ပါတယ်။ ကိုယ့်ဘဝကိုချစ်သူလို့လည်း ခေါ်ဆိုနိုင်ပါတယ်။ မိဘတွေဆိုတာ ကိုယ်ကျောင်းတွေပြီး အလုပ်တွေရမှ ကျေးဇူးဆပ်ရတာ မဟုတ်ပါဘူး။ ငယ်စဉ်ကတည်းက မိဘစကားနားထောင်။ လုပ်သင့်တာကို သမ္မာအာဇီဝ ကျကျ လုပ်နေခြင်းဟာလည်း မိဘကျေးဇူးဆပ်နေခြင်းပါ။ ငါတို့ကတော့ အလုပ်တွေရမှပဲ မိဘကျေးဇူးဆပ်မယ်ဆိုပြီး ဆိုးချင်တိုင်းဆိုးနေရင် တကယ်တမ်း အလုပ်တွေရ၊ ဝင်ငွေတွေရနေချိန်မှာ မိဘတွေသက်တမ်းက သုံးပုံနှစ်ပုံ ရောက်နေကြပါပြီ။ ကျေးဇူးဆပ်ချိန်အတော်နည်းသွားပါပြီ။ ဒါကြောင့် မိဘတွေရှာဖွေထားတဲ့ စီးပွားတွေ သူတို့ဘာသာနောက်ဘဝအတွက် အသုံးပြုခွင့်ပေးလိုက်ကြပါ။ ကိုယ့်မှာ သူတို့ပေးထားတဲ့ အဖိုးမဖြတ်နိုင်တဲ့ ဘဝရပ်တည်ရေးပညာတွေရထားပြီးပြီပဲ။ ဘာလိုလဲ။ ဘာမှမလိုတော့ပါဘူး။ ပြည့်စုံနေပါပြီ။

မိဘတွေကို တကယ်ချစ်ကြစမ်းပါ။ သူတို့ ပစ္စည်းမပေးလည်း လောကထဲမှာ ပညာနဲ့ အသက်မွေးကျောင်းပြုနိုင်ကြောင်း သက်သေပြကြစမ်းပါ။ မဟုတ်ရင် သူတို့မှာ နောက်ဘဝသွားခါနီးအချိန်ထိ စိတ်အေးရမှာမဟုတ်ပါဘူး။ ဒီအခါ သူတို့ဘဝရိက္ခာတွေ စိတ်လွတ်ကိုယ်လွတ် သယ်မသွားနိုင်ဘဲ သားသမီးတွေ ရှေ့ရေးအတွက် ပေးထားခဲ့ကြမှာ။ ဒီလိုဖြစ်ခဲ့ရင် မိဘကျေးဇူးနားမလည်သူဖြစ်ကြရပါလိမ့်မယ်။ အထက်ကပြောခဲ့သလို ဘီလ်ဂိတ်ရဲ့ သားသမီးတွေဟာ မိဘကို တကယ်ချစ်တတ်သူများဖြစ်ကြပါတယ်။ မိဘတွေရှာထားတာတွေ သူတို့နောက်ဘဝအတွက် စိတ်အေးလက်အေး ယူဆောင်စေသူများပါ။ လေးစားစရာ စိတ်ထားပိုင်ရှင်တွေပါ။ အတုယူဖို့လည်း ကောင်းပါတယ်။

ဗုဒ္ဓဘာသာဝင်မဟုတ်ပေမယ့် ဗုဒ္ဓနည်းကျနေထိုင်ကြတာ။ ဗုဒ္ဓက သားသမီးကျင့်ဝတ်ထဲမှာ မိဘတွေအပေါ် ကျေးဇူးဆပ်တဲ့အခါ တရားနဲ့ ကျေးဇူးဆပ်ခြင်းက အမြတ်ဆုံးလို့ ဟောထားပါတယ်။ ဒီလိုတရားနဲ့ ကျေးဇူးဆပ်တာမှာ မိဘတွေအလှူအတန်းပြုနိုင်အောင် လုပ်ပေးခြင်းလည်း ပါဝင်ပါတယ်။ သူတို့ဘဝ အေးအေးချမ်းချမ်း တရားအလုပ်တွေ လုပ်ခွင့်ရဖို့ဆိုတာ ကိုယ့်ဘဝကိုစိတ်ချမှ။ ဒီလိုစိတ်ချဖို့ကလည်း ကိုယ့်ဘဝ ထိုက်သင့်တဲ့ပညာတွေရှိမှ လောကအလယ်ဂုဏ်မငယ်ဘဲ စီးပွားဥစ္စာများလည်း ဖြစ်ထွန်းလာမှာပါ။

အနောက်နိုင်ငံက လူတွေက ဗုဒ္ဓရဲ့နည်းတွေအတိုင်း နေထိုင်ကြတာများတာ တွေ့ရပါတယ်။ မလိမ်ဘူး။ မခိုးဘူး။ ပညာရှာချိန်ကြိုးစားရှာတယ်။ မိဘပစ္စည်းအပေါ် လိုချင်စိတ် နည်းကြတယ်။ ဒါကြောင့်လည်း ရုပ်ဝတ္ထုပိုင်းတွေမှာ အောင်မြင်ကြတယ်။ အလုံးစုံအတုခိုးရမယ်လို့မဆိုပေမယ့် ကောင်းတဲ့အမူအကျင့်တွေကိုတော့ အတုခိုးကြရပါမယ်။ မိဘတွေအပေါ် မှီခိုချင်စိတ်တွေ လျှော့ချကြရပါမယ်။ ကိုယ်စွမ်းကိုယ်စဖြစ်အောင် ပညာကို ကြိုးစားရှာဖွေရင်း မတွေ့ကြုံရသေးတဲ့အမှားတွေမတွေ့အောင် စာဖတ်ခြင်းကို အထူးကျင့်ကြရပါမယ်။

စာအုပ်တွေမှာ မှားခဲ့တဲ့အမှားတွေ ပါသလို မမှားအောင်ဆင်ခြင်နည်းတွေ အများကြီး ပါဝင်ပါတယ်။ ကိုယ်တိုင်မမှားဘဲ ဆင်ခြင်နိုင်မှာဖြစ်ပါတယ်။ မိဘကို တကယ်ချစ်တတ်သူများဖြစ်ကြပါစေ။ ။

■■■

# မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်း

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ယမန်နေ့မှအဆက်**

၂၆။ **အမည်ပြောင်းလဲရန် ညွှန်ကြားခြင်း**

(က) မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီတစ်ခု၏ မှတ်ပုံတင်ထားခဲ့သည့် အမည်ဖြင့် မှတ်ပုံတင်ဆောင်ရွက်ခြင်း မပြုသင့်ကြောင်း သင့်လျော်သည့်အကြောင်းပြချက်များကို လက်ခံယုံကြည်လျှင် အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသည့် နေ့ရက်၌ ကုမ္ပဏီအမည်အား ပြောင်းလဲရန် စာဖြင့်ရေးသား၍ အကြောင်းကြားစာအား မှတ်ပုံတင်အရာရှိမှ ကုမ္ပဏီသို့ ပေးပို့နိုင်သည်။ သတ်မှတ်ဖော်ပြထားသည့် နေ့ရက်သည် အကြောင်းကြားစာ ပေးပို့သည့် နေ့ရက်မှ ရက်ပေါင်း (၆၀)ထက် မနည်းသည့်နေ့ရက် ဖြစ်ရမည်။

(ခ) ကုမ္ပဏီသည် ယင်း၏အမည်အား အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလအတွင်း ပြောင်းလဲခြင်း မပြုခဲ့လျှင် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီအတွက် ၎င်းမှရွေးချယ်ပေးသော အမည်အသစ်တစ်ခုကို မှတ်ပုံတင်စာအုပ်တွင် ထည့်သွင်း ရေးသားဖော်ပြနိုင်ပြီး အဆိုပါအမည်အသစ်သည် ဤအပိုင်းအရ မှတ်ပုံတင်နိုင်သည့် အမည်ဖြစ်စေရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ (ခ)အရ အမည်အသစ်တစ်ခုကို မှတ်ပုံတင်ပေးခဲ့လျှင် ကုမ္ပဏီ၏အမည်အသစ်ကိုမှတ်တမ်းတင်ပြီး ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ သက်သေခံလက်မှတ်တစ်စောင်ကို ထုတ်ပေးရမည်။ ကုမ္ပဏီ၏အမည်အသစ်အား မှတ်ပုံတင်ခြင်းသည် ပုဒ်မ ၂၅ အရ ပြောင်းလဲသကဲ့သို့ အကျိုးသက်ရောက်စေရမည်။

၂၇။ **ကုမ္ပဏီအမည်အား အသုံးပြုခြင်း**

ကုမ္ပဏီတစ်ခုအနေဖြင့် ယင်း၏အမည်သည် အောက်ပါကိစ္စရပ်များတွင် ရှင်းလင်းစွာ ဖော်ပြရမည် -

(က) ကုမ္ပဏီမှသော်လည်းကောင်း၊ ကုမ္ပဏီ၏ ကိုယ်စားသော်လည်းကောင်း ပေးပို့ဆောင်ရွက်သည့် စာဖြင့်ရေးသား ဆက်သွယ်ဆောင်ရွက်မှုများအားလုံးနှင့်

(ခ) ကုမ္ပဏီ၏ တရားဝင်တာဝန်တစ်ရပ်ကို ထင်ရှားစေသော သို့မဟုတ် ဖြစ်တည်စေမည့် ကုမ္ပဏီမှသော်လည်းကောင်း၊ ကုမ္ပဏီ၏ကိုယ်စားသော်လည်းကောင်း ထုတ်ပြန်သော သို့မဟုတ် လက်မှတ်ရေးထိုးသော စာရွက်စာတမ်းများအားလုံး။

**အခန်း (၇) ကုမ္ပဏီ၏ ဆက်သွယ်ဆောင်ရွက်မှုများ**

၂၈။ **ဆောင်ရွက်ချက်များ တရားဝင်ခြင်း**

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်စုံတစ်ရာကို ကန့်သတ်ထားခြင်း မရှိစေဘဲ ကုမ္ပဏီတွင် ထိုဆောင်ရွက်ချက်အား ပြုလုပ်ရန် သို့မဟုတ် ထိုပစ္စည်းအားလွှဲပြောင်းရန် သို့မဟုတ် လက်ခံရယူရန်အတွက် လုပ်ကိုင်နိုင်စွမ်း သို့မဟုတ် အခွင့်အရေး သို့မဟုတ် အခွင့်အာဏာ မရှိခဲ့သည်ဆိုသည့် အကြောင်းကြောင့် ကုမ္ပဏီ၏ ဆောင်ရွက်ချက်များ၊ ကုမ္ပဏီသို့သော်လည်းကောင်း၊ ကုမ္ပဏီမှသော်လည်းကောင်း ပစ္စည်းလွှဲပြောင်းခြင်းများတို့သည် ပျက်ပြယ်ခြင်း မရှိစေရ။

(ခ ) ဆောင်ရွက်ချက်တစ်ခုသည် ကုမ္ပဏီ၏ အကျိုးစီးပွားအတွက် အကောင်းဆုံး မဖြစ်သော်လည်း ထိုသို့ ဆောင်ရွက်ရန် ကုမ္ပဏီ၏ လုပ်ကိုင်နိုင်စွမ်းကို ထိခိုက်ခြင်း မရှိစေရ။

၂၉။ **ပဋိညာဉ်စာချုပ်များနှင့် စာချုပ်စာတမ်းများ ချုပ်ဆိုဆောင်ရွက်ခြင်း**

(က) ပဋိညာဉ်စာချုပ်တစ်ရပ်နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် သီးခြား လုပ်ထုံးလုပ်နည်းတစ်ရပ် ပါရှိသော ဥပဒေတစ်ရပ်ရပ်ကို လိုက်နာလျက် ကုမ္ပဏီက ပဋိညာဉ် စာချုပ်တစ်ရပ်ကို ချုပ်ဆိုခြင်း၊ ပြောင်းလဲပြင်ဆင်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများပြုလုပ်ခွင့်ကို ကုမ္ပဏီမှ အတိအလင်းဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အခွင့်အာဏာအပ်နှင်းခံရပြီး ကုမ္ပဏီကိုယ်စားဆောင်ရွက်ခွင့်ရှိသူ တစ်ဦးဦးက ကျင့်သုံးဆောင်ရွက်နိုင်သည်။ အဆိုပါ အခွင့်အာဏာကို ရုံးတံဆိပ်ခတ်နှိပ်ခြင်း မပြုဘဲ ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ခ) စာချုပ်စာတမ်းအား အောက်ပါပုဂ္ဂိုလ်များက လက်မှတ်ရေးထိုးခဲ့လျှင် ကုမ္ပဏီသည် ရုံးတံဆိပ်ခတ်နှိပ်ရန်မလိုဘဲ စာချုပ်စာတမ်းတစ်ရပ်အား ချုပ်ဆိုနိုင်သည် -

(၁) ကုမ္ပဏီတွင် ဒါရိုက်တာတစ်ဦးတည်းရှိပါက အဆိုပါ ဒါရိုက်တာ၊ သို့မဟုတ်

(၂) ကုမ္ပဏီ၏ ဒါရိုက်တာ (၂) ဦး၊ သို့မဟုတ်

(၃) ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးနှင့် ကုမ္ပဏီ၏အတွင်းရေးမှူး။

(ဂ) ကုမ္ပဏီတစ်ခုသည် စာချုပ်စာတမ်းတစ်ခုအား ရုံးတံဆိပ်ခတ်နှိပ်ပြီး ထိုသို့ ရုံးတံဆိပ်ခတ်ခြင်းကို အောက်ပါ ပုဂ္ဂိုလ်တို့က သက်သေပြုခြင်းဖြင့် ချုပ်ဆိုဆောင်ရွက်နိုင်သည် -

(၁) ကုမ္ပဏီတွင် ဒါရိုက်တာတစ်ဦးတည်းရှိပါက အဆိုပါ ဒါရိုက်တာ၊ သို့မဟုတ်

(၂) ကုမ္ပဏီ၏ ဒါရိုက်တာ (၂) ဦး၊ သို့မဟုတ်

(၃) ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးနှင့် ကုမ္ပဏီ၏အတွင်းရေးမှူး။

(ဃ) ကုမ္ပဏီတစ်ခုသည် ပဋိညာဉ်စာချုပ်စာတမ်းတစ်ခုကို တရားဝင်သဘောတူစာချုပ်အဖြစ် ချုပ်ဆိုမည်ဖြစ်ကြောင်း အတိအလင်းဖော်ပြပြီး ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့နှင့်အညီ ချုပ်ဆိုခြင်းဖြစ်ပါက ပဋိညာဉ်စာချုပ်စာတမ်းတစ်ခုအား တရားဝင်သဘောတူစာချုပ်တစ်ခုအဖြစ် ချုပ်ဆိုနိုင်သည်။

(င) ဤပုဒ်မသည် ကုမ္ပဏီတစ်ခုက တရားဝင်သဘောတူစာချုပ်အပါအဝင် စာချုပ်စာတမ်းတစ်ခုကို ဤဥပဒေတွင် ဖော်ပြထားသည့် နည်းလမ်းများ အပါအဝင် စာချုပ်ချုပ်ဆိုဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ကန့်သတ်ထားခြင်း မရှိစေရ။

၃၀။ **ကုမ္ပဏီတစ်ခုနှင့် အခြားပုဂ္ဂိုလ်များအကြား ဆက်သွယ်ဆောင်ရွက်ခြင်း**

(က) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်ရာ၌ ပုဒ်မ ၃၁ တွင် ဖော်ပြမှတ်ယူခြင်းများကို အသုံးပြုနိုင်သည်။ ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီအား အာမခံသူတစ်ဦးဦးသည် ဆက်သွယ်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ တရားစွဲဆိုခြင်းတွင် အဆိုပါ မှတ်ယူရမည့်အချက်များသည် မှန်ကန်ခြင်းမရှိပါဟု ပြောဆိုခွင့်မရှိစေရ။

(ခ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီထံမှ ပစ္စည်းတစ်စုံတစ်ရာကို ရရှိသူ သို့မဟုတ် ရထိုက်ခွင့်ရှိသူတစ်ဦးဦးနှင့် ဆက်သွယ် လုပ်ကိုင်ဆောင်ရွက်ရာတွင် ပုဒ်မ ၃၁ ပါ မှတ်ယူရမည့် အချက်များကို အထောက်အထားပြု ဆောင်ရွက်နိုင်ခွင့်ရှိသည်။ ကုမ္ပဏီနှင့် အခြားပုဂ္ဂိုလ်များသည် ဆက်သွယ်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ တရားစွဲဆိုခြင်းတွင် အဆိုပါမှတ်ယူရမည့်အချက်များသည် မှန်ကန်ခြင်း မရှိပါဟု ပြောဆိုခွင့်မရှိစေရ။

(ဂ) ဆက်သွယ်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးက လိမ်လည်လှည့်ဖြား၍ ပြုမူခဲ့ခြင်း သို့မဟုတ် စာချုပ်စာတမ်းတစ်ခုကို လိမ်လည် အတုပြုခဲ့ခြင်းများ ရှိခဲ့လျှင်ပင် အဆိုပါ မှတ်ယူရမည့် အချက်များကို ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်သူများသည် အထောက်အထားပြုဆောင်ရွက်နိုင်သည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်မှုပြုသည့် အချိန်တွင် အောက်ပါအချက်အလက်များကို သိရှိခဲ့လျှင် သို့မဟုတ် သံသယရှိခဲ့လျှင် ၎င်းအနေဖြင့် ပုဒ်မ ၃၁ ပါ မှတ်ယူရမည့်အချက်များကို အထောက်အထားပြုဆောင်ရွက်နိုင်မည်မဟုတ်-

(၁) မှတ်ယူရမည့်အချက်မှာ မှန်ကန်မှုမရှိကြောင်း၊ သို့မဟုတ်

(၂) ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိ သို့မဟုတ် ကိုယ်စားလှယ်သည် လိမ်လည်လှည့်ဖြားဆောင်ရွက်ခဲ့ကြောင်း၊ သို့မဟုတ်

(၃) သက်ဆိုင်ရာ စာရွက်စာတမ်းသည် လိမ်လည်အတုပြုထားခြင်း ဖြစ်ကြောင်း၊ သို့မဟုတ်

(၄) ဖော်ပြပါကိစ္စရပ်သည် သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်နှင့် ဆန့်ကျင်လျက်ရှိခဲ့ကြောင်း။

၃၁။ **ကုမ္ပဏီများနှင့် ဆက်သွယ်လုပ်ကိုင်ဆောင်ရွက်သည့် ပုဂ္ဂိုလ်များက အထောက်အထား ပြုနိုင်သည့် မှတ်ယူနိုင်သည့် အချက်များ**

(က) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းနှင့်အညီ လိုက်နာ ဆောင်ရွက်ထားသည်ဟု မှတ်ယူနိုင်သည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးဦးသည် မှတ်ပုံတင်စာအုပ်၌ ရေးသားဖော်ပြထားသော အချက်အလက်များတွင် ပါရှိသည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးဖြစ်သူ တစ်ဦးအပေါ် အောက်ပါအတိုင်း မှတ်ယူနိုင်သည်-

(၁) တရားဝင် ခန့်အပ်တာဝန်ပေးထားသည်ဟု၊ ၎င်းပြင်

(၂) ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး ရှိခဲ့လျှင် ထိုတစ်ဦးဦးက သာမန်အားဖြင့် ကျင့်သုံးခွင့် သို့မဟုတ် ဆောင်ရွက်ခွင့်ရှိသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးရန်နှင့် တာဝန်များကို ဆောင်ရွက်ရန် အခွင့်အာဏာ ရှိသည်ဟု။

(ဂ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ အရာရှိသို့မဟုတ် ကိုယ်စားလှယ်တစ်ဦးအဖြစ် ကုမ္ပဏီက တင်ပြထားသူတစ်ဦးကို အောက်ပါအတိုင်း မှတ်ယူနိုင်သည်-

(၁) တရားဝင် ခန့်အပ်တာဝန်ပေးထားသည်ဟု၊ ၎င်းပြင်

(၂) ကုမ္ပဏီ၏ အရာရှိ သို့မဟုတ် ကိုယ်စားလှယ်က သာမန်အားဖြင့် ကျင့်သုံးခွင့် သို့မဟုတ် ဆောင်ရွက်ခွင့်ရှိသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးရန်နှင့် တာဝန်များကို ဆောင်ရွက်ရန် အခွင့်အာဏာရှိသည်ဟု။

(ဃ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ ဒါရိုက်တာ၊ အတွင်းရေးမှူး၊ အခြားအရာရှိ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးက သာမန်အားဖြင့် ကျင့်သုံးဆောင်ရွက်ခွင့် မရှိသည့် လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို ကုမ္ပဏီ၏ ဒါရိုက်တာ၊ အတွင်းရေးမှူး၊ အခြားအရာရှိ သို့မဟုတ် ကိုယ်စားလှယ် တစ်ဦးဦးအဖြစ် ကုမ္ပဏီက တင်ပြထားသူတစ်ဦးဦးသည် အဆိုပါ လုပ်ပိုင်ခွင့်အားကျင့်သုံးရန် အခွင့်အာဏာအပ်နှင်းထားခြင်းခံရသည်ဟု မှတ်ယူနိုင်သည်။

(င) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ ဒါရိုက်တာများ၊ အတွင်းရေးမှူး၊ အခြားအရာရှိများနှင့် ကိုယ်စားလှယ်များက ကုမ္ပဏီနှင့် သက်ဆိုင်သော ၎င်းတို့၏ တာဝန်များကို လျော်ကန်စွာ ဆောင်ရွက်ကြောင်း မှတ်ယူနိုင်မည်။

(စ) ပုဂ္ဂိုလ်တစ်ဦးဦးသည် စာချုပ်စာတမ်းတစ်ရပ်ကို ပုဒ်မ ၂၉ ပုဒ်မခွဲ(ခ) နှင့်အညီ လက်မှတ်ရေးထိုးဆောင်ရွက်ထားလျှင် အဆိုပါ စာချုပ်စာတမ်းအား ကုမ္ပဏီမှ တရားဝင်ချုပ်ဆို ဆောင်ရွက်ထားသည်ဟု မှတ်ယူနိုင်မည်။

(ဆ) ပုဂ္ဂိုလ်တစ်ဦးဦးသည် စာချုပ်စာတမ်းတစ်ရပ်ကို အောက်ပါအတိုင်း ဆောင်ရွက်ထားလျှင် ကုမ္ပဏီမှ တရားဝင်ချုပ်ဆို ဆောင်ရွက်ထားသည်ဟု မှတ်ယူနိုင်မည် -

(၁) ပုဒ်မ ၂၉ ပုဒ်မခွဲ(ဂ) နှင့်အညီ စာချုပ်စာတမ်းတွင် ကုမ္ပဏီ၏ ရုံးတံဆိပ်ကို ခတ်နှိပ်ထားခြင်းနှင့်

(၂) ပုဒ်မ ၂၉ ပုဒ်မခွဲ (ဂ)နှင့်အညီ ထိုသို့ ရုံးတံဆိပ် ခတ်နှိပ်ခြင်းအား သက်သေပြုခြင်း။

(ဇ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ကိုယ်စား စာရွက်စာတမ်းတစ်ခုခု သို့မဟုတ် စာရွက်စာတမ်းတစ်ခုခု၏ မိတ္တူမှန်ကို ထုတ်ပေးရန် အခွင့်အာဏာရှိသည့် ကုမ္ပဏီ၏ ဒါရိုက်တာ၊ အတွင်းရေးမှူး၊ အခြားအရာရှိ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးသည် အဆိုပါ စာရွက်စာတမ်းမှာ အစစ်အမှန်ဖြစ်ကြောင်း သို့မဟုတ် မိတ္တူမှန် ဖြစ်ကြောင်း အာမခံနိုင်သည့် အခွင့်အာဏာလည်းရှိသည်ဟု မှတ်ယူနိုင်မည်။

**အခန်း (၈) ကုမ္ပဏီ မှတ်ပုံတင်ခြင်းမပြုမီက ဆောင်ရွက်ချက်များ**

၃၂။ **ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမတိုင်မီ ကုန်ကျစရိတ်များ**

ဤအခန်းတွင် ဖော်ပြထားသော အောက်ပါပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီအား တည်ထောင်မှတ်ပုံတင်ခြင်းမတိုင်မီ အမှန်ကုန်ကျခဲ့သည့် စရိတ်များကို ကုမ္ပဏီ၏ ပိုင်ဆိုင်ပစ္စည်းများမှ ကျခံပေးချေနိုင်သည်။

၃၃။ **ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်များ**

(က) ဤပုဒ်မနှင့် ပုဒ်မ ၃၄ မှ ၃၆ အထိတို့တွင် ပါရှိသော ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်း မပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်ဟူသည် အောက်ပါတို့ကို ဆိုသည်-

(၁) ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ကုမ္ပဏီအနေဖြင့် ရည်ရွယ်ပြီး ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်၊ သို့မဟုတ်

(၂) ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီနှင့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ရန် စဉ်းစားသုံးသပ်နေသည့်အချိန်တို့တွင် ကုမ္ပဏီကိုယ်စား လူတစ်ဦးကချုပ်ဆိုသော ပဋိညာဉ်စာချုပ်။

(ခ) ကုမ္ပဏီဖွဲ့စည်း တည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ် တစ်ရပ်ကို စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် ကာလအတွင်း သို့မဟုတ် ထိုသို့ဖော်ပြပါရှိခြင်း မရှိခဲ့လျှင် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီးနောက် သင့်လျော်သည့် ကာလအတွင်း ကုမ္ပဏီသည် အတည်ပြုဆောင်ရွက်နိုင်သည်။

(ဂ) အတည်ပြုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်သည် ယင်းအား ချုပ်ဆိုစဉ်က ကုမ္ပဏီသည် စာချုပ်ဝင်တစ်ဦးဖြစ်ဘိသကဲ့သို့ တရားဝင် အကျိုးသက်ရောက်သည်။

(ဃ) ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ် စာချုပ်တစ်ရပ်ကို အကျိုးသက်ရောက်စေရန်အတွက် ဒါရိုက်တာများက ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ခြင်းဖြင့်သော်လည်းကောင်း၊ ပုဒ်မ ၂၉ အရ ပဋိညာဉ်စာချုပ်တစ်ရပ်အား ကုမ္ပဏီကိုယ်စားချုပ်ဆိုနိုင်သည့် အခြားသောနည်းလမ်းများအတိုင်း ကုမ္ပဏီမှ အတည်ပြုနိုင်သည်။

(င) ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ကို ထိုကုမ္ပဏီက အတည်မပြုနိုင်ခဲ့လျှင် သို့မဟုတ် ပုဒ်မ ၃၅ အရ တရားရုံးက တရားဝင်ကြောင်း မသတ်မှတ်ခဲ့လျှင် ကုမ္ပဏီသည် အဆိုပါပဋိညာဉ်စာချုပ်အား အတည်ပြုခြင်း သို့မဟုတ် အဆိုပါပဋိညာဉ်စာချုပ်မှ အကျိုးခံစားခွင့် တစ်စုံတစ်ရာကို ရယူခံစားခြင်းမပြုရ။

၃၄။ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်ပါ သဘောသက်ရောက်သော အာမခံချက်များ

(က) ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့်ပဋိညာဉ်စာချုပ်တွင် အတိအလင်း ဖော်ပြထားသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်မှတစ်ပါး ကုမ္ပဏီဖွဲ့စည်း တည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ကို ပြုလုပ်ထားသည့်ပုဂ္ဂိုလ်က သဘောသက်ရောက်သော အာမခံချက်တစ်ရပ်ကို အောက်ပါအတိုင်း ထားရှိရာရောက်သည်-

(၁) ကုမ္ပဏီအား ပဋိညာဉ်စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် ကာလ တစ်ရပ်ရပ်အတွင်း သို့မဟုတ် ထိုသို့ဖော်ပြပါရှိခြင်း မရှိခဲ့လျှင် စာချုပ်ချုပ်ဆိုပြီးနောက် သင့်လျော်သည့် ကာလအတွင်း ကုမ္ပဏီကို ဖွဲ့စည်း တည်ထောင်မည်ဟုလည်းကောင်း၊

(၂) ကုမ္ပဏီသည် ပဋိညာဉ်စာချုပ်ကို စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် ကာလအတွင်း သို့မဟုတ် ထိုသို့ဖော်ပြပါရှိခြင်း မရှိခဲ့လျှင် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီးနောက် သင့်လျော်သည့်ကာလအတွင်းအတည်ပြုဆောင်ရွက်မည်ဟု လည်းကောင်း။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ (က) အရ သဘောသက်ရောက်သော အာမခံချက်တစ်ရပ်ကို ချိုးဖောက်ခြင်းအတွက် တရားစွဲဆိုဆောင်ရွက်မှုတစ်ရပ်တွင် ရရှိထိုက်သော နစ်နာကြေးပမာဏသည် ပဋိညာဉ်စာချုပ်အား အတည်ပြုပြီးနောက် ပယ်ဖျက်သကဲ့သို့ စာချုပ်အရ တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မပြုခဲ့သည့်အတွက် ကုမ္ပဏီ၏ ချိုးဖောက်မှုအပေါ် နစ်နာကြေးတောင်းဆိုသည့် တရားစွဲဆိုမှုတွင် ရရှိထိုက်သော နစ်နာကြေးပမာဏအတိုင်း ဖြစ်စေရမည်။

(ဂ) ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ပြီးနောက်တွင် ပုဒ်မ ၃၃ အရ ကုမ္ပဏီမှ အတည်ပြုထားသည့်

**စာမျက်နှာ ၂ သို့**

စာမျက်နှာ ၁ မှ

ပဋိညာဉ်စာချုပ်တစ်ရပ်မှတစ်ပါး ကုမ္ပဏီသည်ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီကချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်ပါ အလားတူ စည်းကမ်းချက်များဖြင့် သို့မဟုတ် အစားထိုးပြင်ဆင်ဖော်ပြထားသည့် စည်းကမ်းချက်များဖြင့် ပဋိညာဉ်စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့လျှင် သက်ဆိုင်သောပုဂ္ဂိုလ်၏တာဝန်ရှိမှုသည် ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ နစ်နာမှုအတွက် လျော်ကြေးပေးရန် တရားရုံးက ချမှတ်သည့် အမိန့်တစ်ရပ်အရ တာဝန်ရှိမှုအပါအဝင်ကင်းလွတ်ခွင့်ပြုရမည်။

၃၅။ **အတည်ပြုရန် ပျက်ကွက်ခြင်း**

(က) ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ပြီးနောက်တွင် ကုမ္ပဏီက အတည်မပြုသော ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်အပေါ် စာချုပ်ဝင် တစ်ဦးသည် တရားရုံးသို့ တင်ပြ၍ အောက်ပါတို့နှင့် စပ်လျဉ်းသည့် အမိန့်တစ်ရပ် ချမှတ်ပေးရန် လျှောက်ထားနိုင်သည် -

(၁) ပဋိညာဉ်စာချုပ်အရ မြေပစ္စည်းဖြစ်စေ၊ အခြားပစ္စည်းဖြစ်စေ ရရှိထားသည့် ပစ္စည်းများကို အဆိုပါစာချုပ်ဝင်ထံသို့ပြန်ပေးစေရန် ကုမ္ပဏီသို့ ညွှန်ကြားခြင်း၊ သို့မဟုတ်

(၂) အဆိုပါပစ္စည်း သို့မဟုတ် ပဋိညာဉ်စာချုပ်နှင့် သက်ဆိုင်သည့် စာချုပ်ဝင်အား ခံစားခွင့်ပြုသည့် အခြားသက်သာခွင့်များ၊ သို့မဟုတ်

(၃) ပဋိညာဉ်စာချုပ် တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အတည်ပြုခြင်း။

(ခ) ပုဒ်မ ၃၄ ပုဒ်မခွဲ (ခ)နှင့်အညီ အမိန့်တစ်ရပ်အား ချမှတ်ပြီးသည်ဖြစ်စေ၊ မပြီးသည်ဖြစ်စေ တရားရုံးသည် သင့်လျော်မျှတသည်ဟုယူဆလျှင် ၎င်းမှသင့်သည်ထင်မြင်သည့် အမိန့်တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ သက်သာခွင့်တစ်ရပ်ရပ်ကို သော်လည်းကောင်း ချမှတ်ဆောင်ရွက်နိုင်သည်။

၃၆။ **ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်အား ချိုးဖောက်ခြင်း**

ကုမ္ပဏီက အတည်ပြုထားသော ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်အား ချိုးဖောက်မှုအတွက် ကုမ္ပဏီအပေါ်ပြုလုပ်သည့် တရားစွဲဆိုမှုတွင် တရားရုံးသည် ကုမ္ပဏီ၊ တရားစွဲဆိုမှုတွင် ပါဝင်သည့် အခြားစာချုပ်ဝင်များ၏ လျှောက်ထားချက်၊ သို့မဟုတ် ၎င်းကိုယ်တိုင် တွေ့ရှိချက်များအပေါ် အခြေခံ၍ လျော်ကြေးပေးစေရန်ကို သော်လည်းကောင်း၊ တရားရုံးက သင့်သည်ထင်မြင်သည့် အခြားသက်သာခွင့်ပေးစေရန်ကို သော်လည်းကောင်း ချမှတ်နိုင်သည့်အပြင် ကုမ္ပဏီအပေါ်တွင် လည်းကောင်း၊ ပဋိညာဉ်စာချုပ်ချုပ်ဆိုခဲ့သည့် ပုဂ္ဂိုလ်အပေါ်တွင် လည်းကောင်း အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

## အခန်း(၉)ဤဥပဒေအရ မှတ်ပုံတင်ခွင့်ရှိသော သို့မဟုတ် မှတ်ပုံတင်ရမည့် အခြားကော်ပိုရေးရှင်းများ

### နိုင်ငံတော်အတွင်း အာဏာတည်လျက်ရှိသော အခြားသောဥပဒေများအရ ဖွဲ့စည်းတည်ထောင်ထားသည့် ကော်ပိုရေးရှင်းများ

၃၇။ မှတ်ပုံတင်ဆောင်ရွက်နိုင်သည့် ကော်ပိုရေးရှင်းများ

(က) ဤအခန်းတွင် ဖော်ပြပါရှိသည့် ခြွင်းချက်များနှင့် ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ နိုင်ငံတော်အတွင်း အာဏာတည်သည့် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်းများသည် ဤဥပဒေအရ တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီ သို့မဟုတ် အစုရှယ်ယာဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီ သို့မဟုတ် ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီတစ်ခုခုအဖြစ် မှတ်ပုံတင်နိုင်သည်။ အဆိုပါအဖွဲ့အစည်းကို ဖျက်သိမ်းရန် ရည်ရွယ်၍ မှတ်ပုံတင်ခြင်းသည် တရားမဝင်ဖြစ်သည်ဟု မှတ်ယူခြင်းမပြုရ။

(ခ) အထူးကုမ္ပဏီများအက်ဥပဒေ သို့မဟုတ် ယခင်ဥပဒေမတိုင်မီက အာဏာတည်လျက်ရှိသည့် ကုမ္ပဏီအက်ဥပဒေတစ်ရပ်ရပ်အရ တည်ထောင်ထားသည့် ဤဥပဒေစတင်အာဏာတည်သည့်နေ့ အထိ တည်ရှိသော ကော်ပိုရေးရှင်းများ အားလုံးသည် အစုရှယ်ယာအားဖြင့်တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီများအဖြစ် သတ်မှတ်ဖော်ပြထားသည့် လိုအပ်ချက်များနှင့်အညီ ဤဥပဒေအရ မှတ်ပုံတင်ဆောင်ရွက်ရမည်။

(ဂ) ပုဒ်မ ၃၇၊ ၃၈ နှင့် ၃၉ ပါ ပြဋ္ဌာန်းချက်များသည် ပြည်ပကော်ပိုရေးရှင်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၃၈။ **ကော်ပိုရေးရှင်း၏အမည်တွင် “လီမိတက်” စာသားအား ဖြည့်စွက်ခြင်း**

ကော်ပိုရေးရှင်းတစ်ခုကို ဤဥပဒေအရ တာဝန်ကန့်သတ်ထားရှိပြီးမှတ်ပုံတင်သည့်အခါ “လီမိတက်” သို့မဟုတ် “အများပိုင်ကုမ္ပဏီလီမိတက်” သို့မဟုတ် အခန်း(၆) တွင် ဖော်ပြထားသည့် အလားတူစကားရပ်များကို ကော်ပိုရေးရှင်းအမည်တွင် ထည့်သွင်းလျက် မှတ်ပုံတင်ရမည်။

၃၉။ **တည်ဆဲကော်ပိုရေးရှင်းများအား မှတ်ပုံတင်ခြင်းဆိုင်ရာ သက်သေခံလက်မှတ်**

မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် ဤဥပဒေပါ သက်ဆိုင်ရာပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ပြီး သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာကြေးများကို ပေးသွင်းသည့်အခါတွင် မှတ်ပုံတင်အရာရှိသည် ကော်ပိုရေးရှင်းကို ဤဥပဒေအရ မှတ်ပုံတင် စာရင်းရေးသွင်းရမည်။ ထိုသို့ဆောင်ရွက်ပြီးနောက် အဆိုပါကော်ပိုရေးရှင်းသည် ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည်ဟု မှတ်ယူရမည်။ ၎င်းအပြင် အဆိုပါ ကော်ပိုရေးရှင်းသည် အစဉ်အဆက် ဆက်ခံဆောင်ရွက်ခွင့်ရှိစေရမည်ဖြစ်ပြီး လိုအပ်လျှင် ရုံးတံဆိပ်ထားရှိနိုင်သည်။

### စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့များ

၄၀။ **အသင်းအဖွဲ့များအတွက် ကန့်သတ်တားမြစ်ချက်များ**

အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်ကို ကန့်သတ်တားမြစ်ထားခြင်းမရှိစေဘဲ ယင်းဥပဒေနှင့်အညီ-

(က) အသင်းအဖွဲ့ကိုယင်းအသင်းအဖွဲ့ကသော်လည်းကောင်း၊ ယင်းတို့၏အဖွဲ့ဝင်များက သော်လည်းကောင်း အကျိုးအမြတ်ရယူရန် ရည်ရွယ်ချက်ဖြင့် အခြားစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ဤဥပဒေအရဖွဲ့စည်းခြင်းမပြုရ။

(ခ) ဤပုဒ်မနှင့်ဆန့်ကျင်ပြီးစီးပွားရေးလုပ်ငန်းများကိုဆောင်ရွက်သော အသင်းအဖွဲ့တစ်ခုခုတွင်ပါဝင်သူအားလုံးသည် အဆိုပါစီးပွားရေးလုပ်ငန်းတွင်ဆောင်ရွက်ရသည့်တာဝန်ရှိမှုများအားလုံးအတွက် တစ်ဦးချင်းအလိုက်တာဝန်ရှိသည်။

၄၁။ ပုဒ်မ၄၀နှင့်ဆန့်ကျင်ပြီးဖွဲ့စည်းထားသည့် အသင်းအဖွဲ့တစ်ခုခုတွင် ပါဝင်သူတစ်ဦးဦးသည် ပြစ်ဒဏ်ပမာဏ (၃) ခုထက်မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်။

၄၂။ **စီးပွားရေးလုပ်ငန်းနှင့်အလားတူကိစ္စရပ်များအတွက် တည်ထောင်သည့် အသင်းအဖွဲ့များကိုမှတ်ပုံတင်ရန်အခွင့်အာဏာ**

(က) တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီတစ်ခုအဖြစ်တည်ထောင်နိုင်သောအသင်းအဖွဲ့တစ်ခုသည်စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုရန်သို့မဟုတ်အခြားသောစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်အတွက်တည်ထောင်ခဲ့ကြောင်း သို့မဟုတ် တည်ထောင်ရန်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်း၏အကျိုးအမြတ် (ရှိခဲ့လျှင်) သို့မဟုတ် ယင်း၏ရည်ရွယ်ချက်များကိုမြှင့်တင်ဆောင်ရွက်ရာမှ ရရှိသောအခြားဝင်ငွေများကိုအသုံးပြုကြောင်း သို့မဟုတ် အသုံးပြုရန်ရည်ရွယ်ကြောင်းနှင့် ယင်းအဖွဲ့အစည်းတွင် ပါဝင်သူများသို့ အကျိုးအမြတ်တစ်စုံတစ်ရာခွဲဝေပေးခြင်းကို တားမြစ်ထားကြောင်း မှတ်ပုံတင်အရာရှိမှကျေနပ်လက်ခံစေရန်တင်ပြနိုင်လျှင်ယင်း၏ အမည်တွင် “တရားဝင်တည်ထောင်ထားသော” ဟူသည့်စကားရပ် ဖြည့်စွက်၍ လိုင်စင်ပေးအပ်ခြင်းဖြင့် အဆိုပါအသင်းအားမှတ်ပုံတင်ခွင့်ပြုနိုင်သည်။

(ခ) ဤပုဒ်မအရမှတ်ပုံတင်အရာရှိသည် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ၎င်းကသင့်သည်ထင်မြင်သည့်စည်းကမ်းသတ်မှတ်ချက်များဖြင့် လိုင်စင်တစ်ရပ်ကိုပေးအပ်နိုင်သည်။ အဆိုပါ စည်းမျဉ်းစည်းကမ်းများသည် ဖော်ပြပါအသင်းအဖွဲ့အပေါ်တွင် စည်းနှောင်မှုရှိပြီး မှတ်ပုံတင်အရာရှိကညွှန်ကြားလျှင်အသင်းအဖွဲ့၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၌ထည့်သွင်းဖော်ပြရမည်။

(ဂ) အသင်းအဖွဲ့သည် မှတ်ပုံတင်ပြီးနောက် ယင်း၏အမည်တွင် “လီမိတက်” ဟူသောစကားရပ်အားထည့်သွင်းအသုံးပြုခြင်းမှအပ တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီများမှရရှိသော အခွင့်အရေးများအားလုံးကိုရရှိခံစားနိုင်ပြီး ကုမ္ပဏီများ၏ တာဝန်များအားလုံးကိုလည်း လိုက်နာဆောင်ရွက်ရမည်။

(ဃ) ဤပုဒ်မအရပေးအပ်ထားသည့်လိုင်စင်တစ်ရပ်ကိုမည်သည့်အခါတွင်မဆိုမှတ်ပုံတင်အရာရှိကပြန်လည်ရုပ်သိမ်းနိုင်ပြီးထိုသို့ရုပ်သိမ်းခဲ့လျှင် မှတ်ပုံတင်အရာရှိသည်အသင်းအဖွဲ့အား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်ဖြစ်ပြီး အသင်းအဖွဲ့သည် ဤပုဒ်မအရပေးအပ်ထားသည့်သက်သာခွင့်များနှင့် အခွင့်အရေးများကို ရရှိခံစားနိုင်ခြင်းမှရပ်စဲစေရမည်။

သို့ရာတွင်လိုင်စင်အား ထိုသို့ရုပ်သိမ်းခြင်းမပြုမီ မှတ်ပုံတင်အရာရှိသည် ထိုသို့ပြုလုပ်ဆောင်ရွက်မည်ဖြစ်ကြောင်းစာဖြင့်ရေးသားဖော်ပြထားသည့်သင့်လျော်သည့်အကြောင်းကြားစာကို (၂၈) ရက်ထက်နောက်မကျစေဘဲ အသင်းအဖွဲ့ထံသို့ ပေးပို့ရမည်ဖြစ်ပြီး အဆိုပါ အကြောင်းကြားသည့်ကာလအတွင်း အသင်းအဖွဲ့အနေဖြင့် ထိုသို့ရုပ်သိမ်းခြင်းမပြုထိုက်ကြောင်းတင်ပြချက်တစ်ရပ်ကိုပြုလုပ်ဆောင်ရွက်နိုင်သည့်အခွင့်အရေးရရှိမည်ဖြစ်သည်။

(င) မှတ်ပုံတင်အရာရှိသည် -

(၁) လိုင်စင်တွင်လိုက်နာဆောင်ရွက်ရန်ဖော်ပြခဲ့သောစည်းမျဉ်းစည်းကမ်းများရှိခဲ့လျှင်ယင်းစည်းမျဉ်းစည်းကမ်းများအစား သို့မဟုတ် ယင်းစည်းမျဉ်းစည်းကမ်းများအပြင် မှတ်ပုံတင်အရာရှိမှသင့်သည်ထင်မြင်သည့် စည်းမျဉ်းစည်းကမ်းများဖြင့် လိုင်စင်ကိုပြောင်းလဲပြင်ဆင်နိုင်သည်၊ သို့မဟုတ်

(၂) ယခင်ထုတ်ပေးခဲ့သော လိုင်စင်အစားလိုင်စင်အသစ်တစ်ရပ်ကိုထုတ်ပေးနိုင်သည်။

(စ) ပြည်ထောင်စုဝန်ကြီးသည် ဤပုဒ်မ၏ ပုဒ်မခွဲ(င) အရ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ဖြင့်ပြောင်းလဲပြင်ဆင်မှု သို့မဟုတ် လိုင်စင်တစ်ရပ်ထုတ်ပေးမှု သို့မဟုတ် ကျင့်သုံးဆောင်ရွက်မှု တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိထံ ညွှန်ကြားနိုင်သည်။

(ဆ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် အခြားသက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကိုထိခိုက်ခြင်းမရှိစေဘဲ အဆိုပါပြဋ္ဌာန်းချက်များနှင့်အညီလိုက်နာဆောင်ရွက်စေရမည်။

### ပြည်ပကော်ပိုရေးရှင်းများအားမှတ်ပုံတင်ခြင်း

၄၃။ **ပြည်ပကော်ပိုရေးရှင်းတစ်ခုသည်နိုင်ငံတော်အတွင်းစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ခြင်း**

(က) ပြည်ပကော်ပိုရေးရှင်းတစ်ခု သို့မဟုတ် အခြားကော်ပိုရေးရှင်းအဖွဲ့အစည်းတစ်ခုခုသည် ဤအခန်းအရ မှတ်ပုံတင်ထားခြင်းမရှိဘဲ နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

(ခ) ပြည်ပကော်ပိုရေးရှင်းတစ်ခု သို့မဟုတ် ကော်ပိုရေးရှင်းအဖွဲ့အစည်းတစ်ခုခုသည် နိုင်ငံတော်အတွင်း အောက်ပါတို့ကိုပြုလုပ်ဆောင်ရွက်ခြင်းရှိကာမျှနှင့် နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သည်ဟုမှတ်ယူခြင်းမရှိစေရ -

(၁) တရားစွဲဆိုမှုတစ်ရပ်တွင် အမှုသည်တစ်ဦးဖြစ်ခြင်းသို့မဟုတ် ဖြစ်လာခြင်း၊ သို့မဟုတ် တရားစွဲဆိုမှုတစ်ရပ် သို့မဟုတ် တောင်းဆိုမှု သို့မဟုတ် အငြင်းပွားမှုတစ်ရပ်ကိုဖြေရှင်းခြင်း၊ သို့မဟုတ်

(၂) ဒါရိုက်တာများ သို့မဟုတ် အစုရှယ်ယာရှင်များ၏အစည်းအဝေးများကိုကျင်းပခြင်း သို့မဟုတ် ၎င်းတို့၏အဖွဲ့အစည်းအတွင်းပိုင်း စီမံအုပ်ချုပ်မှု ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်ခြင်း၊သို့မဟုတ်

(၃) ဘဏ်ငွေစာရင်းတစ်ခုဖွင့်လှစ်ထားရှိခြင်း၊ သို့မဟုတ်

(၄) သီးခြားကန်ထရိုက်တာတစ်ဦးမှတစ်ဆင့် ပစ္စည်းများရောင်းချမှုကိုပြုလုပ်ခြင်း၊ သို့မဟုတ်

(၅) လုပ်ငန်းလက်ခံရရှိခြင်းတစ်ရပ်သည် နိုင်ငံတော်၏ပြင်ပတွင် လက်ခံရရှိခဲ့မှသာလျှင် စည်းနှောင်မှုရှိသော ပဋိညာဉ်စာချုပ်တစ်ရပ်ဖြစ်လာမည့်လက်ခံခြင်း သို့မဟုတ် ရရှိခြင်း၊ သို့မဟုတ်

(၆) ငွေကြေးများ ချေးပေးခြင်း၊ ကြွေးမြီသက်သေခံချက်ပြုလုပ်ခြင်း သို့မဟုတ် ပစ္စည်းများအပေါ်တွင် ကြွေးမြီတာဝန်တင်ရှိခြင်း၊ သို့မဟုတ်

(၇) ယင်း၏ကြွေးမြီများမှတစ်ရပ်ရပ်ကိုရရှိခြင်း သို့မဟုတ် တောင်းယူခြင်း သို့မဟုတ် အဆိုပါ ကြွေးမြီများနှင့်စပ်လျဉ်းသည့်ငွေချေးသက်သေခံလက်မှတ်များနှင့် သက်ဆိုင်သည့် အခွင့်အရေးများကိုအတည်ပြုဆောင်ရွက်ခြင်း၊ သို့မဟုတ်

(၈) အခါအားလျော်စွာ အကြိမ်ကြိမ်ဆောင်ရွက်ခဲ့သည့်အလားတူ လုပ်ငန်းဆောင်ရွက်မှုများမဟုတ်သည့်ရက်ပေါင်း (၃၀) ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့်သီးခြားလုပ်ငန်းဆောင်ရွက်ချက်တစ်ရပ်ကိုပြုလုပ်ခြင်း၊သို့မဟုတ်

(၉) ယင်း၏ရန်ပုံငွေများကို ရင်းနှီးမြှုပ်နှံခြင်း သို့မဟုတ် ပစ္စည်းများကိုထိန်းသိမ်းထားခြင်း။

(ဂ) နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းများကို ပြည်ပကော်ပိုရေးရှင်းတစ်ခု သို့မဟုတ် အခြားကော်ပိုရေးရှင်းအဖွဲ့အစည်းတစ်ခုခုက ဆောင်ရွက်ခြင်း ရှိ၊ မရှိနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိသည် အခါအားလျော်စွာ လမ်းညွှန်ချက်များကိုထုတ်ပြန်နိုင်သည်။ သို့ရာတွင် အဆိုပါလမ်းညွှန်ချက်များသည် ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရမည်။

(ဃ) ပြည်ထောင်စုဝန်ကြီးသည်ပုဂ္ဂိုလ်တစ်ဦးဦး၏လျှောက်ထားချက်အရသော်လည်းကောင်း၊ မိမိ၏တွေ့ရှိချက်အရသော် လည်းကောင်း အလားတူအခြေအနေတွင် ကော်ပိုရေးရှင်းတစ်ခုခုကိုဖြစ်စေ သို့မဟုတ် ကော်ပိုရေးရှင်းအမျိုးအစားတစ်ရပ်ရပ်ဖြစ်စေ နိုင်ငံတော်အတွင်းစီးပွားရေးလုပ်ငန်းများကိုဆောင်ရွက်ခြင်း ရှိ၊ မရှိကို သတ်မှတ်ဖော်ပြထားနိုင်သည်။

၄၄။ **ပြည်ပကော်ပိုရေးရှင်း၏အမည်**

(က) ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် လိမ်လည်လိုသော သို့မဟုတ် အခြားနည်းအားဖြင့်လှည့်စားနိုင်သော သို့မဟုတ် ရှုပ်ထွေးစေနိုင်သော ကိစ္စရပ်များပေါ်ပေါက်စေနိုင်သည့် မှတ်ပုံတင်ထားပြီးဖြစ်သော တည်ဆဲအဖွဲ့အစည်းတစ်ခု၏အမည်နှင့်တူညီသောအမည်ကိုသော်လည်းကောင်း၊ ထိုအမည်နှင့် ဆင်တူသောအမည်ကိုသော်လည်းကောင်း၊ တည်ဆဲအဖွဲ့အစည်းမှ ဖျက်သိမ်းရန်ဆောင်ရွက်နေသည့် အမည်အားအသုံးပြုနိုင်ရန် ထိုအဖွဲ့အစည်း၏ သဘောတူညီချက်ကို မှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည့်အခါမှတစ်ပါး မှတ်ပုံတင်ဆောင်ရွက်ခြင်းမပြုရ။ ပြည်ပကော်ပိုရေးရှင်းတွင် ဖြစ်ပေါ်လာနိုင်သည့် ရှုပ်ထွေးမှုများကို ရှောင်ရှားနိုင်စေရန်အတွက် ယင်း၏အမည်တွင် ယင်းနိုင်ငံ သို့မဟုတ် အခြားခွဲခြားသိမြင်နိုင်သည့် စာသား သို့မဟုတ် စကားရပ်များကိုထည့်သွင်းဖော်ပြနိုင်သည်။

(ခ) ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ယင်း၏အမည်အားပြောင်းလဲရန်ပြုလုပ်သည့်အခါ အမည်ပြောင်းလဲပြီးနောက် (၂၈) ရက်အတွင်း အမည်ပြောင်းရန် တင်ပြရမည့်သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့်မှတ်ပုံတင်အရာရှိထံသို့တင်ပြရမည်။ ဤပုဒ်မ၏ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်များသည် လိုအပ်သောပြောင်းလဲချက်များအားလုံးနှင့်အတူအမည်ပြောင်းလဲမှုတစ်ရပ်အား မှတ်ပုံတင်ရာတွင် သက်ဆိုင်စေရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည်ဤဥပဒေနှင့်အညီ အမည်ပြောင်းလဲမှုအားမှတ်ပုံတင်ပေးရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ပြည်ပကော်ပိုရေးရှင်းတစ်ခု၏မှတ်ပုံတင်ထားသောအမည်ကို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်ညီညွတ်စေရန်အတွက်လိုအပ်ပါက အဆိုပါအမည်အား ပြောင်းလဲစေရန် ညွှန်ကြားနိုင်ပြီး အဆိုပါ ပြည်ပကော်ပိုရေးရှင်းသည် မှတ်ပုံတင်အရာရှိက ညွှန်ကြားချက်ကိုလက်ခံရရှိသည့်နေ့မှ (၂)လအတွင်း ယင်း၏ မှတ်ပုံတင်ထားသည့်အမည်ကိုပြောင်းလဲရန် လိုအပ်သည့်အတိုင်းလိုက်နာဆောင်ရွက်ရမည်။

၄၅။ ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ပုဒ်မ၄၄တွင်ဖော်ပြထားသည့်ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလိုက်နာရန် ပျက်ကွက်လျှင် အဆိုပါကော်ပိုရေးရှင်း၊ ဒါရိုက်တာအားလုံးနှင့်အခွင့်အာဏာအပ်နှင်းခြင်းခံရသောအရာရှိများသည် ပြစ်ဒဏ်ပမာဏ (၃) ခုထက်မပိုသောဒဏ်ငွေအဖြစ်ပေးဆောင်ရန် တာဝန်ရှိသည်။

၄၆။ **လုပ်ငန်းဆောင်ရွက်မှုများတရားဝင်ဖြစ်ခြင်း**

ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ပုဒ်မ ၄၃ သို့မဟုတ် ပုဒ်မ ၄၄ ပါ ပြဋ္ဌာန်းချက်အား လိုက်နာဆောင်ရွက်ရန် **စာမျက်နှာ ၃ သို့**

စာမျက်နှာ ၂ မှ

ပျက်ကွက်ခြင်းအား အဆိုပါ ပြည်ပကော်ပိုရေးရှင်းမှ ချုပ်ဆိုဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှုတစ်ရပ်ရပ်၏ တရားဝင်မှု သို့မဟုတ် အတည်ပြုနိုင်မှုတို့အား ထိခိုက်စေခြင်းမရှိစေရ။

၄၇။ **မှတ်ပုံတင်ရန်အတွက်လျှောက်ထားခြင်း**

(က) ဤအပိုင်းအရ ပြည်ပကော်ပိုရေးရှင်းတစ်ခုအား မှတ်ပုံတင်ရန်အတွက် လျှောက်ထားမှုတစ်ရပ်ကို မှတ်ပုံတင်အရာရှိထံ ပေးပို့တင်ပြရမည်ဖြစ်ပြီးငင်းသည်-

(၁) သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် လျှောက်ထားခြင်းဖြစ်ရမည်၊ ၎င်းပြင်

(၂) ပြည်ပကော်ပိုရေးရှင်းကသော်လည်းကောင်း၊ ယင်းကိုယ်စားသော်လည်းကောင်း လက်မှတ်ရေးထိုးထားခြင်းဖြစ်ရမည်။

(ခ) ဤပုဒ်မ၏ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များအပြင် လျှောက်လွှာတွင်-

(၁) ပြည်ပကော်ပိုရေးရှင်း၏အမည်ကိုဖော်ပြရမည်၊

(၂) လျှောက်လွှာတင်သည့်နေ့တွင် ပြည်ပကော်ပိုရေးရှင်း၏ ဒါရိုက်တာများနှင့် အတွင်းရေးမှူးတို့၏ အမည်အပြည့်အစုံ၊ မွေးသက္ကရာဇ် ကျား/မ၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကို ဖော်ပြရမည်၊

(၃) ပြည်ပကော်ပိုရေးရှင်းမှခန့်အပ်ထားသည့်အခွင့်အာဏာအပ်နှင်းခြင်းခံရသောအရာရှိတစ်ဦးကို ခန့်အပ်ထားသည်ဟု ဖော်ပြရမည်ဖြစ်ပြီး ၎င်း၏အမည် အပြည့်အစုံ၊ မွေးသက္ကရာဇ်နှင့် နေရပ်လိပ်စာများကို ဖော်ပြရမည်၊ ၎င်းအရာရှိသည် ပြည်ပကော်ပိုရေးရှင်း၏ကိုယ်စားနိုင်ငံတော်အတွင်းစာရွက်စာတမ်း၊ စာချုပ်စာတမ်းများကို လက်ခံဆောင်ရွက်ရန် အခွင့်အာဏာအပ်နှင်းခြင်းခံရသူဖြစ်သည်၊

(၄) အခွင့်အာဏာအပ်နှင်းခြင်းခံရသောအရာရှိအဖြစ်အမည်ဖော်ပြထားသော ပုဂ္ဂိုလ်သည် ပြည်ပကော်ပိုရေးရှင်း၏ အခွင့်အာဏာအပ်နှင်းခြင်းခံရသော အရာရှိအဖြစ်ဆောင်ရွက်ရန်အတွက် စာဖြင့်ရေးသားသဘောတူညီချက်ပြုလုပ်ထားကြောင်းဖော်ပြရမည်၊

(၅) ပြည်ပကော်ပိုရေးရှင်း၏နိုင်ငံတော်အတွင်း၌မှတ်ပုံတင်ထားသောရုံးခန်းလိပ်စာအပြည့်အစုံကိုဖော်ပြရမည်၊

(၆) မှတ်ပုံတင်ထားသောရုံးခန်းလိပ်စာနှင့်ကွဲလွဲခဲ့လျှင် ပြည်ပကော်ပိုရေးရှင်းသည် နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မည့်နေရာ၏ လိပ်စာအပြည့်အစုံ သို့မဟုတ် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မည့် နေရာတစ်နေရာထက်ပိုနေပါက အဓိကနေရာ၏ လိပ်စာအပြည့်အစုံအားဖော်ပြရမည်၊

(၇) ကော်ပိုရေးရှင်း၏ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာ သို့မဟုတ် ၎င်း၏မူလနိုင်ငံရှိစီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သော အဓိကနေရာ၏ လိပ်စာအပြည့်အစုံကိုဖော်ပြရမည်၊

(၈) လျှောက်လွှာတွင်ဖော်ပြပါရှိသည့် အချက်အလက်များအားလုံးသည် မှန်ကန်ကြောင်း ပြည်ပကော်ပိုရေးရှင်းမှ တာဝန်ယူထုတ်ဖော်ကြေညာချက်တစ်ရပ်ပါရှိရမည်၊ ၎င်းပြင်

(၉) ပြည်ပကော်ပိုရေးရှင်းကို ဖွဲ့စည်းတည်ထောင်သည့် သက်သေခံအထောက်အထားအား ပူးတွဲတင်ပြရမည့်အပြင် ကော်ပိုရေးရှင်းဖွဲ့စည်းခြင်းဆိုင်ရာ စာရွက်စာတမ်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ မိတ္တူတစ်စောင်၊ ယင်းအား မြန်မာဘာသာဖြင့် ရေးသားထားခြင်းမရှိလျှင် အဆိုပါ ကော်ပိုရေးရှင်းကိုယ်စား ဒါရိုက်တာတစ်ဦးက တရားဝင်အတည်ပြုထားသည့် အင်္ဂလိပ်ဘာသာဖြင့် အကျဉ်းချုပ်ဖော်ပြချက်နှင့် မြန်မာဘာသာဖြင့်လည်း ပြန်ဆိုထားသည့်စာရွက်စာတမ်းကိုတင်ပြရမည်။

(ဂ) လျှောက်လွှာတင်သွင်းသည့်အခါ သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကိုမှတ်ပုံတင်အရာရှိထံပေးသွင်းရမည်။

(ဃ) လျှောက်လွှာ ယင်းနှင့်အတူပူးတွဲတင်ပြသည့်စာရွက်စာတမ်းများ၏ မူရင်းကွဲများနှင့် ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) (၄)တွင် ဖော်ပြပါရှိသည့် သဘောတူညီချက်၏မူရင်းကို အခွင့်အာဏာအပ်နှင်းခြင်းခံရသောအရာရှိက သိမ်းဆည်းထားရမည်ဖြစ်ပြီး ပြည်ပကော်ပိုရေးရှင်း၏ မှတ်တမ်းများနှင့်အတူ ထိန်းသိမ်းထားရမည်။

၄၈။ ပုဒ်မ၄၇အရလျှောက်ထားရာတွင် လျှောက်ထားသူက လျှောက်လွှာတွင် အချက်အလက်များအား မှားယွင်းတင်ပြခဲ့ပါက ပြည်ပကော်ပိုရေးရှင်းသည် ပြစ်ဒဏ်ပမာဏ (၁၀၀) ခုထက်မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်။

၄၉။ **ပြည်ပကော်ပိုရေးရှင်းအားမှတ်ပုံတင်ခြင်း**

(က) မှတ်ပုံတင်အရာရှိသည် ဤဥပဒေပါ လိုအပ်ချက်များနှင့်အညီ ပြည့်စုံစွာဆောင်ရွက်တင်ပြလာသည့် ပြည်ပကော်ပိုရေးရှင်း လျှောက်လွှာတစ်စောင်အား ၎င်းအနေဖြင့် ဤအခန်းအတွက်ထားရှိသောမှတ်ပုံတင်စာအုပ်၏ အပိုင်းတစ်ခုတွင် မှတ်ပုံတင်သွင်းရမည်။ ၎င်းအပြင် အောက်ပါအချက်များကို ဖော်ပြလျက် မှတ်ပုံတင်ခြင်းဆိုင်ရာ သက်သေခံလက်မှတ်တစ်စောင်ကို ထုတ်ပေးရမည် -

(၁) ကော်ပိုရေးရှင်း၏ အမည်၊

(၂) ကော်ပိုရေးရှင်းအားဤဥပဒေအရပြည်ပကော်ပိုရေးရှင်းတစ်ခုအဖြစ်မှတ်ပုံတင်ထားကြောင်း၊

(၃) မှတ်ပုံတင်သည့်နေ့၊

(၄) သတ်မှတ်ဖော်ပြထားသည့်အခြားအကြောင်းအရာများ။

(ခ) မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ထားကြောင်း ထိန်းသိမ်းထားရှိရမည်။

(ဂ) ပြည်ပကော်ပိုရေးရှင်းမှာ ကောင်းမွန်ခိုင်မာစွာ ရပ်တည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်းကို သိရှိနိုင်စေရန်အတွက် မှတ်ပုံတင်အရာရှိက စာရွက်စာတမ်းများ ထပ်မံလိုအပ်သည်ဟုသင့်သည်ထင်မြင်သည်မှ အပ ပုဒ်မ ၄၇ တွင် ဖော်ပြထားသော သို့မဟုတ် ယင်းပုဒ်မအရ လိုအပ်သော မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ အခြားစာရွက်စာတမ်းတစ်စုံတစ်ရာကို ပြည်ထောင်စုဝန်ကြီးမှ သတ်မှတ်ဖော်ပြထားသည့် အကြောင်းအချက်မှတစ်ပါး တင်ပြရန်လိုအပ်ခြင်းမရှိစေရ။

၅၀။ **ပြည်ပကော်ပိုရေးရှင်းမှအမည်အားအသုံးပြုခြင်း**

နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ကြသော ပြည်ပကော်ပိုရေးရှင်းအားလုံးသည် ၎င်းတို့၏အမည်အပြည့်အစုံနှင့် ၎င်းတို့အားဖွဲ့စည်းတည်ထောင်ခဲ့သည့်နိုင်ငံ၏အမည်တို့ကို အောက်ပါကိစ္စရပ်များတွင်သေချာစေရန်-

(က) ကော်ပိုရေးရှင်းမှသော်လည်းကောင်း၊ကော်ပိုရေးရှင်း၏ကိုယ်စားသော်လည်းကောင်း ပေးပို့ဆောင်ရွက်သည့် စာဖြင့်ရေးသားဆက်သွယ်ဆောင်ရွက်မှုများအားလုံးတွင် ရှင်းလင်းစွာဖော်ပြရမည်၊

(ခ) ကော်ပိုရေးရှင်း၏ တရားဝင်တာဝန်တစ်ရပ်ကိုထင်ရှားစေမည့် သို့မဟုတ်ဖြစ်တည်စေမည့် ကော်ပိုရေးရှင်းမှသော်လည်းကောင်း၊ ကော်ပိုရေးရှင်း၏ ကိုယ်စားသော်လည်းကောင်း ထုတ်ပြန်သော သို့မဟုတ် လက်မှတ်ရေးထိုးသော စာရွက်စာတမ်းများအားလုံးတွင် ရှင်းလင်းစွာ ဖော်ပြရမည်၊ ၎င်းပြင်

(ဂ) မှတ်ပုံတင်ထားသော ရုံးခန်းနေရာနှင့် နိုင်ငံတော်အတွင်း ပြည်ပကော်ပိုရေးရှင်း၏ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သည့် အဓိကနေရာတို့၌ ပေါ်လွင်ထင်ရှားစွာဖော်ပြထားရမည်။

၅၁။ **အသေးစိတ်အချက်အလက်များကိုပြောင်းလဲပြင်ဆင်ခြင်း**

နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သော ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် အောက်ပါကိစ္စရပ်များအတွက် ပြောင်းလဲပြင်ဆင်ခြင်းဆိုင်ရာအကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံသို့ ရက်ပေါင်း (၂၈) ရက်အတွင်း သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် ပေးပို့တင်ပြရမည် -

(က) ပြည်ပကော်ပိုရေးရှင်းအားဖွဲ့စည်းသည့် စာရွက်စာတမ်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပြောင်းလဲပြင်ဆင်ခြင်း၊

(ခ) ပြည်ပကော်ပိုရေးရှင်း၏ဒါရိုက်တာများပြောင်းလဲခြင်း သို့မဟုတ် ဒါရိုက်တာများ၏အမည်များ သို့မဟုတ် နေထိုင်ရာလိပ်စာများ ပြောင်းလဲခြင်း၊

(ဂ) ပြည်ပကော်ပိုရေးရှင်း၏ မှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် ထိုသို့ ပြည်ပတွင် လုပ်ကိုင်ဆောင်ရွက်သည့်အဓိကနေရာ၏လိပ်စာ ပြောင်းလဲခြင်း၊ သို့မဟုတ်

(ဃ) နိုင်ငံတော်အတွင်း ပြည်ပကော်ပိုရေးရှင်း၏ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာ သို့မဟုတ် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သည့်အဓိကနေရာလိပ်စာပြောင်းလဲခြင်း၊ အဆိုပြုချက်ပြောင်းလဲမှုအတွက် အကြောင်းကြားစာကို အဆိုပါ လိပ်စာပြောင်းလဲခြင်း မပြုမီ ကြိုတင်ပေးပို့ရမည်။

(င) အခွင့်အာဏာအပ်နှင်းခြင်းခံရသောအရာရှိနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ ယင်း၏လိပ်စာအတွက် သော်လည်းကောင်း၊ ပြည်ပကော်ပိုရေးရှင်းကိုယ်စား နိုင်ငံတော်အတွင်းစာရွက်စာတမ်း၊ စာချုပ်စာတမ်းဆောင်ရွက်မှုများ လက်ခံပြုလုပ်ရန်အတွက် အာဏာအပ်နှင်းထားသော အခြားပုဂ္ဂိုလ်တစ်ဦးဦးအား ခန့်အပ်ခြင်း သို့မဟုတ် ၎င်း၏အသေးစိတ်အချက်အလက်များအတွက် သော်လည်းကောင်း ပြောင်းလဲခြင်း၊ ထိုသို့ပြောင်းလဲမှုအတွက် အကြောင်းကြားစာကို (၇) ရက်အတွင်း ပေးပို့ရမည်။

၅၂။ ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ပုဒ်မ ၅၁ ပါပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်လျှင် အဆိုပါ ပြည်ပကော်ပိုရေးရှင်း၊ ဒါရိုက်တာများနှင့် အခွင့်အာဏာအပ်နှင်းခြင်းခံရသော အရာရှိတို့အားလုံးသည် ပြစ်ဒဏ်ပမာဏ(၅)ခုထက်မပိုသောဒဏ်ငွေကို ပေးဆောင်ရန်တာဝန်ရှိသည်။

၅၃။ **ပြည်ပကော်ပိုရေးရှင်းမှနှစ်စဉ်တင်ပြဆောင်ရွက်ရမည့်ကိစ္စရပ်များ**

(က) နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သော ပြည်ပကော်ပိုရေးရှင်းအားလုံးသည် အောက်ပါတို့ကိုမှတ်ပုံတင်အရာရှိထံသို့တင်ပြရမည်-

(၁) ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး (၂၈) ရက်အတွင်း သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် ပြုစုထားသောနှစ်စဉ်အစီရင်ခံစာနှင့်

(၂) (၁၅)လထက်မပိုသောကာလအတွင်းဖြစ်ပြီး ပြက္ခဒိန်နှစ်တစ်ခုထက်မကျော်လွန်စေဘဲ -

(ကက) ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည်အထိပြုစုထားသောလက်ကျန်ရှင်းတမ်း (balance sheet)၊

(ခခ) ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေထွက်ငွေဖော်ပြချက်စာရင်း (Cash Flow Statement) မိတ္တူတစ်စောင်နှင့်

(ဂဂ) ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်အတွက် အရှုံးအမြတ်ဖော်ပြချက်စာရင်း (Profit & Loss Statement) မိတ္တူတစ်စောင်၊

ကော်ပိုရေးရှင်းအနေဖြင့် ၎င်း၏မူလနိုင်ငံတွင်ဥပဒေအရ ပြုစုတင်ပြရန် လိုအပ်သောပုံစံ၊ ပါဝင်ရမည့်အသေးစိတ်အချက်အလက်များ၊ လိုအပ်သည့်စာရွက်စာတမ်းမိတ္တူများ ပါရှိစေလျက်တင်ပြရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)တွင်ဖော်ပြပါရှိသည့်အတိုင်း ကော်ပိုရေးရှင်းမှာ ၎င်း၏ မူလနိုင်ငံဥပဒေအရ ဖော်ပြပါ စာရွက်စာတမ်းများကို တင်ပြရန် မလိုအပ်ခဲ့လျှင် မှတ်ပုံတင်အရာရှိသည် နိုင်ငံတော်အတွင်း၎င်း၏စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဤပုဒ်မ၏ ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် ဘဏ္ဍာရေးဆိုင်ရာစာရွက်စာတမ်းများကိုတင်ပြရန် ကုမ္ပဏီအားတောင်းဆိုနိုင်သည်။ ကော်ပိုရေးရှင်းအား ဤဥပဒေအရအများနှင့်သက်ဆိုင်သည့် ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ထားသကဲ့သို့ ကော်ပိုရေးရှင်းမှ ပြုစုတင်ပြရန်လိုအပ်သည့် အဆိုပါပုံစံဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့် သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့်ဖြစ်စေ အဆိုပါ စာရွက်စာတမ်းများအား ပြုစုဆောင်ရွက်ရမည်။ ဤပုဒ်မခွဲအရ ဆုံးဖြတ်ချက်ချမှတ်ရာတွင် မှတ်ပုံတင်အရာရှိသည် ပြည်ပကော်ပိုရေးရှင်း၏ စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်အတွင်း အသေးစားကုမ္ပဏီတစ်ခုအဖြစ် ဆောင်ရွက်ခြင်းရှိ၊ မရှိကို ထည့်သွင်းစဉ်းစားနိုင်သည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မအရတင်ပြရမည့်ဘဏ္ဍာရေးဆိုင်ရာ စာရွက်စာတမ်းတစ်ရပ်ရပ်ကို စာရင်းစစ်ဆေးစေခိုင်းနိုင်သည်။ ဤပုဒ်မခွဲအရဆုံးဖြတ်ချက်ချမှတ်ရာတွင် မှတ်ပုံတင်အရာရှိသည် ပြည်ပကော်ပိုရေးရှင်း၏ စီးပွားရေးလုပ်ငန်းများမှာ နိုင်ငံတော်အတွင်း အသေးစားကုမ္ပဏီတစ်ခုအဖြစ် ဆောင်ရွက်ခြင်း ရှိ၊ မရှိ ကို ထည့်သွင်းဆုံးဖြတ်နိုင်သည်။

၅၄။ ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ပုဒ်မ၅၃ပါဆောင်ရွက်ရမည့်အချက်များအား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် အဆိုပါ ပြည်ပကော်ပိုရေးရှင်း၊ ဒါရိုက်တာများနှင့် အခွင့်အာဏာအပ်နှင်းခြင်းခံရသော အရာရှိတို့အားလုံးသည်သက်ဆိုင်ရာချိုးဖောက်မှုတစ်ရပ်စီအတွက် ပြစ်ဒဏ်ပမာဏ (၅) ခုထက်မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်။

၅၅။ နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုအား ရပ်စဲသည့်ပြည်ပကော်ပိုရေးရှင်း

(က) နိုင်ငံတော်အတွင်း၌ ပြည်ပကော်ပိုရေးရှင်းတစ်ခုသည်စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုအားရပ်စဲပြီး (၂၁) ရက်အတွင်း ထိုသို့ ရပ်စဲမှုအား သတ်မှတ်ဖော်ပြထားသည့်ပုံစံတွင် ဖော်ပြလျက် အကြောင်းကြားချက်တစ်ရပ်ကို တင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် အခြားသက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြည်ပကော်ပိုရေးရှင်းက လိုက်နာဆောင်ရွက်ခြင်းရှိကြောင်း မှတ်ပုံတင်အရာရှိက ယုံကြည်သည့်အခါ မှတ်ပုံတင်စာရင်းမှ အဆိုပါပြည်ပကော်ပိုရေးရှင်း၏အမည်ကို ပယ်ဖျက်ရမည်။

(ခ) ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်းမရှိကြောင်း မှတ်ပုံတင်အရာရှိက သင့်လျော်သည့်အကြောင်းဖြင့် ယုံကြည်သည့်အခါ မှတ်ပုံတင်အရာရှိသည် ထိုသို့တွေ့ရှိချက်များကို ဖော်ပြလျက် အကြောင်းကြားစာတစ်စောင်အား ပြည်ပကော်ပိုရေးရှင်းထံသို့ ပေးပို့နိုင်သည်။ ထိုအကြောင်းကြားစာတွင် ပေးပို့သည့်နေ့မှ (၂၈) ရက်အတွင်း အကျိုးအကြောင်းတစ်စုံတစ်ရာ ဖော်ပြပြန်ကြားလာခြင်းမရှိခဲ့လျှင် ယင်းပြည်ပကော်ပိုရေးရှင်း၏အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းအတွက် နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာမည်ဖြစ်ကြောင်း ဖော်ပြပါရှိရမည်။

(ဂ) ပြည်ပကော်ပိုရေးရှင်းသည် နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်နေကြောင်း ပြန်ကြားချက်ကို အကြောင်းကြားစာ ပေးပို့သည့်နေ့မှ (၂၈) ရက်အတွင်း မှတ်ပုံတင်အရာရှိက လက်ခံရရှိခြင်းမရှိခဲ့လျှင် မှတ်ပုံတင်အရာရှိသည် အကြောင်းကြားစာတစ်စောင်အား ထပ်မံပေးပို့နိုင်ပြီး နိုင်ငံတော်ပြန်တမ်းတွင်လည်း ထည့်သွင်းဖော်ပြနိုင်သည်။ ယင်းအကြောင်းကြားစာတွင်အကြောင်းကြားစာ ပေးပို့သည့်နေ့မှ (၃)လကုန်ဆုံးသည့်အခါ ယင်းပြည်ပကော်ပိုရေးရှင်း၏အမည်အား အခြားသော ထည့်သွင်းစဉ်းစားရမည့်အချက်များ မပေါ်ပေါက်ခဲ့လျှင် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်မည်ဖြစ်ကြောင်းဖော်ပြပါရှိရမည်။

(ဃ) ဤပုဒ်မ၏ပုဒ်မခွဲ (ဂ) အရပေးပို့သည့် အကြောင်းကြားစာတွင် ဖော်ပြပါရှိသည့်ကာလကုန်ဆုံးသည့်အခါ မှတ်ပုံတင်အရာရှိသည် အခြားသောထည့်သွင်းစဉ်းစားရမည့်အချက်များ မပေါ်ပေါက်ခဲ့လျှင် ပြည်ပကော်ပိုရေးရှင်း၏အမည်အား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်ပြီး ထိုသို့ပယ်ဖျက်သည့်အကြောင်းကြားစာကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။

(င) မှတ်ပုံတင်အရာရှိသည် အပိုင်း(၅)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ပေးပို့သည့် အကြောင်းကြားစာကို လက်ခံရရှိပြီးနောက် ပြည်ပကော်ပိုရေးရှင်းအား မှတ်ပုံတင်စာရင်းမှပယ်ဖျက်ရမည်။

(စ) ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ယင်း၏မူလနိုင်ငံတွင်စာရင်းရှင်းလင်းဖျက်သိမ်းရန်စတင်ပြုလုပ်လျှင် သို့မဟုတ် ဖျက်သိမ်းခဲ့လျှင် သို့မဟုတ် မှတ်ပုံတင်ထားခြင်းမှ ပြန်လည်ပယ်ဖျက်ခဲ့လျှင်-

(၁) အဆိုပါနေ့မှ (၂၈) ရက်အတွင်း အခွင့်အာဏာအပ်နှင်းခြင်းခံရသောအရာရှိသည် ဖော်ပြပါအကြောင်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိသို့ ပေးပို့တင်ပြရမည်ဖြစ်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးအား ခန့်အပ်သည့်အခါ ထိုသို့ခန့်အပ်ကြောင်း သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိသို့ ပေးပို့တင်ပြရမည့်အပြင်

(၂) တရားရုံးသည် ပြည်ပကော်ပိုရေးရှင်း၏ မူလနိုင်ငံအတွက် တာဝန်ပေးထားသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် မှတ်ပုံတင်အရာရှိမှလျှောက်ထားတင်ပြလာလျှင် ပြည်ပကော်ပိုရေးရှင်း၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးကို နိုင်ငံတော်အတွင်း၌ ခန့်အပ်ပေးရမည်။

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

(ဆ) ပြည်ပကော်ပိုရေးရှင်းအား ဖျက်သိမ်းပြီးကြောင်း သို့မဟုတ် မှတ်ပုံတင်ထားခြင်းကို ပြန်လည်ပယ်ဖျက်ပြီးကြောင်း အဆိုပါ ပြည်ပကော်ပိုရေးရှင်း၏ အခွင့်အာဏာအပ်နှင်းခြင်းခံရသော အရာရှိက တင်ပြအကြောင်းကြားခြင်းကို မှတ်ပုံတင်အရာရှိက လက်ခံရရှိသည့်အခါ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စာရင်းမှ အဆိုပါ ပြည်ပကော်ပိုရေးရှင်း၏အမည်ကိုပယ်ဖျက်ရမည်။

(ဇ) တရားရုံးကခန့်အပ်တာဝန်ပေးအပ်သည့် ပြည်ပကော်ပိုရေးရှင်းတစ်ခု၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် -

(၁) ပြည်ပကော်ပိုရေးရှင်း၏ ပစ္စည်းများကို ခွဲဝေခြင်းတစ်ရပ်ရပ် မပြုလုပ်မီ သင့်လျော်သည့် အချိန်ကာလအတွင်း နိုင်ငံတော်တစ်ဝန်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာတစ်ခုခုတွင် ကြေညာခြင်းဖြင့် မြီရှင်များအားလုံးက ပြည်ပကော်ပိုရေးရှင်းအပေါ် တောင်းဆိုမှုများပြုလုပ်နိုင်ရန်အတွက် ဖိတ်ခေါ်ရမည်၊

(၂) တရားရုံး၏အမိန့်တစ်ရပ်မပါရှိဘဲ ပြည်ပကော်ပိုရေးရှင်း၏ အခြားမြီရှင်တစ်ဦးကို နုတ်ပယ်၍ မြီရှင်တစ်ဦးသို့ ငွေပေးချေခြင်းမပြုရ၊ ၎င်းပြင်

(၃) တရားရုံး၏ အမိန့်တစ်ရပ်ရပ်ဖြင့် အခြားနည်းဖော်ပြထားခြင်း မရှိလျှင် နိုင်ငံတော်အတွင်းရှိ ပြည်ပကော်ပိုရေးရှင်း၏ ပစ္စည်းများကို ပြန်လည်ရယူခြင်းနှင့် ရောင်းချခြင်းတို့ကို ပြုလုပ်၍ ယင်း၏မူရင်းနိုင်ငံတွင် တာဝန်ပေးထားသော ပြည်ပကော်ပိုရေးရှင်း၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ အထက်ပါအတိုင်း ရယူရောင်းချသည့် ပစ္စည်းများ၏ အသားတင်ငွေပမာဏကိုပေးချေရမည်။

(ဈ) ပြည်ပကော်ပိုရေးရှင်းတစ်ခုအား ယင်း၏ ပစ္စည်းများသည် နိုင်ငံတော်အတွင်း ဖျက်သိမ်းသည့်အခါ မူရင်းနိုင်ငံအတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်အပ်ထားခြင်းမရှိခဲ့လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ(ဇ)အရ ပြန်လည်ရရှိသည့် ငွေပမာဏအား ပေးချေနိုင်ရန်အတွက် အမိန့်တစ်ရပ်ချမှတ်ပေးနိုင်ရန် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

၅၆။ **ဤဥပဒေအရမှတ်ပုံတင်ထားသော ပြည်ပကော်ပိုရေးရှင်းများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများပေးပို့ဆောင်ရွက်ခြင်း**

(က) စာရွက်စာတမ်းတစ်ခုအား အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ပြည်ပကော်ပိုရေးရှင်းတစ်ခုထံသို့ ပေးပို့ဆောင်ရွက်ရမည် -

(၁) နိုင်ငံတော်အတွင်းရှိ အဆိုပါ ပြည်ပကော်ပိုရေးရှင်း၏ မှတ်ပုံတင်ထားသော ရုံးခန်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း ပေးပို့ခြင်းဖြင့်ဖြစ်စေ၊

(၂) အဆိုပါ ပြည်ပကော်ပိုရေးရှင်း၏ အခွင့်အာဏာအပ်နှင်းခြင်းခံရသောအရာရှိ၏ လိပ်စာသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း ပေးပို့ခြင်းဖြင့်ဖြစ်စေ၊

အဆိုပါ ကိစ္စတစ်ရပ်စီတွင် ဤဥပဒေနှင့်အညီ အကြောင်းကြားဖော်ပြထားသည့်လိပ်စာသို့ ပေးပို့ဆက်သွယ်ဆောင်ရွက်ရမည်။

(ခ) ဤပုဒ်မ၏ပုဒ်မခွဲ(က)အရ ဆောင်ရွက်ခြင်းကို ကန့်သတ်တားမြစ်ခြင်း မရှိစေဘဲ ပြည်ပကော်ပိုရေးရှင်း၏ ဒါရိုက်တာနှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောသူများသည် နိုင်ငံတော်အတွင်း နေထိုင်ကြလျှင် စာရွက်စာတမ်းတစ်ရပ်အား ပြည်ပကော်ပိုရေးရှင်းသို့ ပေးပို့ရာတွင် အနည်းဆုံးဖော်ပြပါ ဒါရိုက်တာနှစ်ဦးထံသို့ စာရွက်စာတမ်းမိတ္တူတစ်စောင်စီကို တရားဝင် ပေးပို့ဆောင်ရွက်ပေးခြင်းဖြင့် ပြုလုပ်နိုင်သည်။

(ဂ) ပြည်ပကော်ပိုရေးရှင်းတစ်ခု၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးအား ခန့်အပ်ခဲ့သည့်အခါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ တင်ပြထားသည့် အကြောင်းကြားစာရှိ နောက်ဆုံးရုံးခန်းလိပ်စာသို့ စာရွက်စာတမ်းအား လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း ပြည်ပကော်ပိုရေးရှင်းသို့ တရားဝင်ပေးပို့ဆောင်ရွက်နိုင်သည်။

(ဃ) ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပြည်ပကော်ပိုရေးရှင်းတစ်ခုသို့ စာရွက်စာတမ်းများပေးပို့ရာတွင် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်တွင်ဖော်ပြပါရှိသော အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ထိုသို့ဆောင်ရွက်ခွင့်ပြုနိုင်သော တရားရုံး၏ အခွင့်အာဏာကို ထိခိုက်စေခြင်းမရှိစေရ။

## အခန်း (၁၀) ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်း

၅၇။ **ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်း**

(က) ကုမ္ပဏီတစ်ခုသည် ဤအခန်းပါ ပြဋ္ဌာန်းချက်များကိုလိုက်နာလျက် အမျိုးအစားပြောင်းလဲရန် အထူးဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရအခြားသော အမျိုးအစားတစ်ရပ်ရပ်သို့ ပြောင်းလဲနိုင်သည်။

(ခ) ဤအခန်းပါပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါအတိုင်း ပြောင်းလဲဆောင်ရွက်နိုင်သည်-

(၁) အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီတစ်ခုမှ အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီတစ်ခုသို့ပြောင်းလဲခြင်း၊

(၂) အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီတစ်ခုမှ အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီတစ်ခုသို့ပြောင်းလဲခြင်း၊

(၃) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုမှ အများနှင့်သက်ဆိုင်သော သို့မဟုတ် အများနှင့်မသက်ဆိုင်သော ကုမ္ပဏီတစ်ခုသို့ပြောင်းလဲခြင်းနှင့်

(၄) တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီတစ်ခုမှ အများနှင့်သက်ဆိုင်သော သို့မဟုတ် အများနှင့်မသက်ဆိုင်သောကုမ္ပဏီတစ်ခုသို့ပြောင်းလဲခြင်း။

၅၈။ **အမျိုးအစားပြောင်းလဲရန်အတွက်လျှောက်ထားခြင်း**

(က) ကုမ္ပဏီတစ်ခုသည် ကုမ္ပဏီအမျိုးအစားပြောင်းလဲရန်အတွက် လျှောက်ထားမှုအား သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အောက်ပါ အချက်အလက်များနှင့်တကွ မှတ်ပုံတင်အရာရှိထံသို့ တင်ပြလျှောက်ထားရမည် -

(၁) ကုမ္ပဏီ၏အမျိုးအစားအသစ်နှင့် အမည်ပြောင်းလဲမှုပြုလုပ်ခဲ့လျှင် ကုမ္ပဏီ၏ အမည်သစ်နှင့် ကုမ္ပဏီ၏အမျိုးအစားအသစ်ပြောင်းလဲပြင်ဆင်ရန် ဆုံးဖြတ်သည့်အထူးဆုံးဖြတ်ချက်ကို တရားဝင်ချမှတ်ပြီးဖြစ်ကြောင်း အတည်ပြု ဖော်ပြပါရှိသည့်ရေးသားဖော်ပြချက်၊

(၂) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းရှိခဲ့လျှင် ၎င်းကိုပြင်ဆင်ရန် ဆုံးဖြတ်သည့်အထူးဆုံးဖြတ်ချက်ကို တရားဝင်ချမှတ်ပြီးဖြစ်ကြောင်းနှင့် နောက်ဆက်တွဲဇယားတွင် ဖော်ပြထားသည့် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပုံစံနှင့် မတူညီသောဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတစ်ရပ်အား ကုမ္ပဏီကအသုံးပြုရန် ရည်ရွယ်သည့်အခါ ပြင်ဆင်ထားသည့်ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ မိတ္တူတစ်စောင်ကို အတည်ပြုဖော်ပြပါရှိသည့် ရေးသားဖော်ပြချက်၊

(၃) မှတ်ပုံတင်အရာရှိက မှတ်ပုံတင်စာရင်းတွင်ရေးသွင်းဖော်ပြထားသည့်ကုမ္ပဏီ၏ အသေးစိတ်အချက်အလက်များ၌ ကုမ္ပဏီအမျိုးအစားပြောင်းလဲမှုနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသည့် အခြားသောပြောင်းလဲမှု တစ်ရပ်ရပ်ကို ဖြည့်စွက်ဖော်ပြထားသည့် ရေးသားဖော်ပြချက်နှင့်

(၄) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုမှ အများနှင့်သက်ဆိုင်သော သို့မဟုတ် အများနှင့်မသက်ဆိုင်သော ကုမ္ပဏီတစ်ခုသို့ ပြောင်းလဲခြင်းကိစ္စရပ်အတွက်-

(ကက) ကုမ္ပဏီ၏ဒါရိုက်တာများက အမျိုးအစားပြောင်းလဲခြင်းကြောင့် မြီရှင်များအတွက် ကြီးမားစွာထိခိုက်ခြင်းမရှိဟု ယူဆကြောင်းနှင့် ထိုသို့ယူဆရသည့် အကြောင်းပြချက်များပါရှိသော ရေးသားဖော်ပြချက်တစ်စောင်နှင့်

(ခခ) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုတွင် အစုရှယ်ယာမတည်ငွေရင်းမရှိပါက ပုဒ်မ ၆ ပုဒ်မခွဲ (ခ) အပိုဒ်(၈) အရလိုအပ်သည့် အချက်အလက်များပါရှိသော ရေးသားဖော်ပြချက်နှင့် အစုရှယ်ယာထုတ်ဝေခြင်းအတွက် အထူးဆုံးဖြတ်ချက်ချမှတ်ပြီးဖြစ်ကြောင်း ရေးသားဖော်ပြချက်၊

(ခ) ကုမ္ပဏီသည် ယင်း၏ အမျိုးအစားပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို ပြောင်းလဲရန် မှတ်ပုံတင်အရာရှိထံသို့ တင်ပြထားကြောင်းကို နိုင်ငံတော်ပြန်တမ်းနှင့် နိုင်ငံတော်တစ်ဝန်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာ တစ်ခုခုတို့တွင် အသိပေးကြေညာရမည်။

(ဂ) ဤပုဒ်မ၏ပုဒ်မခွဲ (ခ) အရ ကုမ္ပဏီကထုတ်ပြန်သည့် ကြေညာချက်တွင် နိုင်ငံတော်ပြန်တမ်း၌ ထည့်သွင်းဖော်ပြပြီးနောက် (၂၈) ရက်အတွင်း မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီကတင်ပြသည့် လျှောက်ထားမှုကို ပုဒ်မခွဲ (က) နှင့်အညီဖြစ်ကြောင်း ကျေနပ်လက်ခံပြီး တရားရုံး၏အမိန့်တစ်ရပ်ရပ်အရ တားမြစ်ခြင်းမရှိလျှင်ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ကုမ္ပဏီအမျိုးအစား ပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို ပြောင်းလဲပေးမည်ဖြစ်ကြောင်း ဖော်ပြပါရှိစေရမည်။

(ဃ) (၂၈)ရက်အတွင်း တရားရုံးကချမှတ်သည့် အမိန့်တစ်ရပ်ရပ်မရှိခဲ့လျှင် ပုဒ်မခွဲ (က) နှင့်အညီဖြစ်ကြောင်း ကုမ္ပဏီကတင်ပြသည့် လျှောက်ထားမှုကို ကျေနပ်လက်ခံပြီး (၂၈) ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီအမျိုးအစားအသစ်နှင့် သက်ဆိုင်သောကုမ္ပဏီ၏ အသေးစိတ်အချက်အလက်များကို မှတ်ပုံတင်စာရင်း၌ ပြောင်းလဲပေးရမည်။

(င) ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်းနှင့်ဆိုင်သော အသေးစိတ်အချက်အလက်များကို မှတ်ပုံတင်အရာရှိမှ မှတ်ပုံတင်စာရင်း၌ ပြောင်းလဲပေးသည့်အခါ ဤပုဒ်မအရ ကုမ္ပဏီအမျိုးအစားပြောင်းလဲမှုသည် အကျိုးသက်ရောက်စေရမည်။ မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို မှတ်ပုံတင်စာရင်း၌ ပြောင်းလဲပြီးနောက် မှတ်ပုံတင်သက်သေခံလက်မှတ်အသစ်တစ်ခုကို ကုမ္ပဏီသို့ ထုတ်ပေးရမည်။ ကုမ္ပဏီ၏အမည်ကို ဤပုဒ်မအရ ထုတ်ပေးသည့် မှတ်ပုံတင်သက်သေခံလက်မှတ်တွင် ဖော်ပြထားသောအမည်အတိုင်းဖြစ်စေရမည်။

၅၉။ **ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်း၏အကျိုးသက်ရောက်မှု**

(က) ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်းသည်-

(၁) ဥပဒေအရ ရပ်တည်နိုင်သည့် အဖွဲ့အစည်းအသစ်တစ်ရပ် ပေါ်ပေါက်လာခြင်းမရှိစေရ၊

(၂) ကုမ္ပဏီတွင်ပါဝင်သူများအဖြစ် ဆောင်ရွက်နိုင်သည့်ကိစ္စရပ်တွင် ကုမ္ပဏီတွင်ပါဝင်သူများအပေါ် သတ်မှတ်သည့်ကိစ္စရပ်မှအပ ကုမ္ပဏီ၏လက်ရှိပစ္စည်းများ၊ အခွင့်အရေးနှင့်တာဝန်များကို ထိခိုက်ခြင်းမရှိစေရ၊

(၃) ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများကသော်လည်းကောင်း၊ ၎င်းတို့အပေါ်တွင်လည်းကောင်း ဆောင်ရွက်နေသည့်တရားစွဲဆိုမှုများကို ထိခိုက်စေခြင်းမရှိစေရ။

(ခ) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီမှ အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုအဖြစ်သို့ ပြောင်းလဲသည့်အခါတွင်-

(၁) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အာမခံသူအဖြစ် ကုမ္ပဏီတွင်ပါဝင်သူနှင့် ယခင်ကပါဝင်ခဲ့သူများ၏ တာဝန်ရှိမှုသည် ရပ်စဲပြီးဖြစ်စေရမည်။

(၂) အာမခံချက်ပေးခြင်း သို့မဟုတ် အာမခံချက်ပေးရန် သဘောတူခြင်းကြောင့် ကုမ္ပဏီတွင်ပါဝင်သူဖြစ်လာသော ပုဂ္ဂိုလ်သည် ကုမ္ပဏီတွင် ပါဝင်သူအဖြစ်မှရပ်စဲသည်။ သို့ရာတွင် ယင်းတို့သည် ကုမ္ပဏီမှအစုရှယ်ယာများ ထုတ်ယူပါက ယင်းတို့သည် ကုမ္ပဏီတွင် ပါဝင်သူများအဖြစ် ဆက်လက်ရှိနေမည်ဖြစ်သည်။

(၃) ပုဒ်မ ၅၈ ပုဒ်မခွဲ(က) အပိုဒ်(၄) အပိုဒ်ခွဲ(ခခ) အရဆောင်ရွက်ရန်လိုအပ်သည့် ရေးသားဖော်ပြချက်တွင် ထည့်သွင်းဖော်ပြရန်လိုအပ်သော ကုမ္ပဏီတွင် ပါဝင်သူများ၏စာရင်း၌ သတ်မှတ်ထားသော ပုဂ္ဂိုလ်တစ်ဦးဦးသို့ အစုရှယ်ယာများအား ထုတ်ဝေမည်ဆိုလျှင် အောက်ပါကိစ္စရပ်များကို မှတ်ယူရမည် -

(ကက) အစုရှယ်ယာများအား အဆိုပါပုဂ္ဂိုလ်သို့ထုတ်ပေးထားကြောင်း၊

(ခခ) ထိုပုဂ္ဂိုလ်ကကုမ္ပဏီတွင် ပါဝင်သူအဖြစ် ဆောင်ရွက်ရန် သဘောတူကြောင်းနှင့်

(ဂဂ) ထိုပုဂ္ဂိုလ်သည် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဖြစ်ကြောင်း။

### အပိုင်း (၃)

### ကုမ္ပဏီ၏ မတည်ငွေရင်းနှင့်စပ်လျဉ်းသည့်အစုရှယ်ယာများ၊ ယင်းနှင့်သက်ဆိုင်သည့်အကြောင်းအရာများ

## အခန်း (၁၁) အစုရှယ်ယာများနှင့် အခြားသောငွေချေးသက်သေခံလက်မှတ်များ

**အစုရှယ်ယာမတည်ငွေရင်း**

၆၀။ **အစုရှယ်ယာများနှင့်အခြားသောငွေချေးသက်သေခံလက်မှတ်များအကြောင်း**

(က) ကုမ္ပဏီတစ်ခုတွင်ပါဝင်သူတစ်ဦးဦး၏ အစုရှယ်ယာများသို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များသည် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို လိုက်နာလျက် ဤဥပဒေအရသော်လည်းကောင်း၊ အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရသော် လည်းကောင်း ပြဋ္ဌာန်းထားသည့် သို့မဟုတ် ခွင့်ပြုထားသည့် နည်းလမ်းများနှင့်အညီ လွှဲပြောင်းနိုင်ခွင့်ရှိသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ ဖြစ်စေရမည်။

(ခ) အစုရှယ်ယာတစ်ခုတွင် အမည်ခံတန်ဖိုး သို့မဟုတ် မူရင်းတန်ဖိုး တစ်ရပ်ပါရှိရန်မလို။

၆၁။ **အစုရှယ်ယာများနှင့်ဆက်စပ်ပါရှိသော အခွင့်အရေးများနှင့် လုပ်ပိုင်ခွင့်များ**

(က) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)နှင့်အညီ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာတစ်ခုသည် အဆိုပါ အစုရှယ်ယာအား ပိုင်ဆိုင်သူသို့ အောက်ပါ အခွင့်အရေးများကို ရရှိစေရမည် -

(၁) ကုမ္ပဏီ၏အစည်းအဝေးတစ်ခုတွင် ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဆန္ဒမဲကောက်ယူရာ၌ ဆန္ဒမဲတစ်မဲပေးနိုင်ခွင့်၊

(၂) အမြတ်ဝေစုခွဲဝေရာတွင် တူညီသည့်အချိုးအတိုင်း ရရှိခွင့်နှင့်

(၃) ကုမ္ပဏီ၏ ပိုင်ဆိုင်သည့်ပစ္စည်းများအား ခွဲဝေပေးရာတွင် တူညီသည့်အချိုးအတိုင်းရရှိခွင့်။

(ခ) ဤပုဒ်မ၏ပုဒ်မခွဲ (က) တွင် ဖော်ပြထားသောအခွင့်အရေးများကို ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ၏ စည်းမျဉ်းတွင်ဖြစ်စေ၊ အစုရှယ်ယာများထုတ်ဝေခြင်းအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များတွင်ဖြစ်စေ ငြင်းပယ်ခြင်း၊ ပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းများပြုလုပ်နိုင်သည်။

၆၂။ **ကုမ္ပဏီတစ်ခု၏အစုရှယ်ယာများနှင့်အခြားသောငွေချေးသက်သေခံလက်မှတ်များအမျိုးအစားများ**

(က) အစုရှယ်ယာများနှင့် အခြားသော ငွေချေးသက်သေခံလက်မှတ်များအား ထုတ်ဝေရန်နှင့် အဆိုပါ အစုရှယ်ယာများနှင့် အခြားသော ငွေချေးသက်သေခံလက်မှတ်များနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များအား သတ်မှတ်ရန်အတွက် ကုမ္ပဏီတစ်ခု၏အခွင့်အာဏာများတွင် ဤဥပဒေအရဖြစ်စေ၊ အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရဖြစ်စေ၊ အစုရှယ်ယာထုတ်ဝေသည့်စည်းကမ်းချက်များအရဖြစ်စေ အောက်ပါအစုရှယ်ယာများကို ထုတ်ဝေနိုင်သည့် အခွင့်အာဏာများလည်း ပါဝင်သည် -

(၁) အစုရှယ်ယာအမျိုးအစားအမျိုးမျိုး၊

(၂) ပြန်လည်ရွေးနုတ်ရယူနိုင်သောအစုရှယ်ယာများ၊

(၃) မတည်ငွေရင်းခွဲဝေခြင်း သို့မဟုတ် ဝင်ငွေပေးဝေခြင်းနှင့် သက်ဆိုင်သော ဦးစားပေး သို့မဟုတ် ကန့်သတ်ထားသည့် အခွင့်အရေးများပါရှိသောအစုရှယ်ယာများ၊

(၄) အထူးမဲပေးနိုင်သည့် သို့မဟုတ် ကန့်သတ်ချက်သို့မဟုတ် စည်းကမ်းချက်ထားရှိသော မဲပေးနိုင်သည့် အခွင့်အရေးများ ပါရှိသည့်အစုရှယ်ယာများနှင့်

(၅) မဲပေးနိုင်သည့်အခွင့်အရေးမပါရှိသော အစုရှယ်ယာများ။

ဆက်လက်ဖော်ပြပါမည်။

Condo ငှားမည်
(မင်္ဂလာတောင်ညွန့်)
အိပ်ခန်း(၃)ခန်း၊ ကျွန်းပါကေး
1650 စတုရန်းပေ(ပြင်ဆင်ပြီး)
Ph:09-254004938
09-263461426

DADDY (ဖယ်ရီ)
မန္တလေး-ပြင်ဦးလွင်-ကျောက်မဲ-ဘုရား
၂၃အိပ်/၃ရက် စရိတ်ငြိမ်း
Jan-13,20,27
Ph: 09 448001903

## ချင်းတွင်းအသင်း (ရန်ကုန်)

(၇၁) နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး

နေ့ရက် - ၂၉-၁-၂၀၁၇ (တနင်္ဂနွေနေ့)
အချိန် - နံနက် (၈း၃၀) နာရီမှ (၁၂း၀၀) နာရီထိ
နေရာ - အနုတ္တရောပုရိသဓမ္မသာရထိ မွေ့ာရုံ (ချင်းတွင်းအသင်းမွေ့ာရုံ) ရွှေဘုံ(ပြင်)သေတီတော်ဝင်း၊ မရမ်းကုန်းမြို့နယ်။
စည့်ခံကျွေးမွေး - ပဲထောပတ်ထမင်း
လက်ဆောင် - (က) ချင်းတွင်းအသင်းပြက္ခဒိန်၊ (ခ) အသင်းဝင်အင်အားစာရင်း စာအုပ်၊ (ဂ) ရန်ကုန်တာယာပြက္ခဒိန်၊ (ဃ) မုံရွာစတီးလ်ဘုတ်ဆုံ ၏ လက်ဆောင် (င) ကံစမ်းမဲပစ္စည်းများ။
သတင်းပို့ရန် - (က) ၈၀-နှစ်အထက် သက်ကြီးအသင်းဝင်များ၊ (ခ) ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူး ၂ ဘာသာနှင့်အထက် ရရှိသူများ၊ (ဂ) နိုင်ငံတော်မှပေးအပ်သော ထူးချွန်ဆု၊ ဘွဲ့ထူး ဂုဏ်ထူးရရှိသူ အသင်းဝင်များသည် (၂၁-၁-၂၀၁၇) ရက်နေ့ နောက်ဆုံးထား၍ သတင်းပို့ပါရန်။
ဖိတ်ကြားခြင်း - အသင်းဝင်များ၊ ချင်းတွင်းနယ်သားများ ကြွရောက်ချီးမြှင့်ပါရန်။
ဆက်သွယ်ရန် - ဦးဇော်ဝိတ် (၀၉ ၅၁၄၃၄၃၇)၊
ဦးသိန်းလွင် (၀၉ ၅၀၀၂၃၆၃)
ဦးဇော်လင်းဦး (၀၉ ၅၁၆၅၇၈၅)

အလုပ်အမှုဆောင်အဖွဲ့

## ညောင်တုန်းမြို့နယ်အသင်း (ရန်ကုန်)

(၇၈) နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲဖိတ်ကြားလွှာ

**နေ့ရက်** ၂၂ - ၁ - ၂၀၁၇ (တနင်္ဂနွေနေ့)
**အချိန်** နံနက် (၇) နာရီမှ (၁၁) နာရီအထိ၊ (၉)နာရီတွင် သက်ကြီးပူဇော်ပါမည်။
**နေရာ** ကျောင်းတော်ရာရွှေကျင်တိုက်၊ ရွှေကျင်နိကာယ၊ သာသနာ့လင်္ကာရမဟာဓမ္မ ဗိမာန်တော်ကြီး (မြေညီထပ်)ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ကြားတောရလမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
**ဖိတ်ကြားခြင်း**- နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးပွဲသို့ အသင်းဝင်များ၊ ငယ်ပေါင်းကြီးဖော်များ၊ ညောင်တုန်းနွယ်ဖွားများ အတူတကွ တွေ့ဆုံကြလျက် သက်ကြီးပုဂ္ဂိုလ်များအား ပူဇော်ခြင်းနှင့် ထူးချွန်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားသို့ ကြွရောက်ပါရန်လေးစားစွာ ဖိတ်ကြားပါသည်။
**ဆက်သွယ်ရန်**-ဦးဖိုးဝင်း(ဥက္ကဋ္ဌ) ဖုန်း-၀၉-၇၃၀၃၇၄၉၆၊ ဦးအေးကျော်(ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၉ ၅၁၁၄၁၂၅၊ ဦးစံမြင့်(အတွင်းရေးမှူး) ဖုန်း-၀၉-၇၈၂၈၆၈၆၁၂ ဒေါ်မြမြနှင်း (ဘဏ္ဍာရေးမှူး) ၀၉-၅၄၀၉၁၅၄

**အမှုဆောင်အဖွဲ့**

## ကမ္ဘာ့ဌာနာစရိယသံဃာတော်များဦးဆောင်သော လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ်(သန်လျင်) "ဖိတ်ကြားလွှာ"

အဖွဲ့ချုပ်ကြီး၏နှစ်ပတ်လည်မျက်နှာစုံညီ အစည်းအဝေးနှင့် ဦးဆောင်ဆရာတော်များအဖွဲ့ "ဥက္ကဋ္ဌဆရာတော်"ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကမ္ဘာ့ဌာနာစရိယ ဆရာတော်များ၊ လက်ထောက်ဆရာတော်များ၊ ကမ္မဋ္ဌာန်းနည်းပြဆရာ၊ ဆရာမများနှင့် အမှုဆောင်လူကြီးမင်းများအားလုံး စည်းစည်းလုံးလုံးဖြင့် မပျက်မကွက် တက်ရောက်တော်မူကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

၁။ နေ့ရက် - ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ရက်၊ (တနင်္ဂနွေနေ့) (ပြည်ထောင်စုနေ့)
၂။ အချိန် - နံနက် ၈း၃၀နာရီ (ရပ်ဝေးဧည့်သည်တော်များ ဖုန်းကြိုတင်ဆက်ပါက အဖွဲ့ချုပ်တွင် တည်းခိုနိုင်ရန် စီစဉ်ပေးပါမည်။)
၃။ ကျင်းပမည့်နေရာ- ဝိမုတ္တိရသ သန္တိသုခမ္မောရုံ(သန်လျင်အဖွဲ့ချုပ်)

အမှုဆောင်အဖွဲ့




## လိုအပ်ပါကအမြန်ဆက်သွယ်ပါ

Shampoo Repacking ထုတ်လုပ်သောစက်နှင့် (207 kg) ပါသော Shampoo (Drum) များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချလိုပါသဖြင့် စိတ်ဝင်စားပါက အောက်ပါဖုန်းနံပါတ်များအား ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။
Ph. 09454373317 , 09421034862

## ရွှေကိန္နရီ (MOVING HOUSING SERVICE)

အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ ဆိုင်ခန်း၊ ရုံးခန်း၊ ဂိုဒေါင်၊ စက်ကိရိယာ၊ ဌာနဆိုင်ရာရုံးခန်းများ ပြောင်းရွှေ့လိုပါက 10', 14', 15', 16', 17', 24', 10 ဘီး၊ 12 ဘီးကားများနှင့် အလုပ်သမားများ တပါတည်း ပြောင်းရွှေ့ပေးနေသည်။
(မြို့တွင်း / နယ်ဝေး)
Ph: 09 2532 77776, 09 2532 66667
09 2532 66668, 09 2532 66669

## N-WINNER Co.,Ltd

အိမ်၊ ခြံ၊ မြေ အကျိုးဆောင် နှင့် ဥပဒေအကြံပေးလုပ်ငန်း
### ဝန်ထမ်းအလိုရှိသည်
အသက်(၃၀)နှစ်အောက် ကျား/ မ၊ အိမ်၊ ခြံ၊မြေ လုပ်ငန်းကျွမ်းကျင်ပြီး ရန်ကုန်မြို့တွင်းကျွမ်းကျင်စွာသွားလာနိုင်ရမည်။
Ph:09450073838,09783233356-57,09254418033

## စက်မှုဇုံစက်ရုံ အမြန်ရောင်းမည်

ဈေးနှုန်းချိုသာစွာဖြင့် ဦးရာလူရောင်းမည်
တောင်ဒဂုံစက်မှုဇုံ (၂)၊ ၆၃ ရပ်ကွက်၊ စက်မှုပတ်လမ်းပေါ်၊ မြေအကျယ် ပေ (၈၀ × ၇၀)၊ စက်ရုံ အကျယ် RC (၄၀ × ၆၀)၊ သုံးထပ်ခွဲ၊ ရေမီးစုံ၊ ဖုန်းပါ၊ ပါဝါမီတာ ၄၁ ကောင် (၂) လုံး၊ လုပ်ငန်းစုံလုပ်ရ၊ တည်းခိုခန်းဖွင့်ရန်၊ ဘဏ်ဖွင့်ရန်နေရာကောင်း၊ ရောင်းဈေး (သိန်း ၇၀၀၀)၊ ညှိနိုင်းဈေးဖြင့်ရောင်းမည်။
Ph : 09 785503598, 09 250021585.

## FINE COLOR CO.,LTD

### ဝန်ထမ်းအလိုရှိသည်

သစ်ထည်(ပေါလစ်)သုတ်ဆေး ရောင်းဝယ်ရေးကုမ္ပဏီမှ အောက်ပါဝန်ထမ်းများ အလိုရှိသည်။

| | | | |
|---|---|---|---|
| ၁။ | Marketing Manager | အမျိုးသား | (၁) ဦး |
| ၂။ | Administrative Manager | အမျိုးသား | (၁) ဦး |
| ၃။ | Marketing Assistant | အမျိုးသား/အမျိုးသမီး | (၁၀)ဦး |

အမှတ်စဉ်(၁/၂)ဘွဲ့ရ ဆက်ဆံရေးပြေပြစ်၍ လုပ်ငန်းအတွေ့အကြုံရှိရမည်။ လုပ်ငန်းအပေါ် စွမ်းဆောင်နိုင်မှုရှိရမည်၊ အသက်၃၀မှ ၅၀ကြား၊ လူမှုဆက်ဆံရေးနှင့်အကျင့်စာရိတ္တအထူးကောင်းမွန်ရမည်။
အမှတ်စဉ်(၃)ဘွဲ့ရ (သို့မဟုတ်) အခြေခံပညာ အထက်တန်းအောင်သူဖြစ်ရမည်။ အသက်(၁၈)နှစ်မှ (၂၈)နှစ်အတွင်း အရောင်းအဝယ်နှင့်ပတ်သက်၍ ပြုံးရွှင်ချိုသာစွာဆက်ဆံတတ်ရမည်။
လျှောက်ထားလိုသူများသည် လိုအပ်သောစာရွက်စာတမ်းနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားရမည်။
လျှောက်လွှာတင်ရန်။ ။ဇာမဏီကွန်ပေါင်းခြံ-ဓာတ်မြေဩဇာ-အမှတ်(A/89) နောင်ရိုးလမ်း၊ ဘုရင့်နောင်ဈေးပွဲရုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၉၇၉၈၁၉၉၅၃၊ ၀၉-၄၅၂၃၅၇၈၉၊ ၀၉-၇၉၁၆၃၁၃၅၈

# သီတာ

## အာမခံစိန်ရွှေရတနာဆိုင်

## ဒုတိယ အကြိမ်မြောက် ကံစမ်းမဲ အထူးအစီအစဉ် ကံထူးရှင်များ




### ရွှေနားကပ် ကံထူးရှင်များ

| | | | |
|---|---|---|---|
| ၉- မငယ်ငယ်ထွေး | 003138 | ၀၉-၇၇၆၉၉၄၀၁၅ | တိုက်-၈ ၊ G-5 ၊ မဟာမြိုင်အိမ်ရာ ၊ မြောက်ဒဂုံမြို့နယ်။ |
| ၁၀- မဇာဇာလှိုင် | 012570 | ၀၉-၂၅၄၄၆၉၇၂၄ | နှင်းဆီကုန်းအိမ်ရာ (က/ရက) |
| ၁၁- မအငယ်လေး | 054496 | ၀၉-၄၄၈၀၂၃၀၃၈ | ညောင်ပိုင်း၊ တွံတေးမြို့နယ်။ |
| ၁၂- မဝတ်မှုံ | 040532 | ၀၉-၃၁၉၄၂၂၉၃ | အမှတ်(၅၆) ၊ မင်းဒင်လမ်း ၊ သုဝဏ္ဏမြို့နယ်။ |
| ၁၃- မအိအိသန်း | 017657 | ၀၉-၄၂၁၁၅၃၄၈၀ | အမှတ်(၉၈၂) ၊ ပိတောက်မြိုင်လမ်းသွယ်(၂)၊ တောင်ဒဂုံ။ |
| ၁၄- ကိုကျော်မြင့်လှိုင် | 018830 | ၀၉-၇၆၈၇၈၀၉၇၆ | ရခိုင်ပြည်နယ်။ |
| ၁၅- ကိုမျိုးမင်းအောင် | 043668 | ၀၉-၂၅၄၄၇၆၀၄၇ | ၅၈၃ ၊သာယာဝတီလမ်း ၊ တောင်ဒဂုံဆိပ်ကမ်းမြို့နယ်။ |
| ၁၆- မစန္ဒာအောင် | 042742 | ၀၉-၅၁၉၄၈၉၂ | အမှတ်(၂၅၇၄) ၊ ဗညားဒလလမ်း ၊ တောင်ဒဂုံမြို့နယ်။ |
| ၁၇- ဒေါ်ပန်စီ | 015069 | ၀၉-၄၃၁၈၉၆၅ | ရွှေတောင်ကြားရိပ်သာလမ်း |
| ၁၈- မသီတာ | 035093 | ၀၉-၉၇၄၉၇၇၈၀ | ၁၆/၁ ၊ ဇဒိသာ(၄)လမ်း ၊ သဃ်န်းကျွန်းမြို့နယ်။ |
| ၁၉- မအေးအေးန | 030478 | ၀၉-၄၂၀၁၃၂၅၁၈ | အမှတ်(၈၃၅)ပုဂံလမ်း ၊ ၅၆ ရပ်ကွက် ၊ တောင်ဒဂုံမြို့နယ်။ |
| ၂၀-ဒေါ်အေးအေးမာ | 044276 | ၀၉-၇၃၁၈၈၉၆၀ | ၆၄၊ ဘိုကလေးဈေး ၊ ၄၂လမ်း ၊ ဗိုလ်တထောင်မြို့နယ်။ |
| ၂၁- မစုလှိုင် | 022690 | ၀၉-၄၂၀၂၇၉၅၅၆ | ၂၀၅ ၊ မြဝတီလမ်း ၊ ၅ရပ်ကွက် ၊ သဃ်န်းကျွန်းမြို့နယ်။ |
| ၂၂- မဇင်မာအေး | 022603 | ၀၉-၂၅၀၂၈၄၂၇၄ | အမှတ်(၇၆၀၄) ၊ GHအုပ်စု ၊ ၁၄ မလွှကုန်း။ |
| ၂၃- မဆန်းမိုးရီ | 059463 | ၀၉-၄၀၁၆၂၀၈၂၇ | အမှတ်(၆၂၇) ၊ မေယဝတီလမ်း ၊ ၁၅၆ရပ်ကွက် ၊ ဒဂုံအရှေ့။ |
| ၂၄- မောင်စိန်လင်း | 010296 | ၀၉-၃၀၂၂၉၂၁၃ | အမှတ်(၉) စံပါယ်လမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်။ |
| ၂၅- မကလျာဏီ | 046972 | ၀၉-၄၂၀၀၂၇၆၀၅ | အာသာဝတီ၂လမ်း ၊ ၂ ရပ်ကွက် ၊ မြောက်ဥက္ကလာပမြို့နယ်။ |
| ၂၆- မဇင်မာစိုး | 038813 | ၀၉-၄၂၀၀၂၄၀၆၅ | (၁၂၁၉) ၊ နှင်းဆီလမ်း ၊ ၁၉ရပ်ကွက် ၊ တောင်ဒဂုံမြို့နယ်။ |
| ၂၇- မအေးသန်း | 026940 | ၀၉-၄၄၈၀၀၈၂၇၁ | ခြံ-၃ ၊ ပြည်ထက်သာလမ်း၊ က ရပ်ကွက်၊ သဃ်န်းကျွန်း။ |
| ၂၈- မမာမာ | 057194 | ၀၉-၄၂၀၀၄၃၃၄၀ | အမှတ်(၈၀၂)၊ သိမ်းညို၂လမ်း၊၉ ရပ်ကွက်၊ အရှေ့ဒဂုံ။ |

**သီတာ** အာမခံစိန်ရွှေရတနာဆိုင်

### မေတ္တာရပ်ခံချက်

"ဒုတိယအကြိမ်မြောက်" ကံထူးရှင်ရွေးချယ်ပွဲသို့ ညှော်ပရိသတ်အများအပြား တစ်ခဲနက်တက်ရောက်အားပေးခဲ့သည်ဖြစ်၍ ထိုင်ခုံနေရာ အခက်အခဲ ဖြစ်သောကြောင့် ထိုင်ခုံနေရာမရရှိသော ညှော်သည်တော်များအား သီတာရွှေဆိုင်မှ အနူးအညွတ် တောင်းပန်အပ်ပါသည်။

အခမ်းအနားပွဲသို့ ညှော်ပရိသတ်အများအပြား တက်ရောက်ချီးမြှင့်ပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါသည်။

ဝယ်ယူအားပေးမှုကို အစဉ်အမြဲ ကျေးဇူးတင်လျက်
သီတာ ရွှေဆိုင်

**ပန်းထိမ်ဆရာ ဝန်ထမ်း အလိုရှိသည်**
- အသားထည် - ကျောက်ထည် - စိန်ထည်
- ဖယောင်းစိမ်း - မိုချော - ကျောက်တပ်

**ဝန်ထမ်း အလိုရှိသည်**
- အရောင်းစာရေး ၅ ဦး - ကွန်ပျူတာ ၅ ဦး - ငွေစာရင်းကိုင် ၅ ဦး
လုပ်ငန်းအတွေ့အကြုံရှိသူ များအား ဦးစားပေးမည်

ဆိုင်(၁) – အမှတ်(၁၀၃၅)၊ သုမင်္ဂလာလမ်းမကြီး၊ (၆)ရပ်ကွက်၊ အင်းဝမှတ်တိုင်အနီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း –၀၁–၂၃၃၂၄၆၄ ၊ ၀၉–၉၇၀၀၉၃၇၃၁

ဆိုင်(၂) – အမှတ်(၉၃၀)၊ (၁)လမ်း၊ ငုမိုးရိပ်ရပ်ကွက်၊ လေးထောင့်ကန်လမ်းမကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း –၀၁–၅၇၉၃၅၄ ၊ ၀၉–၉၇၀၀၉၃၇၃၂

ဆိုင်(၃) – အမှတ်(၃၃)၊ လေးထောင့်ကန်လမ်းမကြီး၊ (ဆ/က)ရပ်ကွက်၊ သဃ်န်းကျွန်းဈေးကြီးရှေ့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း –၀၁–၈၅၅၀၆၀၁ ၊ ၀၉–၉၇၀၀၉၃၇၃၃

# အထူးဝမ်းမြောက်ဂုဏ်ယူပူဇော်ခြင်း

၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၄ရက် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာန နာယကဆရာတော် **အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာသဒ္ဓမ္မဇောတိကဓဇ ကမ္မဋ္ဌာနာစရိယ၊ ဘဒ္ဒန္တဇာနေယျအား မဟာကမ္မဋ္ဌာနာစရိယဘွဲ့ တံဆိပ်တော်** ဆက်ကပ်လှူဒါန်းပူဇော်ခြင်းကို အထူးပင်လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူရပါကြောင်းနှင့် ဆရာတော်ကြီးအား ရိုသေလေးမြတ်စွာ ဂါရဝပြုဦးတင်ပါသည်ဘုရား-

## ပဓာနနာယကဆရာတော်နှင့်ဒါယကာ၊ ဒါယိကာမများ

၁။ မူလကသစ်ဝိုင်ကျောင်းတိုက်ဓမ္မရိပ်သာ၊ အဗျားကျေးရွာအုပ်စု၊ ဝေါမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၂။ ဓမ္မမေဒိနီပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်၊ အေးချမ်းသာယာတိုးချဲ့ရပ်ကွက်၊ ဝေါမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။

၃။ ဒက္ခိဏာရုံ ဓမ္မမေဒိနီပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်၊ ဝေါမြို့နယ်၊ ကျိုက်လှကျေးရွာ၊ ပဲခူးတိုင်းဒေသကြီး။

၄။ ဓမ္မမေဒိနီပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဇမ္ဗူအေးကျောင်းတိုက်(၄)နှင့် (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၅။ ရွှေမင်းဝန်တောရပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဇော်ဂျီလမ်း၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။


"ထိုးတက်သောစည် ပညာရေးအတွက် ထူးချွန်ထက်မြက်သူများ ဆုံစည်းရာ"

မြို့မဂုဏ်

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ

ပညာရေးဝန်ကြီးဌာနခွင့်ပြုချက်မှတ်ပုံတင်အမှတ် - ကက-၁၃/၂၂/၂၃၆



☆ အရည်အချင်းစစ်မှန်သည့် ပညာတတ်တစ်ယောက်ဖြစ်ရန် "မြို့မဂုဏ်" ကျောင်းတော်ဆီသို့ အရောက်လှမ်းခဲ့ပါ.....

☆ သူငယ်တန်းမှတက္ကသိုလ်ဝင်တန်းအထိ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ.....

အမှတ်(၂၉)၊ နီလာလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
PH: 09-781900186, 09-781900187



မြနန်းဘုံ ROYAL EMERALD

RIVER VIEW RESORT, RESTAURANT & BAR

ပုဂံမြို့တွင် ခန့်ထားရန်

- **Admin Team**
  - Hotel Manager (1 Post), HR (3 Posts), Accountant (3 Posts), Cashier (5 Posts), Security Guard(10 Posts)
- **Front Office Team**
  - FO Manager (1 Post), FO Supervisor(1 Posts), Receptionist (3 Post), Bell Boy (5 Posts)
- **Housekeeping Team**
  - Housekeeping Supervisor (1 Post), Room Attendants(2 Posts), Linen Keeper (2 Posts), Laundary Maids(3 Posts)
- **Food & Beverage**
  - F & B Manager (1 Post), F & B Supervisor(1 Post), Bar Men (10 Posts), Waiter (20 Posts)

** လုပ်သက်အနည်းဆုံး(၂)နှစ်၊ Recommendation Letter နှင့်တကွလျှောက်ထားရန် **

➤ ကျောက်ကူးမြစ်ရေတင်စခန်းလမ်း၊ ကျောက်ဂူဥမင်ဘုရားအနီး၊ ညောင်ဦးမြို့

YGN OFFICE : No.(131), Yeikthar 3rd st, Waizayantar Garden, Thingungyun Tsp.,
09 977921911, 09 977921912 Email : emeraldmyanmarjob@gmail.com



STI MYANMAR UNIVERSITY

University of Bedfordshire

MBA (General)
(Hospital & Health Services Management)

Entry Requirements
- A recognized degree or Diploma with at least (3) years managerial working experience
- Part-time class (2) years program
- IELTS 6.0 or Equivalent

January Intake!

Education Loan Program ရှိပြီး၊ သင်တန်းကာလမှာ (၂)နှစ်ကြာမြင့်ပါမည်။

Scholarship Available



Block-10, MICT Park
လှိုင်တက္ကသိုလ်၊ ရန်ကုန်။
Ph: 507151/52, 09 250064451
www.stiedu.net
https://www.facebook.com/STIMyanmarUni



ACE® PE WATER TANK

KOREA HI-TECH



* ရေညှိတက်ခြင်းနှင့် ဘက်တီးရီးယား ပိုးမွှားအန္တရာယ် လျော့နည်းအောင် စီမံထားပါသည်။ Silver Nano treated BACTECIDE®
* သောက်သုံးရေနှင့် အစားအသောက်ပစ္စည်းများ သိုလှောင်ရန် ၁၀၀% အထူးသင့်လျော်ပါသည်။ (အမေရိကန် FDA လက်မှတ်ရ ကိုရီးယား ကုန်ကြမ်း)
* နှစ်(၃၀)အာမခံပါသည်။
* Chemical Tank အဖြစ်အသုံးပြုလိုပါက သီးခြားမှာယူနိုင်ပါသည်။

နည်းပညာအသစ်ကြောင့် ကျန်းမာရေးနှင့် ညီညွတ်သည် ခိုင်ခံ့သည်



anti-bacteria မပြုလုပ်မီပုံ → anti-bacteria BACTECIDE® ပြုလုပ်ပြီးပုံ



HORIZONTAL TYPE (အလျားလိုက်)
70, 110, 170, 220, 250 GAL
VERTICAL TYPE (ဒေါင်လိုက်)
70, 110, 170, 220, 250, 400, 500, 600, 800, 1000, 1500, 2000 GAL

ရန်ကုန်မြို့တွင်း အရောက်ပို့ပေးပါသည်။

Ph: 01 684743, 09 73094221, 09 450048469

အမြို့မြို့အနယ်နယ်ရှိ ကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။


ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)
## ကြော်ငြာစာအမှတ် - ၁/၂၀၁၇
## ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့် ၁၅ ရက်
## ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရှိ အောက်ဖော်ပြပါ ပညာဌာနများနှင့် ရုံးဌာနများအတွက် နည်းပြနှင့်အဆင့်တူရာထူး (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)၊ (၁၉)နေရာ လစ်လပ်လျက်ရှိပါသဖြင့် အောက်ပါပညာအရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ဌာန | ရာထူး | ဦးရေ | သတ်မှတ်ပညာအရည်အချင်း |
|---|---|---|---|---|
| ၁ | စီမံခန့်ခွဲမှုပညာဌာန | နည်းပြ | ၂ | M.Sc(Phys)/M.Sc(Chem)/M.Sc(Maths)/ M.Dev.S/M.B.A/M.P.A/M.Com |
| ၂ | စီးပွားရေးပညာဌာန | နည်းပြ | ၁ | M.B.A/M.P.A/M.Econ (Stat)/ M.Econ(Eco)/M.P.P/M.Dev.S |
| ၃ | နိုင်ငံရေးသိပ္ပံပညာဌာန | နည်းပြ | ၁ | M.A(IR)/M.A(Hist)/M.A(Geog)/ M.A(Philosophy)/B.A(Philosophy)/ B.A(Hist)/B.A(Geog)/B.A(IR) |
| ၄ | လူမှုရေးသိပ္ပံပညာဌာန | နည်းပြ | ၃ | M.A(Psycho)/M.A(IR)/ M.A(Myanmar)/M.A(Philosophy) |
| ၅ | ဥပဒေပညာဌာန | နည်းပြ | ၁ | LL.M |
| ၆ | အင်္ဂလိပ်ဘာသာပညာဌာန | နည်းပြ | ၂ | M.A(Eng) |
| ၇ | သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဌာန | နည်းပြ | ၄ | M.C.Sc/M.I.Sc/B.E(IT)/M.E(IT)/ B.E(Computer Engineering & Information Technology)/ B.E(Computer Engineering) |
| ၈ | တက္ကသိုလ်စာကြည့်တိုက် | စာကြည့်တိုက် လက်ထောက်-၂ | ၁ | ဝိဇ္ဇာဘွဲ့(စာကြည့်တိုက်နှင့် သုတပညာ) |
| ၉ | စီမံ/ဝန်ထမ်းရေးရာဌာနစု | ကွန်ပျူတာ လုပ်ဆောင်ရေးမှူး | ၁ | ကွန်ပျူတာဆိုင်ရာဘွဲ့ B.C.S.C/M.C.S.C/Diploma of Computer Science |
| ၁၀ | သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ နှင့် သင်ကြား/သင်ယူမှုဌာန | ကွန်ပျူတာ လုပ်ဆောင်ရေးမှူး | ၁ | ကွန်ပျူတာဆိုင်ရာဘွဲ့ B.C.S.C/M.C.S.C/Diploma of Computer Science |
| ၁၁ | သုတေသနနှင့် ဖွံ့ဖြိုးမှုဌာန | သုတေသန လက်ထောက်-၂ | ၁ | မဟာဘွဲ့တစ်ခုခု |
| ၁၂ | နိုင်ငံတကာဆက်ဆံရေးဌာန | စက်မှုကျွမ်းကျင်-၂ | ၁ | A.G.T.I(EP) (EC)/A.G.T.I(MP)(MT) |
| | ပေါင်း | | ၁၉ | |

၂။ လျှောက်ထားသူသည်-
(က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။
(ခ) သတ်မှတ်ပညာအရည်အချင်းအလိုက် အနည်းဆုံး မဟာဘွဲ့ရရှိသူဖြစ်ရမည်။
(ဂ) ကွန်ပျူတာ အခြေခံတတ်မြောက်ကျွမ်းကျင်သူဖြစ်ရမည်။
(ဃ) ၁-၁-၂၀၁၇ ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ ပါရဂူဘွဲ့ရရှိသူဖြစ်ပါက (၄၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(င) ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသော မြို့နယ်/ခရိုင်အဆင့်ရှိ ဆေးရုံတစ်ခုခုမှ ကျန်းမာကြောင်း ထောက်ခံချက် မူရင်းပါရှိရမည်။
(စ) ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
(က) နှစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၂)ပုံ
(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ(မူရင်းတင်ပြနိုင်ရမည်။)
(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း
(စ) သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
(ဆ) စာမေးပွဲဝင်ကြေးငွေ ပေးသွင်းပြီးပြေစာမူရင်း

၄။ လျှောက်လွှာများကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ၁၆-၁-၂၀၁၇ ရက်မှစတင်၍ ဝယ်ယူလျှောက်ထားနိုင်ပြီး ၃၁-၁-၂၀၁၇ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာတစ်စောင်ကို ဤတက္ကသိုလ်သို့ သတ်မှတ်ရက်အတွင်း ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး ကျန်လျှောက်လွှာတစ်စောင်ကို မိမိတို့ တာဝန်ထမ်းဆောင်နေသည့် ဝန်ကြီးဌာနအဖွဲ့အစည်းမှတစ်ဆင့် ဤတက္ကသိုလ်သို့ ကြိုတင်ပေးပို့ရန်ဖြစ်သည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲအား ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ၁၀-၂-၂၀၁၇ ရက်တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတ၊ ၁၁-၂-၂၀၁၇ ရက်တွင် အင်္ဂလိပ်စာတို့ကို ဖြေဆိုရမည်။ (ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။)

၆။ စာမေးပွဲဝင်ကြေး ၅၀၀၀/-အား မြန်မာ့စီးပွားရေးဘဏ်(ပြင်ဦးလွင်မြို့နယ်)ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ငွေစာရင်းအမှတ်-MD-၀၁၀၆၅၇သို့ ၃၁-၁-၂၀၁၇ ရက် နောက်ဆုံးထား၍ ပေးသွင်းရမည်။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါက ရာထူးတစ်မျိုးစီအတွက် စာမေးပွဲဝင်ကြေးငွေ-၅၀၀၀/-စီကို သီးခြားပေးသွင်းပြီး ရာထူးအလိုက် လျှောက်လွှာတစ်စောင်စီ သီးခြားတင်သွင်းရမည်။

၇။ ဖြေဆိုခွင့် ကတ်ပြားများအား ၆-၂-၂၀၁၇ရက်မှ ၈-၂-၂၀၁၇ ရက်အထိ ရုံးချိန်အတွင်း၌ ထုတ်ပေးမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)သို့ လူကိုယ်တိုင် သို့မဟုတ် တယ်လီဖုန်းအမှတ်-၀၂-၅၀၀၀၅၊ ၀၂-၅၀၂၃၆၊ ၀၂-၅၀၂၇၃ နှင့် ၀၂-၅၀၂၇၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)**

## Open Tender ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ပန်းဆိုးတန်းနှင့် ကမ်းနားလမ်းထောင့် ဆိပ်ကမ်းရုံးချုပ်အဆောက်အအုံ၏ အမိုးနှင့်နံရံများ၌ မိုးယိုစိမ့်မှုမရှိစေရန် အဆင့်မြင့်နည်းပညာသုံး၍ ပြုပြင်ခြင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဆောင်ရွက်မည့်လုပ်ငန်း
ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၀)၊ ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရုံးချုပ်၌ မိုးယိုစိမ့်မှုမရှိစေရေးအတွက် အမိုးဧရိယာ ၂၉၇၉၁.၅ စ/ပေနှင့် နံရံ ဧရိယာ ၂၃၄၅၀ စ/ပေ တို့အား အဆင့်မြင့်နည်းပညာသုံး၍ ပြုပြင်ပေးခြင်းလုပ်ငန်း

၃။ တင်ဒါပုံစံရောင်းချမည့်ရက်၊ အချိန် - ၁၈-၁-၂၀၁၇ ရက်မှ ၂၀-၁-၂၀၁၇ ရက်အထိ (ရုံးချိန်အတွင်း)

၄။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၇-၁-၂၀၁၇ ရက် (သောကြာနေ့)၊ ၁၃:၀၀ နာရီ

၅။ တင်ဒါပုံစံရောင်းချမည့်နေရာ - အမှတ်(၁၀)၊ ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြို့ပြအင်ဂျင်နီယာဌာန

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉ ၅၁၈၃၀၈၅ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဆောက်လုပ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပင်စင်ဦးစီးဌာန
## ရုံးသုံးစက်ကိရိယာနှင့်ပရိဘောဂပစ္စည်းများဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနအတွက်(က)Air-Conditioner (2 HP STAND) (၁၃)လုံး၊ (ခ)Brother Fax Machine ၃လုံး၊ (ဂ)Canon Digital Copier ၁လုံးနှင့် (ဃ)ပရိဘောဂ(၇ မျိုး) ၇၅လုံးအစရှိသည့် ရုံးသုံးပစ္စည်းများကိုဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်းဆောင်ရွက်ပါမည်-
ရောင်းချမည့်ရက် - ၁၆-၁-၂၀၁၇ ရက်၊ နံနက် ၁၀ နာရီ
ပိတ်မည့်ရက် - ၂၇-၁-၂၀၁၇ ရက်၊ ညနေ ၁၅:၀၀ နာရီ
တင်ဒါဖွင့်မည့်ရက် - ၆-၂-၂၀၁၇ ရက်၊ နံနက် ၁၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ပင်စင်ဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၄)၊ နေပြည်တော်တွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းအမှတ်-၀၆၇-၄၁၀၄၁၇ ဖြစ်စေ စုံစမ်းထုတ်ယူနိုင်ပါသည်။ **တင်ဒါခေါ်ယူရေးကော်မတီ**
**ပင်စင်ဦးစီးဌာန**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာန
## ၀၆/၂၀၁၆–၂၀၁၇ ကြိမ်မြောက် အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာနမှ ကျွန်းခွဲသား (တတိယတန်းနှင့်အထက်)အရွယ်အစားစုံ (၂၃၆.၀၆၃၅)တန်အား အမေရိကန်ဒေါ်လာ(US$)ဖြင့် အိတ်ဖွင့်လေလံကို အောက်ဖော်ပြပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-
(က) ရောင်းချမည့်ရက်နှင့်အချိန် - ၂၄-၁-၂၀၁၇ရက်၊ နံနက် ၁၀:၀၀ နာရီ
(ခ) ရောင်းချမည့်နေရာ - သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်) ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား မြန်မာ့သစ်လုပ်ငန်း၏ website ဖြစ်သော www.myanmatimber.com.mm တွင်ဝင်ရောက်ကြည့်ရှု၍သော်လည်းကောင်း၊ ဖုန်းနံပါတ်- ၀၁-၃၇၂၄၄၉၊ ၀၁-၃၇၂၄၄၇၊ ၀၁-၃၇၂၄၄၅၊ ၀၁-၃၇၇၈၈၅ များတွင်လည်းကောင်း၊ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## အဆိုပြုတင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်းနှင့်မော်တင်လမ်းကြားရှိ လမ်းသစ်အိမ်ရာစခန်းတိုက်(၁၁)လုံး၊ မြေဧရိယာ(၄.၇၁၇)ဧကခန့်တွင် အထပ်မြင့်စီးပွားရေးအဆောက်အအုံများပါဝင်သောပြန်လည်အဆင့်မြှင့်တင်ရေးအိမ်ရာ စီမံကိန်းတည်ဆောက်ခြင်းလုပ်ငန်းအား အဆောက်အအုံပုံစံရေးဆွဲမှုနှင့် ဆောက်လုပ်မှုယှဉ်ပြိုင်သည့် စနစ်ဖြင့် ပွင့်လင်းမြင်သာစွာပြုလုပ်မည်ဖြစ်ပါ၍ တင်ဒါအဆိုပြုလွှာများတင်သွင်းပါရန် အောက်ပါအတိုင်း ဖိတ်ခေါ်အပ်ပါသည်။

(၁) တင်ဒါပုံစံနှင့်စည်းကမ်းချက်များ ထုတ်ယူနိုင်သည့်နေ့ရက် - ၁၆-၁-၂၀၁၇ ရက်(တနင်္လာနေ့)မှ- ၂၇-၁-၂၀၁၇ရက်(သောကြာနေ့)ထိ
(၂) တင်ဒါတင်သွင်းရမည့်နေ့ရက် - ၂၇-၂-၂၀၁၇ ရက်(တနင်္လာနေ့)
(၃) တင်ဒါအဆိုပြုလွှာရောင်းချမည့် နေရာနှင့်တင်သွင်းရမည့်နေရာ - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်
- အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အမှတ်(၂၂၈/၂၃၄) ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**တင်ဒါခေါ်ယူရေးဆပ်ကော်မတီ**
**ဖုန်းနံပါတ်-၀၆၇-၄၀၇၇၀၁၊ ၀၁-၂၄၅၆၈၆**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၁၆-၁-၂၀၁၇ ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၁၉-၁-၂၀၁၇ ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံကိန်းဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့
## ကတ္တရာအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ ကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့နယ်ခွဲစည်ပင်သာယာရေးကော်မတီများမှ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်အတွက် မြို့ပြလမ်းများဆောင်ရွက်ရန် ခန့်မှန်းကတ္တရာ (၇၀၀)တန်ကို ဝယ်ယူလိုပါသဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်-
(က) တင်ဒါလျှောက်လွှာရယူနိုင်မည့် နေ့ရက် - ၁၆-၁-၂၀၁၇(တနင်္လာနေ့)
အချိန်၊ - နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအထိ
နေရာ - ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီတောင်ကြီးမြို့
(ခ) တင်ဒါလျှောက်လွှာပိတ်မည့် နေ့ရက် - ၂၄-၁-၂၀၁၇(အင်္ဂါနေ့)
အချိန်၊ - နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအထိ
နေရာ - ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့
(ဂ) တင်ဒါလျှောက်လွှာတင်သွင်းရမည့် နေ့ရက် - ၂၅-၁-၂၀၁၇(ဗုဒ္ဓဟူးနေ့)
အချိန်၊ - နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအထိ
နေရာ - ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့

၂။ ကတ္တရာအိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် လျှောက်လွှာနှင့်အတူ တင်သွင်းမည့်ကတ္တရာအားထုတ်လုပ်သည့်နိုင်ငံအမည်၊ ကတ္တရာ(၁)တန်ဈေးနှုန်း၊ ကတ္တရာ(၁)တန်တွင်ပါဝင်သည့် ကတ္တရာပီပါအရေအတွက်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ တရားဝင်တင်သွင်းခွင့်ပြုပြီး သွင်းကုန်ပစ္စည်းခွန် (Custom Duty) ပေးဆောင်ပြီးကြောင်းထောက်ခံချက်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ကတ္တရာအရည်အသွေးထောက်ခံချက်တို့နှင့်အတူ အောက်ပါကတ္တရာအရည်အသွေးနှင့်အညီ လျှောက်ထားရပါမည်-

| | | |
|---|---|---|
| Specific Gravity @ 25/25degC | 1.01-1.04 | D-20 |
| Penetration@ 25deg C | 80-100 | D-5 |
| Softening Point deg C | 43-48 | D-36 |
| Ductility at 25 deg C(cm) | 100 Min; | D-113 |
| Loss on Heating(%) | 0.5Max; | D-6 |
| Droap in Penetration after Heating Point | 20Max; | D-5 |
| Flash Point deg C | 220Min; | D-92 |
| Solubility in Trichloroethane %wt | 99.5Min; | D-2042 |
| Organic Matter in Soluble in Trich wt | 0.2Max; | D-2042 |
| Wax Content PCT | 2.0Max; | DIN-52015 |

၃။ တင်သွင်းမည့်ကတ္တရာဈေးနှုန်း ပေးချေခြင်းနှင့်ပတ်သက်၍ ကတ္တရာ(၁)တန်၏ပင်မတန်ဖိုး(အထိုင်ဈေးပေါ်တွင်) ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးချေရမည့် (With Holding Tax)ကိုခုနှိမ်ပြီး ကျန်ငွေအား အရစ်ကျပေးချေမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များအားသိရှိလိုပါက ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့၊ ဖုန်းနံပါတ်(၀၈၁-၂၁၂၃၉၁၅)သို့ဖြစ်စေ၊ တင်ဒါတင်သွင်းသူကိုယ်တိုင် လာရောက်၍ဖြစ်စေ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ**

အလိုရှိသည်
အိမ်ပြောင်းအိမ်ရွှေ့လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန်
- Driver (၁) ဦး
လိုင်စင်အနီဖြစ်ရမည်။
ရန်ကုန်မြို့တွင်းသာ
Ph: 09 73226306 09 401505559

KKL Car Rental
ကားမျိုးစုံဝင်းလုံးငှားလုပ်ငန်း
Ph:09-5001347,
09-421070845

ပြည့်ဝ
ခန်းဆီး၊ လိုက်ကာစနှင့် လိုက်ကာတန်းအမျိုးမျိုး
မွေ့ယာ၊ ခြင်ထောင်နှင့် အိပ်ယာခင်း အမျိုးမျိုးတို့ကို
စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ပါသည်။
အမှတ်(၄၁)၊ ကွင်းကျောင်းလမ်း၊ အလုံမြို့။ ☎ 01 - 229672
09-731 65072,09-431 93 449

Learners' Choice
စာမေးပွဲလမ်းညွှန်
၂၀၁၇ တက္ကသိုလ်ဝင်တန်း
ဘာသာစုံမေးခွန်း(၅)စုံနှင့် စံပြအဖြေများ
ကြိုတင်လေ့ကျင့်ပြင်ဆင်နိုင်ရန် အချိန်ကိုက်၊ အမှတ်ကိုက်၊ စံကိုက်အဖြေ
ဖြန့်ချိရေး ခေတ်သစ်စာပေ
အမှတ်-၂၃၅၊ ၂၉-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၂၅၄၃၉၈၊ ၃၇၃၇၅၅၊ ၃၇၄၆၅၇၊ ၃၇၁၉၀၅
ထွက်ပြီ
အမြို့မြို့ အနယ်နယ်ရှိ ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါပြီ။

